www.burmeseclassic.com

တင်မောင်မြင့်

မြန်မာပြန်သည့်

# မဒမ်ကျူရီ

# MADAME CURIE

BY EVE CURIE



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ဂန္ထဝင် အတ္ထုပ္ပတ္တိစာစဉ်

"မဒမ်ကျူရီ စာအုပ်ကို ဖတ်ပြီး ဘဝရဲ့တန်ဖိုးဆိုတာ ဘာလဲ၊ ဘဝရဲ့ ကြီးမြတ်ခြင်း ဆိုတာ ဘာလဲ ဆိုတဲ့ အမိပ္ပာယ်ကို လူတွေ အတွေးသစ် အမြင်သစ်နဲ့ ကြည့်တတ်လာလိမ့်မယ်"

**မစ္စက် ဖရန်ကလင်၊ ဒီ၊ ရုစဗဲ့လ် (အမေရိကန်သမ္မတကတော်)**

BURMESE CLASSIC .com

"ကမ္ဘာကျော် ပုဂ္ဂိုလ်တွေထဲမှာ ကျော်ကြားခြင်းနဲ့ ဖျက်ဆီးလို့ မရတာ မဒမ်ကျူရီ တစ်ယောက်ပဲ ရှိတယ်"

**အဲလ်ဘတ် အိုင်းစတိုင်း**

"သည် မဟာလူသားနှစ်ယောက် (ကျူရီဇနီးမောင်နှံ) အကြောင်းကို သမီး အရင်း တစ်ယောက်က ရေးလို့သာ ဒါလောက်ကောင်းတဲ့ အချစ်ဇာတ်လမ်း ဖြစ်လာတာ"

**ဟန့်ခ်စင်ဓာ(ကမ္ဘာကျော် ပိုးမွှားဗေဒ ဆရာဝန်ကြီး)**

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်မှ အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်မှ စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

## တင်မောင်မြင့်

ဧရာဝတီတိုင်း ဟင်္သာတခရိုင် စစ်ကျွန်းရွာတွင် အဖ ဦးမောင်မြွေး၊ အမိ ဒေါ်ကျော့စိန်တို့က ၁၉၃၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။

ရန်ကုန်မြို့ ရေကျော်ဦးမောင်မောင် အလွတ်ပညာသင်ကျောင်းမှ အလယ်တန်းအောင်ပြီး၊ တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း (ယခု အထက ၁) မှ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ ရန်ကုန် သက်ကြီးတက္ကသိုလ်တွင် ဆက်တက်သည်။ ဘွဲ့မရခဲ့။

မော်ချီးမိုင်း၊ တောင်ကြီးမြို့ ပြည်သူ့ထောက်ပံ့ရေးဌာန၊ ရှမ်းပြည်နယ် ပညာမင်းကြီးရုံးများတွင် စာရင်းကိုင်စာရေး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ (ယခု MOGE)တွင် အလုပ်ဝင်ပြီး ၁၉၉၄ ခုနှစ်တွင် ငွေစာရင်းအရာရှိအဖြစ်နှင့် အငြိမ်းစားယူသည်။

၁၉၈၃ ခုနှစ်တွင် နာမည်ရင်းဖြင့် ငွေကျွန် (Jonathan Black ၏ Oil)ကို မြတ်ငြိမ်းနှင့်တွဲပြီး ဘာသာပြန်ခဲ့သည်။ ယနေ့အထိ သံယောဇဉ်ကမ်းခြေ (၁၉၈၃) (Man on Fire by A. J. Quinnell)၊ **အချစ်၏ အခြားသော မျက်နှာစာ** (၁၉၈၄) (Rendezvons by Evelyne Anthony)၊ **သံမဏိလိပ်ပြာ** (၁၉၈၇)(Philadelphian by Richard Powell)၊ **အရိပ်မဲ့ရုပ်ပုံလွှာ**(၁၉၈၅)(Snap Shot by A. J. Quinnell)၊ **မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း**(၁၉၈၅)(This Side of Glory by Gwen Bristow)၊ **အချစ်များစွာနဲ့ပါ ဆရာ**(၁၉၈၇)(To Sir, With Love by E.R.Braithwaite)၊ **မေတ္တာရုပ်ပုံတော်**(၁၉၈၅) (Where Love has Gone by Herold Robin)၊ **တမ်းတတတ်သည်**(၁၉၈၅)(Rememberance by Dannielle Steel) အပါအဝင် ဘာသာပြန် စာအုပ်ပေါင်း ၃၀ ကျော် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၀ – ၂၀၀၁ ထုတ် ရာပြည့်စာအုပ်များ**

၁၁၇။ ညွှန့်ကြူး၏ ပင်လယ်ဝံပုလွေ (Sea Wolf by Jack London)
၁၁၈။ ထွန်းသစ်၏ ဓာတ်ခုံကမ္ဘာ၊ ဓာတ်ဆောင်ကမ္ဘာ
၁၁၉။ ရွှေဥဒေါင်း၏ ဧတစ်လုံးပိုင်ရှင်
၁၂၀။ မောင်ထင်၏ ကမ္ဘာ့ဝတ္ထုတိုများ
၁၂၁။ ကြည်အေး၏ မေတ္တာမီးအိမ်
၁၂၂။ ရွှေဥဒေါင်း၏ စန္ဒာဒေဝီ
၁၂၃။ တက်တိုး၏ ဘဝပညာ
၁၂၄။ ရွှေဥဒေါင်း၏ ဆင်စွယ်မင်းသမီး (Ivory Child by Sir Rider Haggard)
၁၂၅။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၁၂၆။ ရွှေဥဒေါင်း၏ ကာလယန္တရား
၁၂၇။ ရဲမြလွင်(မြန်မာပြန်) ခြေမရုံ လက်မရုံ ကျွန်တော့်ဘဝ အတွေ့အကြုံ
၁၂၈။ မောင်သာချို၏ သမီးဖတ်ဖို့
၁၂၉။ တိုက်စိုး၏ ဓေယျ
၁၃၀။ ဒေါက်တာကျော်စိန်၏ သင် သိလိုသမျှ နိုးရိမ်သောကအကြောင်း
၁၃၁။ တက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်
၁၃၂။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၁၃၃။ ဒဂုန်ရွှေမျှား၏ မြို့ဝန်မင်း၏ ဘဝခရီး (The Mayor of Casterbridge by Thomas Hardy
၁၃၄။ ရွှေဥဒေါင်း၏ သူရဲကောင်းသုံးယောက် (The Three Musketeers by Alexandre Dumas
၁၃၅။ စာရေးဆရာများ၏ စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ
၁၃၆။ ဦးရွှေအောင်၏ ကုသိုလ်နှင့် အကုသိုလ်
၁၃၇။ ဇော်ဂျီ၏ မဟာဆန်ချင်သူ
၁၃၈။ ဗိုလ်အေးမောင်၏ လူလော နာနာဘာဝလော (Invisible Man by H.G. Wells)

**၂၀၀၁ ခုနှစ် ဧပြီနှင့် မေတွင် ထုတ်ဝေမည့် စာအုပ်များ**

၁၄၀။ ဒေါက်တာ ခင်လေးမြင့်၏ မင်းသားလေး
၁၄၁။ ရွှေဥဒေါင်း၏ ၀ သုံးလုံး
၁၄၂။ မောင်ပေါ်ထွန်း၏ ယက်စ်တူရှင်ကို
၁၄၃။ ခင်မျိုးချစ်၏ မိုက်ကယ် အိန်ဂျယ်လို
၁၄၄။ မင်းယုဝေ၏ ပထမမြန်မာများ

BURMESE CLASSIC .com

ရာပြည့်စာအုပ် ၁၃၉

တင်မောင်မြင့် (မြန်မာပြန်)

# မဒမ်ကျူရီ

# MADAME CURIE

by **Eve Curie**

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ မတ်၊ ၂၀၀၁ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၉၆၄ / ၂၀၀၀ (၁၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၉ / ၂၀၀၁ ( ၂ ) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
( ၁၊ မတ်၊ ၂၀၀၁ )
တုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် [၀၁၂၉၉]၊ တိုင်းလင်းစာပေ
အမှတ် ၈/၆၅၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဓက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
Portrait of Madame Curie by Elaine Morfogen ကို
သန်းမြင့်အောင် ဒီဇိုင်းဖွဲ့စည်းသည်။

❑

တန်ဖိုး
၃၅၀ ကျပ်

BURMESE CLASSIC .com

## နိဒါန်း

မာရီကျူရီ၏ ဘဝမှာ မယုံကြည်နိုင်စရာ ထူးဆန်း အံ့သြဖွယ်များနှင့် ပြည့်နှက်နေလေရာ သူ့အကြောင်း ပြောရသည်မှာ ပုံပြင်တစ်ခုကို ပြောရသည်နှင့် တူနေသည်။

အကြင် မိန်းကလေးသည် အဖိနှိပ်ခံနိုင်ငံ တစ်နိုင်ငံတွင် မွေးဖွား၏။ ဆင်းရဲ၏။ ရုပ်ဆင်းရူပကာ ချောမော လှပ၏။ အလွန့်အလွန် ပြင်းပြသည့် ဆန္ဒဖြင့် အမိ ပိုလန်နိုင်ငံမှ ထွက်ခွာခဲ့ပြီး ပါရီတွင် တစ်ယောက်တည်းနေကာ ဆင်းဆင်းရဲရဲ ပညာသင်၏။ ဝါသနာတူ၊ ရည်ရွယ်ချက်တူ လူတစ်ယောက်နှင့် တွေ့ပြီး၊ ပျော်ရွှင်စွာ လက်ထပ် ပေါင်းသင်း၏။ သူတို့နှစ်ယောက် အသေအလဲ ကြိုးစားသဖြင့် ဒြပ်စင်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့၏။

ထိုမိန်းကလေးမှာ မာရီကျူရီဖြစ်ပြီး သူ့ ချစ်လင်မှာ ပီယာကျူရီ ဖြစ်လေသည်။ သူတို့နှစ်ယောက် ရှာဖွေတွေ့ရှိသည့် ဒြပ်စင်မှာ ရေဒီယံ။

သိပ္ပံလောကကို တစ်ခေတ်ဆန်းစေမည့်၊ အတွေးအခေါ်သစ်တစ်ခု ဖြစ်ထွန်းလာစေမည့် ရှာဖွေတွေ့ရှိမှု ဖြစ်လေသည်။ လူသားတို့



www.burmeseclassic.com

www.burmeseclassic.com



အား ခြိမ်းခြောက်နေသော ရောဂါဆိုးကြီးကို ကုသရာတွင်လည်း အကျိုးပြုခဲ့၏။

သိပ္ပံသုတေသီ မောင်နှံနှစ်ဦး၏ ဂုဏ်သတင်း အထွတ်အထိပ်သို့ ရောက်နေချိန်၊ ကမ္ဘာအရပ်ရပ်မှ အကူအညီပေးမည့်သူတွေ ဝိုင်းဝိုင်းလည် လာချိန်တွင်မှ မာရီ့ဘဝ ကံဆိုးမိုးမှောင် ကျခဲ့ရလေသည်။ အလွန်ထူးခြားသည့် ဘဝအဖော်မွန် ချစ်လင် ပီယာ့ကို ရှင်သေမင်းက သူ့ရင်ခွင်ထဲမှ ရုတ်တရက် လုယူသွားခဲ့သည်။

သို့သော် စိတ်ကော ရုပ်ပါ ပြင်းစွာ ဝေဒနာ ခံစားနေရသည့်ကြားမှ လင်တော်မောင်နှင့်အတူ စခဲ့သည့် အလုပ်ကို ဆက်လုပ်သည်။ နှစ်ယောက်သား ဖန်ဆင်းခဲ့သည့် သိပ္ပံသုတေသနလုပ်ငန်းကို အံ့မခန်းလီလီ အောင်မြင်အောင် တစ်ယောက်တည်း စိုက်လိုက်မတ်တတ် ကြိုးစားသည်။

မုဆိုးမကလေးသည် ကျန်ရှိသည့် ဘဝကို ပရဟိတလုပ်ငန်းများတွင်သာ မြှုပ်နှံ ထားလိုက်တော့သည်။ ကမ္ဘာစစ်ကြီး ဖြစ်လာတော့ ဒဏ်ရာအနာတရ ဖြစ်လာသည့် လူနာများအား ကိုယ့်ကျန်းမာရေးကို ကိုယ်မေ့ထားပြီး ကိုယ်ဖိရင်ဖိ ပြုစုသည်။ နောက်ပိုင်းတွင် တပည့်များအား တတ်ထားသမျှ ပညာအားလုံးကို နာရီမလပ် အိတ်သွန်ဖာမှောက် အမွေပေးသည်။ ထိုတပည့်များသည် နောင်အခါ ကမ္ဘာအရပ်ရပ်တွင် သိပ္ပံပညာကျော်များ ဖြစ်လာမည့် လူငယ်လူရွယ်များ ဖြစ်လေသည်။

နိုင်ငံတော်က ပေးအပ်လာသည့် အမြင့်ဆုံး ဘွဲ့ထူး ဂုဏ်ထူးများနှင့် စည်းစိမ်ချမ်းသာတို့ကို လက်မခံဘဲ လောကကောင်းကျိုးကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ရင်း တာဝန်တွေ ပြီးစီးသည့်အခါ ခြေကုန်လက်ပန်းကျကာ ဘဝကို နိဂုံးချုပ်သွားခဲ့သည်။





ရင်သပ်ရှုမော အံ့ဩဖွယ်ရာတွေ ပြည့်နေသည့် သူ့ပင်ကိုဘဝဇာတ်ကြောင်းကို ထပ်ပြီး အဆာဖြည့်လျှင် ရာဇဝင်မှု တစ်ခုကို ကျူးလွန်သလို ဖြစ်နေပါလိမ့်မည်။ မသေချာသည့် အဖြစ်အပျက်၊ အကြောင်းအရာ တစ်ခုတလေကိုမျှ ကျွန်မ ထည့်သွင်းရေးသားခြင်း မရှိပါ။ မူလစာကြောင်း တစ်ကြောင်းတလေကိုမှု ကျွန်မ ပြင်ဆင်ဖြည့်စွက်ထားခြင်းမျိုး မလုပ်ပါ။ အရှိအတိုင်းထားပြီး မည်သည့် အရောင်အသွေးမျိုးမှ ကျွန်မ ထပ်မဆိုးပါ။

သည်စာအုပ်တွင် ပါရှိသည့် စကားလုံးများသည် တကယ်ပြောခဲ့သော စကားလုံးများ ဖြစ်ပါသည်။ သည်စာအုပ်တွင် ထည့်ရေးသည့် အဖြစ်အပျက်အားလုံးသည် တကယ်ဖြစ်ခဲ့သည့် အဖြစ်အပျက်များသာ ဖြစ်ပါသည်။ အလွန်ချစ်စရာကောင်းပြီး၊ အလွန်မတန် ယဉ်ကျေးသိမ်မွေ့ကြသော ကျွန်မ၏ ပိုလန် မိသားစုအပေါ် ကျွန်မ ကြွေးဆပ်ရပါလိမ့်မည်။ အထူးသဖြင့် မေမေ၏ အစ်မကြီးဖြစ်ပြီး မေမေ့အချစ်ဆုံး သူငယ်ချင်းလည်းဖြစ်သည့် ကျွန်မ၏ ကြီးဒေါ် ဘရွန်ညာ။ မေမေ့ ငယ်ဘဝကို ရေးသားပြုစုသည့် အခါတွင် တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားများကို ကြီးဒေါ် ဘရွန်ညာ့ဆီမှ ကျွန်မ အများဆုံး ရခဲ့ပါသည်။

ပေးစာများ၊ မေမေကိုယ်တိုင် ရေးခဲ့သည့် နေ့စဉ်မှတ်တမ်းများ၊ မှတ်စုများ၊ မရေမတွက်နိုင်အောင် များပြားသည့် လုပ်ငန်းခွင် စာရွက်စာတမ်းများ၊ ပြင်သစ်နှင့် ပိုလန်နိုင်ငံများမှ မေမေ့သူငယ်ချင်းများ၊ ဆွေမျိုးများနှင့် အပြန်အလှန် ပေးစာများကို စုဆောင်းပေးသူက ကျွန်မ အစ်မ အိုင်ရင်း ဖြစ်ပါသည်။ အစ်မ အိုင်ရင်းနှင့် ခဲအိုတော် ဂျိုးလီယော့တို့၏ ကျေးဇူးသည် ကြီးမားလွန်းသဖြင့် ကျွန်မ ဆပ်လို့ ကုန်နိုင်မည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ နောက်ဆုံးရက်များတွင် ကျွန်မကိုယ်တိုင် စုဆောင်းခဲ့သည့် စာတွေလည်း မနည်းလှပါ။

စာဖတ်သူများအနေဖြင့် မာရီကျူရီ၏ ဘဝအတွေ့အထွေမှ ဖျတ်ခနဲ ပုံရိပ်များကို တောက်လျှောက် ခံစားထိတွေ့ နေရလိမ့်မည်ဟု ကျွန်မ မျှော်လင့်မိပါသည်။

မာရီကျူရီ၏ ဘဝသည် အလွန် ကြံ့ခိုင်သည့် ကျောက်စာတိုင်များနှင့် ဖွဲ့စည်းထားသည်နှင့် တူ၏။ ထက်မြက်သည့် အသိဉာဏ်ဖြင့် စိုက်လိုက်မတ်တတ် ဖွဲ့နပဲကြီးစွာ အလုပ်လုပ်၏။ ရယူခြင်း မရှိဘဲ ပေးဆပ်ခြင်းဖြင့်သာ ဘဝတစ်ခုလုံးကို ကမ္ဘာလောကကြီးသို့ လှူဒါန်းထား၏။

မာရီကျူရီ၏ သန့်စင်သော စိတ်ဓာတ်ကို ကျော်ကြားမှုကသော်လည်းကောင်း၊ အတိဒုက္ခ ဆင်းရဲခြင်းက သော်လည်းကောင်း ပြောင်းလဲအောင် မလုပ်နိုင်ခဲ့ပါ။

သည်လို စိတ်ဓာတ်အခြေခံဖြင့် မာရီသည် ငွေကြေးကို ငြင်းပယ်ခဲ့သည်။ စည်းစိမ်ချမ်းသာနှင့် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးကိုသာ ပေးအပ်လေ့ ရှိသည့် ဘွဲ့ထူး ဂုဏ်ထူးများကို ခေါင်းခါခဲ့သည်။

မာရီကျူရီသည် မည်သို့ ကျော်ကြားရမည်ကို လုံးဝမသိသည့် အမျိုးသမီး ဖြစ်လေသည်။

*



ကျွန်မကိုမွေးတော့ မေမေ ၃၇ နှစ်ရှိပြီ။ မေမေ့ကို နားလည်နိုင်သည့် အရွယ်သို့ ကျွန်မ ရောက်သည့်အခါတွင် မဒမ်ကျူရီသည် အသက်အရွယ် ရနေပြီ။ ကမ္ဘာကျော်နေပြီ။ သို့တိုင်အောင် ကျွန်မ နားမလည်နိုင်သည့် ကဏ္ဍတွေ မေမေ့မှာ ရှိနေပါသေးသည်။

ကမ္ဘာသိ သိပ္ပံပညာရှင် သုတေသီ တစ်ယောက်အနေဖြင့် မေမေ့ကို ကျွန်မ သိပ်နားမလည်ပါ။ ကမ္ဘာကျော် မိန်းမသားတစ်ဦး ဖြစ်နေသည်ကို မဒမ်ကျူရီ၏ အတွင်းစိတ်က လက်မခံသောကြောင့် ဖြစ်နိုင်မည် ထင်ပါ၏။

ကျွန်မတို့နှင့် အတူနေနေသည့် မဒမ်ကျူရီသည် ကျွန်မစိတ်ထဲတွင် ကမ္ဘာသိ ပညာရှင်တစ်ဦးနှင့်မတူဘဲ၊ ကျွန်မ မမွေးခင်ကတည်းက ရှိခဲ့သည့် ဆင်းရဲသော ကျောင်းသူကလေး မာညာစကလိုဒေါ်စကာနှင့်သာ တူနေသည် ထင်၏။ အိပ်မက်များနှင့် အသက်ရှင်နေသည့် ကျောင်းသူကလေး။

သည်ကျောင်းသူကလေး၏ အသွင်သဏ္ဍာန်သည် မဒမ်ကျူရီ၏ မျက်နှာပေါ်တွင် သေသည်အထိ ထင်ဟပ်နေပါသေးသည်။

ရှည်လျားလှသော၊ ခက်ထန်လှသော ခရီးကြမ်းကို ဖြတ်သန်းပြီး တောက်ပရွှန်းလက်သည့် ဘဝကို ရရှိပိုင်ဆိုင်ခဲ့ငြားလည်း၊ မာရီကျူရီသည် သူ့ကိုယ်သူ ပို၍ ကြီးမြတ်လာသည်ဟု မထင်။ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတွင်လည်း လျော့ကျမသွားခဲ့။

မေမေသည် နောက်ဆုံးနေ့များသို့ ရောက်သည့်တိုင် ဆင်းဆင်းရဲရဲနှင့် ရုန်းကန်ခဲ့ရသည့် ငယ်ဘဝအတိုင်း ဖွဲ့နပဲကြီးမြဲ၊ အကြင်နာတရား



www.burmeseclassic.com

www.burmeseclassic.com



ထားမြဲ ရှက်ရွံ့ရွံ့ အမူအရာဖြင့် အရာတိုင်းကို စူးစမ်းချင်စိတ် ပြင်းထန်ဆဲ ဖြစ်ပါသည်။

မေမေ့ကို ခမ်းနားကြီးကျယ်အောင် မည်သည့်အရာနှင့်မျှ ဆွဲဆောင်၍ မရပါ။ ထို့ကြောင့် နိုင်ငံကျော် ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသည့် နိုင်ငံတော် ဈာပနမျိုးဖြင့် ဂုဏ်မပြုတော့ပါ။

နွေပန်းများပွင့်သည့် တောရွာ သုသာန်မှာ အများသူငါလိုပင် တတ်နိုင်သမျှ အကျဉ်းရုံးပြီး သဂြိုဟ်လိုက်ကြပါသည်။

"မဒမ်ကျူရီစာအုပ်ကို ဖတ်ပြီး ဘဝရဲ့တန်ဖိုးဆိုတာ ဘာလဲ၊ ဘဝရဲ့ ကြီးမြတ်ခြင်းဆိုတာ ဘာလဲ ဆိုတဲ့ အဓိပ္ပာယ်ကို လူတွေ အတွေးအမြင်သစ်နဲ့ ကြည့်တတ်လာလိမ့်မယ်" ဟု အမေရိကန် သမ္မတကတော် မစ္စတ် ဖရန့်ကလင်၊ ဒီ၊ ရုစဗဲ့လ် က မှတ်ချက်ချသည်။

စာရေးဆရာတစ်ယောက်အနေဖြင့် ကျွန်မ၏ မေမေ "ထာဝရ သိပ္ပံကျောင်းသူ" အား အိုင်းစတိုင်းပြောသည့် စကားနှင့်ပင် ကျွန်မ ဂုဏ်ပြုချင်ပါသည်။

"ကမ္ဘာကျော် ပုဂ္ဂိုလ်တွေထဲမှာ ကျော်ကြားခြင်းနဲ့ ဖျက်ဆီးလို့မရတာ မဒမ်ကျူရီ တစ်ယောက်ပဲ ရှိတယ်" ဟူသည့် စကားတစ်ခွန်း ဖြစ်ပါသည်။

ဝေကျူရီ

## အခန်း ၁

နောင်တွင် ကမ္ဘာကျော် သိပ္ပံပညာရှင် မာရီကျူရီ ဖြစ်လာမည့် မာယာ စကလိုဒေါ့စကာ ဆိုသော ပိုလန်သူကလေးသည် ငယ်စဉ်က ကျန်းမာသန့်စွမ်းသူ၊ ရိုးသားဖြောင့်မတ်သူ၊ တတ်သိနားလည်လွယ်သူ၊ အလွန်ထက်မြက်သူ မိန်းကလေးတစ်ဦး ဖြစ်လေသည်။ ဝါဆောမှ မာရီကလေး၏ ငယ်ဆရာများက သူ့ကို အလွန် ဉာဏ်ထက်သည့် ကျောင်းသူတစ်ဦး အဖြစ် မှတ်မိနေကြသည်။

သာမန်အားဖြင့်ကြည့်လျှင် အားလုံး စာတော် ဉာဏ်ကောင်းကြသည့် အစ်ကို၊ အစ်မ များနှင့် အငယ်ဆုံး မာရီကလေးမှာ ဘာမျှခြားနားသည် မထင်ရပေ။ သို့သော် သတိထားကြည့်လျှင် အားလုံးနှင့်မတူ၊ တစ်မူထူးခြားသည့် အရည်အသွေးတစ်မျိုးကို တွေ့ကြရမည် ဖြစ်သည်။

သေးသေးသွယ်သွယ်ကလေးမို့ သူ့ကို မာယာအစား မာညာဟု ချစ်စနိုး ခေါ်ကြ၏။ အစ်မများနည်းတူ ကော်လံလှလှကလေးနှင့် အကျႌ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ဆင်တတ်ပြီး၊ အနက်ရောင် ဖဲပြားကလေးများပါသည့် ရင်ဖုံးဝတ်ရုံကို သဘောကျတတ်သည်။

ကူရှင်ဖုံး ခွေးခြေပေါ် တက်ပြီး ချစ်စရာကောင်းလှသော မေမေ့မျက်နှာကို မမီမကမ်း နမ်းဖို့ ကြိုးစားရတာလောက် ပျော်စရာကောင်းသည့် အရာ လောကတွင် မရှိဟု မာညာ ထင်၏။

သည်လိုအခါတွင် မေမေက သူ့လက်ချောင်းလှလှကလေးများဖြင့် ဇွဲနပဲကြီးပုံရသည့် သမီးထွေးကလေး၏ မျက်နှာနှင့် ဆံပင် နုနုခွေခွေကလေးများကို ပွတ်သပ်ပေးတတ်၏။ မာညာ့အတွက် မေမေ့ထံမှရသည့် အကြိုက်ဆုံး နှစ်သိမ့်မှု ဖြစ်လေသည်။

မာညာ မှတ်မိသလောက် မေမေ့အနမ်းကို တစ်ခါမှ မခံခဲ့ရဖူးပေ။ သို့သော် မေမေ့ထံမှ စကားတစ်လုံး၊ အပြုံးတစ်ချက် ရလိုက်လျှင် တသိမ့်သိမ့် ကြည်နူးနေတတ်သည်။ မေတ္တာအကြည်ဓာတ် အပြည့်ဖြင့် ကြည့်တတ်သည့် မေမေ စကာလိုဒေါ့စကာ၏ မျက်လုံးများက သမီးထွေးကလေး၏ အနာဂတ်ကို စောင့်ကြည့်နေဘိသို့ ရှိ၏။

မေမေ၏ သနားစဖွယ် အထီးကျန်ဝေဒနာ အကြောင်းကိုမူ မာညာကလေး မသိနိုင်ရှာသေးပါ။ ကျက်သရေရှိလှသည့် မေမေ စကာလိုဒေါ့စကာသည် အပြင်းအထန် ဝေဒနာ ခံစားနေရသည့် ရောဂါသည်တစ်ဦး ဖြစ်လေသည်။ ၁၈၆၇ ခုနှစ် မာညာကလေး မွေးသည့်အချိန်တွင် အဆုတ်ရောဂါကို စတင် ခံစားရခြင်း ဖြစ်၏။ အမျိုးမျိုး ကျိတ်ကုခဲ့သော်လည်း ရောဂါက သက်သာသည် မရှိခဲ့။

သို့သော် မဒမ်စကာလို ဒေါ့စကာသည် ဘာသာရေး ကိုင်းရှိုင်းပြီး အလွန်တရားရှိသူ၊ အလွန်သတ္တိကောင်းသူ အမျိုးသမီး ဖြစ်သည်။





သူ ဘယ်ရွေ့ဘယ်မျှ ဝေဒနာ ခံစားနေရသည်ကို ဘယ်သူမျှ မသိအောင် တတ်နိုင်သမျှ ကြိတ်မှိတ်ခံသည်။ ဘယ်တော့မျှ စိတ်ဓာတ်မကျ။ ငါ ကျန်းမာနေသားပဲဟု ဇွတ်အားတင်းသည်။ ဘယ်တော့မှ အားမငယ်။ ကိုယ်ပိုင်စည်းကမ်းချက်တွေ ချထားသည်။ စားအိုးစားခွက်ကို သူ့အတွက် သီးသီးသန့်သန့် ခွဲထားသည်။ သားနှင့် သမီးတွေကို ဘယ်တော့မှ ပွေ့ဖက်နမ်းရှုပ်ခြင်း မပြု။

ကလေးတွေက အမေ့ရောဂါအကြောင်းကို တစ်ခါတစ်ရံ ချောင်းခြောက်ဆိုးသည့်အခါ၊ အဖေ မျက်နှာညှိုးသည့် အခါလောက်သာ အနည်းအကျဉ်း ရိပ်မိကြသည်။ ပြီးတော့ ညပိုင်း ဘုရားရှိခိုးကြသည့်အခါ "မေမေ့ ကျန်းမာရေး ပြန်ကောင်းလာဖို့ ဆုတောင်းကြစို့" ဟူသည့် အပိုဒ်ထည့်ဆိုသည့် အခါမျိုး။

သည်နေ့လည်း မေမေက ခပ်ဖြည်းဖြည်းထပြီး ရင်ခွင်ထဲ ဝင်လာသည့် မာညာကလေးကို အသာအယာ တွန်းဖယ်ရင်း -

မေမေ လုပ်စရာတွေ ရှိသေးတယ် သမီးလေးရယ်၊ ပန်းခြံထဲ သွားကစားပါလားကွယ် ဟု ဆိုရှာသည်။ မာညာသည် အမေ့အပါးမှ အသာကလေး ထွက်ခဲ့ရသည်။

မနှစ်က နွေရာသီကို မာညာ သွားသတိရသည်။ သူတို့ မိသားစုသည် နှစ်စဉ် နွေရာသီတိုင်း တောပိုင်းမှ ဆွေမျိုးများရှိရာသို့ အလည်သွားတတ်ကြသည်။ အရမ်းပျော်စရာကောင်းသည့် နွေရာသီ ကျောင်းပိတ်ရက်များ ဖြစ်ပါ၏။

သည်ရက်များတွင် သူတို့အားလုံးသည် တကယ့်ကျေးလက်၏ တောသူတောင်သားကလေးများ ဖြစ်နေတတ်ကြသည်။ ချောင်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မဒမ် စကလို ဒေါ်စကာ (မဒမ်ကျူရီ၏ အမေ)





လှေလှော်ကြ၏။ တစ်ယောက်ကို တစ်ယောက် ရွှံ့တွေနှင့် ပစ်ပေါက် ဆော့ကစားကြ၏။

ဝမ်းကွဲ ညီအစ်ကို မောင်နှမ ခုနစ်ယောက်၊ ရှစ်ယောက်လောက် စုပြီး သံပရာပင်အိုကြီးတွေပေါ်ကို တက်ကြသည်။ အငယ်ဆုံးဖြစ်သည့် မာညာကလေးကို ပွေ့ချီတွန်းတင်ပြီး သံပရာပင်ပေါ် အရောက်ပို့ပေးကြသည်။ ခိုးဝှက်ယူလာသည့် ချယ်ရီသီးတွေ၊ ဆီးဖြူသီးတွေကို ဂေါ်ဖီရွက်တွေနှင့် ထုပ်ပြီး သံပရာပင်ပေါ်တွင် အအေးခံ စားကြသည်။

သို့သော် တစ်ချိန်လုံး ကစားနေကြရသည်တော့ မဟုတ်။ ပြီးခဲ့သည့် နွေရာသီတွင် ခုနစ်နှစ်သမီးအရွယ် ရောက်နေပြီဖြစ်သည့် ဘရွန်ညာက ဗျည်းတွေအားလုံး ကျက်ရသည်ကို ငြီးငွေ့လာတော့ အကြံထုတ်သည်။ ညီမငယ် မာညာနှင့် စာသင်တမ်းကစားသည်။ တစ်လှည့်စီ ဆရာမလုပ်တမ်း ကစားသည်။

တစ်နေ့ မနက်ခင်းတွင် အဖေနှင့် အမေရှေ့တွင် စာပြန်ရွတ်ပြနေစဉ် ဘရွန်ညာတစ်ယောက် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။ မာညာက စိတ်မရှည်တော့သဖြင့် အစ်မလုပ်သူကို ထောက်ပေးရင်း ကျောင်းကျောင်းပြေး ဆိုချလိုက်၏။ အားလုံး တအံ့တသြ ငြိမ်ကျသွားသည်။ ဤတွင် ဆရာမလုပ်တမ်း ကစားနေသည် အထင်ဖြင့် မာညာက ကျန်သင်ခန်းစာတွေပါ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါး ပြလိုက်သည်။

ချက်ဆို နားခွက်က မီးတောက်သည့် မာညာကလေးက မိမိအမှားကို ချက်ချင်း တန်းသိလိုက်၏။ အဖေနှင့်အမေ၏ နားမလည်နိုင်လောက်အောင် အံ့သြနေသည့် မျက်နှာများ၊ ဘရွန်ညာ၏ ဒေါသထွက်နေသည့် မျက်လုံးများ။ မာညာ ဝမ်းနည်းပက်လက် ငိုချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်သမီးကလေး တစ်ယောက်အနေဖြင့် သည်လို အခြေအနေမျိုးတွင် အံ့သြတုန်လှုပ် နေရမည့်အစား မာညာကလေးက ငိုရှိုက်ပြီး စိတ်ထိခိုက်နေသဲဖြင့် -

'ဘရွန်ညာကို မဆူပါနဲ့၊ သမီး တမင်လုပ်တာ မဟုတ်ပါဘူး။ စာတွေက သိပ်လွယ်နေလို့ သမီး ရတာပါ' ဟု အယူခံ ဝင်ရှာသည်။

နောက်ပိုင်း မာညာကလေး စာအုပ်ကြီးတွေ ကောက်ကိုင်လျှင် အဖေနှင့် အမေက 'သမီး၊ အန်စာတုံးကလေးတွေနဲ့ သွားကစားလေ' 'မာညာ . . သမီးအရုပ်ကလေးတွေကော' ဟု အာရုံပြောင်းပေး ကြရတော့သည်။ ကလေးများ၏ စိတ်အနေကို နားလည်သော ခေတ်ပညာတတ်များ ဖြစ်ကြသည့် အဖေနှင့် အမေသည် သမီးကလေး အရွယ်မတိုင်မီ "နုမှည့်" ကလေး ဖြစ်လာမည့်အရေးကို တွေးပူကြသည်။

မာညာကလေး၏ မိဘနှစ်ပါးသည် ပိုလန်မြေပိုင်ရှင် သူကောင်းမျိုးရိုးမှ ဆင်းသက်လာသည့် ပညာတတ် လူတန်းစားများ ဖြစ်ကြသည်။ မေမေ စကလိုဒေါ့စကာသည် မိန်းကလေးကျောင်း တစ်ကျောင်း၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ယောက် ဖြစ်သည်။ ပိုလန် အထက်တန်းလွှာမှ လူတန်းစားများသာ ထားနိုင်သည့် ကျောင်းမျိုး။ ဖေဖေ စကလို ဒေါ့စကီက ရုရှားနိုင်ငံ စိန့်ပီတာစဘတ်တက္ကသိုလ်မှ ရူပဗေဒသိပ္ပံ ဘွဲ့ရတစ်ဦး။ ယောကျ်ားကလေး အထက်တန်းကျောင်း တစ်ကျောင်းတွင် ရူပဗေဒ ဆရာအဖြစ် အမှုထမ်းနေသည့် ဆရာတစ်ယောက် ဖြစ်သည်။ သည်ကျောင်းတွင် ကျောင်းအုပ်ချုပ်ရေးမှူး အီဗာနော့က ရုရှားလူမျိုး ဆရာတစ်ယောက်။ သူက ရုရှားအစိုးရ လွှတ်ထားသည့် သူလျှို။ ပိုလန်လူမျိုးအားလုံး သူ့ကို မကြည်ညိုကြ။ ရွံကြောက် ကြောက်နေကြရ၏။





၁၇၇၂ ခုနှစ်က ပိုလန်လူမျိုး ဖြစ်ရသည်မှာ မျက်နှာငယ်လှသည်။ လွန်ခဲ့သည့် ရာစုနှစ်က အင်အားကြီး အိမ်နီးချင်းနိုင်ငံကြီးများသည် ပိုလန်နိုင်ငံကို အားအင်ချည့်နဲ့အောင် လုပ်ခဲ့ကြသည်။ ရုရှားနှင့် ဩစတြီးယားတို့၏ လက်အောက်ခံဖြစ်သော ပရပ်ရှားနိုင်ငံနှင့် ပေါင်းပစ်လိုက်သည်။

၁၈၃၁ ခုနှစ်က တစ်ကြိမ်၊ ၁၈၆၃ ခုနှစ်တွင် တစ်ကြိမ်၊ ပိုလန်တို့က ရုရှားကို ပုန်ကန်ခြားနားခဲ့ကြသည်။ သို့သော် တော်လှန်ရေး မအောင်မြင်ဘဲ နှောင်ကြိုးများသာ ပို၍ ပို၍ အတင်းခံခဲ့ရ၏။ ပိုလန်မျိုးချစ်တို့ အဖမ်းအဆီး ခံကြရ၏။ ထောင်သွင်းအကျဉ်းချ ခံခဲ့ကြရ၏။ ပိုလန်လူမျိုးတို့၏ ပစ္စည်းတွေ အသိမ်းခံခဲ့ကြရ၏။ ရုရှား လျှို့ဝှက်ပုလိပ်တွေ၊ ကျောင်းဆရာတွေ၊ ဘဏ်လုပ်ငန်းရှင်တွေ လှိမ့်ဝင်လာပြီး ပိုလန်လူမျိုးတို့အား မလှုပ်နိုင်အောင် ချုပ်ကိုင်ထားကြ၏။ ဘာသာရေးကိုပါ နှိပ်ကွပ်ပြီး ပိုလန်အမျိုးသားစာပေကို ရုံးသုံးဘာသာအဖြစ်မှ ဖျက်သိမ်းလိုက်၏။ ခြုံ၍ဆိုရလျှင် လူမျိုးတစ်မျိုး၏ စိတ်ဓာတ်ကို အသေသတ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ပိုလန်က သေဖို့ ငြင်းဆန်ခဲ့၏။ နိုင်ငံကြီးတစ်နိုင်ငံ၏ အနိုင်ကျင့် ဗိုလ်ကျ စိုးမိုးမှုကို ပိုလန်နိုင်ငံကလေးက ချေသော် မကြေခဲ့ပါ။ ဦးမညွတ် ဒူးမထောက်ခဲ့ပါ။

ပိုလန်မျိုးချစ်တို့သည် ဆိုက်ဗေးရီးယားဘက်သို့ အလုံးအရင်းနှင့် တိမ်းရှောင်ကာ အားဖြည့် ခဲ့ကြသည်။ ပိုလန်တော်လှန်ရေးသမားတို့သည် ယခင့်ယခင်ကလို ကော့ဆက်စစ်သားတို့အား တင်းပုတ်တွေ၊ ဓားကောက်တွေနှင့် တိုက်ခိုက်သည့် စစ်သည်တော်များချည်း မဟုတ်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့သူရဲကောင်းများတွင် ခေတ်ပညာတတ်တွေပါ ပါလာပြီ။ အနုပညာရှင်တွေ၊ ဘုန်းတော်ကြီးတွေ ပါလာပြီ။ အတွေးအခေါ်သစ်နှင့် မျိုးဆက်သစ်တို့၏ ပျိုးခင်းရှင်များဖြစ်သည့် ကျောင်းဆရာတွေ ပါလာပြီ။

ဗိုလန် ကျောင်းဆရာ၊ ဆရာမတို့သည် ကျူးကျော်သူများနှင့် ပူးပေါင်းဟန်ပြုပြီး မျိုးချစ်တပည့်များကို လျှို့ဝှက်စွာဖြင့် လမ်းညွှန်မှု ပြုခဲ့ကြလေသည်။

*

မာညာကလေးနှင့် အကြီးမ ဇိုစီယာတို့ နှစ်ယောက် ပန်းခြံထဲမှ လက်တွဲကာ အိမ်ထဲ ပြန်ဝင်လာချိန်တွင်၊ ဆရာဓကလိုဒေါ်စကီက ဓနီးလုပ်သူအား အီတာနော့အကြောင်းကို ပြောပြနေသည်။

ညီအစ်မနှစ်ယောက် စာကြည့်ခန်းထဲ ရောက်သွားတော့မှ မဒမ်စကလိုဒေါ့စကာက လုပ်လက်စ အလုပ်ကိုရပ်ကာ လင်တော်မောင်ကို မော့ကြည့်သည်။ သူ လုပ်နေဆဲ အလုပ်မှာ အလွန်အားစိုက်ရသည့် အလုပ်ကြမ်းဖြစ်သည်။ လက်ထဲတွင် သားရေလှီးသည့် ဓားတစ်ဖက်၊ စူးသွားတစ်ဖက်ကိုင်လျက်။ အချိန်ကို ဘယ်တော့မှ အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိရှိ အသုံးချလေ့ရှိသည်မှာ အမျိုးသမီး၏ စရိုက်လက္ခဏာတစ်ခု ဖြစ်၏။ အိမ်ပြင်မထွက်နိုင်သည့် ရောဂါသည်ဘဝ ရောက်ကတည်းက ဖိနပ်ချုပ်သည့်အလုပ်ကို တတ်အောင်သင်ထားလိုက်သည်။ ခုဆိုလျှင် ကလေးများအတွက် ဖိနပ်ဖိုးသည် သားရေပြားဖိုးသာ ကုန်တော့သည်။





သည်လိုမှ မလုပ်လျှင်လည်း အခြေအနေက မလွယ်တော့ဘူးလေ။

'ဒီတစ်ရန်က မာညာ့အတွက်'

အောက်ခံသားရေပြားကို လှီးဖြတ်နေသည့် မေမေ့လက်ချောင်း သွယ်သွယ်ကလေးတွေကို မာညာ ငေးကြည့်နေသည်။ မေမေ့နံဘေးမှ သူ သဘောအကျဆုံး ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ဖေဖေ ထိုင်နေ၏။

ဖေမေ့ဒူးပေါ် တွယ်တက်ပြီး မုတ်ဆိတ်မွေးတွေကို ဆွဲရသည့်အခါ မာညာ သိပ်ပျော်သည်။ သို့သော် အဖေနှင့် အမေ ပြောပြောနေသည့် အီတာနော့တို့၊ ပုလိပ်တို့၊ ဇာဘုရင်တို့၊ ဆိုက်ဗေးရီးယားတို့ ဆိုသည့် စကားလုံးတွေကိုတော့ မာညာ စိတ်ပျက်သည်။ နေ့တိုင်း ဒါတွေချည်း အပ်ကြောင်းထပ်နေသည် မဟုတ်လား။

လူကြီးတွေ ဒီအကြောင်း ပြောလျှင် အသာကလေး ထွက်သွားရမည်ဟု မာညာ အလိုလို သိနေသည်။ နားလည်လာသည့် အချိန်ရောက်မှ နားထောင်မည်လေ။ သည်လို ယောင်လည်လည်နှင့် ထွက်လာပြီး အခန်းထဲ လျှောက်သွားနေတတ်သည်။ ကျောင်း၏ လက်ဝဲဘက်တောင်ပံတွင် မိသားစုနေဖို့ ပေးထားသည့် အခန်းကြီးမှာ အလွန်လှပသန့်ရှင်းပြီး နေချင့်စဖွယ် ကောင်းသည့် အခန်းကြီးဖြစ်သည်။ ပရိဘောဂတွေကလည်း အားလုံး အရောင်တဖိတ်ဖိတ်။ ရောမ မဟော်ဂနီရောင် ပြင်သစ်စားပွဲကြီး ပတ်ပတ်လည်မှ လက်တန်းကုလားထိုင်တွေက ကတ္တီပါ ကူရှင်တွေနှင့် အခံ့အညား။

မာညာ ကျောင်းသွားရမည့် အရွယ်ရောက်လျှင်တော့ သည်စားပွဲကြီးမှာ တစ်နေရာ ရပြီပေါ့နော်။ အစ်ကိုနှင့် အစ်မတွေအားလုံး




www.burmeseclassic.com

www.burmeseclassic.com



သည်စားပွဲကြီးမှာ ဝိုင်းထိုင်ပြီး စာကျက်ကြရတာလေ။ ပြင်သစ်နိုင်ငံလုပ် အပြာရောင် ကြွေပန်းကန်တွေထားသည့် ပန်းကန်စင်ကိုတော့ မာညာ ရှောင်သွားသည်။ သည်ပန်းကန်တွေကို မကိုင်ဖို့ ခဏ ခဏ သတိပေးခံရသည် မဟုတ်လား။ နောက်ဆုံးတွင်မှ မာညာက မိမိအချစ်ဆုံး နေရာတွင် ရပ်လိုက်သည်။ စင်တွေ အဆင့်ဆင့်နှင့် မှန်ဗီရိုတစ်လုံး။ အထဲတွင် အလွန်ကျက်သရေရှိသည့် ပစ္စည်းတွေ စီရရီနှင့်။ ဖန်ပြွန်မျိုးစုံ၊ ချိန်ခွင်မျိုးစုံ။ ပြီးတော့ သတ္တုနမူနာ အမျိုးမျိုး။ ရွှေအဖုံးနှင့် မီတာခွက်ကလေး တစ်လုံးလည်း ပါ၏။



- သူတို့မောင်နှမများ

(ဝဲမှယာ) ဇိုစီယာ၊ ဟီလာ၊ မာညာ၊ ဂျိုးဇက်နှင့်ဘရွန်ညာ





တစ်နေ့ ဗီရိုထဲမှ ချစ်စရာကောင်းလှသည့် ကစားစရာများကို မာညာ ခြေဖျားထောက် ကြည့်နေစဉ် ဖေဖေက သူတို့အကြောင်းကို ပြောပြသည်။

'အဲဒါတွေဟာ သိပ္ပံပစ္စည်းတွေ သမီးလေးရဲ့'

တစ်မျိုးကြီးပဲဟု စိတ်ထဲ ထင်လိုက်၏။ သိပ္ပံပစ္စည်းတွေတဲ့။ သည် စကားလုံးကို မာညာ ဘယ်တော့မှ မမေ့တော့။ စင်စစ် မာညာ ဘာကိုမှ မမေ့တတ်။

သည်နေ့ မာညာ ပျော်နေသည်။ သည် စကားလုံးကလေးကို သီချင်းလုပ် ဆိုနေသည်။

*

နောင် နှစ်အတန်ကြာလို့ ဆယ်နှစ်သမီးအရွယ် ရောက်လာသောအခါ မာညာကလေးသည် မစ္စဆီကော့စကာ၏ အလွတ်ပညာသင်ကျောင်းတွင် အခြား သူငယ်ချင်းများနှင့်အတူ ကျောင်းတက်ရသည်။ ငွေကြယ်သီးကလေးများနှင့်၊ ကော်တောင့်နေသည့် ကော်လာနှင့် အပြာရောင် ကျောင်းဝတ်စုံထဲတွင် သူ့ခန္ဓာကိုယ်ကလေးမှာ နစ်မြုပ် ပျောက်ကွယ်လျက် ရှိသည်။

ဆံပင်ခွေကလေးများကို နားရွက်လှလှကလေးနောက်တွင် တင်းတင်းစီးလျက် အတန်းထဲတွင် မတ်တတ်ရပ်ကာ၊ စိတ်အားထက်သန်လှသည့် မျက်နှာကလေးနှင့် ဆရာမကို သမိုင်းတွေ ဆိုပြနေသည့် မာညာသည် အခြားကျောင်းသူကလေးများနှင့် မခြား တစ်သားတည်းလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

ဆရာမ မစ္စအန်တိုနီနာက အနက်ရောင် အတွင်းခံအင်္ကျီနှင့် လိုင်းအတွန့်အတွန့် ထနေသည့် ကော်လာတပ် အင်္ကျီကို ဝတ်တတ်သော်လည်း ပေါ့ပေါ့တန်တန် ဆရာမတစ်ယောက်တော့မဟုတ်။ မျက်နှာပေါက်ဆိုးဆိုးမို့ မစ္စ အန်တိုနီနာတူပလာစကာကို "တွပ်စီယာ" ဟု တစ်ကျောင်းလုံးက နာမည်ပေးထားသည်။ ရံခါတွင် အလွန်မတန် လွတ်လွတ်လပ်လပ် တွေးတတ်၊ ရေးတတ်သည့် မာညာကလေးကို ဆရာမက မျက်နှာထားနှင့် ဆက်ဆံတတ်သည်။ သို့သော် မာညာကလေးကို ဆရာမ သဘောကျသည်။

အတန်းထဲတွင် သည်လိုတပည့်မျိုး ရှိသည့်အတွက် ဆရာမ ဂုဏ်မယူဘဲ နေနိုင်ပါမည်လား။ အတန်းသူ အားလုံးထက် မာညာက နှစ်နှစ်ငယ်သည်။ သို့သော် ကျောင်းစာတွင် အားလုံး၏ ထိပ်တွင် အမြဲရှိသည်။ သင်္ချာ၊ သမိုင်း၊ စာပေ၊ ဂျာမန်၊ ပြင်သစ် ဘယ်တော့မှ နံပါတ်တစ်က မဆင်း။ ကလေးမ ကြည့်ရသည်မှာ မည်သည့်ဘာသာရပ်မျှ အခက်အခဲ ရှိပုံမရ။ စာမေးပွဲတိုင်းတွင်လည်း အလားတူပင်။

အခန်းထဲတွင် ငြိမ်နေကြသည်။ သာမန်ငြိမ်သက်ခြင်းထက် ပို၍ ထူးခြားသော တိတ်ဆိတ်ခြင်းမျိုး။ သမိုင်းချိန်တိုင်းတွင် သည်လို ဖြစ်တတ်သည်။ အလွန် ရင်ခုန်ချင်စရာ၊ စိတ်ဓာတ်တက်ကြွစရာ ကောင်းသည့် အချိန်ပိုင်းမျိုး။

မာညာ၏ ကရားရေလွှတ် သမိုင်းစကားလုံးများသည် ပြောက်အိုးဖောက်သလို အတန်းထဲတွင် ပဲ့တင်လာသည်။

"၁၇၆၄ ခုနှစ်တွင် ပိုလန်နိုင်ငံ၏ ဘုရင်အဖြစ် စတင်နီ





စတက်စ်သြဂတ်စတတ်စ်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ တိုင်းပြည်အတွက် ကံဆိုးမိုးမှောင်ကျခြင်းပင်။ အကြောင်းမူ ထိုလူသည် အလွန်သတ္တိကြောင်ပြီး . . . . "

စင်စစ် မျိုးချစ်ရင်သွေး တပည့်ကလေးများအား ဆရာမက ပိုလန်သမိုင်းကို ပိုလန်ဘာသာဖြင့် တရားမဝင် ခိုးသင်နေခြင်း ဖြစ်၏။ သူတို့အားလုံး ရာဇဝတ်မှု ကျူးလွန်နေကြခြင်း ဖြစ်၏။ ထို့ကြောင့် သမိုင်းချိန်များတွင် ထုံ့ပိုင်း တုံ့ဆိုင်းနေတတ်သည်။

ဟော . . အောက်ဆုံးထပ်က လျှပ်စစ်ခေါင်းလောင်းသံ။ ဆရာမနှင့် တပည့်အားလုံး အလန့်တကြား ဖြစ်သွားသည်။ အရှည် နှစ်ချက်၊ အတို နှစ်ချက်။ ကျောင်းစောင့်၏ အန္တရာယ် အချက်ပေးသံ။

ရုတ်ခြည်း ဖတ်တိုက်ထားသလို လျင်မြန်သွက်လက်လှသော လက်ကလေးများသည် စားပွဲထဲမှ သမိုင်းစာအုပ်များကို စက္ကန့်ပိုင်းအတွင်း ရှင်းပြီးသား ဖြစ်သွားပြီ၊ အခန်းထဲမှ လစ်ထွက်သွားသည့် ကျောင်းသူကလေး လေးဦး၏ ရင်ဖုံးထဲတွင် ပါသွားလေပြီ။ ကလေးမကလေးတွေ ဘော်ဒါဆောင်သို့ ကူးသည့် တံခါးပေါက်မှ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

ကုလားထိုင် ရွှေ့သံ၊ စားပွဲ ဖွင့်သံ၊ ပိတ်သံများ မဆုံးမီ ကျောင်းသူ လေးယောက် အခန်းထဲ ပြန်ရောက်လာသည်။ အားလုံး မောနေကြ၏။ ခဏကြာတော့ ခန်းမဘက်က တံခါး ဖြည်းဖြည်းချင်း ပွင့်လာသည်။

တံခါးဝတွင် ပေါ်လာသူက ဝါဆော အလွတ်ပညာသင်ကျောင်းများ စစ်ဆေးရေးမှူး အမ်ဟွန်းဘက်။ အပြာရောင် ကျူးနစ်အင်္ကျီမှ ကြယ်သီးတွေက အရောင်တလက်လက်။ ဘောင်းဘီက အဝါရောင်။



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမျှမပြောဘဲ ကျောင်းသူကလေးတွေကို စိုက်ကြည့်နေ၏။ သူ့နံဘေးတွင် ကျောင်းအုပ်ဆရာမကြီး မစ္စဆီကော့စကာက ကြိုးစားပြီး ဣန္ဒြေဆည်ရင်း မလှုပ်မယှက် ရပ်လျက်။

အတန်းထဲတွင် အားလုံး စနစ်တကျ ရှိနေ၏။ အားလုံးကျောင်းသူ နှစ်ဆယ့်ငါးယောက်။ လက်တွင် သတ္တုလက်ထိပ်ဖုံးကလေးများ ကိုယ်စီစွပ်လျက် ကြယ်သီးပေါက် ဖောက်နေကြသည်။ စားပွဲပေါ်တွင် အပ်ချည်လုံးတွေ၊ ကတ်ကြေးတွေကို ဖြန့်ချထားကြ၏။ အချုပ်အလုပ်ပစ္စည်းများမှလွဲ၍ စားပွဲပေါ်တွင် အခြား ဘာမျှမရှိ။ တွပ်စီယာ၏ နဖူးကြောကြီးတွေ ထောင်နေသည်။ ဆရာမသည် ရှေးဟောင်းရုရှားဘာသာဖြင့် ပုံနှိပ်ထားသည့် စာအုပ်တစ်အုပ် တင်ထားသော စားပွဲတွင် ဆက်ထိုင်နေသည်။

ကျောင်းအုပ်ဆရာမကြီး မစ္စဆီကော့စကာက -

'ပညာဝန်ရှင့်၊ ကလေးတွေကို တစ်ပတ်မှာ နှစ်နာရီ အချုပ်အလုပ် သင်ပေးရပါတယ်' ဟု ဣန္ဒြေမပျက် ရှင်းပြသည်။

'ကျွန်တော် ဝင်လာတော့ ခင်ဗျားအတန်းကို ဖတ်ပြနေတဲ့ စာအုပ်က ဘာစာအုပ်လဲ ဆရာမ'

ဟွန်းဘဂ်က တွပ်စီယာဆီကို လျှောက်သွားရင်း မေးသည်။

'ခရိုင်းလော့ဗ်ရေးတဲ့ ပုံပြင်စာအုပ်ပါ ပညာဝန်ရှင့်။ ကျွန်မတို့ ဒီနေ့မှ စ သင်တာပါ'

ဆရာမက ခပ်တည်တည် ဖြေ၏။ ဤတွင် ဟွန်းဘဂ်က ကျောင်းသူတစ်ယောက်၏ စားပွဲကို အမှတ်မထင် ဆွဲဖွင့်လိုက်သည်။ အထဲတွင် ဘာမျှမရှိ။ စာအုပ်တစ်အုပ်မျှ မရှိ။ စာရွက်တစ်ရွက်မျှ





မတွေ့ရ။

သူက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း -

'ဆရာမရဲ့ ကျောင်းသူတစ်ယောက်ကို ခေါ်လိုက်ပါ'

အလယ်ခုံတန်းတွင် ထိုင်သည့် မာညာကလေးသည် အထိတ်တလန့်ဖြင့် ပြတင်းပေါက်ဘက်သို့ မျက်နှာလွှဲထားလိုက်သည်။ စိတ်ထဲက ကျိတ်ပြီး ဆုတောင်းလိုက်၏။

"ဘုရား . . ဘုရား . . ငါ့ကိုများ ခေါ်နေမလား၊ တစ်ယောက်ယောက်ကို ခေါ်ဖြစ်ပါစေ"

သို့သော် စိတ်ထဲက သိနေ၏။ မိမိပင် မဲပေါက်လိမ့်ဦးမည်ဟူ၍။ အတန်းထဲတွင် ဗဟုသုတ အကြွယ်ဆုံးနှင့် ရုရှားစကားပြောတတ်သူမှာ မိမိ တစ်ဦးတည်းသာ ရှိသည် မဟုတ်လား။ နာမည်ခေါ်သံကြားတော့ ကိုယ်ကို မတ်မတ်ထားလိုက်သည်။ ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး ပူထူသွားသလို ခံစားလိုက်ရ၏။ မဟုတ်ဘူး၊ အေးစိမ့်သွားတာထင်ပါရဲ့။

'ဘုရားရှိခိုး ရွတ်စမ်း'

ဟွန်းဘဂ်က ခပ်ဆတ်ဆတ်ပြောသည်။

မာညာက " ကျွန်ုပ်တို့၏ အဘ ဘုရားသခင်" ကို ရုရှားဘာသာဖြင့် အသံ အနိမ့်အမြင့်မရှိ ရွတ်ပြလိုက်၏။ ပိုလန်ကလေးများက သူတို့၏ ဘုရင်ဂျီဘာသာကို ရုရှားစကားဖြင့် ဘုရားရှိခိုးလျှင် ရုရှားတွေလုံးဝ မကြိုက်ကြ။ ပိုလန်တို့၏ ဘာသာရေးယုံကြည်မှုကို လေးစားသယောင်ယောင်နှင့် အတွင်းစိတ်က မနှစ်မြို့ကြ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။

'ဘုန်းတော်ကြီးမြတ်သော ရွှေနန်းရှင် မိသားစုဝင်တွေကို ရွတ်ပြစမ်း'

'ကေရီ မိဖုရားခေါင်ကြီးရယ်၊ ဘုန်းတော်ကြီးမြတ်သော ဇာအလက်ဇန္ဒား ဘုရင်မင်းမြတ်ရယ်၊ ဘုန်းတော်ကြီးမြတ်သော မင်းသားကြီး. . '

ရှည်လျားလှသော ဇာဘုရင်မိသားစု စာရင်းကို မာညာ တောက်လျှောက် ရွတ်ချသွားသည်။ ဆုံးတော့ ဟွန်းဘက် ခပ်ယဲ့ယဲ့ ပြုံးသည်။ အင်း . . တော်တော်ဟုတ်တာပဲဟု စိတ်ထဲတွင် ကျိတ်ပြီး ကျေနပ်လိုက်၏။

'ငါတို့ရဲ့ အရှင်သခင်ဟာ ဘယ်သူလဲ'

"ရုရှားနိုင်ငံတော်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူတဲ့ ဘုန်းတော်ကြီးမြတ်သော ဒုတိယမြောက် ဇာအလက်ဇန္ဒား ဘုရင်မင်းမြတ် ဖြစ်ပါတယ်'

မာညာသည် အောင့်သက်သက်နှင့် ရွတ်လိုက်ရပြန်သည်။ မျက်နှာကလေးမှာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ အတန်းစစ်ဆေးမှု ပြီးဆုံးသွားပြီ။ ဟွန်းဘက်သည် မစ္စဆီကော့စကာနှင့်အတူ နောက်တစ်ခန်းသို့ ကူးသွားလေသည်။

ဆရာမ တွပ်စီယာက မာညာ့ကို လှမ်းခေါ်သည်။

'လာပါဦး သမီးကလေးရယ်'

ဆရာမဆီသို့ မာညာ လျှောက်သွားသည်။ တွပ်စီယာက ဘာမျှ မပြောဘဲ ကလေး၏ နဖူးပြင်ကလေးကို ငုံ့နမ်းသည်။ ဤတွင်မှ စိတ်ကို





လျှော့ချကာ အတန်းထဲမှ ပိုလန်သူကလေး၏ ပါးပြင်ပေါ်တွင် မျက်ရည်တွေ စီးကျလာတော့သည်။

*

သည်ကာလပိုင်းမှာ မာညာ့အတွက် မှောင်မိုက်သော နေ့ရက်များ ဖြစ်လေသည်။ စကာလိုဒေါ့စကီ မိသားစုတွင် ခြောက်နှစ်လုံးလုံး ဆက်တိုက်လိုလို ကြုံဟ်ဆိုးဝင်ခဲ့သည်။

ပထမဆုံး အဖြစ်ဆိုးမှာ မေမေ စကာလိုဒေါ့စကာနှင့် ဇိုစီယာတို့ နှစ်ယောက် နီးစ်ကို ထွက်သွားခြင်း ဖြစ်၏။

'မေမေ နေကောင်းလို့ ပြန်လာရင် အားလုံး ပျော်ပျော်ရွှင်ရွှင် ပြန်ဆုံကြရမှာ' ဟု မာညာ့ကို ဝိုင်းရှင်းပြကြသည်။ သို့သော် တစ်နှစ်ကြာလို့ မေမေ ပြန်ရောက်လာတော့ မာညာကလေး သူ့အမေကို ရုတ်တရက် မမှတ်မိတော့ပေ။ မေမေသည် အဆုတ်ရောဂါ၏ ဝါးမျိုခြင်း ခံနေရသော အဘွားအိုတစ်ယောက် ဖြစ်နေပြီ။

မိုးလိုက်လို့ရွာသည့် နောက်တစ်ချက်မှာ ၁၈၇၃ ခုနှစ် နွေဦးရာသီတွင် ဖေဖေ စကာလိုဒေါ့စကီ၏ လစာ အဖြတ်ခံရခြင်း ဖြစ်သည်။ ကျောင်းဆောင်တွင် ဆက်နေခွင့်လည်း မရတော့ပေ။ ဆရာစကလိုဒေါ့စကီသည် အီတာနေ့ ကျေနပ်မှုရအောင် ဒူးထောက် အောက်ကျို့သူ မဟုတ်ပေ။

သူနှင့် အဆင်မပြေချိန်မှစ၍ စကာလိုဒေါ့စကီတို့ မိသားစုသည် တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းနေထိုင် ခဲ့ကြရသည်။ တစ်ချိန်က



www.burmeseclassic.com

www.burmeseclassic.com



အလွန် ငြိမ်းချမ်းအေးဆေးခဲ့သော သူတို့ဘဝသည် တဖြည်းဖြည်းနှင့် ဒုက္ခပင်လယ် ဝေလာခဲ့သည်။ ငြိမ်းသော၊ ချမ်းသော ကောင်းကင်ဘုံကလေး ဆုံးရှုံးခဲ့ရသည်။

ဆရာသည် ကျောင်းသားသုံးယောက်ကို အိမ်တွင် ဘော်ဒါထားပြီး ကျူရှင်ပေးရသည့် ဘဝသို့ ရောက်ခဲ့ရသည်။ တစ်သက်လုံး စုဆောင်းထားခဲ့သည့် ငွေ ရှုဘယ် သုံးသောင်းလည်း တက်တက်ပြောင်ပြီ။

ဤသို့ဖြင့် ကျူရှင်ကျောင်းသားများ တိုး၍ တိုး၍ လက်ခံရတော့သည်။ ကျောင်းသား ဆယ်ယောက်ပြည့်သည့်အခါ အိမ်မှာ လူကျပ်သည်ထက် ကျပ်လာ၏။ ဘော်ဒါကျောင်းသားတို့၏ အသံဗလံ များဖြင့် ဆူညံကာ လက်ပံပင် ဆက်ရက်ကျသလို ဖြစ်လာ၏။ ဆိတ်ငြိမ်အေးချမ်းခဲ့သည့် မိသားစုဘဝကလေးသည် ဟိုအဝေးကြီးတွင် တျန်ရစ်သလို မှေးမှိန်ပျောက်ကွယ် သွားလေသည်။

အနိဋ္ဌာရုံတို့သည် ဤတွင် ရပ်မနေကြသေးဘဲ သူတို့ဘဝထဲသို့ ဆက်လက် တိုးဝင်လာနေဆဲ။ မာညာအဖို့ ပထမဆုံး ကြုံတွေ့ရသည့် ပြင်းထန်လှသော လောကဓံလှိုင်းလုံးကြီး ဖြစ်၏။ ဘော်ဒါကျောင်းသား တစ်ဦးဆီမှ ကူးစက်သဖြင့် ဇိုစီယာတစ်ယောက် ငန်းဖျားရောဂါ အလူးအလဲ ခံစားနေရသည့် မြင်ကွင်း။

ဖေဖေက သားသမီးတွေ အားလုံးကို နောက်ဆုံးအနေနှင့် နှုတ်ဆက်ဖို့ ဇိုစီယာဆီ ခေါ်သွားသည်။

ဇိုစီယာသည် အခေါင်းတင်စင်ပေါ်တွင် အဖြူရောင်ဝတ်စုံဖြင့် အစနဲ့သားကလေး အိပ်နေသလို လှပစွာ လဲလျောင်းနေ၏။ ဆံပင်တိုတို





ကလေး ညှပ်ထားသည့်ကြားမှ လှနေသည်။

သေခြင်းတရားကို မာညာ ပထမဆုံး မြင်ဖူးခြင်း ဖြစ်၏။ ပထမဆုံး အသုဘ ပို့ဖူးခြင်း။ ထိုစဉ်က အနက်ရောင် ကုတ်အင်္ကျီကလေးကို ဝတ်ထားရသည်။

*

အတိတ်တွင် ကျန်ခဲ့သည့် ငယ်ဘဝကို မာညာကလေး ပြန်သတိရနေတတ်သည်။ နိုဝင်ဘာလ တစ်ရက်တွင် ဒေါ်လေးလူစီယာ ကျောင်းသို့ လိုက်လာပြီး မာညာနှင့် အစ်မဖြစ်သူ ဟီလာကို ခေါ်၍ ပန်းသီးဝယ်ဖို့ ထွက်ခဲ့ကြသည်။ ဒေါ်လေးလူစီယာက တူမ နှစ်ယောက်ကို လက်ဆွဲပြီး ဝါဆောမြို့၏ ရပ်ကွက်ဟောင်းကြီးထဲသို့ ခပ်သွက်သွက် လျှောက်သွားသည်။

သည်ရပ်ကွက်တွင် မာညာ့ကို မွေးဖွားခဲ့၏။ မြစ်ကို စီးမိုး၍ မြင်နေရသော ကျောက်တုံးနီနီများဖြင့် ဆောက်ထားသည့် ဘုရားရှိခိုးကျောင်းကြီးထဲသို့ တူဝရီးသုံးယောက် ဝင်လာခဲ့ကြသည်။

မယ်တော်မေရီ၏ ကျောက်သားရုပ်တုတော်၏ ရှေ့မှောက် အရောက်တွင် ဒူးထောက်လိုက်ကြပြီး တုန်တုန်ယင်ယင်ဖြင့် တစ်လောကလုံး တွင် အချစ်ဆုံးမေမေ ကျန်းမာစေဖို့ ဘုရားသခင်ထံတွင် မာညာ ဆုတောင်း၏။ မေမေ့အတွက်ဆိုလျှင် မာညာ အသက်ကိုပင် စွန့်ဝံ့ပါသည်။ နံဘေးတွင် ဒေါ်လေးလူစီယာနှင့် ဟီလာတို့ နှစ်ယောက်လည်း ခပ်တိုးတိုး ဆုတောင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝတ်ပြုကြပြီးနောက် သုံးယောက်သား မညီမညာ လှေကားထစ်များကိုနင်းပြီး ဗစ္စကျူလာမြစ်ဘက်ကို လျှောက်လာကြသည်။ ဝါကြန့်ကြန့် မြစ်ရေတွေက မြစ်လယ်တွင် ဝဲလည်ကာ ကမ်းခြေမှ ဆိပ်ခံ ဇောတ်တားကြီးများကို တဝုန်းဝုန်း ရိုက်ပုတ်နေ၏။

ပန်းသီးတွေ အမောက်အလျှံနှင့် ရှည်မျောမျော ဦးချွန်ချွန် လှေနှစ်စင်း ဆိုက်ထားသည်ကို တွေ့ရ၏။ လှေသူကြီးက ဖုံးထားသည့် ကောက်ရိုးတွေဖယ်ပြီး တဖိတ်ဖိတ် အရောင်တောက်နေသည့် ပန်းသီးတွေကို ပြသည်။

'ဟီလာကိုယ်တိုင် ရွေးချင်တယ် ဒေါ်လေး'

ဟီလာက အကြံပြုသည်။ မာညာကလည်း ဟီလာနည်းတူ လွယ်ထားသည့် ကျောင်းလွယ်အိတ်ကို ပခုံးတစ်ဖက်သို့ ပစ်သိုင်းလိုက်ပြီး တစ်လုံးချင်း ရွေးသည်။ အနာအဆာလွတ်သည့် အလုံးများကို ဝါးခြင်းတောင်းကြီးထဲတွင် စုထည့်ကြသည်။ သစ်သီးပုပ်တွေ တွေ့လျှင် မြစ်ထဲသို့ တအား လွှင့်ပစ်လိုက်ကြ၏။ ခြင်းတောင်းပြည့်တော့ သယ်ပြန်လာကြသည်။ အကောင်းဆုံး တစ်လုံးစီကို လက်ထဲတွင် ကိုယ်စီကိုင်လျက် လမ်းတစ်လျှောက် ဝါးစားလာကြ၏။ အေးမြ ကြွပ်ရွနေသည်။ လက်ဖက်ရည် သောက်ဖို့ အိမ်အပြန်လမ်းတွင် တုဝရီးသုံးယောက် ပန်းသီးတွေကို ကိုက်လာကြခြင်း ဖြစ်၏။

*

ငါးနာရီတွင် လက်ဖက်ရည်ပန်းကန်တွေကို အိမ်ဖော်တွေက ဆေးကြောကြပြီး စားပွဲရှည်ကြီးကို ရှင်းလင်းကြသည်။ ပြီး ရေနံဆီမှန်အိမ် ထွန်း





သည်။ ဘော်ဒါကျောင်းသားတွေ သူတို့အခန်းဆီသို့ ကိုယ်စီ ပြန်သွားကြ၏။

ထမင်းစားခန်းထဲတွင် မာညာတို့ စာကျက်ကြရတော့မည်။ စာအုပ်ကိုယ်စီ ဖွင့်လိုက်ကြ၏။ မာညာကလေးက စားပွဲပေါ်သို့ တံတောင်ဆစ်ထောက်ပြီး နဖူးကို လက်ဖဝါးဖြင့် ကပ်ထားသည်။ နားနှစ်ဖက်ကို လက်မဖြင့် ပိတ်ထား၏။

အသားကုန် အော်ကျက်တတ်သော ဟီလာ့အသံကို မာညာ တားဆီးထားခြင်း ဖြစ်၏။ သို့သော် ခဏမျှသာ။ မာညာကလေး စာဖတ်ပြီး တစ်အောင့်ကြာလျှင် သူ့ပတ်ဝန်းကျင်ကို လုံးဝ မေ့သွားတော့သည်။ စာကျက်ရာတွင် အလွန်လောဘကြီးလှသော မာညာ့ကိုကြည့်ပြီး အပေါင်းအသင်းများရော၊ အစ်မများပါ သဘောကျကြသည်။ ရံခါတွင် ဘရွန်ညာ၊ ဟီလာနှင့် ဘော်ဒါကျောင်းသားများက မာညာ့၏ အာရုံဝင်စားမှုကို စမ်းသပ်ကြသည်။

သူ့အနားတွင် စုပြုံပြီး ဆူဆူညံညံ အသံဗလံများဖြင့် အနှောင့်အယှက် ပေးကြသည်။ ကုလားထိုင်တွေကို တစ်လုံးအပေါ် တစ်လုံးဆင့်ပြီး အမြင့်ကြီးဖြစ်အောင် မြှမ်းဆင်ကြသည်။ မာညာ မသိ။ တစ်ချက်ကလေးမျှ မျက်လွှာပင့်မကြည့်။ ကဗျာ သို့မဟုတ် ပညာရပ် စာတမ်းတစ်ခုခု သို့မဟုတ် စွန့်စားခန်းတစ်ခုခု သို့မဟုတ် အဖေ့ စာကြည့်ခန်းမှ သုတေသနစာတမ်း တစ်မျိုးမျိုးတွင် နစ်မျောနေတတ်သည်သာ။

သည်လိုအခါမျိုးတွင် ရှုပ်ရှားသူလျှိုတွေကိုလည်း မာညာ မေ့နေတတ်၏။ ဘာဆို ဘာကိုမျှ သတိမရတော့။ အလုပ်တွေ ပိနေသဖြင့် ပင်ပန်းနွမ်းနယ်နေသော ဖေဖေ့မျက်နှာသည်လည်း အာရုံတွင် မထင်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ဆူညံ ရှုပ်ပွေနေသည့် အိမ်ခန်းကိုလည်း သတိမထားမိတော့။ သူတို့ ညီအစ်မများအတွက် အိပ်ခန်းလည်းဖြစ်သော ထမင်းစားခန်းထဲတွင် အိပ်ရသဖြင့်၊ ဘော်ဒါကျောင်းသားများ နံနက်စာစားဖို့ ရောက်မလာခင် ခုံရှည်ပေါ်မှ အိပ်ချင်မူးတူးဖြင့် အစောကြီး ထရသည့် အခါတွင်လည်း ပြင်ပ အလင်းရောင်ကို မာညာ မကြည့်။ စင်စစ် သူ့အတွက် အလွန် မတန် ကျပ်တည်း မွန်းသိပ်လွန်းသော ပတ်ဝန်းကျင်မှ မသိစိတ်ဖြင့် မာညာ ထွက်ပြေးပုန်းရှောင်နေခြင်း ဖြစ်လေသည်။

သို့သော် သည်အဖြစ်များသည် မာညာအတွက် တဒင်္ဂ အသက်ရှူ ချောင်ချိန်များ ဖြစ်၏။ ဘဝမှန်ကို ပြန်လည်သတိရလိုက်သည်နှင့် တစ်ပြိုင်နက် ပထမဆုံး ခေါင်းထဲ ဝင်လာသည်က အမြဲတမ်း စိတ်ဆင်းရဲ နေရသည့် မေမေ့ဝေဒနာအကြောင်း ဖြစ်လေသည်။ တစ်ချိန်က မိန်းမချောတစ်ယောက် ဖြစ်ခဲ့သည့် မေမေ စကလိုဒေါ့စကာသည် ယခုတော့ အရိပ်တစ်ခုလို ပါးလျ ဖြူဖျော့နေပြီ။

လူကြီးတွေက နှစ်သိမ့်စကား အမျိုးမျိုးဖြင့် မာညာကလေးအား မည်သို့ ချော့မော့သည်ဖြစ်စေ၊ ကလေးက အမေ့အခြေအနေကို သိနေပြီ။ အမေ့အတွက် ဘယ်လိုပင် ဆုတောင်း ဆုတောင်း၊ ထိတ်လန့်တုန်လှုပ်စရာ အဖြစ်ဆိုးကြီးတစ်ရပ်နှင့် ရင်ဆိုင်ရတော့မည်ကို မာညာကလေး ကြိုသိနေပြီ။

မေမေ စကလိုဒေါ့စကာကလည်း မလွဲမရှောင်သာတော့ပြီ ဖြစ်သည့် အခြေအနေနှင့် ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပြီ။ ၁၈၇၈ ခုနှစ် မေလ ၉ ရက်နေ့တွင် ဘုန်းကြီးပင့်ပေးဖို့ မေမေက ဆရာဝန်ကို ပြောသည်။

မိမိ၏ ဘာသာရေး သက်ဝင်ယုံကြည်မှုရော၊ ချစ်လှစွာသော





ခင်ပွန်းလုပ်သူနှင့် ကလေး လေးယောက်ကိုပါ ထားခဲ့ရတော့မည့်အဖြစ်အတွက် ရင်နှင့်အမျှ ခံစားနေရသည့် သောကနှင့်၊ ကလေးများ၏ အနာဂတ် အတွက် ရတက်မအေး ဖြစ်နေရခြင်းများကို ဆရာတော် တစ်ပါးတည်းသာလျှင် သိခွင့်ရစေမည်။

ခင်ပွန်းသည်နှင့် ကလေးများရှေ့တွင် အမျိုးသမီးသည် ဗျာပါရပ် မပေါ်စေဘဲ ဣန္ဒြေတင်းထားသည်။ မျက်နှာကလေးမှာ အေးမြစွာဖြင့် ကျက်သရေရှိလျက်။ မေမေ စကလိုဒေါ့စကာသည် သူ အဆုံးသတ်စေချင်သည့် ပုံစံဖြင့် ဘဝကို နိဂုံးချုပ်သွားခဲ့သည်။ မည်သည့် ဝေဒနာရိပ်မျှ မပြဘဲ အေးချမ်းစွာဖြင့် နောက်ဆုံးထွက်သက်ကို ရှူထုတ်သွားခဲ့သည်။

သန့်ရှင်းသော အိပ်ခန်းထဲမှ သူ့ခုတင်နံဘေးတွင် မိသားစုအားလုံး ရပ်ကြည့်နေကြစဉ် မျက်လုံးညိုအစုံသည် အားလုံးကို တစ်ယောက်ချင်း စိုက်ကြည့်နေ၏။ မိမိအတွက် ဒုက္ခရောက်ခဲ့ကြရသည့် လင်တော်မောင်နှင့် သားသမီးများကို ခွင့်လွှတ်ကြဖို့ တောင်းပန်တိုးလျှိုးနေဘိသို့ ရှိ၏။ မကွယ်လွန်မီ အားလုံးကို တစ်ယောက်ချင်း နှုတ်ဆက်နေသည်နှင့်လည်း တူ၏။

ကျန်နေသေးသည့် အသက်ငွေ့ငွေ့ကလေးကို မှီတွယ်လျက် အမှုအရာဖြင့် နောက်ဆုံးစကားတစ်ခွန်း ဆိုသွားသေးသည်။

တုန်ယင်နေသော လက်ကလေးတစ်ဖက်ဖြင့် လေထဲတွင် လက်ဝါးကပ်တိုင်ပုံစံ လုပ်ပြရင်း နှုတ်ခမ်းအစုံ ယဲ့ယဲ့လှုပ်လာသည်။

'အားလုံးကို . . မေမေ ချစ်ပါတယ်'

ဝတ်စုံနက်ကို မာညာ ဒုတိယအကြိမ် ဝတ်ရပြန်ပြီ။ အိမ်ထဲတွင် ဆောက်တည်ရာမရ လျှောက်သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အပြောင်းအလဲများနှင့် မာညာ အထာမကျ ဖြစ်နေ၏။ မေမေ့အခန်းကို ဘရွန်ညာက ယူလိုက်သည်။ ဖေဖေက အစေခံတွေကို အုပ်ချုပ်ဖို့နှင့် ကလေးတွေကို စီမံခန့်ခွဲဖို့ အမျိုးသမီးတစ်ယောက် ချက်ချင်း ခန့်ထားလိုက်သည်။

ဆရာ စကလိုဒေါ့စကီသည် မိတဆိုး ရင်သွေးကလေးများကို အချိန်ရှိသရွေ့ ဂရုစိုက်သည်။ သို့သော် သူ့အပြုအမူတို့မှာ သနားစရာ ကောင်းနေပြီး သိပ်အရာမရောက်လှ။ အမေတစ်ယောက်၏ ပြုစုမှုမျိုးကို အဖေတစ်ယောက် အပြည့်အဝ ပေးနိုင်လိမ့်မည် မဟုတ်ပါချေ။

ဘဝ၏ လှိုင်းပုတ်သံကို မာညာကလေး ကြားတတ်လာပြီ။ ခံစားတတ်လာပြီ။ မိခင်၏ အယုအယတို့နှင့် ဝေးကွာခဲ့ပြီးနောက် အစ်မများ၏ အတောင်ပံအောက်တွင် မာညာကလေး ကြီးပြင်းခဲ့ရလေသည်။

မာညာသည် ဘဝကို ကြံ့ကြံ့ခံသည်၊ တစ်ချက်ကလေးမှ မညည်း။ ရည်ရွယ်ချက်ကို အမြင့်ဆုံးထားသည်။ နည်းနည်းမှ စိတ်ဓာတ်မကျ။

*

မောင်နှမ ငါးယောက်ထဲမှ ဇိုစီယာ့ကို သေမင်းက ခေါ်ထုတ်သွား၏။ သည်အဖြစ်သည် ကျန်လေးယောက်ကို ပို၍ အားကောင်းစေခဲ့၏။ စည်းလုံးစေခဲ့၏။ သူတို့ ကိုယ်တွင်းသို့ မမြင်နိုင်သည့် ခွန်အားတွေ စိမ့်ဝင်လာစေ၏။

လောကဓံကို သူတို့ ကြံ့ကြံ့ခံမည်။ အခက်အခဲမှန်သမျှ အား





လုံးကို ကျော်ဖြတ်မည်။ သည် မောင်နှမ လေးယောက်သည် ထူးခြားသည့် လူသားများ ဖြစ်လာရမည်။

၁၈၈၂ ခုနှစ် နေသာသည့် နံနက်ခင်းတစ်ရက်တွင် မောင်နှမတစ်သိုက် နံနက်စာဝိုင်းတွင် တပျော်တပါးကြီး စုဝေးလိုက်ကြသည်။

ဟီလာက စကားစသည်။

'ဒီည ကျောင်းကပွဲမှာ ဂျိုးဇက်ပါမှ ဖြစ်မှာနော်၊ မီးပူ ကောင်းကောင်းထိုးပေးလိုက်ရင် ဟီလာ့ဝတ်စုံကလေး မဆိုးပါဘူးနော် ဘရွန်ညာ'

'အေးပေါ့ . . တခြားဝတ်စုံမှ နင့်မှာ မရှိတာ၊ ဒါပဲ ဝတ်ပေါ့' ဟု အကြီးမ ဘရွန်ညာက တွေးတွေးဆဆ ပြန်ပြောလိုက်သည်။

ဆရာ စကလိုဒေါ့စကီသည် ဘော်ဒါကျောင်းသားများအတွက်ပါ အဆင်ပြေမည့် နေရာတစ်နေရာ ရအောင် ကြံဖန်ထားပြီးပြီ။ လေသာဆောင်ပါသည့် တိုက်ခန်းတစ်ခန်း ဖြစ်၏။ မိသားစုအတွက် အခန်းလေးခန်းရပြီး ကျောင်းသားများနှင့် သီးသီးသန့်သန့် နေနိုင်မည် ဖြစ်၏။

သူတို့အိမ်တွင် အပတ်စဉ် အကသင်တန်းအတွက် ကျောင်းသူကျောင်းသားများ စုဝေးကြသည်။

၁၆ နှစ် သမီးအရွယ် ရောက်နေပြီဖြစ်သည့် ဟီလာသည် အရပ်မြင့်မြင့်နှင့် ကျက်သရေ ရှိလှသည်။ ညီအစ်မတစ်သိုက်ထဲတွင် အချောဆုံး ဖြစ်၏၊ ဘရွန်ညာက ရွှေရောင်ဆံပင်နှင့်။ မျက်နှာက ပန်းပွင့်တစ်ပွင့်လို ရှင်းသန့်ကြည်လင်သည်။ အကြီးဆုံး ဂျိုးဇက်က လူပျိုကြီးဖားဖား ဖြစ်နေပြီ။ ကျောင်းဝတ်စုံဝတ်ထားလျှင် အားကစားသမားပုံပေါက်နေသည်။

မာညာကလေးလည်း ကိုယ်အလေးချိန် တက်လာ၏။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံ ဝတ်လိုက်လျှင် သိပ်ပြီးပိန်သည် မထင်ရတော့။ မျက်နှာကလေးက အစဉ်ချိုပြုံး တက်ကြွနေတတ်၏။ မျက်လုံးအစုံက အရောင်တဖျတ်ဖျတ် တောက်နေပြီး ဆံပင်ကတော့ ပိုလန်သူကလေးများ၏ ပုံစံအတိုင်းပင်။

ဟီလာက "ဆီကော့စကာ" ကျောင်းသူဘဝဖြင့် အပြာရောင်ကျောင်းဝတ်စုံကို ဝတ်ဆင်နေရဆဲ။ ၁၄ နှစ်သမီး ရှိနေပြီဖြစ်သည့် မာညာကလေးက အကြိုတက္ကသိုလ်ဝင် အားကစားကျောင်းတွင် အတော်ဆုံးကျောင်းသူဖြစ်၍ ကြက်သွေးရောင်ကို ဝတ်ဆင်ခွင့် ရလေသည်။

သည်ကျောင်းမှပင် မနှစ်က ဘရွန်ညာ ဆင်းခဲ့သည်။ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့၍ ဟိုးလေးတကျော် ဖြစ်သွားသေးသည်။ ဘရွန်ညာသည် လုံးဝ အရွယ်ရောက်နေပြီဖြစ်၍ အိမ်ကို စီမံအုပ်ချုပ်နေပြီ။ ဆံပင်ကို နောက်လှန်ဖြီးထားပြီး စကတ်ရှည်ကြီး ဝတ်ထားတတ်၏။ ခါးတွင် လှိုင်းတွန့်တွေ၊ ကြယ်သီးတွေ ရှုပ်ယှက်ခတ်လျက်။

ဂျိုးဇက်ကလည်း အထက်တန်းကျောင်း နောက်ဆုံးနှစ်တွင် ရွှေတံဆိပ် ဆွတ်ခူးထားသူ ဖြစ်၏။ ယခု ဝါဆောဆေးတက္ကသိုလ်တွင် ဆေးကျောင်းသားတစ်ယောက် ဖြစ်နေပြီ။

ပိုလန်ကျောင်းသူကလေးများ၏ ကွန်ဗင့်ကျောင်းနှင့် တူသည့် "ဆီကော့စကာ" ၏ကျောင်းမှ ရုရှားတို့အုပ်ချုပ်သည့် ကျောင်းသို့ ပြောင်းခဲ့ရသည့်အတွက် မာညာ့အဖို့ ရောမ ပြောင်းလဲမှုကြီးများနှင့် ရင်ဆိုင်ခဲ့ရလေသည်။ စင်စစ် လိုအပ်သည့် ပြောင်းလဲမှုများ ဖြစ်ပါသည်။

အားကစားသိပ္ပံ ဒီပလိုမာကို ပေးနိုင်သည့်ကျောင်းမှာ သည်တစ်ကျောင်းသာလျှင် ရှိသည် မဟုတ်လား။ သိပ္ပံနှင့် ဒဿနိကဘာသာ





ရပ်များကို ရုံးသုံး ရုရှားဘာသာဖြင့် သင်ရခြင်းအတွက်တော့ မာညာ စိတ်ပျက်လှသည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်ကျူးလွန်နေသူလို ခံစားရ၏။ နွေတုန်းက သူ့အချစ်ဆုံး သူငယ်ချင်းဆီသို့ သနားစဖွယ်ဖြင့် မရှုမရဲ ဝန်ခံစာ ရေးဖြစ်ခဲ့သည်။

"နင်ကတော့ ငါ့ကို ရယ်စရာ လုပ်နေမလားဘဲ ကာဇီယာ။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ကျောင်း တက်ရတာတော့ ကောင်းပါတယ်လို့ပဲ ငါ ပြောရမှာပဲ။ ငါ ကျောင်းမှာ ပျော်သလိုလိုတောင် ဖြစ်နေပြီ။ ဒါပေမဲ့ ကျောင်းမတက်ရလို့ ရှိရင်လည်း ငါ တမ်းတမ်းတတတော့ ဖြစ်နေမယ် ထင်လား၊ မဖြစ်ပါဘူး။ ဒါပေမဲ့ မကြာခင် ကျောင်းပြန်တက်ရမယ်ဆိုတော့လည်း ငါ စိတ်မပျက်မိဘူးဟဲ့။"

*

စကလိုဒေါ့စကီ မိသားစုထဲမှာ ရွှေတံဆိပ်နှစ်ခု ရပြီးပြီ။ တတိယ ရွှေကို မာညာက အထက်တန်း အား/ကာ နောက်ဆုံးနှစ်တွင် ဆွတ်ခူးလိုက်သည်။ အချိန်မှာ ၁၈၈၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့။

မာညာသည် အကောင်းဆုံး အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ ခါးတွင် နှင်းဆီပန်းပွင့်တွေ ချိတ်လျက်။ မာညာက ဒူးကလေးညွတ်ကာ၊ ညွတ်ကာဖြင့် ဆရာ၊ ဆရာမများ၏ နှုတ်ဆက် ဂုဏ်ပြု ချီးကျူးစကားများကို ခံယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကလည်း ခွဲခွာသွားလျှင် စာမှန်မှန်ရေးဖို့ ဝိုင်းပြောနေကြ၏။ မာညာက ဆုရထားသည့် ရုရှားစာအုပ်တွေ တစ်မွေ့တစ်ပိုက်ကြီးနှင့် သူငယ်ချင်းများကို ကြေညာလိုက်သည်။ 'အလကားစာအုပ်တွေ'

နောက်ဆုံးနေ့မို့ ကြောက်နေစရာ မလိုတော့ပြီ။ ဂုဏ်ယူကျေနပ်နေသည့် ဖေဖေ့လက်ကိုတွဲပြီး ကျောင်းဝင်းထဲမှ မာညာ ထွက်လာခဲ့သည်။

မာညာသည် အလုပ်ကြိုးစားသည်။ အပင်ပန်းခံသည်။ ကြိုးစားသမျှ အောင်မြင်သည်။ ဖေဖေ စကလိုဒေါ့စကီက မာညာ့အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခု မရွေးမီ ကျေးလက်တွင် တစ်နှစ် သွားနေဖို့ စီစဉ်ထားသည်။

တစ်နှစ်ကြီးများတောင် တောမှာ သွားနေရမည်တဲ့။ သိပ္ပံစာအုပ်တွေကို တိတ်တိတ်ကလေး ကျိတ်ပြီး လေ့လာနေသည့် ကျောင်းသူကလေးတစ်ယောက်က တောမှာ တစ်နှစ်သွားပြီး အချိန်ဖြုန်းရမည်တဲ့။ သို့သော် အပျိုဘော်ဝင်စ ပြုလာပြီး ကိုယ်ခန္ဓာ ဖွံ့ထွားလာသည့် မာညာကလေးသည် ကလေးစိတ် မကုန့်တကုန်ဖြင့် ဘဝကဏ္ဍသစ်တစ်ခုကို ဖြတ်သန်းရသည့်အခါ ပျင်းရိငြီးငွေ့စ ပြုလာသည်။ ဘဝတွင် ပထမဆုံးအကြိမ် အဖြစ်ဖြင့် အချိန်ပိုများနှင့် ပျင်းရိခြင်း အရသာကို ခံစားဖူးခြင်း ဖြစ်လေသည်။

ဝါဆောနှင့် မိုင်ပေါင်းများစွာ ဝေးကွာသည့် ဆွေမျိုးများ ရှိရာတွင် မာညာ သွားနေရသည်။ တစ်ခေါက်သွားလျှင် ရက်သတ္တပတ်ပေါင်းများစွာ နေရသည်။ ဆွေမျိုးအားလုံးက မာညာကလေးကို ဖူးဖူးမှုတ်ထား





ကြ၏။ ကျေးလက်အငွေ့အသက်နှင့် အေးအေးလူလူနေရသည့် ဘဝကို မာညာ ချက်ချင်း သဘောကျသွားသည်။ သူငယ်ချင်းဖြစ်သူ ကာဇီယာဆီသို့ စာတွေ မှန်မှန်ရေးဖြစ်သည်။

"အကွရာသချာတွေ၊ ဂဲသြမေတြီတွေ ငါ့ခေါင်းထဲမှာ မရှိတော့ဘူး။ ငါ့မှာ ဘာဆိုဘာမှ လုပ်စရာ မရှိဘူး၊ သိလား။ ဇာထိုးပန်းထိုးကလေး စသင်တဲ့ အလုပ်တောင် ရပ်ထားလိုက်ရပြီ။ တစ်နေ့တစ်နေ့ ဘာအစီအစဉ်မှ မရှိတော့ အပျော်ဖတ် ခပ်ပေါ့ပေါ့ဝတ္ထုကလေးတွေပဲ ထိုင်ဖတ်နေမိတယ်။ တစ်ခါတလေလည်း တစ်ယောက်တည်း ကျိတ်ရယ်မိတယ်ဟ။ အလဟဿဖြစ်နေတဲ့ အချိန်တွေကို အဓိပ္ပာယ်မရှိ လျှောက်ဖြုန်းနေမိတဲ့ အတွက်လေ။ ပြီးတော့ အဲဒါကို ကျေနပ်နေမိတဲ့ အတွက်လေ။ ငါတို့တစ်တွေ သစ်တောထဲကို လျှောက်သွားကြ၊ ဒန်းစီးကြ၊ ဘောလုံးရိုက်တမ်း ကစားကြနဲ့ပေါ့၊ (ကစားခုန်စားတဲ့ နေရာမှာတော့ ငါ ဘိတ်ချီးချည်းပဲ) ဘောလုံးကို တအားလွှဲပြီး အမြင့်ဆုံးရောက်အောင် ရိုက်ရတယ်။ ပြီးတော့ ရေကူးကြတယ်။ ငါးများရတာ၊ ပုဏ္ဍန်ဖမ်းရတာလည်း သိပ်ပျော်စရာကောင်းတယ်. . .။"

www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်ပိုင်းတွင် မာညာတစ်ယောက် အမိနိုင်ငံကို ချစ်ရမှန်း ပိုသိလာသည်။ သူတို့မိသားစု အကွဲကွဲ အပြားပြား နေထိုင်လျက်ရှိသည့် ပိုလန်မြေပေါ်တွင် အလှအပတွေကို ရှာဖွေလေ၊ တွေ့ရှိလေ ဖြစ်နေ၏။ ၎င်းလာသည် ပကတိ အေးဆေးငြိမ်သက်လွန်းသည့် ရွာကလေး ဖြစ်သည်။ ကမ္ဘာပေါ်တွင် မိုးကုပ်စက်ဝိုင်း အကျယ်ပြန့်ဆုံး နေရာဟု မာညာ ထင်သည်။

ဦးလေးဇာဗီယာတို့ နေသည့် ဇော်ဝေပရိုက်စ်တွင် မျိုးကောင်းမျိုးသန့် မြင်းအကောင် ငါးဆယ်ရှိသည်။ မောင်နှမ ဝမ်းကွဲတွေဆီမှ ပါးချပ်၊ ကုန်းနှီးအပြည့်အစုံနှင့် မြင်းတစ်ကောင်ပြီးတစ်ကောင် ငှားစီးသည်။ မကြာခင် မာညာတစ်ယောက် မြင်းကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်သွားသည်။

နှင်းခဲတွေ ဖွေးနေသည့် ကာပါဆီယံ တောင်တန်းကြီးနှင့် အနက်ရောင် ထင်းရှူးပင်တွေကို မာညာ အချစ်ဆုံးဖြစ်သည်။ ရွက်ကြွေတောကို ဖြတ်လျှောက်သည့်အခါ ရှူရှိုက်ရသည့် ရနံ့ကို မာညာ တစ်သက် မေ့တော့မည် မဟုတ်ပါ။ ပြီးတော့ "ပင်လယ်မျက်စိ" ဟု နာမည်ပေးထားသည့် တောင်ထိပ်မှ အေးမြမြ ကြည်လဲ့လဲ့ ရေကန်ကလေး။

မလှမ်းမကမ်းမှ ဂါလီစီယာ နယ်စပ်ဆီတွင်တော့ ဦးလေးဇစ်စ်လက်ဇ် တို့ရွာကြီး။ ရယ်သံမောသံတို့ဖြင့် အမြဲတမ်း ဆူညံနေသည့် ဦးလေးတို့မိသားစုနှင့် တစ်ဆောင်းလုံး မာညာ သွားနေသည်။ အပေါ်စဉ်လိုလို ဧည့်သည် တစ်ဦးမဟုတ် တစ်ဦး ရောက်လာတတ်သည်။ ဧည့်သည်လာတိုင်း တစ်အိမ်လုံး ပျော်ကြသည်။ "ကူးလစ်" ပွဲတော်ရက် နီးလာလျှင်လည်း သူတို့ ပျော်ကြသည်သာ။ ညီအစ်မတစ်သိုက် မုန့်တွေ ဖုတ်





ကြ၊ အခန်းအောင်းပြီး အဝတ်အစားတွေ အပြေးအလွှား ချုပ်ကြရသည်မှာလည်း တပျော်တပါးပင်။

ပိုလန် ကူးလစ်ပွဲတော်မှာ အကတွေ၊ အခုန်တွေသာ ပါသည် မဟုတ်။ နှင်းလွင်ပြင်ပေါ်တွင် စွတ်ဖားဖြင့် ခရီးသွားရသည့် အစဉ်အလာလည်း ပါ၏။ သိပ်ပျော်စရာကောင်းသည့် ခရီးမျိုး။

ကျေးလက်ဝတ်စုံများ ကိုယ်စီဝတ်ကာ မာညာနှင့် ညီအစ်မသုံးယောက်တို့ စွတ်ဖားနှစ်စီးဖြင့် ထွက်ခဲ့ကြသည်။ အဝတ်အစားပြောင်ပြောင်လက်လက်နှင့် ကာလသားတစ်သိုက်က မြင်းကိုယ်စီဖြင့် မိန်းကလေးများ၏ စွတ်ဖားနံဘေးမှ ကိုယ်ရံတော် လိုက်ပေးကြရသည်။ ညဦးအခါ လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့်။ ထင်းရှူးတောထဲတွင်လည်း လက်နှိပ်ဓာတ်မီးရောင်တွေ တလက်လက်။ စွတ်ဖားတစ်စီးပေါ်တွင် တီးဝိုင်းအဖွဲ့ ပါလာသည်။ နှစ်ရက်နှင့် နှစ်ညလုံးလုံး သူတို့ တီးကြမှုတ်ကြမည် ဖြစ်၏။ သူတို့နှင့် အခြားစွတ်ဖား ဆယ်စီး ညကြီးမင်းကြီးတွင် ဆုံကြသည်။ ပျော်ရွှင်နေသည့် သူတို့လူသိုက်၏ ဝေါ်ဇ်ကကြိုးတေးသံသည် ဆက်တိုက် လွှင့်မြူးနေတော့သည်။ စွတ်ဖားတွေ တစ်စီးပြီးတစ်စီး ရောက်လာကြတော့ သူတို့ နားချိန်မရတော့အောင် တီးကြခတ်ကြ ရတော့မည်။

သို့သော် တယောဆရာတို့သည် ဘိုးဆတ်သံတစ်ချက် မမှားစေရဘဲ အိပ်မောကျနေသော အိမ်ကြီးတစ်ဆောင်ရှေ့တွင် ရပ်လိုက်ကြသည်။ အိမ်ရှင်တို့က တအံ့တသြဖြစ်ဟန်ဆောင်လျက် တပျော်တပါး ဆူညံနေသည့် လူအုပ်ကြီးကို ဆီးကြိုကြသည်။

မိနစ်အနည်းငယ်အတွင်း တီးဝိုင်းအဖွဲ့တွေကို စားပွဲတစ်လုံးတွင် နေရာချပေး ပြီးသွား၏။ ပြီးသည်နှင့် တီးမှုတ်ကခုန်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စားစရာ သောက်စရာတွေက အစောကြီး ကြိုတင်ချက်ပြုတ်ထားသဖြင့် အဆင်သင့်။

စားသောက်ပြီးစီးသည်နှင့် အချက်ပေးသံတစ်ခု ပေါ်လာသည်။ အိမ်ကြီးထဲမှ လူတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြပြီး၊ သစ်တောထဲသို့ ဖြတ်ကာ ပို၍ များလာသော လူအင်အားဖြင့် လက်တွဲကခုန်ရင်း နောက်တစ်အိမ်သို့ ကူးသွားကြပြန်သည်။ ပြီးတော့ နောက်တစ်အိမ်၊ ထို့နောက် နောက်တစ်အိမ်။

ဤသို့ဖြင့် လူတွေ များသထက် များလာကာ ပွဲတော်ညသည် ပတ်တုတ်မရအောင် စည်ကားနေလေတော့၏။

မိုးစင်စင်လင်းလို့ နေထွက်လာသည်။ သို့သော် သူတို့ အရှိန်မသေကြသေး။ မိုးစုပ်စုပ်ချုပ်တော့မှ တီးမှုတ်သူတွေနှင့် ကခုန် ပျော်ပါး ကြသူအားလုံး စပါးကျီထဲတွင် ခြေကုန်လက်ပန်းကျကာ ခဏတစ်ဖြုတ် အိပ်စက် အနားယူကြသည်။

ဒုတိယညတွင် စွတ်ဖားတွေ များသည်ထက် များလာ၏။ ရွာတွင် အကြီးဆုံး ဧရာမ အိမ်ကြီးတစ်ဆောင်ရှေ့တွင် စုဝေးလိုက်ကြသည်။ ဂီတသံသည် မြူးမြူးကြွကြွ ဆူဆူညံညံ လွင့်ပျံလာ၏။ တစ်ပြိုင်တည်းတွင် "ခရာကိုဝိတ်" ပိုလန်ရိုးရာအကကို အုပ်စုလိုက် ကကြခုန်ကြသည်။ ခြေဆောင့် စည်းလိုက်သံများဖြင့် တုန်ဟည်း ပဲ့တင်လျက်။

ဤတွင် အိမ်ကြီးထဲမှ ဝတ်ကောင်းစားလှနှင့် လူရွယ် တစ်ယောက် ထွက်လာပြီး အကောင်းဆုံး ကနိုင်သူ မိန်းကလေးကို အပြေးအလွှား ဖိတ်ခေါ်သည်။ ထိုမိန်းကလေးမှာ ဘူးပွင့်လက်စီး ကတ္တီပါဝတ်စုံနှင့် ပန်းစည်းကြိုးတွေ၊ ဖဲပြားတွေ ခေါင်းမှာ ဝေနေအောင် ဆင်မြန်းထား





သည့် မာညာကလေးပင် ဖြစ်လေသည်။ ထုံးစံအတိုင်း မာညာသည် သူငယ်ချင်းဖြစ်သူ ကာဇီယာထံသို့ ရင်ခုန်ချင်စရာ ကောင်းလှသည့် အတွေ့အကြုံများကို စာရေးဖြစ်သည်။

"ငါ ကူးလစ်ပွဲတော်မှာ ဝင်နွှဲတယ် သိလား။ ငါ ဘယ်လောက် ပျော်တယ်ဆိုတာ နှင်ခန့်မှန်းနိုင်မှာ မဟုတ်ဘူး၊ အရမ်းပျော်ဖို့ ကောင်းတာပဲဟယ်။ 'ကရာကော်' က ကာလသားတွေလည်း အများကြီးပါတယ်၊ လူချောကလေးတွေ ချည်းပဲ။ အကလည်း သိပ်ကောင်းကြတာပဲ၊ သိလား။ မနက် ၈ နာရီထိုးမှ 'မာဇူခါ' အကနဲ့ တို့ စခန်းသိမ်းကြတယ်။"

မာညာကလေး၏ အေးအေးလူလူ ငြိမ်းငြိမ်းချမ်းချမ်း ပျော်စရာ ဘဝတစ်ကဏ္ဍ သည်တွင် မရပ်သေးဘဲ၊ ဝါဆောသို့ ပြန်ရောက်ပြီးမှ ဆက်၍ ကံကောင်းနေသေးသည်။

မေမေ စကလိုဒေါ်စကာ၏ တပည့်ဖြစ်ခဲ့ဖူးသူ မြို့စားကတော် ဒီဖလော်ရီက ဟီလာနှင့် မာညာကို "ကမ်ပါ" ရှိ သူတို့၏ ကျေးလက်စံအိမ်ကြီးတွင် လာပြီး နှစ်လ အနားယူဖို့ ဖိတ်သည်။

ရှင်းသန့်လတ်ဆတ်လှသည့် နွေဦးလေသည် "ကမ်ပါ" တစ်ဝိုက်တွင် မိန်းမူးဖွယ် ကောင်းလှသည်။ "ကမ်ပါ" မှ ရွယ်တူ မိန်းကလေးများ၊ ယောက်ျားကလေးများကလည်း ခင်မင်နှစ်လိုဖွယ် ကောင်းလှသည်။

မြို့စားကတော်၏ ကျေးလက်စံအိမ်ကြီးမှာ နေရောင်တွင် ဖိတ်ဖိတ်လက်နေသည့် မြစ်နှစ်စင်းကြားမှ အငူစွန်းတွင် ကျက်သရေရှိ



www.burmeseclassic.com

www.burmeseclassic.com



စွာ လုပ ခဲ့ညားလွန်းလှ၏။

ရက်သတ္တ နှစ်ပတ်အတွင်း ကပွဲ သုံးကြိမ်နှင့် မိတ်ဆုံဉယျာဉ် ညစာစားပွဲ နှစ်ကြိမ် ကျင်းပပေးသည်။ စကားထာဝုက်တမ်း ကစားကြ၊ နေထွက်ချိန်တွင် ရေကူးကြ၊ လေ့လာရေးခရီး ထွက်ကြ၊ လှေလှော်ကြနှင့်။ ပျော်စရာ အဖုံဖုံ စုံလင်လှသည်။

မြို့စားကြီးနှင့် မြို့စားကတော်တို့၏ ၁၄ နှစ်မြောက် မင်္ဂလာနှစ်လည် အခမ်းအနားဖြစ်သည့် စိန်လူးဝစ်ပွဲတော်ညမှာ ရောမကပွဲကြီး တစ်ခု ကျင်းပမည့်အကြောင်း မြို့စားကြီးက ကြေညာထားသည်။

မာညာနှင့် ဟီလာ ညီအစ်မသည် နှစ်ယောက်ပေါင်း ချမ်းသာသမျှ အဝတ်အစားကလေးများကို ထုတ်ကြည့်ကြသည်။ တစ်နှစ်လျှင် ဝတ်စုံ နှစ်ထည်စီသာ သူတို့ ချုပ်နိုင်ကြသည် မဟုတ်လား။ တစ်စုံက ကပွဲတက်ဖို့၊ တစ်စုံက ရိုးရိုးဝတ်ဖို့။ မာညာ့ဝတ်စုံပေါ်မှ နိုင်လွန်ဇာအနားကွပ်ကလေးများက စုတ်ပြဲနေပြီ။ သို့သော် အပြာရောင် အောက်ခံဆက်တင်သားက အရောင်အဆင်း မပြယ်သေး။ ပြဲနေသည့် ဇာနားကွပ်များကို ဖာထေးဖို့ မြို့တက်ပြီး ဖဲကြိုးကလေးတွေ ဝယ်ရဦးမည်။ အညိုရောင် သားရေ ဖိနပ်တစ်ရန်လည်း ထပ်ဝယ်ရမည်။ လောလောဆယ်တော့ ဘာမျှ လုပ်စရာမရှိ။ ခါးပတ်တွင် ချိတ်ဖို့ ပန်းခြံထဲက ပန်းတွေနူး၊ ခေါင်းတွင် ပန်ဖို့ နှင်းဆီပွင့်တွေခူးနှင့် အလုပ်ရှုပ်နေကြ၏။

စိန်လူးဝစ် ပွဲတော်ည။

မာညာက နောက်ဆုံးအကြိမ်အဖြစ် မှန်ကြီးထဲကို ကြည့်လိုက်သည်။ အားလုံး အဆင်ပြေသည်။ ဖဲပြားကလေးတွေက တောင့်တောင့်တင်းတင်း။ ပန်းပွင့်တွေက နဖူးပေါ်တွင် ဝဲလို့။ ဖိနပ်အသစ်ကလည်း





စီးလို့ကောင်းသည်။ ကွက်တိ ခွင်ကျ။ သို့ရာတွင် လင်းအားကြီး အချိန်ရောက်တော့ ဖိနပ်မှာ သုံးမရအောင် ခွာပါးသွားသဖြင့် ပစ်လိုက်ရသည်။ အကကောင်းလွန်းသဖြင့် တစ်ညတည်းနှင့် သုံးမရအောင် အောက်ခံတွေစားသွားခြင်း ဖြစ်၏။

ထိုညမှ နှစ်ပေါင်းများစွာ ကြာသည့်အခါတွင် မေမေ မာညာက သမီးလုပ်သူ ကျွန်မကို ပျော်စရာ ငယ်ဘဝအကြောင်း စားမြုံ့ပြန်ပြတတ်သည်။ ရာစုနှစ်ဝက်ကာလ၏ ပင်ပန်းဆင်းရဲမှုဒဏ်ကြောင့် နွမ်းနယ်နေသည့် မေမေ့မျက်နှာကလေးကို ကျွန်မ ငေးကြည့်နေမိ၏။

သည်လောက် ပြင်းထန်သည့် ရည်ရွယ်ချက်မျိုး၊ သန္နိဋ္ဌာန်မျိုး ရှိသည့် ကျွန်မ မေမေလို မိန်းမသားမျိုးတွင် သည်လို ပျော်စရာ ဘဝမျက်နှာစာကလေးများ ရှိခဲ့ဖူးခြင်းအတွက် ကျွန်မ များစွာ ကျေနပ်မိပါသည်။

မဒမ်ကျူရီ၏ ငယ်ဘဝမှာ ခပ်ရိုင်းရိုင်း ပျော်စရာကောင်းသည့် ကူးလစ်ပွဲတော်၊ စွတ်ဖားစီးကာ ညလုံးပေါက် လိုက်ကသည့် ရိုးရာကပွဲတွေ ရှိခဲ့ဖူးသည်။ ကပွဲခန်းမဆောင်ထဲတွင် တစ်ညတည်းနှင့် ဖိနပ်တစ်ရန် ကုန်အောင် ကခဲ့ဖူးသည် ဆိုသည့် ကဏ္ဍများ ပါဝင်ခဲ့ခြင်းအတွက် ကျွန်မ အဟုတ် ကြည်နူးမိပါသည်။

*

စက်တင်ဘာလ ရောက်သည့်အခါ မာညာတစ်ယောက် ဝါဆောသို့ ပြန်ခဲ့ရပြန်သည်။ တစ်နှစ်လုံးလိုလို စိတ်လွတ်လက်လွတ် ပျော်ခဲ့ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မိသားစု နေအိမ်ကလေးသို့ ပြန်ရောက်ခဲ့သည်။

အသက်အရွယ် ရလာပြီဖြစ်သော ဖေဖေ ဆရာအိုသည် ကျူရှင်ဘော်ဒါကျောင်းသားများ လက်ခံသင်ကြားခြင်း အလုပ်ကို ရပ်ပစ်လိုက်သည်။ ယခု နောက်ဆုံးအခန်းက ကျဉ်းကျဉ်းကလေး ဖြစ်၏။

စနေနေ့ကို ဆရာစကလိုဒေါ်စကီက သားကြီးနှင့် သမီး သုံးယောက်အား စာပေရေးရာ ဆွေးနွေးပွဲနေ့အဖြစ် သတ်မှတ်ပေးထားသည်။ အငွေ့တထောင်းထောင်း ထနေသည့် လက်ဖက်ရည်ဝိုင်းတွင် စကားပြောကြခြင်း ဖြစ်၏။ "လန်စာ" ဟု နာမည်ပေးထားသည့် သူတို့၏ ဝဝဖီးဖီး ခွေးညိုကြီးက ကော်ဇောပေါ်တွင် တစ်ချိန်လုံး အိပ်နေတတ်သည်။

စာပေကျွမ်းဝင်တွင် နှံ့စပ်စုံလင်လှသော ဆရာသည် သားသမီးများကို ဝတ္ထုတွေ ဖတ်ပြသည်။ ကဗျာတွေ ရွတ်ပြသည်။ "ဒေးဗစ်ကော့ပါးဖီး" ကို အင်္ဂလိပ်ဘာသာမှ ပိုလန် ဘာသာဖြင့် တောက်လျှောက် ပြောသွားနိုင်၏။ ဆံပင်တွေ ကျွတ်စ ပြုနေသော်လည်း မုတ်ဆိတ်မွေးကို သေသေသပ်သပ် ရိတ်ထားတတ်၏။ မျက်နှာသွင်ပြင်မှာ အေးဥ် တည်ကြည် လေးနက်လျက်။

ထိုစနေနေ့ များစွာမှ ကမ္ဘာ့စာကြီးပေကြီးတွေကို မာညာ ခံစားမှတ်သားခဲ့ရခြင်း ဖြစ်၏။ အဖေ့ကျေးဇူးကြောင့် မာညာသည် အရွယ်နှင့်မလိုက်အောင် ဂန္ထဝင် စာပေမျိုးစုံနှင့် အကျွမ်းတဝင် ရှိခဲ့ခြင်း ဖြစ်လေသည်။

ဖေဖေသည် စွယ်စုံတော်သည့် ကျောင်းဆရာတစ်ယောက် ဖြစ်သည်။ သားသမီးများ၏ ဘဝကို အဓိပ္ပာယ်ပြည့်ဝအောင် တည်ဆောက်ပေးခဲ့သူ ဖြစ်၏။ စာပေဗဟုသုတတွင်သာမကဘဲ ရူပဗေဒနှင့် ဓာတုဗေဒ





ဘာသာရပ်များကိုပါ အမွေပေးခဲ့နိုင်သူ ဖြစ်၏။

ဆရာ စကလိုဒေါ့စကီသည် ဂရိတ်နှင့် လက်တင်ဘာသာကို ကျွမ်းကျင်ပြီး အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမန်စကားကိုလည်း ကောင်းကောင်းပြောနိုင်သည်။ ပိုလန်နှင့် ရုရှားဘာသာကိုတော့ ထုံးလိုချေ၊ ရေလိုနှောက်နိုင်သူ ဖြစ်၏။

ဖအေကို မြတ်မြတ်နိုးနိုး ကိုးကွယ်သော မာညာသည် အပြင်ပန်းအားဖြင့် ဣန္ဒြေမပျက် ဘဝကို ဆက်လျှောက်နေသည့် ကျောင်းဆရာကြီး၏ ရင်တွင်းမှ ဝေဒနာကို မှန်းဆနိုင်ခဲ့သည်။ ဇနီးသည် မရှိသည့် နောက်ပိုင်း အထီးကျန်ဘဝ။ သားသမီးတွေ ကြီးပျင်းလာချိန်ကျမှ ဆင်းတောင့်ဆင်းရဲ ဖြစ်ရသည့် ဘဝအတွက် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဘဲ ကျိတ်၍ စိတ်ဆင်းရဲနေသော ဆရာအိုတစ်ယောက်။

တစ်ခါတစ်ခါတော့ ယူကျုံးမရ ပွင့်ထွက်လာတတ်သည်။

'သားသမီးတွေကို အကောင်းဆုံး ပညာအမွေပေးဖို့က ဖေဖေ့ရဲ့ အပြင်းပြဆုံး ဆန္ဒပဲ။ ဘာကြောင့် ဖေဖေ ငွေမစုနိုင်ခဲ့တာလဲ၊ ဘယ်လို ဘယ်လို ဖေဖေ့ငွေတွေ ပျောက်ကုန်တာလဲ။ သားသမီးတွေကို နိုင်ငံခြားပို့ပြီး ပညာသင်ပေးဖို့ကိစ္စ သဲထဲရေသွန် ဖြစ်ရပြီ။ မင်းတို့ ဘယ်လို ဆက်စခန်းသွားကြမှာလဲ'

သက်ပြင်းတစ်ချက်ချပြီး ကလေးတွေကို ကြည့်နေတတ်သည်။ သူတို့၏ မြူးမြူးကြွကြွ ကန့်ကွက်ပြောဆိုသံကို အမှတ်မထင် စောင့်စားနေခြင်းမျိုး။

ရည်ရွယ်ချက် ကြီးမားသလောက် ယုံကြည်မှု ပြင်းထန်လှသည့် ဦးခေါင်းလေးလုံးမှ အပြုံးလေးခု တောက်ပ လင်းလက်လာပြီး ဖအေကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မော့ကြည့်နေကြ၏။ သူတို့မျက်လုံးတွေက အရောင်တဖျတ်ဖျတ်။ သူတို့ မျက်လုံးများထဲမှ လက်နေသည့် အရောင်က တစ်မျိုးတည်း။ မျှော်လင့်ချက် ရောင်ခြည်။

'ကျွန်တော် ကျွန်မတို့ဟာ ငယ်ရွယ်သူတွေပါ ဖေဖေ၊ ကျန်းမာသန်စွမ်းသူတွေပါ ဖေဖေ၊ ပန်းတိုင်ကို အရောက်သွားမှာပါ ဖေဖေ'

သူတို့ မျက်လုံးများက ပြောနေသော စကားလုံးများ။

*

ဂျိုးဇက်၊ ဘရွန်ညာ၊ ဟီလာ နှင့် မာညာတို့က ကိုယ်ထူးကိုယ်ချွန် ကြရတော့မည်ကို သဘောပေါက်ထားပြီး ဖြစ်သည်။ မိဘနှစ်ပါးက ကျောင်းဆရာများ ဖြစ်ကြ၍ သူတို့မောင်နှမတွေ စာသင်ဖို့ စိတ်ဝင်စားကြသည်။

"ဆေးကျောင်းသားတစ်ယောက် ကျူရှင်ပြမည်။" ဟု ကြော်ငြာထည့်လိုက်၏။ ပြီးတော့ "ဒီပလိုမာရပြီးသား မိန်းကလေးတစ်ယောက်က သင်္ချာ၊ ဂဲသြမေတြီ နှင့် ပြင်သစ်ဘာသာ သင်ပေးမည်။ ကျူရှင်ခ သက်သာစေရမည်။" ဟု ထပ်ကြော်ငြာ၏။

ကျူရှင်သင်ရသော အလုပ်မှာ အလွန်ဟန်မကျသော အလုပ်မျိုး ဖြစ်သည်။ မာညာသည် ၁၇ နှစ် မပြည့်မီပင် ကျူရှင်ဆရာမဘဝ၏ ကျေးဇူးတုံ့ပြန်မှု ပါးလျားပုံကို သိရှိနားလည် ခဲ့လေသည်။ ပင်ပန်းရကျိုး မနပ်သော အလုပ်မျိုး ဖြစ်၏။

ညာဏ်ထိုင်းသော ကလေးများ၊ ညာဏ်ကောင်းပြီး အပျင်းကြီးသော ကလေးများ၊ ဆရာမကို လေးစားရကောင်းမှန်း မသိသော ကျောင်းသား မိဘများနှင့် ဆုံစည်းရလျှင် စိတ်ပျက်၏။





'ဆရာမကို စောင့်ခိုင်းထားစမ်း၊ သမီး ၁၅ မိနစ်လောက် ကြာဦးမယ်' ဟု ပြောတတ်သော မိဘမျိုး။ ရှုဘယ်ကလေး မဖြစ်စလောက်ကို လကုန်ရက်တွင် ပေးဖို့ မေ့နေတတ်သော မိဘမျိုးတွေနှင့် မာညာ အများကြီး ကြုံရသည်။ သို့သော် မာညာက ရဲရင့်စွာဖြင့် သူ့ဘဝသူ တင်းခံသည်။ သည်လို ဘဝမျက်နှာစာမျိုးမှာလည်း မာညာ့အတွက် ပျော်စရာတွေ၊ အားမာန်တွေ တိတ်တခိုး ရနိုင်သေးသည်သာ။

ထိုခေတ် ပိုလန်သူ၊ ပိုလန်သားတိုင်း၏ မျိုးသိပ်စိတ်မှာ တိုင်းပြည် လွတ်လပ်ရေးရဖို့ ဖြစ်သည်။ သည်အိပ်မက်သည် မာညာ့ ရင်တွင်းမှာလည်း အများသူငါလို ကိန်းအောင်းနေခဲ့သည်။ အမိနိုင်ငံ၏ အကျိုးကို ကျူရာထောင့်မှ သည်ပိုးလိုသည်။

မိမိအရွယ် ပညာတတ် လူငယ်အားလုံး၊ ဆင်းရဲသူ ဆင်းရဲသားတွေကို ပညာသင်ပေးဖို့၊ ခေတ်ပညာတတ်များဖြင့် တည်ဆောက်သည့် လွတ်လပ်သော ပိုလန်နိုင်ငံ ဖြစ်လာဖို့၊ ရုရှားတို့ အမှောင်ချထားသော တိုင်းပြည်ကို အလင်းရောင်ပေးဖို့ စသည် စသည်။


အစ်မလုပ်သူ ဘရွန်ညာနှင့်အတူ ဝါဆောအမျိုးသားတက္ကသိုလ်ကို ခိုးတက်သည်။ ရုရှားတို့ ဖွင့်ထားသည့် ကောလိပ်ကို မတက်။ သိပ္ပံပညာရပ်များကို တိတ်တခိုး သင်ကြရ၏။ သိပ္ပံကို စာပေထက်မြင့်ပြီး သင်ပေး၏။

ကျောင်းကို ထင်ထင်ပေါ်ပေါ် ဖွင့်ရသည် မဟုတ်။ စေတနာ့ဝန်ထမ်း မိန်းချစ်ဆရာတွေက ထက်မြက်သည့် လူငယ်တွေကို တစ်အိမ်ပြီး တစ်အိမ် ပြောင်းပြီး ခိုးကြောင်ခိုးဝှက် သင်ပေးခြင်း ဖြစ်၏။ မိသွားလျှင် ရုရှားထောင်တွင် စံမြန်းကြရမည် ဖြစ်သည်။ သည် ကျောင်းသူကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာ စကလိုဒေါ်စကီနှင့် သမီးသုံးယောက်။
(ဝဲမှယာ) မာညာ၊ ဘရွန်ညာနှင့် ဟီလာ (၁၈၉၀)။





သား များသည် အချိန်တန်လျှင် ဆရာ၊ ဆရာမ ဖြစ်ကြပြီး တာဝန် အသီးသီး လက်ဆင့်ကမ်း ယူကြရလိမ့်မည်။

မာညာက အထည်ချုပ်စက်ရုံတစ်ရုံတွင် အလုပ်သမားများကို စာသင်ပေးရသည်။ ပိုလန်ဘာသာစာအုပ်များ စုဆောင်းပြီး သူတို့ကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ပြသည်။

၁၇ နှစ် သမီးကလေးတစ်ယောက်၏ အားမာန်နှင့်သတ္တိမှာ မယုံနိုင်စရာပင်။ လှုပုံနှင့် မလိုက်အောင် စွမ်းဆောင်နိုင်သည့် မိန်းကလေး။ လွတ်လွတ်လပ်လပ် လှုပ်ရှားသည်။ အကြောက်အရွံ့ မရှိ။ ဆံပင်ကို တိုတိုညှပ်ကာ တိတ်တခိုး သက်ပြင်းချရင်း စာကြီးပေကြီးတွေ ဖတ်သည်။ ပင်ပန်းရမှန်း မသိ။ စကားလုံးလှလှကလေးများ တွေ့လျှင် ကူးထားသည်။

*မျက်လုံးပြာနဲ့ ညိုညိုညတ်ရယ်*
*ချစ်တယ်လို့ ပြောရင်တွယ်*
*မင်း ဘယ်လို တုံ့ပြန်မယ်ဆိုတာ*
*တိုယ် မတွေးတတ်ပါ။*

သူ့ထက် ပြင်းထန်သည့် ရဲဘော်များရှေ့တွင်တော့ မာညာသည် သူ့ရင်ထဲမှ လှိုင်းခတ်သံကို သတိကြီးစွာ မျိုသိပ်ထားသည်။ ရံခါတွင်တော့ အစ်မကြီး ဘရွန်ညာ့ အနာဂတ်အတွက် သူ့နှလုံးသားနုနုကလေးဖြင့် ထိထိခိုက်ခိုက် ခံစားရသည်။

မာညာက အားလုံးထဲတွင် အငယ်ဆုံးဖြစ်သော်လည်း မိသားစုတစ်ခုလုံး၏ တာဝန်သည် မိမိ ပခုံးပေါ် တွင် ရှိနေသည်ဟု ယူဆထား၏။ ဂျိုးဇက်နှင့် ဟီလာက သူ့ကို ဘာမှ စိတ်မပူဖို့ ပြောထားသည်။ ဂျိုးဇက်က



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဆရာဝန်ဖြစ်တော့မည် မဟုတ်လား။ ရုပ်ချောပြီး ပြင်းထန်သည့် ဟီလာက ဆရာမ လုပ်ရကောင်းနိုးနိုး၊ အဆိုတော် လုပ်ရ ကောင်းနိုးနိုး ဖြစ်နေ၏။ သူက သီချင်းကောင်းကောင်း ဆိုနိုင်သည်။ ဒီပလိုမာ ရထားသည်။ သို့သော် ပိုးပန်းလာသမျှ ကာလသားများကို တွင်တွင်ငြင်းလွှတ်သည်။

ဘရွန်ညာသည် ကျောင်းမှထွက်ပြီး အိမ်ကိုထိန်းဖို့ တာဝန်ယူရသည့် အခါတွင်လည်း အဟုတ်တော်သည့် အိမ်ရှင်မတစ်ဦး ဖြစ်လာခဲ့၏။ သို့သော် အိမ်ရှင်မ ဘဝကိုတော့ သူပျော်ပိုက်သည် မဟုတ်။ သူက ပါရီကိုသွားပြီး ဆေးကျောင်းဆက်တက်ချင်သည်။ ဘရွန်ညာ့တွင် စုထားသည့် ငွေအချို့ ရှိပါသည်။ သို့သော် နိုင်ငံခြားသွားပြီး ဘွဲ့ယူနိုင်လောက်အောင်တော့ မတတ်နိုင်ပေ။

စိတ်ဓာတ်ကျနေသည့် အစ်မကြီးကိုကြည့်ပြီး မာညာသည် မိမိကိုယ်တိုင်၏ ရည်မှန်းချက်တွေကို ခဏမေ့ထားဖို့ ကြိုးစားရတော့သည်။ မိမိမှာလည်း ပါရီမှ ဆော်ဘွန်းတက္ကသိုလ်တွင် ပညာသင်ပြီး လောကဓာတ် နည်းပညာရပ်များကို ချစ်သော အမိနိုင်ငံ၊ ပိုလန်သူ ပိုလန်သားများအား ပြန်သင်ပေးဖို့ ရည်မှန်းချက်တွေ ရှိသည်ပဲ။

တစ်နေ့တွင် ဘရွန်ညာ၏ ပြဿနာကို ပွင့်ပွင့်လင်းလင်း ချဆွေးနွေးတော့သည်။

'ဘရွန်ညာ စုထားတဲ့ငွေနဲ့ ပါရီမှာ ဘယ်နှလလောက် နေနိုင်မလဲဟင်' ဟု မာညာက စ မေးသည်။

'ခရီးစရိတ်နဲ့ ဟိုမှာနေဖို့ တစ်နှစ်စာလောက်ပဲ ရှိမယ်၊ ဒါပေမဲ့ ဆေးကျောင်းတက်ဖို့က ငါးနှစ်တောင် ကြာမှာ'





'အင်း . . ဟုတ်ပြီ။ ဒီမယ် ဘရွန်ညာ၊ ရူဘယ်ကလေး မဖြစ်စလောက်ရတဲ့ ကျူရှင်လခနဲ့ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ဘူး။ မာညာ စဉ်းစားထားတဲ့ အစီအစဉ်တစ်ခု ရှိတယ်။ အဲဒီအတိုင်းဆိုရင် ဘရွန်ညာ ဒီနွေ ခရီးစထွက်နိုင်ပြီ'

'မာညာ . . ညီမလေး၊ နင် ရူးနေလားဟင်'

'မရူးဘူး၊ ဘရွန်ညာ့ ပိုက်ဆံနဲ့ စပြီးသုံး၊ နောက်ပိုင်းမှာ မာညာ ဆက်ပို့ပေးမယ်။ ဖေဖေနဲ့ တိုင်ပင်ပြီးပြီ၊ ဖေဖေလည်း တတ်နိုင်သလောက် ပို့ပေးလိမ့်မယ်။ မာညာက ဘရွန်ညာ့ဆီ တချို့ပို့ပြီး မာညာ့ကျောင်းစရိတ်အတွက်လည်း စုမယ်၊ ဘရွန်ညာ ဆရာဝန်ဖြစ်ပြီဆိုရင် မာညာ့ကို ပြန်ထောက်ပေါ့'

ဘရွန်ညာ၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲလာသည်။ စိတ်ထဲ ဇဝေဇဝါလည်း ဖြစ်နေ၏။

'နေပါဦး မာညာရဲ့၊ ဘရွန်ညာ့ကိုလဲ မာညာ ထောက်ဦးမယ်၊ မာညာ့အတွက်လည်း စုဦးမယ်ဆိုတော့ အဲဒီလောက်များတဲ့ ငွေတွေ ဘယ်က ရမှာလဲ'

'မာညာ့ အစီအစဉ်ကို ပြောပြမယ်လေ'

မာညာက ခပ်အေးအေးလေသံဖြင့် စကားဆက်သည်။

'မာညာ အိမ်တစ်အိမ်မှာ အလုပ်ဝင်လုပ်မယ်၊ အိမ်ကိုလဲထိန်း၊ အိမ်ကိစ္စတွေလည်း စီမံခန့်ခွဲရမယ်၊ ကလေးတွေကို စာသင်ပေးရမယ်၊ အကုန်လေ။ နေဖို့ရော၊ စားဖို့ရော တစ်ပြားမှ မကုန်ဘူးလေ။ တစ်နှစ်ကို ရူဘယ် ၅၀၀ ရမှာ။ ပို့ချင် ပို့ဦးမယ်'

'ဩော် . . ညီမလေးရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘရွန်ညာ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

'ဘာလို့ ဘရွန်ညာက ပထမ သွားရမှာလဲ၊ မာညာက ဘရွန်ညာ့ထက် ပိုပြီးတော်တာပဲ၊ ညီမလေး အရင်သွားပေါ့။ အဲဒီအလုပ်ကို ဘရွန်ညာ လုပ်မှာပေါ့'

'အို . . ဘရွန်ညာကလည်း၊ အစ်ပွာယ်မရှိတာ၊ အစ်မက ၂၀ ကျော်နေပြီ။ မာညာက ခုမှ ၁၇ နှစ်ပဲ ရှိသေးတာ။ မာညာ့မှာ အချိန်တွေ အများကြီး ကျန်သေးတယ်။ ဘရွန်ညာ ဆရာဝန်ဖြစ်လို့ ဆေးခန်းဖွင့်ရင် မာညာ့ကို ရွှေပုံပေါ်တောင် တင်ထားနိုင်မှာ။ မာညာက အဲဒီအကွက်ကို ကြိုမြင်လို့ ခုလို စီစဉ်လိုက်တာလေ၊ ဘယ်လောက်ကောင်းတဲ့ အစီအစဉ်လဲ။ အားလုံးအတွက် အဆင်ပြေ . . .'

*

၁၈၈၅ ခုနှစ်၊ တစ်မနက်ခင်း ဖြစ်ပါ၏။

အလုပ်သမား ရှာဖွေရေးအေဂျင်စီ ၏ ညှိကြိုခန်းထဲတွင် နှုတ်နည်းနည်း မိန်းကလေးသည် သူ့အလှည့်ကို ထိုင်စောင့်နေသည်။ မိန်းကလေး၏ ဝတ်စားဆင်ယင်ပုံမှာ ကြွေရသည်။ ဖြတ်ထားရာမှ ပြန်ရှည်ကာစ ရွှေရောင်နုနု ဆံနွယ်၊ ဆံခွေကလေးများကို အနက်ရောင် ဦးထုပ်ကလေး အောက်တွင် ဆံညှပ်ဖြင့် သေသေသပ်သပ် ထိုးထား၏။ ထို မိန်းကလေးမှာ မာညာစကလိုဒေါ်စကာ။

လူကုံထံအိမ်ကြီးတစ်အိမ်တွင် ကျူရှင်ဆရာမ အလုပ်ရဖို့ ဆိုလျှင် ဆံပင်တို့၍ မဖြစ်ပါ။





ရုံးခန်းတံခါး ပွင့်လာသည်။ ခပ်ပိန်ပိန် အမျိုးသမီးတစ်ယောက် ထွက်လာသည်။ စိတ်ပျက်လက်ပျက် အမူအရာဖြင့် မာညာ့ကို နှုတ်ဆက်အကြည့်ကြည့်ကာ လှသွားလမ်းကလေးအတိုင်း အပြင်ထွက်သွားသည်။ ဘဝတူ အမျိုးသမီးတစ်ယောက်။ ကြိမ်ကုလားထိုင်များတွင် ကိုယ်စီထိုင်ပြီး စောစောကလေးက စကားပြောဖြစ်ကြ၏။ တစ်ယောက်ကို တစ်ယောက် ကံကောင်းပါစေဟု အပြန်အလှန် ဆုတောင်းခဲ့ကြ၏။

မာညာ မတ်တတ်ရပ်လိုက်သည်။ ကြောက်စိတ်တွေ ချက်ချင်းဝင်လာ၏။ ထောက်ခံစာကလေးတွေ ထည့်လာသည့်စာအိတ်ကို လက်တစ်ဖက်ဖြင့် တင်းတင်းဆုပ်ထားလိုက်သည်။

ရုံးခန်းထဲတွင် ခပ်ဝဝ အမျိုးသမီးတစ်ယောက် စားပွဲသေးသေးကလေး တစ်လုံးတွင် ထိုင်နေသည်။

'ဘာအလုပ် လိုချင်တာလဲ မိန်းကလေး'

'ကျွန်မ ကျူရှင်ဆရာမအလုပ် လိုချင်လို့ပါ အစ်မကြီး'

'ထောက်ခံစာတွေ ပါလား'

'ဟုတ်ကဲ့၊ ကျွန်မ စာသင်ဖူးပါတယ်၊ ဟောဒီမှာ ကလေးမိဘတွေရဲ့ ထောက်ခံစာတွေပါ။ ဟောဒါက ကျွန်မရဲ့ အောင်လက်မှတ်ပါ'

အမျိုးသမီးကြီးက အတွေ့အကြုံများနေပြီဖြစ်သည့် မျက်စိဖြင့် စာရွက်စာတမ်းတွေကို စစ်ဆေးသည်။ မိန်းကလေးကို စိတ်ဝင်စားလာဟန်ဖြင့် မျက်ခုံးပင့်ပြီး -

'မင်းထောက်ခံစာတွေက အတော်နိပ်တာပဲ။ ဂျာမန်၊ ရုရှား၊ ပြင်သစ်၊ ပိုလန်နဲ့ အင်္ဂလိပ် ငါးမျိုးစလုံး မင်း ကောင်းကောင်းပြောနိုင်တယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ အစ်မကြီး၊ အင်္ဂလိပ်တော့ သိပ်ကျွမ်းကျွမ်းကျင်ကျင်ကြီး မဟုတ်ပါဘူး။ ကျွန်တဲ့ လေးဘာသာတော့ ကောင်းကောင်း ပြောနိုင်ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စာလည်း ကျွန်မ သင်နိုင်ပါတယ်၊ အထက်တန်းကျောင်းက ကျွန်မ ရွှေတံဆိပ်ရခဲ့ပါတယ်'

'ဟုတ်လား၊ မင်းက လခ ဘယ်လောက် မှန်းသလဲ'

'စရိတ်ငြိမ်း ကျွန်မ ရူဘယ် ၅၀၀ လိုချင်ပါတယ်ရှင့်'

အမျိုးသမီးကြီးက မထုံတက်သေး အမူအရာဖြင့် -

'၅၀၀ ဟုတ်လား၊ မင်း မိဘတွေက ဘယ်သူတွေလဲ' ဟု ထပ်မေး၏။

'ကျွန်မ အဖေက အထက်တန်းကျောင်းတွေမှာ စာသင်တဲ့ဆရာတစ်ယောက်ပါ'

'ကောင်းပြီလေ၊ ထုံးစံအတိုင်း ကိုယ် စုံစမ်းစစ်ဆေးပြီး အကြောင်းပြန်မယ်၊ တစ်ခုခုတော့ ဖြစ်လာမှာပေါ့။ ဒါထက် မင်းအသက် ဘယ်လောက်ရှိပြီလဲ'

မာညာ့မျက်နှာကလေး ရှက်သွေးဖြာသွားသည်။ နောက်မှ အားတင်းပြုံးလိုက်ပြီး ပြန်ဖြေလိုက်သည်။

'၁၇ နှစ်ပါရှင့်၊ ဒါပေမဲ့ မကြာခင် ၁၈ နှစ်ထဲ ဝင်တော့မှာပါ'

အမျိုးသမီးကြီးက အံဆွဲထဲမှ ပုံစံတစ်ခု ထုတ်ပြီး အလွန် သေသပ်သည့် အင်္ဂလိပ်စာလုံးများဖြင့် ရေးဖြည့်လိုက်၏။

**"မာညာစကလို ဒေါ့စကာ၊ ထောက်ခံချက်များ ပြည့်စုံကောင်းမွန်သည်။ အရည်အချင်းပြည့်သည်။ ကျူရှင်ဆရာမ အလုပ် လိုချင်သည်။ လိုချင်သည့်လစာ၊ တစ်နှစ် ရူဘယ် ၅၀၀"**





မာညာ့ စာရွက်စာတမ်းတွေ ပြန်ပေးရင်း -

'ကျေးဇူးတင်ပါတယ် မိန်းကလေး၊ အကြောင်းထူးတာနဲ့ ကိုယ် မင်းလိပ်စာနဲ့ စာပြန်လိုက်ပါ့မယ်'

*

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဝါဆောနှင့် အလွန် ဝေးကွာလှသော ဇီရှူကီဒေသသို့ ထွက်ခွာခဲ့လေသည်။

ရထားမထွက်ခင် တွဲပေါ်တက်ပြီး ဖအေကြီးကို တစ်ကြိမ် ပြန်ကြည့်လိုက်သည်။ ကြိုးစားပြီး ပြုံးပြလိုက်၏။ ပြီးမှ ခုံတန်းလျားပေါ်တွင် ထိုင်ချလိုက်သည်။ ရုတ်ခြည်း အထီးကျန်ဝေဒနာကို ခံစားလိုက်ရ၏။ ဘဝတွင် ပထမဦးဆုံး အကြိမ်အဖြစ် တစ်ကိုယ်တော် ရွက်လွှင့်ခဲ့ခြင်း မဟုတ်လား။

၁၈ နှစ် သမီးကလေးသည် ချက်ချင်း ကျောထဲ စိမ့်လာပြီး အထိတ်တလန့် ဖြစ်သွား၏။ ဝေးလံသီခေါင်လှသော မရောက်ဖူးသည့် နယ်စိမ်းမြေစိမ်းမှ သူတစိမ်းများဆီသို့ သွားနေသည့် ခရီးပါတကား။ ရှက်စိတ်၊ ကြောက်စိတ်တို့ ရောထွေးကာ ကျောထဲ စိမ့်သွားခြင်းဖြစ်၏။ ကျန်ခဲ့သည့် ဖေဖေ နာမကျန်းဖြစ်လျှင် ဘယ်သူပြုစုပါ့မလဲ။ ဖေဖေနဲ့ကော ပြန်တွေ့ရပါတော့မလား။ ယခုလို ဆုံးဖြတ်ပြီး ထွက်ခဲ့ခြင်းမှာ မိုက်မဲရာများ ကျနေမည်လား။ မရေမရာ အတွေးများဖြင့် ပြတင်းပေါက်မှ ပြင်ပ နှင်းလွှင်ပြင်ကို ငေးမောရင်း မျက်ရည်တွေ ကျလာသည်။

သို့သော် ဘရွန်ညာ ပါရီရောက်သွားပြီး ဆေးကျောင်းတက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုသည့် အသိက ကြောက်စိတ်ကို လွှမ်းမိုးပစ်လိုက်၏။ ပြီးတော့ မွန်စီယာဇက် မိသားစုက လစာငွေ ရူဘယ် ၃၀၀ အပြည့်ပေးသဖြင့်လည်း မာညာတစ်ယောက် ကျေနပ်နေသည်။

- မာညာ ကျူရှင်ဆရာမအဖြစ် အလုပ်လုပ်ခဲ့သည့် ဇိရူကီမှ မစ္စတာဇက်၏ ယာတောအိမ်ကြီး။ (အပေါ်ထပ် ယာဘက်အစွန်း အခန်းမှာ မာညာ့အခန်း ဖြစ်သည်။)



ရထားပေါ်တွင် သုံးနာရီကြာပြီး စွတ်ဖားဖြင့် လေးနာရီခရီး ဆက်သွားရသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ဆောင်းလွင်ပြင်၏ ခရီးလမ်းအဆုံးတွင်တော့ မစ္စတာဇက်မိသားစုတို့၏ ယာတောအိမ်ကြီး သည် မာညာ့ကို ကြွေကြီးစွာ ဆီးကြိုနေ၏။





အိမ်တံခါးဝသို့ ရောက်ချိန်တွင် ခိုက်ခိုက်တုန်ကာ လဲပြိုမတတ် ပင်ပန်းနေပြီ။ ဆီးကြိုနေသည့် အိမ်ရှင်လူကြီးနှင့် သူ့ဇနီးကို မျက်စိထဲ တွင် မှုန်ဝါးစွာ မြင်ရ၏။ ကလေးတစ်သိုက်က မာညာ့ကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေကြသည်။ ဆရာမကလေးကို မစ္စတာဇက်မိသားစု ရင်းနှီးချိုသာစွာ လက်ခံပြီး လက်ဖက်ရည်ပူပူဖြင့် ဧည့်ခံသည်။ ပြီးသည် နှင့် အပေါ်ထပ် အခန်းတစ်ခန်းသို့ ပို့ပေးကြသည်။ အခန်းထဲတွင် အထုပ် ကလေး ပိုက်ကာ မာညာတစ်ယောက်တည်း ကျန်ရစ်၏။

၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် အစ်မဝမ်းကွဲ ဖြစ်သူ ဟင်နရီယက်တာဆီသို့ ရေးသည့် စာတစ်စောင်ထဲတွင် -

"... မာညာ ဒီကိုရောက်တာ တစ်လပြည့်ပြီ၊ သူတို့ မိသားစုဟာ သိပ်သဘောကောင်းကြပါတယ်။ သမီး အကြီးဆုံး ဘရွန်ကာက မာညာနဲ့ ရွယ်တူလောက် ဖြစ်နေပြီ။ သိပ်ချစ်ဖို့ကောင်းပါတယ်။ စာသင်ပေး ရတဲ့ ကလေးတွေကတော့ အင်ဒီယာတာ ၁၀ နှစ် သမီး ကလေး၊ ပြောစကား ဆိုစကားတော့ နားထောင်ပါ တယ်။ ဒါပေမဲ့ စည်းကမ်းသေဝပ်ဖို့ မနည်း လုပ် ပေးရဦးမယ်။ စတက်စ်က သုံးနှစ်သား၊ သိပ်ရယ်ရ တဲ့ ကောင်လေး။ အငယ်ဆုံး မေရီ ရာနာကလေးက ခြောက်လပဲ ရှိသေးတယ်။"

သည်အိမ်ကြီးတွင် သုံးနှစ်လုပ်ဖို့ စိတ်ကူးထားသည်။ အိမ်ကြီး မှာ ရှေးရိုးပုံစံ ယာတောအိမ်ကြီး ဖြစ်၏။ ပတ်ပတ်လည်တွင် သကြားချက် ၍ ရသည့် မုန်လာဥနီခင်းကြီး ဝန်းရံထားသည်။ စုစုပေါင်းဧက ၂၀၀။



www.burmeseclassic.com

www.burmeseclassic.com



ဇက်မိသားစု အစုရှယ်ယာပါသည့် သကြားချက်စက်ရုံမှ မီးခိုးများက ကောင်းကင်တစ်ခွင်လုံး မည်းမှောင်နေ၏။ "ဇက်" မိသားစုမှာ အလွန် သဘောမနော ကောင်းကြသည်။ ငွေကြေးချမ်းသာပြီး ယဉ်ကျေးသိမ်မွေ့ ကြသည်။

တစ်နေ့တွင် ရွံ့ထူသော လမ်းပေါ်တွင် အဝတ်အစား နွမ်း နွမ်းပါးပါး မိန်းကလေး၊ ယောကျ်ားလေး တစ်သိုက်ကို မာညာ တွေ့ရ သည်။ ယာတောလုပ်သားများ ဖြစ်ဟန်တူ၏။

မာညာ စီမံချက်တစ်ခု စိတ်ကူးကြည့်လိုက်သည်။ သည် ကလေးတွေကို ကျိတ်ပြီး ပိုလန်စာ သင်ပေးရလျှင် ဘယ်လောက် အကျိုး ရှိမလဲ။ သူတို့ဦးနှောက်ကလေးတွေကို နှိုးဆွပေးလိုက်လျှင် တိုင်းပြည် အတွက် ဘယ်လောက် အသုံးဝင်မလဲ။

ဤသို့ဖြင့် ဆင်းရဲသားကလေးများကို မာညာ တစ်နေ့လျှင် နှစ် နာရီ စာသင်ပေးသည်။ အစေခံများ၏ သားသမီးတွေ ပါသည်။ ယာသမား၊ စက်ရုံလုပ်သားတို့၏ ကလေးများလည်း ပါသည်။

ရေမချိုးနိုင်ဘဲ ညစ်ညစ်ပေပေ ကလေးတွေဖြစ်သော်လည်း စာရေးစာဖတ် သူတို့ တတ်ချင်ကြ၏။ ကြိုးကြိုးစားစား သင်ယူကြ၏။ ဇရာမ စာလုံးမည်းကြီးတွေ စက္ကူပေါ်တွင် အဓိပ္ပာယ်တစ်မျိုးမျိုး ဆောင် လာလို့ သူတို့ ဖော်နိုင်ပြီဆိုလျှင် မာညာ ရင်တွေခုန်လာသည်။ စာမတတ် သူ ကလေးမိဘများက အခန်းဝမှ လာကြည့်ပြီး ဩဘာပေးကြ၏။

*



တောသူတောင်သား ကလေးငယ်များသည် သူတို့ ဆရာမကလေး၏ အိပ်မက်အကြောင်း၊ ဆရာမကလေးကိုယ်တိုင် တပည့်ပြန် ဖြစ်ဦးမည့် အကြောင်းများကိုကား လားလားမျှ မရိပ်မိကြပေ။

သည်အချိန်နှင့် တစ်ပြိုင်တည်း ပါရီမြို့တော်မှ နာမည်ကျော် ဆော်ဘွန်းတက္ကသိုလ်ကြီးတွင် ကျောင်းသူကျောင်းသားများ သင်္ချာဘာ သာတွေ၊ ဓာတု၊ ဇီဝ၊ ရူပဗေဒ နှင့် သမိုင်းပညာရပ်တွေ သင်ယူနေကြ ကြောင်းကို မာညာ အမြဲ သတိရနေသည်။ မာညာသည် ပြင်သစ်နိုင်ငံမှ လွဲပြီး ဘယ်တိုင်းပြည်တွင်မှ ကျောင်းမနေလို။ ပြင်သစ်ကိုရောက်လျှင် လူဖြစ်ရကျိုးနပ်ပြီဟု ထင်၏။ ပြင်သစ်နိုင်ငံသည် လူတစ်ဦးချင်း၏ လွတ် လပ်မှုကို တန်ဖိုးထားသည့် နိုင်ငံဖြစ်သည်။ လူတစ်ဦးချင်း၏ တွေးခေါ် မြော်မြင်မှု၊ ယုံကြည်လက်ခံမှုကို တလေးတစား တန်ဖိုးထားသည့် နိုင်ငံ ဖြစ်သည်။

သို့သော် ပိုလန်တောပိုင်းတွင် နှစ်နှင့်ချီ၍ အနေကြာလာတော့ မာညာ့ မျှော်လင့်ချက်တွေ မှေးမှိန်လျော့ပါးစ ပြုလာ၏။ ဝါဆောတွင် မကြာမီ ပင်စင်ယူတော့မည့် ဖအေကြီးရှိသည်။ ပင်စင်လစာကလေးက မဖြစ်စလောက်မို့ မာညာ ပြန်ကြည့်ရလိမ့်မည်။ ပါရီတွင် ကျောင်းတက် နေသည့် ဘရွန်ညာ ဘွဲ့ရဖို့ကလည်း နှစ်ပေါင်းများစွာ ကြာဦးမည်။ သည် ကာလတစ်လျှောက် ငွေပို့နေရဦးမည်။

သူများအိမ်တွင် အလုပ်သမဘဝဖြင့် မာညာတစ်ယောက် တည်း စိတ်ဓာတ်တွေ ကျစ ပြုလာ၏။ မိမိဝင်ငွေနှင့် စုဆောင်းနေသည့် ပမာဏမှာ ကလေးကစားစရာလို ဖြစ်နေ၏။ သည်လိုနေရာမှ အခြားတစ် နေရာသို့ ကူးဖို့လည်း လမ်းစ မမြင်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြံခိုင်ပြီး အလွန်ပညာတော်သည့် ၁၈ နှစ်သမီးကလေးသည် စိတ်ဓာတ်တွေ ကျစပြုလာသည်။ သည်အဖြစ်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ ကိုယ်ကျိုးစွန့်ပြီး မိသားစုအားလုံးအတွက် အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကြံကြံခံနေပုံကလည်း စိတ်ဝင်စားစရာ။

ညစဉ်ညတိုင်း လူမှုရေးဆိုင်ရာ သမိုင်းတွေ၊ ရူပဗေဒစာအုပ်တွေကို စက်ရုံစာကြည့်တိုက်က ငှားဖတ်သည်။ သင်္ချာဘာသာရပ်မှာ ပြဿနာရှိလျှင်တော့ အဖေ့ဆီ စာနှင့်လှမ်းမေးပြီး ဆက်သင်သည်။ ဤနည်းဖြင့် သင်္ချာတွင် မာညာတစ်ယောက် တိုးတက်သည်ထက် တိုးတတ်လာသည်။

တောရွာကလေးတစ်ရွာမှ ယာတောအိမ်ကြီးတွင် တိုင်ပင်စရာမရှိ၊ လမ်းညွှန်မှုမရှိဘဲ တစ်ကိုယ်တော် လင်းယုန်မကလေးအဖြစ်ဖြင့် မာညာသည် လိုချင်သည့် အကြားအမြင် ဗဟုသုတ မှန်သမျှကို အခက်အခဲ အတားအဆီး အမျိုးမျိုးကြားမှ ကိုယ့်လမ်းကိုယ်ထွင်ကာ ရှေ့သို့တက်လှမ်းရှာဖွေလျက် ရှိ၏။

၁၈၈၆ ခုနှစ် ဒီဇင်ဘာလတွင် သူငယ်ချင်းတစ်ယောက်ဆီ စာရေးဖြစ်သည်။

"ဘာရှေ့မလဲ၊ ဘယ်လမ်းလိုက်မလဲဆိုတာ တဖြည်းဖြည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ရှာဖွေဖို့ ကြိုးစားတယ်လေ၊ နောက်ဆုံးမှ သင်္ချာနဲ့ ရူပဗေဒကို အာရုံစိုက်လိုက်တာ။ ကျောင်းမှာ သင်ခဲ့ရတဲ့ သိပ္ပံဘာသာရပ်လောက်နဲ့ မလုံလောက်ဘူးလေ။ ဒီတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆက်ကြိုးစားရတာပေ့ါ။ ရှားရှားပါးပါး စာအုပ်တွေကို ရှာဖတ်ရတယ်လေ၊ သိပ်တော့ ခရီး





မပေါက်လှဘူး။ ဒါပေမဲ့ ကိုယ့်လမ်းကိုယ်ထွင်ပြီး လျှောက်တတ်တဲ့ အကျင့်တော့ ရသွားတယ်" . . . .

"တချို့ညနေတွေမှာ မနက် ၈ နာရီက နေ့လယ် ၁၁း၃၀ အထိ တစ်ချက်မှ မအားရဘူး။ ပြီးတော့ မွန်းလွဲ ၂ နာရီကနေ ည ၇း၃၀ အထိ ဆက်တိုက်ပဲ၊ တစ်ချက်ကလေးမှ မနားရဘူး။ မနက် ၁၁း၃၀ ကနေ ၂ နာရီအထိ ထမင်းစားချိန်၊ လမ်းလျှောက်ချိန် ခဏရတယ်။ လက်ဖက်ရည်သောက်ပြီးတာနဲ့ အင်ဒီယာနဲ့ အတူတူ စာဖတ်ရတယ်။ ၉ နာရီမှာ စာအုပ်တွေနဲ့ နပန်းလုံးတော့တာပဲ။ အိမ်မှာ ထူးထူးခြားခြား အလုပ်မပေါ်ရင်ပေါ့လေ။ ခုတော့ ဒန်နီယယ်ရဲ့ ရူပဗေဒကို ဖတ်နေတာ နှစ်တွဲပြီးသွားပြီ။ စပင်စာရဲ့ လူမှုရေးသိပ္ပံတော့ ပြင်သစ်ဘာသာနဲ့ ဖတ်တယ်၊ ပေါလ်ဘားရဲ့ ခန္ဓာဗေဒနဲ့ ဇီဝဗေဒကိုတော့ ရုရှားဘာသာနဲ့ ဖတ်တယ်၊ ရှေ့ရေးအတွက်ကတော့ မရေမရာပဲ။ ဒါကြောင့် ဘာမှ ကြိုမပြောချင်သေးဘူး။ ဆိုလိုတာက တတ်နိုင်သလောက်တော့ ကြိုးစားမယ်၊ ဖြစ်မလာဘူး ဆိုရင်တော့လည်း လက်မြှောက် အရှုံးပေးလိုက်ရုံပေါ့။ ရှုံးစရာတော့ သိပ်မရှိပါဘူး"

တချို့က ကိုယ့်ကို ချစ်သူတွေ့ပြီး ချစ်ရေယဉ်ကြောမှာ မျောပါသွားသယောင်ယောင် ထင်တတ်ကြတယ်။ တကယ်က ကိုယ့်ဘဝ အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်ထဲ အဓိကအနေနဲ့ အဲဒီကိစ္စ လုံးဝမပါဘူး။
ဗီအဖြစ်မျိုးနဲ့ နောက်ထပ်ကြုံရင်လည်း ဖုတ်ကြည်း
သဂြိုဟ် ပစ်လိုက်မှာပဲ" ဟု ပါရှိသည်။

ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိ စိတ်ကူးခဲ့ပုံများနှင့် သည် စာကြောင်းများကို ဆက်စပ် တွေးကြည့်နိုင်ပါသည်။ သနားစရာ မိန်းကလေးတစ်ဦး၏ အချစ်ဇာတ်လမ်းတစ်ပုဒ် ဟု ခေါ်နိုင်မည် ထင်ပါသည်။

ဝဝကစ်ကစ် အပျိုပေါက်ကလေးဘဝမှ မာညာသည် မိန်းမကျက်သရေအပြည့်ဖြင့် ဆံပင်၏ ကောင်းခြင်း၊ အရိုးအဆစ်တို့၏ ကောင်းခြင်းများဖြင့် ပြည့်စုံသည့် မိန်းမချောကလေးတစ်ယောက် ဖြစ်လာခဲ့ပြီး နှုတ်ခမ်းအစုံ ကွေးညွတ်နေပုံက စိတ်ဓာတ် ခိုင်မာပြင်းထန်ပုံကို ပြနေ၏။ ပြူးကျယ်သည့် မီးခိုးရောင် မျက်လုံးအကြည့်က ထူးထူးခြားခြား လေးနက်စူးရှလှသည်။

ကျောင်းပိတ်ရက်တွင် မွန်စီယာဇက်၏ အကြီးဆုံးသားဖြစ်သူ ကာစီမီယာဇက် ဝါဆောမှ အိမ်ပြန်ရောက်လာသည်။ အိမ်ကို စိမ်းအုပ်ချုပ်နေသည့် အလွန်ယဉ်ကျေးသိမ်မွေ့သော၊ အလွန်အကကောင်းသော၊ အလွန်ထက်မြက်သော မာညာနှင့် ဆုံစည်းရသည်။ သိဖူးကျွမ်းဖူးသူ မိန်းကလေးများနှင့် လားလားမျှမတူ တစ်မူထူးခြားသည့် မိန်းကလေး။

သူတို့နှစ်ဦး ချစ်သူများ ဖြစ်သွားကြလေသည်။ ပြင်းထန်သည့် စည်းကမ်းချက်တွေ၊ ကြီးမားသည့် ရည်ရွယ်ချက်တွေ အောက်တွင် မာညာ၏ နှလုံးသားမှာ နုနုနယ်နယ်ကလေး ဖြစ်သည်။ ထို့ကြောင့် ရုပ်ရည်ချောမောပြီး သူ့ဘောကောင်းလှသည့် တက္ကသိုလ်ကျောင်းတော်သား၏ အချစ်ကို မာညာ လက်ခံခဲ့မိခြင်း ဖြစ်လေသည်။





ထိုစဉ်က မာညာ ၁၉ နှစ်ပင် မပြည့်သေး။ သူက မာညာ့ထက် တစ်နှစ်ပိုကြီးသည်။ ချစ်သူနှစ်ဦးတို့သည် လက်ထပ်ဖို့ အစီအစဉ်များ ရေးဆွဲကြသည်။

သူတို့ဇာတ်လမ်းတွင် အနှောင့်အယှက်၊ အတားအဆီးဟူ၍ မျှငွေ့မျှမရှိဘဲ ဖြူးဖြောင့်ချောမွေ့နေသယောင် ထင်ရ၏။ ကလေးများ၏ အထိန်းတော် ဆရာမလေး မာညာကို အားလုံးက ချစ်ကြသည်။ မွန်စီယာဇက်က လမ်းလျှောက်လျှင် မာညာ့ကို ခေါ်သွားတတ်သည်။ မဒမ်ဇက်ကလည်း သမီးတစ်ယောက်လို ချစ်သည်။ အကြီးမ ဘရွန်ကာကလည်း မာညာ့ကို အသည်းစွဲ။

ဇက်မိသားစုက မာညာ့မိသားစုကို အကြိမ်ကြိမ်ဖိတ်ပြီး သူတို့အိမ်တွင် အနားယူစေသည်။ ထို့ကြောင့် ကာစီမီယာဇက်သည် မိဘများကို စိတ်ချယုံကြည်စွာဖြင့် လက်ထပ်ခွင့် တောင်းလိုက်သည်။

ဖအေလုပ်သူက ဒေါသူပုန်ထပြီး၊ မအေကြီးက တက်မလို ချက်မလို ဖြစ်သွား၏။ အချစ်ဆုံးသားကြီးက ခြူးတစ်ပြားမှ မရှိသည့် အိမ်ဖော်မိန်းကလေးကို ယူမည်တဲ့။

ပတ်ဝန်းကျင် နယ်တစ်ခွင်က အချမ်းသာဆုံး မိန်းကလေးကို ကြိုက်ရာ ရွေးယူနိုင်သည့်သား။ သည်သူငယ် ရူးများသွားလေပြီလား။ မဖြစ်နိုင်ပါ။ မည်သို့မျှ မဖြစ်နိုင်ပါ။ မာညာသည် မိကောင်းဖခင် သားသမီး ဖြစ်သည်မှာ မှန်ပါ၏။ ခေတ်ပညာတတ် မိန်းကလေး၊ ထက်မြက်သည့် မိန်းကလေးလည်း ဟုတ်ပါ၏။ သို့သော် အိမ်ဖော်မိန်းကလေး ဖြစ်နေသည့်အတွက် အဖေနှင့်အမေ မည်သို့မျှ လက်မခံနိုင်ပါ။ ဆူပူကြိမ်းမောင်းသည်။ ပြီးတော့ သားဖြစ်သူကို ဝိုင်းပြီး နားချသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားပြသည်။ ကာစီမီယာသည် လူပျော့ လူအေးတစ်ယောက် ဖြစ်သည်။ သူ့ ဆုံးဖြတ် ချက်များ အရည်ပျော်ကျသွားတော့၏။ စင်စစ် တက္ကသိုလ် ကျောင်းတော်သားသည် ကျောရိုးမဲ့ လူစားကလေး ဖြစ်သည်။

မိမိထက် အဆင့်နိမ့်သူများ၏ တိုက်ခိုက်မှုကြောင့် မာညာသည် စိတ်ဓာတ်အကျကြီးကျလျက် ရှိသည်။ သည်အိမ်ကြီးတွင် တိတ်ဆိတ် အေးစက်စွာဖြင့် ဆက်နေသည်။ သည်အကြောင်း လုံးဝ မစဉ်းစားဖို့ မာညာ သံဓိဋ္ဌာန်ပြုလိုက်သည်။

သို့သော် "အချစ်" သည် "ရည်မှန်းချက်" ကဲ့သို့ပင် လွယ်လွယ် နှင့် ချေဖျက်၍ ရသော အရာမျိုးတော့ မဟုတ်ပေ။ မည်သို့ရှိစေ၊ ပြင်းထန် ပြီး ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု မာညာ အခိုင်အမာ ချလိုက်၏။

သည်အိမ်ကြီးမှ ထွက်မပြေးဖို့ ဖြစ်သည်။

အဖေ့ကို စိတ်အနှောင့်အယှက် မဖြစ်စေရဘူးလေ။ အဓိက အကျဆုံး အချက်ကတော့ မြတ်မြက်ကလေး ရနေသည့် လစာဖြစ်၏။ မာညာ လက်လွှတ်မခံနိုင်ပါ။

မွန်စီယာဇက်နှင့် မာညာတို့အကြားတွင် တိုက်ရိုက်ဆွေးနွေး မှုမျိုး မရှိခဲ့ပေ။ နာနာကြည်းကြည်း နင်ပဲငါဆ မဖြစ်ခဲ့ကြပေ။ မာနပါးဖျဉ်း ကို အသာကလေး ချထားပြီး သည်အိမ်ကြီးတွင် မာညာ ဆက်နေသည်။ ဘာမှ မဖြစ်သလို ဣန္ဒြေမပျက် ဆက်လက်လှုပ်ရှားသည်။

ဤသို့ဖြင့် ပုံမှန်အတိုင်းလို ပြန်ဖြစ်လာ၏။ အိမ်ကြီးရှင်တို့၏ သားသမီးများကို စာဆက်သင်ပေးသည်။ ဆင်းရဲသား ကလေး သူငယ် တို့ကိုလည်း အရှိန်မပျက် ဆက်သင်သည်။ ဓာတုဗေဒ ဘာသာရပ်ကို လည်း ဆက်လေ့လာသည်။ စာကျက်ရင်း အလဟဿလို ဖြစ်နေသည့်





မိမိ၏ ငွဲမာန်တွေအကြောင်း စဉ်းစားမိလျှင်တော့ မသိမသာကလေး ပခုံး တွန့်တတ်၏။

ကစားစရာရှိလျှင် ကလေးတွေနှင့် အတူကစားသည်။ က စရာ ရှိလျှင် က သည်။ ကွင်းထဲသို့ လမ်းထွက်လျှောက်သည့်အခါ လျှောက် သည်။

သို့သော် နှလုံးသားတွင် ဒဏ်ရာရထားပြီး၊ အိပ်မက်တွေ အကောင်ဒအထည် မပေါ်ဘဲ ဖြစ်နေသည့် မာညာသည် စက်ရုပ်တစ်ရုပ် လို လှုပ်ရှားနေခြင်း ဖြစ်လေသည်။

မိသားစုဘက်ကို ပြန်ပြီး အာရုံစိုက်လာ၏။ ပိုက်ဆံတိုးပို့သည်။ အိမ်မှုကိစ္စကို အဝေးမှ စာတွေရေးပြီး ထိန်းကျောင်းပေးသည်။ အားလုံး ဖူဖူလုံလုံနှင့် ပျော်ပျော်ရွှင်ရွှင် နေနိုင်အောင် စီစဉ်ပေးသည်။

ဆရာဝန်ဖြစ်လို့ ဆေးခန်းဖွင့်နေပြီဖြစ်သည့် ဂျိုးဇက်ထံသို့ ၁၈၈၇ ခုနှစ်က မာညာ ရေးသော စာထဲတွင် -

"အစ်ကိုရေ . . လူတွေကတော့ ပြောကြတာပေါ့၊ ဘာလို့ တောကြိုတောင်ကြားမှာ ဘဝကို သွားပြီးမြှုပ်နှံထားတာလဲ၊ ဘာတိုးတက်မှုရှိမှာလဲ၊ ဘယ်လိုလုပ်ပြီး သုတေသနလုပ်မလဲ၊ ဘာညာဘာညာပေါ့။ ဘာမှ ဖြစ်မလာဘူးဆိုရင်တော့ မာညာလောက် စိတ်ဆင်းရဲမယ့် မိန်းကလေး ကမ္ဘာပေါ်မှာ ရှိမယ် မထင်ဘူး။ လောလောဆယ်တော့ မာညာ့ ရည်မှန်းချက်တွေ အားလုံး အစ်ကိုနဲ့ ဘရွန်ညာ့ဆီမှာ ပုံအော့ထား လိုက်တယ်။ အစ်ကိုတို့နှစ်ယောက်ရဲ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ပေးသလောက် တက်လမ်းရှာကြပါ။”

ဟု ရေးခဲ့သည်။

*

မာညာကလေး သူများအိမ်တွင် အလုပ်လုပ်ခဲ့သည်မှာ သုံးနှစ် တင်းတင်းပြည့်ခဲ့လေပြီ။ လစာငွေမှာ များသည် ထင်ရသော်လည်း စင်စစ် အလုပ်လုပ်သလောက် ခံစားရသည်တော့ မဟုတ်။ ရင်နာစရာ ကောင်းလှသည့် ဘဝတစ်ကွေ့ကို မဆိုစလောက် ပျော်စရာကလေးများဖြင့် ဖုံးအုပ်ထားခဲ့၏။ ထိုအချိန်တွင် ဝါဆောနှင့် ပါရီမှ အဖြစ်သနစ်တို့ကြောင့် မာညာ့ဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့ရပြန်သည်။

ဆရာအို စကုလိုဒေါ်စကီသည် သမီးများ၏ အနာဂတ်ကို အလွန်ဂရုစိုက်သည့် အဖေမျိုး ဖြစ်၏။ ပင်စင်လစာအပြင် အပိုဝင်ငွေရဖို့ အလုပ်ရှာသည်။ ပြန်လည်ပြုပြင်ရေး ပညာပေးကျောင်းတစ်ကျောင်းတွင် ဒါရိုက်တာ အလုပ်ရသည်။ လစာကောင်းကောင်းရခြင်း တစ်ခုတည်းမှ လွဲပြီး ဘာမှ စိတ်ချမ်းသာစရာ မရှိ။ အလုပ်ရရချင်း လစာငွေထဲမှ လစဉ် ဘရွန်ညာ့ဆီသို့ ရူဘယ် ၄၀ ပို့ပေးသည်။

အဖေ့ဆီက ပိုက်ဆံရရချင်း ဘရွန်ညာက နောက်ထပ် သူ့ဆီငွေမပို့ဖို့ မာညာ့ကို လှမ်းအကြောင်းကြားသည်။ အဖေ့ဆီသို့လည်း မိမိဆီပို့သည့် ရူဘယ် ၄၀ ထဲမှ ၈ ရူဘယ် ဖယ်ထားပေးပါရန် ဘရွန်ညာချက်ချင်း အကြောင်းကြားသည်။ မာညာ့ကို တဖြည်းဖြည်း ဆပ်သွားရန်ဖြစ်၏။





ဘရွန်ညာ့ဆီမှ ပါရီသတင်းစုံကိုလည်း မာညာ ကြားရသည်။ တစ်တန်းတည်းသား ကျောင်းသွားဖော်တစ်ယောက်နှင့် ချစ်နေပြီဖြစ်ကြောင်းလည်း ပါ၏။ အလွန်ထက်မြက်သည့် ပိုလန်ကျောင်းသား ကစီမီယာ ဒလူစကီနှင့် ဘရွန်ညာ ချစ်ကြိုးသွယ်မိကြသည်တဲ့လေ။ ကစီမီယာက ရုပ်ချော သဘောကောင်း၊ သူ့တွင် ပြောစရာ တစ်ခုသာရှိသည်။ ပိုလန်ကို ပြန်လာလျှင် ရုရှားတို့က သူ့ကို ဆိုက်ဗေးရီးယားပို့မှာ သေချာနေခြင်း ဖြစ်၏။

ဇိုရူကီတွင် မာညာ အလုပ်စာချုပ် သက်တမ်းစေ့ခါနီးလာပြီ။ ၁၈၈၉ ခုနှစ် ဇွန်လ ၂၄ ရက်၊ စိန်ဂျွန်းနေ့ရောက်တော့ ဇက်မိသားစုအိမ်ကြီးမှ မာညာ အလုပ်ထွက်ခဲ့သည်။ ဝါဆောတွင် အလားတူ အလုပ်မျိုးရဖို့ မာညာ မျှော်လင့်ထား၏။ ဝါဆောမှ စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦး၏ အိမ်မှာ လုပ်ဖို့ဖြစ်သည်။ မာညာ့အတွက် အပြောင်းအလဲ တစ်မျိုးမျိုးလည်း လိုအပ်နေသည်နှင့် အဆင်သင့်ပင်။ စင်စစ် သည်အပြောင်းအလဲမျိုးကို မာညာ တောင့်တနေခဲ့သည်မှာ ကြာပေပြီ။

*

ဇိုရူကီနှင့် စိုက်ကွင်းလွင်ပြင်စိမ်းစိမ်းကို မာညာ နှုတ်ဆက် ထွက်ခွာမည့်နေ့တွင် ဇက်မိသားစုနှင့် ပြုံးပြုံးရွှင်ရွှင် လက်ဆွဲနှုတ်ဆက်ခဲ့၏။ စိတ်ထဲပေါ့ပါးလွတ်လပ်သွားသည်။ ဝါဆောကို ပြန်ရောက်တော့ ဇာတိချက်ကြွေမွေးရပ်လေကို ဝမ်းသာအားရ တဝကြီး ရှုပစ်လိုက်သည်။

နောက်နှစ်တွင် မာညာသည် အလွန်ခင်မင်ချင်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့် မစ္စတာအက်ဖ် မိသားစုအိမ်ကြီးတွင် အလုပ်ဝင်သည်။ အလွန်ချမ်းသာပြီး တခမ်းတနားနေသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်ကြ၏။ မဒမ်အက်ဖ်က သူ တက်သမျှ လက်ဖက်ရည်ပွဲများ၊ ကပွဲများသို့ မာညာ့အား ခေါ်သွားတတ်သည်။ အထက်တန်းလွှာ အသိုက်အဝန်းတွင် မာညာကလေး ပထမဆုံးနှင့် နောက်ဆုံး ကျင်လည်ဖူးခြင်း ဖြစ်လေသည်။

မတ်လထဲတွင် ဘရွန်ညာ့စာတစ်စောင် စာပို့သမား လာပေးသည်။ စာဖတ်ပြီး မာညာ ခေါင်းနားပန်းကြီးသွားသည်။ ခွဲစိတ်ခန်းထဲမှ အနားရချိန်ကလေးတွင် ဘရွန်ညာ အသော့ရေးလိုက်သည့် စာတိုကလေး ဖြစ်၏။

"ထင်တာတွေ အားလုံး ဖြစ်လာမယ်ဆိုရင်တော့သည် ကျောင်းပိတ်ရက်စတာနဲ့ ငါတို့ လက်ထပ်မယ်၊ သူ ဘွဲ့ရတော့မယ်လေ၊ ငါလည်း တစ်ခါပဲ စာမေးပွဲဖြေစရာ ကျန်တော့တယ်။ ကဲ . . ညီမလေး မာညာ၊ နင် ဘာမှ စဉ်းစားမနေနဲ့၊ နင့်အလှည့်ရောက်ပြီ။ နင့်မှာ စုထားတာကလေးနဲ့ လာမယ့် ကျောင်းဖွင့်ရက်မှာ ပါရီကိုလာခဲ့တော့။ ငါတို့နဲ့နေပြီး နင်သိပ် တက်ချင်နေတဲ့ ဆော်ဘွန်းမှာ တက်ရမယ်၊ တစ်ခါတည်း ယတိပြတ် ဆုံးဖြတ်လိုက်တော့နော်။ နင် စောင့်ရတာ သိပ်ကြာနေပြီ၊ ၂ နှစ်အတွင်းမှာ နင် မဟာသိပ္ပံဘွဲ့ရရမယ်လို့ ငါ အာမခံတယ်။ သေသေချာချာ စဉ်းစားထားနော်၊ ရှိတဲ့ပိုက်ဆံကလေးကို ကျစ်ကျစ်ပါအောင် ထုပ်ထား၊ ဘယ်သူ့ မှမချေးနဲ့ . . ။"





ထူးထူးချွန်ချွန် အောင်မြင်ကြသည့် ပညာရှင်ညီအစ်မ။
(မာညာနှင့်ဘရွန်ညာ -၁၈၆၆)



www.burmeseclassic.com

www.burmeseclassic.com





- မာညာ၏ မှတ်စုစာအုပ်မှ စာမျက်နှာတစ်ခု (၁၈၈၅)။

(ဟိန်း၏ကဗျာကို ဂျာမန်ဘာသာဖြင့် ကူးရေးထားခြင်း။)





အစ်မလုပ်သူ စာကိုရတော့ ချက်ချင်းလာခဲ့ပါမည်ဟု ဝမ်းသာအားရ စာပြန်မည်ဟု ထင်စရာ ရှိ၏။ သို့သော် မာညာကလေးသည် သာမန် မိန်းကလေးတစ်ယောက် မဟုတ်တော့ပြီ။ နှစ်ပေါင်းများစွာ တောပိုင်းတွင်သွားပြီး အထီးကျန်ဘဝဖြင့် နေခဲ့၏။ စွန့်လွှတ်ခြင်း များစွာဖြင့် လောကနိတိကို ရင်ဝယ်ပိုက်ကာ မိသားစုအတွက် ကိုယ်ကျိုးစွန့်ခဲ့၏။

ဘရွှန်ညာ၏ ဖိတ်ကြားချက်ကို မာညာက ဤသို့ ပြန်ကြားခဲ့သည်။

"မာညာက ခပ်တုံးတုံးပါ ဘရွှန်ညာရယ်၊ ခုလည်း ခပ်တုံးတုံးပါပဲ၊ နောင်လည်း ဒီအတိုင်းသွားမယ် ထင်ပါရဲ့၊ ကံလည်း ဘယ်တုန်းကမှ မကောင်းခဲ့ဘူး၊ နောင်လည်း ကောင်းမယ် မထင်ဘူး၊ ပါရီကို ကောင်းကင်ဘုံ တစ်ခုလို မာညာ အိပ်မက်တွေ မက်ခဲ့တာပါ။ ကဲ . . ခု အခွင့် အရေးလည်းရလာပြီ။ ဒါပေမဲ့ မာညာ ဘာလုပ်ရမှန်းမသိဖြစ်နေတယ်။ အဖေ့ကို ဘယ်လို ပြောထွက်မှာလဲ ဘရွှန်ညာရယ်၊ မာညာတို့ ညီအစ်မတစ်တွေ အတူနေစေချင်မှာပဲ။ ဒါပေမဲ့ အဖေအသက်ကြီးနေပြီ ဘရွှန်ညာ၊ မာညာ အဖေ့ကို ပျော်အောင် ထားချင်တယ်။ ဟီလာ့ကိစ္စကလည်း ရှိသေးတယ်။ သူ့ စေ့စပ်ကြောင်းလမ်းပွဲ ပျက်သွားတော့ သူ့ကို အိမ်ပြန်ခေါ်ပြီး ဝါဆောမှာ အလုပ်တစ်ခုခုရှာပေးဖို့ မာညာ ကတိပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟီလာတစ်ယောက် သိပ်သနားဖို့ကောင်းတာပဲ ဘရွန်ညာရယ်။ သူ့ကို မာညာ စောင့်ရှောက်ရလိမ့်မယ်။

ဒါကြောင့် မာညာ တောင်းပန်ပါတယ်။ မာညာ့အစား အစ်ကိုဂျိုးဇက်ကိုသာ ဘရွန်ညာ တတ်နိုင်သလောက် ကူညီပါ။ ဘရွန်ညာ့ စာထဲမှာ တစ်ခါရေးဖူးတဲ့ မဒမ်အက်စ်ဆီက အကူအညီ မရနိုင်ဘူးလား။ သူ့ဆီက ငွေလေးဘာလေး လှည့်လို့ရမယ် ဆိုရင် ဂျိုးဇက် ဆေးခန်းတိုးချဲ့နိုင်တာပေါ့။ လူလည်းဝင်ဆံ့တာပေါ့၊ မြို့မှာ မတိုးနိုင်လို့ တောပိုင်းဆင်းရမယ်ဆိုရင်တော့ သူ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။

ဟီလာ့အကြောင်း၊ ဂျိုးဇက်အကြောင်း၊ အဖေ့အကြောင်းတွေ ဖတ်ရလို့ ဘရွန်ညာ စိတ်မကောင်းဖြစ်နေလား၊ ဒါတောင် မာညာ့ရဲ့ တစ်စစီဖြစ်သွားတဲ့ အနာဂတ်အကြောင်း မပါသေးဘူး။ စိတ်ဓာတ်တွေကျပြီး အရမ်းဝမ်းနည်းနေတဲ့အတွက် မာညာ့ကို ခွင့်လွှတ်ပါ ဘရွန်ညာရေ အနမ်းများစွာနဲ့ နှုတ်ဆက်လိုက်ပါတယ်။ နောက်စာတစ်စောင်ကျမှ ပျော်စရာတွေချည်း ရွေးပြီး ရေးမယ်နော်၊ ဒီနေ့တော့ ကမ္ဘာကြီးတစ်ခုလုံး စိတ်ညစ်စရာတွေနဲ့ပဲ ပြည့်နှက်နေတယ်လို့ပဲ စိတ်ထဲ ထင်နေတယ်။ မာညာ့ကို





ကြင်ကြင်နာနာ သတိရပါနော်၊ မမရဲ့အချစ်ကို
မာညာ ဝါဆောကနေ ခံစားလို့ ရမှာပါ။"

ဘရွန်ညာက အကြိမ်ကြိမ် ထပ်ခေါ်သည်။ အမျိုးမျိုး စည်းရုံးသည်။ သို့သော် မာညာက အခိုင်အမာ ဆုံးဖြတ်ပြီးနေပြီ။ ဝါဆောတွင် တစ်နှစ် အလုပ်ဆက်လုပ်မည်။ အဖေ့ကို ပြုစုမည်။ တစ်ဖက်က စာပြ ရင်း ငွေစုမည်။ ကျောင်းစရိတ် လုံလောက်မှ ပါရီကို သွားမည်။

အိမ်တွင် ပြန်နေရတော့ မာညာတစ်ယောက် ပျော်နေပြန်သည်။ ဖအေကြီးနှင့် စာအကြောင်း၊ ပေအကြောင်း၊ ပညာရပ်တွေအကြောင်း ပြောဖြစ်ကြသည်။ စင်စစ် မာညာသည် ဆရာစကလိုဒေါ့စကီနှင့် ရင်အုပ် မကွာဘဲ နေချင်သည်။

ခိုးကြောင်ခိုးဝှက်တက်ရသည့် ပိုလန်အမျိုးသားကျောင်းတွေ ပြန်ဖွင့်တော့ မာညာ သည်းထိတ်ရင်ဖို့စွာ ဆက်တက်သည်။ မာညာ့အတွက် လျှို့ဝှက်ဆန်းကြယ်သည့် တံခါးပေါက်ပေါင်းများစွာ ပွင့်လာခဲ့ခြင်း ဖြစ်လေသည်။ ဘယ်လိုပျော်ရွှင်မှုနှင့်မျှ မတူနိုင်သော ပျော်ရွှင်မှုမျိုးဖြင့် မာညာ ရင်ခုန်ရသည့်နှစ်။ ဘဝတွင် ပထမဆုံးအကြိမ် အဖြစ်ဖြင့် ဓာတ်ခွဲခန်းကြီးထဲသို့ ထိုးဖောက် ဝင်ရောက်ခွင့်ရပြီ မဟုတ်လား။

တိုးတိုးတိတ်တိတ် တက်ရသည့်ကျောင်းမှာ စက်မှုနှင့် စိုက်ပျိုးရေး ပြတိုက်တွင် ဖွင့်ထားခြင်းဖြစ်သည်။ အဆောက်အအုံမှာ ခပ်သေးသေး ဖြစ်၏။ ပန်းခြံထဲတွင် အဖြူရောင်၊ အပြာရောင်၊ ခရမ်းရောင် ပန်းပွင့်တွေ ဝေနေ၏။ ပြတိုက်မှာ ဟန်ပြဖြစ်ကြောင်း မာညာ့အစ်ကိုဝမ်းကွဲ ဂျိုးဇက်အိုဂတ်စကီက ရှင်းပြသည်။ ရုရှားတို့ သံသယ မဖြစ်နိုင်သည့် နေရာကို ပိုလန်မျိုးချစ်တို့ ရှာပြီး ဖွင့်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ပြတိုက်ကလေး၏ လှို့ဝှက်အခန်းများတွင် ပိုလန်လူငယ်တို့အတွက် သိပ္ပံပညာတွေ သင်ပေးဖို့ကိစ္စကို မည်သည့်အရာနှင့်မျှ တားဆီး၍ မရပါချေ။

ဓာတ်ခွဲခန်း လက်တွေ့စမ်းသပ်မှုများ ပြီးလို့ ညဉ့်နက်သန်းခေါင် အိမ်ပြန်ရောက်လျှင် အဝတ်အစား ကမျာကယာလဲကာ အိပ်ရာပေါ်တွင် မာညာ ပင်ပန်းကြီးစွာ လှဲချတတ်သည်။ မျက်စိထဲတွင်တော့ ဖန်ပြွန်တွေ၊ အနုကြည့် မှန်ဘီလူးတွေ၊ ချိန်ခွင်တွေ၊ ခြင်ခွက်တွေကို မြင်ယောင်လျက်။ မာညာသည် ဓာတ်ခွဲခန်းထဲမှ ထွက်ရတိုင်း စိတ်မကောင်း ဖြစ်နေတတ်၏။ ဖြစ်နိုင်လျှင် ဓာတ်ခွဲခန်းထဲမှာပင် နေချင်သည်။

ပင်ပန်းသော်လည်း စိတ်ဓာတ်တက်ကြွလွန်းသဖြင့် တော်တော်နှင့် အိပ်မပျော်ဘဲ မျက်စိကြောင်ချင်ကြောင်နေ၏။ မရေမရာနှင့် ဇဝေဇဝါကာလများ ကုန်ဆုံးလွန်မြောက်ခဲ့လေပြီ။ ဘဝဆည် ရုတ်ခြည်း လင်းလက် တောက်ပလာ၏။ သွက်လက် လှုပ်ရှားလာ၏။

ဓာတ်ခွဲခန်းထဲတွင် ဖန်ပြွန်များ၊ ချိန်ခွင်များကို သူ့လက်ချောင်း သွယ်သွယ်ကလေးများဖြင့် ကိုင်တွယ်ပုံက မျက်လှည့်ပြနေသလား အောက်မေ့ရ၏။ ငယ်ငယ်က အဖေ့ဗီရိုထဲမှ သိပ္ပံအသုံးအဆောင် ပစ္စည်းများကို ပြေးသတိရလိုက်သည်။ မာညာသည် ဘဝရည်မှန်းချက်အတိုင်း ဗုန်းစိုင်းဖို့ အသင့်ဖြစ်နေလေပြီ။

ငယ်ချစ်ဟောင်း ကာစီမီယာဇက်နှင့် နောက်ဆုံးတွေ့တော့ သူ့ကို ချစ်နေဆဲဟု မာညာ ထင်၏။ တက္ကသိုလ်ကျောင်းတော်သားသည် မပြတ်သားသည့် မရေမရာသမားဖြစ်၍ မာညာ့ကို လန့်နေသည်။ တွေ့တိုင်း မျက်နှာချင်း မဆိုင်ရဲအောင် သွေးပျက်နေတတ်သည်။





သူ့အဖြစ်ကို ဆက်မကြည့်ချင်တော့သဖြင့် မာညာကပင် ဇာတ်သိမ်းပေးလိုက်သည်။

'ဘယ်လို အဆုံးသတ်ရမယ်ဆိုတာ ရှင့်ကိုယ်ရှင် မသိဘူးလား၊ မာညာ အဲဒါကို သင်ပေးရဦးမှာလား' ဟု ဣန္ဒြေမပျက် ပြောချလိုက်သည်။ နောင်တွင် ဖအေလုပ်သူ ဆရာဒေါ်စကီက မာညာ့ကို 'သိပ်မာနကြီးတယ်၊ ဘယ်တော့မှ ဦးမညွတ်ဘူး' ဟု မှတ်ချက်ချသည်။

မာညာသည် အားနည်း ပျော့ညံ့မှု အကြောက်တရားမှ အတင်းရုန်းထွက်ခဲ့သည်။ အားကစားသိပ္ပံမှ ထွက်ခဲ့သည်မှာ ရှစ်နှစ်ရှိပြီ။ မွန်စီယာဇက် မိသားစုဆီမှ ပြန်ခဲ့သည်မှာ ခြောက်နှစ်ရှိပြီ။ အသက် ၂၄ နှစ်ပြည့်ဖို့ ရက်ပိုင်းသာ လိုတော့၏။ ဘရွန်ညာ့ဆီသို့ ဆိုင်းမဆင့် ဗုံမဆင့် ချက်ချင်း စာကောက်ရေးသည်။

"တဲ . . မာညာ၊ လာနေဖို့ အခွင့်အရေး ရှိတုန်းလား၊ ဆုံးဖြတ်ချက်ပြောင်းသေးလား ပြော။ ခု မာညာ လာလို့ရပြီ။ လာချင်နေပြီ။ ကျောင်းစရိတ်လည်း စုမိနေပြီ။ ဘရွန်ညာတို့ သိပ်တာဝန်ကြီးမှာလဲ စိုးတယ်၊ ထမင်းကျွေးရုံလောက်ပါပဲ၊ လာဖြစ်ရင်တော့ သိပ်ပျော်စရာကောင်းမှာပဲ။ မာညာ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မယ်ဆိုရင်လည်း အားမနာနဲ့၊ စာပြန်ရေးနော်။

ကိုယ်ဝန်ရှိနေပြီဆိုတော့ အိမ်အလုပ်တွေ မာညာ ကူလုပ်နိုင်တာပေါ့၊ အကျိုးအကြောင်း အမြန်ဆုံး စာပြန်ရေးပါ။ ဘရွန်ညာတို့ နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်ပါတယ်၊ မာညာ့ကို ဘယ်နေရာမှာထားထား၊ ဘယ်လိုနေရနေရ ဖြစ်တယ်နော်၊ မာညာ့ကြောင့် ဘာ့ပြဿနာမှ မပေါ်စေရပါဘူးလို့ ကတိပေးပါတယ် ဘရွှန်ညာ။ အမြန်ဆုံး စာပြန်နော်၊ ပြီးတော့ ပွင့်ပွင့်လင်းလင်းရေးနော် . . ။"

ဘရွှန်ညာက စာမရေးဘဲ သံကြိုးဖြင့် အကြောင်းပြန်လျှင် ဘူတာရုံသို့ မာညာ ချက်ချင်းပြေးချသွားမိမည်လား မသိ။ ကျစ်ကျစ်ပါအောင် စုထားသည့် ရူဘယ်ငွေစက္ကူတွေကို စားပွဲပေါ် ဖြန့်ချပြီး ရေတွက်ကြည့်သည်။ အဖေကလည်း ထပ်ဖြည့်ထားပေးသည်။ သူ့အတွက် ဘာမှ များများစားစား ကုန်စရာ မလိုတော့ဘူးလေ။ ပြီးတော့ ကုန်ကျစရိတ်ကို ခွဲတမ်းချကြည့်သည်။

နိုင်ငံကူးလက်မှတ်က ဘယ်လောက်၊ ရထားခက ဘယ်မျှစသည် စသည်။ ဝါဆောမှ ပါရီသို့ ခရီးရှည်ကြီးကို တတိယတန်းလက်မှတ်ဖြင့် သွားလျှင်တော့ ဘဝင်မြင့်ရာ ရောက်သွားလိမ့်မည်။ တန်ရာတန်ရာပဲ လုပ်ရလိမ့်မည်။

စတုတ္ထတန်းလက်မှတ်နှင့် ဂျာမနီကို ဖြတ်သွားမည်။ အင်း . . တော်တော် ဒုက္ခရောက်မည့်ခရီး ဖြစ်ဖို့ကတော့ သေချာနေသည်။ စတုတ္ထတန်း ရထားတွဲတွေက ကုန်တွဲသာသာ မဟုတ်လား။ တွဲ၏ နံရံ တစ်ဖက်တစ်ချက်တွင် ခုံတန်းလျားများရှိပြီး နေရာမရသူများက အလယ်တွင် တိုးခွေစီးကြရသည်။ အချို့ကတော့ ခေါက်ကုလားထိုင်များ ယူလာပြီး ထိုင်ကြသည်။

မာညာက မွေ့ရာ၊ အိပ်ရာခင်းနှင့် မျက်နှာသုတ်ပဝါလို ကုန်ပွ





များကို တန်ဆာလုပ် ပို့လိုက်ပြီးဖြစ်၏။ အဝတ်အစား၊ ဖိနပ်တွေနှင့် ဦးထုပ်ကလေး နှစ်လုံးကို ကျွန်းသေတ္တာလှလှကလေးတစ်လုံး ဝယ်ပြီး ထည့်သည်။ ပြီးတော့ သူ့နာမည် အတိုကောက် စာလုံးကလေးနှစ်လုံးကို အနက်ရောင်ဆေးဖြင့် ခပ်ရှင်းရှင်းကလေး ရေးခြယ်လိုက်သည်။

အိပ်ရာ အဝတ်အစားတွေပို့ပြီး၊ သေတ္တာကို တန်ဆာလုပ်ပြီးတော့လည်း မြုတ်စဗျင်းတောင်း လုပ်စရာတွေ အများကြီး ကျန်နေသေးသည်။ ရထားပေါ်မှာ စားသွားဖို့ သုံးရက်စာ ရိက္ခာ၊ တွဲပေါ်မှာ ထိုင်ဖို့ ခေါက်ကုလားထိုင်၊ စာအုပ်တွေ၊ ပန်းကန်ခွက်ယောက်တွေ၊ ပြီးတော့ ဂွမ်းကပ်တစ်ခု . . . ။

ရထားတွဲထဲတွင် အားလုံးနေရာချထားပြီးမှ မာညာ ပလက်ဖောင်းပေါ် ပြန်ဆင်းလာခဲ့၏။ အမွေးတုံးနေသည့် ကုတ်အင်္ကျီကလေး ဝတ်ထားသည့် မိန်းကလေးမှာ ပို၍ ငယ်နေသည် ထင်ရ၏။ ပါးကလေးနှစ်ဖက်က လန်းဆန်းနီစွေးနေ၏။ မီးခိုးရောင် မျက်လုံးအစုံက အရောင်တဖျတ်ဖျတ်။

ချက်ချင်း ရင်ထဲ နင့်သွားသည်။ ဆောက်တည်ရာမရ ဖြစ်သွား၏။ အဖေ့ကို အကြင်နာများစွာဖြင့် နမ်းပြီး နှုတ်ဆက်သည်။ နှုတ်မှ ထွက်သွားသည့် စကားလုံးများက ခွင့်လွှတ်ဖို့ တိုးလျှိုးတောင်းပန်နေဘိသို့။

'သမီး အကြာကြီး မနေပါဘူး ဖေဖေ၊ အဲဒီအခါကျရင် ဖေဖေ့အနားက သမီး ဘယ်တော့မှ ခွဲမသွားတော့ဘူးနော်၊ ဖြစ်ပါတယ်နော် ဖေဖေ'

'ဖြစ်ရမှာပေါ့ သမီးရယ်၊ ဖြစ်ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဆရာအိုက သမီးထွေးကလေးကို ရင်ခွင်ထဲ ဆွဲပွေ့ရင်း-

'သမီး ကြီးစားနော်၊ ကျောင်းမြန်မြန်ပြီးမှ သမီး မြန်မြန်ပြန်လာရမှာ၊ ဖေဖေ့သမီးကလေး ကံကောင်းပါစေကွယ်'

*

ညပိုင်းတွင် ရထားဘီးလိမ့်သံ၊ ဂါတ်ပိုလ်၏ ခရာသံ ဆူဆူညံညံဖြင့် စတုတ္ထတန်း ရထားတွဲထဲတွင်ထိုင်ရင်း မာညာတစ်ယောက် ဂျာမနီနိုင်ငံကို ဖြတ်ကျော်လျက်ရှိသည်။ ခေါက်ကုလားထိုင်ပေါ်တွင် ခွေခွေကလေး ထိုင်လိုက်လာခဲ့၏။ ပတ်ပတ်လည်တွင်တော့ လက်ဆွဲတန်ဆာတွေ ဝိုင်းဝိုင်းလည်လျက်။ ပစ္စည်းတွေကို စိတ်မချနိုင်စွာဖြင့် မကြာမကြာ ရေတွက်နေမိ၏။ စိတ်ထဲတွင် အရမ်း အရမ်း လွတ်လပ်ပျော်ရွှင်နေသည်။

အနာဂတ်ကို မျှော်ကြည့်လိုက်မိ၏။ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် နှိမ့်နှိမ့်ချချ ထားတတ်သည့်အလျောက် ပိုလန်ပြန်ရောက်လျှင် အေးအေးချမ်းချမ်း နေရမည့် တစ်နေရာရာတွင် ကျောင်းဆရာမ အလုပ်ကလေး တစ်နေရာတော့ ရတန်ကောင်းရဲ့ဟု တွေးနေမိ၏။

သို့သော် သည်ရထားပေါ် တက်လိုက်သည်နှင့် သူ့ရှေ့တွင် အမှောင်လမ်းနှင့် အလင်းလမ်း နှစ်ခုအနက် တစ်ခုခုကို ရွေးချယ်လိုက်ပြီ ဆိုသည်ကို စဉ်းယဉ်မျှ မတွေးမိခဲ့ပေ။ တာဟီရာဘ၀ လမ်းသွယ်ကလေးနှင့် ဧရာမ မဟာဘ၀ လမ်းကြောင်းကြီး၏ လမ်းဆုံလမ်းခွမှ တစ်လမ်းကို ရွေးချယ်ခဲ့ပြီး ဖြစ်ကြောင်းကို လုံး၀ မသိခဲ့ပေ။

*

## အခန်း ၂

အယ်လ်မီန်းလမ်းရှိ ဘရွန့်ညာတို့ ဇနီးမောင်နှံ နေအိမ်မှ မြင်းသုံးကောင်ဆွဲသည့် နှစ်ထပ်ဗီရိုရထားလုံးကြီးဖြင့် ဆော်ဘွန်းသို့ မာညာထွက်ခဲ့သည်။ ဈေးသက်သာသည့် အပေါ်ထပ်မှ ကြောင်လိမ်လှေကားကလေးအတိုင်း တက်စီးခဲ့၏။ ဈေးလည်း သက်သာသည်။ ရှုခင်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြင်ရသည်။ ပျော်စရာလည်း ကောင်းသည်။

ပတ်ဝန်းကျင်ကို အပေါ်ထပ် ထိုင်ခုံကလေးပေါ်မှ ကျီးကန်းတောင်းမျှော် ကြည့်လိုက်လာသည်။ ပါရီဆောင်းလေက မာညာ့ပါးပြင်ကို ကျဉ်နေအောင်တိုးလျက်။ လမ်းဘေးတစ်ဖက်တစ်ချက်မှ ဆိုင်ကလေးများ၊ လမ်းသွားလမ်းလာများ၊ ဖုန်နံ့ကလေးများသည်ပင် ပါရီ၏ သရုပ်သကန်ဟု မာညာ ထင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . နောက်ဆုံးတော့ ပါရီသို့ ရောက်လာခဲ့ပြီပဲ။ ပါရီသည် ငယ်ရွယ်သူများအဖို့ ရင်ခုန်ချင်စရာ ကောင်း၏။ အားတက်စရာ ကောင်း၏။ မျှော်လင့်ချက် အငွေ့အသက်များကို ထုနှင့်ထည်နှင့် ခံစားရ၏။ ပိုလန်သူ ကောင်မလေးတစ်ယောက်အဖို့ လွတ်လပ်ခြင်း၏ အရသာကိုလည်း အပြည့်အဝ ခံစားနေရ၏။

လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ လေကို မာညာ ပထမဆုံး ရှူရှိုက်ဖူးခြင်း ဖြစ်လေသည်။ အရာတိုင်းသည် မာညာအတွက် ရင်သပ်ရှုမော အံ့ဩစရာတွေချည်း ဖြစ်နေ၏။

လမ်းပေါ်တွင် သူတို့တစ်တွေ ကြိုက်နှစ်သက်ရာ ဘာသာစကားဖြင့် ပြောဆိုသွားလာ နေကြ၏။ ကမ္ဘာအရပ်ရပ်မှ စာအုပ်မျိုးစုံကိုလည်း စာအုပ်ဆိုင်များတွင် လွတ်လွတ်လပ်လပ် အတားမဆီးမရှိ ရောင်းနေကြ၏။

အံ့ဩစရာ အကောင်းဆုံးကတော့ လမ်းမကျယ်ကြီးများ အားလုံးသည် မိမိတက်မည့် တက္ကသိုလ်ကြီး၏ ဧရာမ မုခ်ဝကြီးများဆီကို ဦးတည်နေခြင်း ဖြစ်သည်။

တက္ကသိုလ်ဆိုတာ ဘာပါလိမ့်၊ ပြီးခဲ့သည့် ရာစုနှစ်က ပညာရှင်တစ်ဦးက "တက္ကသိုလ်ဆိုတာ စကြဝဠာဆီကို သွားတဲ့ အတိုဆုံး ဖြတ်လမ်းပဲ" ဟု ဖွင့်ဆိုခဲ့သည်။ မာတင်လူသာကတော့ "အဆင့်အမြင့်ဆုံးနဲ့ နာမည်အကျော်ဆုံး ကျောင်းများရဲ့ အထွတ်အထိပ်မှာ ရှိတယ်" ဟု အနက်ဖွင့်သည်။

မြင်းသုံးကောင်က ရထားသည် နှင်းတွေ ဖွေးဖွေးလှုပ် ဖုံးအုပ်နေသည့် စိန်းမြစ်ကို ဖြတ်ကျော်လာခဲ့သည်။ ရှုလို့မဝနိုင်အောင် စကျူ





ပသာဒ ဖြစ်လှသည့် ရေလယ်ကျွန်းများ၊ ရှေးဟောင်းကျောက်ဆစ်ရုပ်ကျောက်စာတိုင်များ၊ ဟိုး အောက်ဘက်ယွန်းယွန်း လက်ဝဲဘက်ကမ်းတွင်တော့ နိုတာဒမ် ဘုရားရှိခိုးကျောင်းတော်၏ စုလစ်မွမ်းချွန်များ။

စိန်မိုက်ကယ်လမ်းမကြီးပေါ် ရောက်သည့်အခါတွင် အသားကျပြေးနေသောမြင်းများ အရှိန်လျှော့လိုက်ကြသည်။ ဟောဟိုမှာ မြင်ရပြီ၊ ရောက်ပြီ။ တက္ကသိုလ်ပရိဝုဏ်ကို မာညာ ခြေချမိလေပြီတည်း။

မယ်သစ်လွင်ကလေး မာညာသည် လက်တစ်ဖက်က အဖေ့သားရေအိတ်ဟောင်းကြီးကိုဆွဲလျက်၊ လေးလံထူထဲလှသည့် သက္ကလတ်စကတ်ကြီးကို ကျန်တစ်ဖက်က မ လျက်။ ရထားလုံးပေါ်မှဆင်းကာ ဧရာမ မုခ်ဝကြီးဆီသို့ မပြေးရုံတမည် လျှောက်လှမ်းလာခဲ့သည်။

၁၈၉၁ ခုနှစ်က ဆော်ဘွန်းတက္ကသိုလ်၏ မြင်ကွင်းမှာ မာညာ့စိတ်ကူးရုပ်ပုံထဲကနှင့် တခြားစီ ဖြစ်နေ၏။ ကျောင်းဆောင်တွေ တိုးချဲ့ဆောက်လုပ်နေခဲ့သည်မှာ ခြောက်နှစ်ရှိခဲ့ပြီ။ မာညာ ရောက်သည့်နှစ်အထိ မပြီးနိုင်သေးဘဲ ဆောက်လုပ်နေဆဲ ဖြစ်လေသည်။ အဆောင်သစ်များ နောက်မှ ဆောက်လုပ်ရေးလုပ်သား တန်းလျားများက အမြဲ ဆူဆူညံညံ အသံတွေ ထွက်နေ၏။

မပြီးသေးသည့် အခန်းများတွင် စာသင်ကြရသဖြင့် အမြဲတမ်း ဟိုအခန်း ပြောင်းရ သည်အခန်း ပြောင်းရနှင့်။ ဓာတ်ခွဲခန်းများက ကျောင်းဆောင်အိုကြီးများတွင် ရှိနေဆဲ။ သို့သော် ဒါတွေအားလုံး မာညာ မမှုပါ။

ကျောင်းစောင့်၏ မှိုအိမ်ကလေးနံဘေးမှ အဖြူရောင်ဆိုင်းဘုတ်ကြီးကို အဝေးမှပင် မြင်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်သမ္မတနိုင်ငံတော်၊ မဟာသိပ္ပံဌာန၊ ပထမနှစ်သင်တန်းများ၊ ဆော်ဘွန်းတက္ကသိုလ်တွင် ၁၈၉၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ ၈ မည်။

မာညာ့ကို ကြက်သီးမွေးညင်း ထစေသည့် စာလုံးများ ဖြစ်ပါ၏။ မာညာ ဝမ်းသာလုံးဆို့နေသည်။ ဆော်ဘွန်းတက္ကသိုလ် သိပ္ပံကျောင်းသူ တစ်ယောက် ဖြစ်သွားပြီ မဟုတ်လား။

ကျောင်းသားမှတ်ပုံတင်ကတ်ပြားတွင် မာညာဟူသည့် နာမည်ကို ဖျောက်ပြီး ပြင်သစ်ဆန်ဆန် "မာရီစကလိုဒေါ့စကာ" ဟု ရေးလိုက်သည်။ ကျောင်းသူ၊ ကျောင်းသားများက "စကလိုဒေါ့စကာ" ကို အသံမထွက်တတ်ကြသဖြင့် အပေါင်းအသင်းနည်းကာ ရှက်ပုန်းသီးကလေး ဖြစ်နေခဲ့သည်။ ရံခါတွင် အဆောင် ဝရန်တာများတွင် ထိုမိန်းကလေးသည် ကျောင်းသားများအတွက် ပဟေဠိ ဖြစ်နေထုတ်၏။ ရုက်ရှိန်ရှိန် အမူအရာ ရှိသော်လည်း မျက်နှာထားက တင်းမာ၏။ အမူအရာက သူ့ဆံပင်တွေလို ပျော့ပျောင်းသော်လည်း၊ အဝတ်အစား နွမ်းပါးသော်လည်း လောကကို ထီမထင်သည့် ပုံစံမျိုး။

'အဲဒါ ဘယ်သူလဲကွ'

ခဏခဏ တီးတိုးမေးတတ်ကြ၏။

'မသိပါဘူးကွာ၊ နိုင်ငံခြားကျောင်းသူတစ်ယောက် ထင်ပါတယ်၊ နာမည်ကလည်း ဘာကြီးမှန်းမသိဘူး၊ ရူပဗေဒအချိန်ကျရင် အမြဲတမ်း ရှေ့ဆုံးတန်းမှာ ထိုင်တယ်' ဟု အတင်းတုတ်တတ်ကြ၏။

ဝရန်တာတစ်လျှောက် မာညာလျှောက်သွားလျှင်တော့ ကျက်သရေရှိလှသည့် ကိုယ်နေဟန် ကောက်ကြောင်းကို နောက်ပိုင်းမှ ကျောင်း





သားတစ်သိုက် ငေးကြည့် ကျန်ရစ်တတ်၏။

သို့သော် မာရီအဖို့ ဘယ်ကျောင်းတော်သားကိုမျှ စိတ်ဝင်စားချိန် မရှိခဲ့ပါချေ။ သူ စိတ်ဝင်စားနေသူက ဧရာမ မုတ်ဆိတ်ရှည်ကြီးနှင့် ကျောင်းသားတိုင်း ဖြုံရသည့် ပါမောက္ခကြီး တစ်ယောက်ဖြစ်သည်။ လည်စီးအဖြူနှင့် ဆရာကြီး၏ ဝတ်စုံပေါ်တွင် မြေဖြူမှုန့်တွေ ဖွေးနေတတ်၏။ ပါမောက္ခကြီး သင်သမျှ သင်ခန်းစာတွေကို မာရီက တစ်လုံးမကျန် အရည်ကျိုသောက်ထားသည်။

သို့သော် ကျောင်းစတက်ပြီး ပထမအပတ်မှာပင် မမျှော်လင့်သော အခက်အခဲများနှင့် ကြုံရတော့၏။ ပြင်သစ်ဘာသာရပ်ကို ကောင်းကောင်းတတ်မြောက်ထားပြီဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထား၏။ သို့သော် စာကြောင်းတစ်ကြောင်းကို အမြန်ပြောချသွားလျှင် လွတ်သွားတတ်၏။

ဤသို့ဖြင့် သင်္ချာနှင့် ရူပဗေဒတွင် အလစ်အဟာ အခက်အခဲများ ရှိလာ၏။ သည်အတိုင်းသွားလျှင် မိမိ အသေအလဲ လိုချင်နေသည့် မဟာသိပ္ပံဘွဲ့ကို မည်သို့ ရနိုင်ပါမည်လဲ။

ယနေ့ ပါမောက္ခဧပယ်လ်၏ သင်္ချာနေ့ဖြစ်၏။ ဆရာကြီးသည် သင်္ချာကို ထုံးလိုမွှေ ရေလိုနှောက်ကာ တပည့်များ၏ ခေါင်းထဲသို့ ရိုက်သွင်း၏။ ဂဏန်းသင်္ချာကို သူသင်နေပုံမှာ ကြယ်ပွင့်များနှင့် ကစားနေသည့်အလား။ စိတ်ထဲတွင် ပေါ်လာသမျှ စိတ်ကူးကိုလည်း ရဲရဲရင့်ရင့် ဖော်ထုတ်၏။ 'ဆရာက နေမင်းကို အမိဖမ်းပြီးမှ ပြန်လွှင့်ပစ်လိုက်တာ' ဟူသည့် စကားမျိုးကို ထမင်းစား ရေသောက် ကိစ္စတစ်ခုလို ပြောတတ်၏။

ခုံတန်းပေါ်မှ ပိုလန်သူကလေးသည် ရင်တလှပ်လှပ်ဖြင့် ပြုံး



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ မီးခိုးရောင် မျက်လုံးများက အရောင်တဖျတ်ဖျတ်။

သိပ္ပံပညာရပ်ကို ဖျင်းစရာဟု ဘယ်သူ ပြောနိုင်ပါတော့မည်လဲ။ စကြဝဠာကြီးကို စိုးမိုးထားသည့် ဥပဒေသများထက် ပို၍စိတ်ဝင်စားစရာကောင်းသည့်အရာ ဘယ်မှာ ရှိနိုင်ပါတော့မည်လဲ။ သည်နည်းပညာတွေကို ရှာဖွေတွေ့ရှိနေသည့် လူသားတို့၏ စွမ်းရည်ထက် ပို၍ အံ့ဩစရာကောင်းသည့် အရာကော အဘယ်မှာ ရှိနိုင်ပါမည်လဲ။

ပိုလန်သူကလေး၏ ဝိညာဉ်သည် အဆုံးမရှိသည့် သုတလွင်ပြင်တွင် ဝဲပျံလွင့်မျောလျက် ရှိလေသည်။

'ဆရာက နေမင်းကို အမိဖမ်းတယ်၊ ပြီးမှ ပြန်လွှတ်ပစ်လိုက်တာ'

ဆရာ့စကားလုံးများသည် မာရီ၏ ရှုန်းကန်လှုပ်ရှားမှု နှစ်များတွင် အမှတ်ထင်ထင် အားမာန်တစ်ရပ် ဖြစ်ခဲ့သည်။

မာရီတစ်ယောက် အပျော်ကြီး ပျော်နေလေပြီ။

*

ဘရွန်ညာနှင့် လူချွန်လူကောင်းတစ်ယောက်ဖြစ်သည့် ခင်ပွန်းသည် ဒေါက်တာ ကစီမီယာတို့ နှစ်ယောက်က မာညာကလေးကို ဖူးဖူးမှုတ်ထားကြသည့် အကြောင်းတော့ ထည့်ပြောဖို့ လိုလိမ့်မည် မထင်ပါ။ ဘရွန်ညာသည် အိမ်ကို အလှဆင်သည့် နေရာတွင် အဟုတ်တော်သူ ဖြစ်သည်။ ပါရီမြို့စွန်ရှိ အခန်းကျဉ်းကလေးကို လေလံပွဲမှ ဝယ်ယူရရှိခဲ့သည့် ဗင်းနစ် ပရိဘောဂများဖြင့် ပြင်ဆင်ထားပုံမှာ ကျက်သရေရှိလှ၏။ အခန်း





ကလေးနှင့် လိုက်ဖက်လှ၏။ ပြီးတော့ ဧရာမ စန္ဒရားကြီးတစ်လုံး၊ လှပစွာချိတ်ဆွဲထားသည့် ဇာခန်းဆီးများ၊ အားလုံး လိုက်ဖက်၏။ ကွက်တိ။

သည်လို တိကျသေချာသည့် အစီအမံမျိုးဖြင့် လင်တော်မောင်၏ ဆေးခန်းတွင် နာရီပိုင်း ထိုင်သည်။ ဘရွန်ညာက မီးယပ်သားဖွားဆရာဝန်လေ။

လင်မယားနှစ်ယောက် အလုပ်ကြိုးစားရာတွင် တက်ညီလက်ညီ ရှိ၏။ အပင်ပန်းခံ၏။ သို့သော် ညနေပိုင်းရောက်လို့ နားချိန်ရသည်နှင့် ပျော်ပျော်ရွှင်ရွှင် နေကြ၏။ ကပွဲကို ဈေးသက်သာသည့် အတန်းမှ လက်မှတ်ဝယ်ကြည့်၏။ အပြင်ထွက်နိုင်လောက်အောင် အိတ်မဖောင်းသည့် နေ့များတွင် အိမ်မှာပင် စန္ဒရားထိုင်တီးတတ်ကြ၏။ ကစီမီယာက စန္ဒရားအတီးကောင်းသူတစ်ယောက် ဖြစ်သည်။

သူတို့အခန်းသို့ ပိုလန်လူငယ်များ အမြဲလိုလို လာရောက် လည်ပတ်ကြ၏။ သူတို့အိမ်ကို အမြဲလာလို့ရသည့် အိမ်အဖြစ် ပိုလန်လူငယ်တို့ သတ်မှတ်ထားကြ၏။

စားပွဲပေါ်တွင် အငွေ့တထောင်းထောင်းထနေသည့် လက်ဖက်ရည်ဖြင့် ဧည့်ခံတတ်သည်။ ဆေးခန်းနားချိန်တွင် ဘရွန်ညာ အပြေးအလွှားဖုတ်သည့် ကိတ်မုန့်ကလည်း ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်။ ဘရွန်ညာက ဆေးခန်းတွင် နှစ်ချိန်ထိုင်သည်။

သင်ခန်းစာအသစ်တွေလာတိုင်း မာရီက အလောတကြီး ဝါးစားသလို ကျက်မှတ်၏။ သူ့ စာလုပ်ပုံက ကျောင်းစာကို ဘိန်းစွဲသလို စွဲနေသည့် ပုံစံမျိုး။ တက္ကသိုလ်တွင် အတန်းတက်ရင်း၊ ဓာတ်ခွဲခန်းဝင်ရင်း ချစ်စရာကောင်းသည့် ရဲဘော်ရဲဘက်များနှင့် တွေ့နိုင်ကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သိလာ၏။ သို့သော် မာရီသည် ပြင်သစ်ကျောင်းသားများနှင့် အပေါင်းအသင်းဖြစ်ဖို့ ရှက်နေဆဲ။ လက်တင်ရပ်ကွက်တွင် စုနေကြသည့် ပိုလန်ကျောင်းသား ကျောင်းသူများနှင့်သာ တရင်းတနှီး နေသည်။ သူတို့ရပ်ကွက်ကလေးကို "လွတ်လပ်သောပိုလန်" ဟု သူတို့ တင်စားကြ၏။

သူတို့အထဲမှ "စတင်နီးစ်လပ်စ်ဇာလေ" က နောင်တွင် မာရီ၏ အစ်မ ဟီလာနှင့် လက်ထပ်ဖြစ်သည်။ တစ်ညတွင် ပိုလန်မျိုးချစ်လူငယ်တစ်သိုက်က "နှောင်ကြိုးမဲ့ပိုလန်" ကဇာတ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် မာရီ့ကို ရွေးလိုက်ကြသည်။ သေးသေးသွယ်သွယ်နှင့် လှနေသည့် မာရီကလေးကို သူတို့တစ်တွေ ဝိုင်းပြီး ပြင်ဆင်ပေးကြ၏။ ပိုလန် အမျိုးသားအရောင် ဝတ်စုံရှည်ကြီးမှာ မိန်းကလေး၏ အရှေ့ဥရောပပုံစံ ပါးရိုးမြင့်မြင့် မျက်နှာကလေးနှင့် လိုက်ဖက်လှသည်။ ရွှေရောင်ဆံပင်တွေက ပခုံးပေါ်တွင် ဝဲကျနေ၏။ ပါရီရောက် ပိုလန်ကျောင်းသားများ၏ မျက်စိထဲတွင် မာရီသည် အမိပိုလန်နိုင်ငံတော်၏ သင်္ကေတတစ်ခု ဖြစ်နေလေသည်။

မာရီနှင့် ဘရွန်ညာတို့ ညီအစ်မနှစ်ယောက်ကို ပိုလန် သံယောဇဉ် နှောင်ကြိုးတွေ ရာယောင်ချီပြီး ရစ်ပတ်ထား၏။ သည်နှောင်ကြိုးများထဲတွင် အဖေနှင့် ညီအစ်မနှစ်ယောက် အပြန်အလှန် ရေးသည့်စာတွေလည်း ပါ၏။

ခေတ်ပညာတတ် မိန်းကလေးနှစ်ယောက်တို့သည် အဖေ့ဆီ စာမှန်မှန်ရေးပြီး "အဖေ့လက်ခုံကလေးကို အနမ်းများစွာဖြင့်" ဟု အဆုံးသတ်လေ့ရှိသည်။

သူတို့ညီအစ်မ ကျင်လည်နေသည့် ပါရီဘဝကို အဖေ့ဆီသို့





အသေးစိတ် ရေးပြလေ့ရှိသည်။ ဝါဆောလက်ဖက်ရည်ကို လွမ်းကြောင်းနှင့် ပါရီတွင် ဈေးပေါပေါမီးပူကို ဝယ်သုံးနေကြောင်းများကိုတော့ သူတို့ညီအစ်မ ထည့်မရေးကြပါ။

အစ်မနှင့် ခဲအိုအိမ်တွင် နေရသည့်ဘဝမှာ မာရီအတွက် ပြုံးပျော်ကြည်နူးမှုများဖြင့် ဝေလျှံနေခဲ့ပါသည်။ သို့သော် ကျောင်းစာထဲတွင် အာရုံအပြည့် နှစ်ထား၍ မရကြောင်း မကြာခင် နားလည်လာသည်။ ခဲအိုလုပ်သူ ကစီမီယာ စန္ဒရားတီးနေလျှင် မာရီ သွား၍ မဟန့်တားရဲပါ။ ညီမျှခြင်းတစ်ခုကို အဖြေထုတ်နေစဉ် သူတို့လင်မယားလာပြီး စကားစမြည် ပြောခြင်းမျိုးကိုလည်း မာရီ လက်မခံ၍ မရပါ။ ညဉ့်နက်သန်းခေါင်တွင် တံခါးမှ ခေါင်းလောင်းကြိုးဆွဲတတ်သည့် သူတို့လူနာများကိုလည်း မာရီ မတားဆီးနိုင်ပါ။

အဆိုးဆုံးမှာ အိမ်နှင့်ကျောင်း ဝေးလွန်းခြင်း ဖြစ်၏။ ဘတ်စ်ကားခက နင့်နေအောင်ပေးရပြီး စီးရသည့်အချိန်က တစ်နာရီလုံးလုံးကြာသည်။

သုံးယောက်သား အကျေအလည် ဆွေးနွေးပြီး မာရီ့ကို ဆော်ဘွန်းတက္ကသိုလ်နှင့်နီးသည့် လက်တင်ရပ်ကွက်တွင် ပြောင်းနေဖို့ အားလုံး သဘောတူကြသည်။ စိတ်မကောင်းခြင်းများစွာဖြင့် ဘရွန်ညာတို့ တိုက်ခန်းကလေးမှ မာရီ ပြောင်းခဲ့ရသည်။ အကြင်နာတွေ၊ အားမာန်တွေ ရောပြွမ်းနေသည့် အခန်းကလေး။ သတ္တိတွေ၊ စွမ်းရည်တွေ ပြည့်နှက်နေသည့် အခန်းကလေး။ ကစီမီယာနှင့် မာရီတို့၏ ဆက်ဆံရေးမှာ ခယ်မနှင့် ခဲအိုလို မဟုတ်ဘဲ မောင်နှမ အရင်းအချာတွေလို ဖြစ်လာသည်။

မာရီ အိမ်ပြောင်းသည့်နေ့က ကစီမီယာနှင့် ဘရွန်ညာတို့ လင်



www.burmeseclassic.com

www.burmeseclassic.com



မယား လက်တင်ရပ်ကွက်သို့ ဂရှတစ်စိုက် လိုက်ပို့ကြသည်။ ဘရှန်ညာမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်နေပြီ။

*

မာရီကလေး ဆုတောင်းပြည့်ခဲ့ပြီ။ လွတ်လွတ်လပ်လပ် စာကျက်နိုင်မည့် အခွင့်အရေးကို သူကလေး အိပ်မက်မက်ခဲ့သည်မှာ ကြာခဲ့ပြီ မဟုတ်လား။

လိုချင်သည့် ဘဝကိုကား ရခဲ့ပြီ။ သို့သော် အနေအထိုင် အသုံးအစွဲကို အတတ်နိုင်ဆုံး ခြိုးခြံချွေတာ ရတော့မည်။ စုထားသည့် ငွေကလေးနှင့် အဖေ ပို့ပေးသည့်ငွေ ပေါင်းလိုက်လျှင် တစ်နေ့ကို ၃ ဖရန့်သာ သုံးနိုင်မည် ဖြစ်၏။ ၁၈၉၂ ခုနှစ် ငွေဈေးဖြင့်တွက်လျှင် တစ်လလျှင် ၁၈ ဒေါ်လာမျှသာ ဖြစ်သည်။

သည်ရပ်ကွက်တွင် ပိုလန်ကျောင်းသူ ကျောင်းသားတို့ တစ်ခန်းတွင် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ ပေါင်းနေကြ၏။ ပေါင်းစားကြ၏။

မာရီသည် လွတ်လပ်ငြိမ်သက်မှုကို အပြည့်အဝ ခံစားကျေနပ်နေ၏။ ကျောင်းစာတွင် နစ်မြုပ်နေသဖြင့် အခြားဝေယျာဝစ္စတွေကို လုံးဝသတိမရနိုင်အောင် ဖြစ်နေ၏။ ဘရှန်ညာလို အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ မလုပ်တတ်သဖြင့် သူနေသည့် အခန်းကလေးမှာ ရှုပ်ပွနေ၏။ ပိုလန်ကျောင်းသား အသိုက်အဝန်းတွင် 'မာရီတစ်ယောက် စွပ်ပြုတ်ကို ဘာနဲ့ပြုတ်ရတယ် ဆိုတာတောင် မသိဘူး' ဟု နာမည်ထွက်နေ၏။

မာရီ သိချင်စိတ်လည်း မရှိပါ။ ဟင်းချိုတစ်ခွက်ချက်ဖို့ အချိန်ကို ရူပဗေဒတစ်မျက်နှာ ကျက်ပစ်လိုက်မည်ပေါ့။ လောကတွင် အစား





အသောက် ကောင်းဖို့၊ အနေအထိုင် သက်သောင့်သက်သာရှိဖို့ အဓိက မဟုတ်ဟု မာရီက အခိုင်အမာ ယုံကြည်လေသည်။ ထိုအခါ မိန်းကလေးသည် ထူးထူးဆန်းဆန်းနှင့် တစ်ယူသန်ကလေးလို ဖြစ်လာ၏။

တစ်လလျှင် ၁၅ ဖရန့်ပေးရသည့် မာညာ့အခန်းမှာ ခြောက်ထပ်တိုက် အပေါ်ဆုံးမှ အထပ်ခိုးကလေး ဖြစ်၏။ ပြတင်းပေါက် တစ်ပေါက်သာ ပါသည်။ အမိုးနှင့် ကပ်နေသဖြင့် ပြတင်းပေါက် အပေါ် ထုပ်တန်းက ပန်းဆွဲနှင့် မျဉ်းပြိုင်ခပ်စောင်းစောင်း။

အပူပေး အနွေးပိုက် မရှိ၊ မီး မရှိ၊ ရေ မရှိ။သံခေါက်ခုတင်လေး တစ်လုံးပါသည်။ ပြီးတော့ စားပွဲတစ်လုံး၊ မီးသွေး မီးဖိုတစ်ခု၊ ကုလားထိုင် တစ်လုံး၊ လက်ဆေးကန့်တစ်ခု၊ ရေနံဆီမီးအိမ်ကလေးတစ်ခု၊ ရေချိုင့် တစ်လုံး၊ (ရေကို အောက်ထပ် လှေကားနားတွင် ဆင်းခပ်ရ၏။) ချက်ဖို့ ပြုတ်ဖို့ အရက်ပျံမီးဖိုကလေးတစ်ခု၊ ပန်းကန်နှစ်ချပ်၊ ဇွန်းခက်ရင်းတစ်စုံ၊ လက်ဖက်ရည်ပန်းကန် တစ်ခွက်၊ ဒယ်အိုးတစ်လုံး။ နောက်ဆုံး ရေနွေးကရားတစ်လုံးနှင့် ဖန်ခွက်သုံးလုံး၊ အစ်မနှင့်ခဲအို လာလျှင် ပိုလန်ထုံးစံအရ လက်ဖက်ရည်တိုက်ရသည်။

သူတို့နှစ်ယောက် လာကြည့်လျှင် အဝတ်ဗီရိုအဖြစ် အသုံးပြုသည့် ကျွန်းသေတ္တာကို ခုတင်အောက်မှ ဆွဲထုတ်ပြီး ထိုင်စေသည်။

မီးသွေးကို တတ်နိုင်သမျှ နည်းနည်းချင်းပဲ ဝယ်ထားသည်။ တစ်ဆောင်းစာအတွက် တစ်အိတ်၊ နှစ်အိတ်ပဲ ဝယ်နိုင်သည်။ မြေညီထပ်မှ သူ့အခန်းကလေးထဲရောက်အောင် ခြင်းတစ်လုံးဖြင့် ခွဲသယ်ရသည်။ အထပ်တိုင်း အထပ်တိုင်းတွင် အသက်ရှူဖို့ နားရသည်။

သို့သော် အိမ်မှုကိစ္စတွင် အမေ့မေ့ အလျော့လျော့ ရှိတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



မာညာသည် မီးသွေးမီးဖိုတွင် မီးမွှေးဖို့ ခဏခဏ မေ့တတ်သည်။ ရေနံဆီဖိုးကိုလည်း ချွေတာသည်။ ဓာတ်ငွေ့မီးပွင့်ရှိသည့် စိန့်ဂျနီဗေး စာကြည့်တိုက်တွင် ည ဆယ်နာရီ တံခါးတွေ ပိတ်ချိန်အထိ စာသွားကျက်သည်။

အခန်းပြန်ရောက်လျှင် ရေနံဆီမီးအိမ်ကလေးထွန်းပြီး ဆက်ထိုင်သည်။ မနက် နှစ်နာရီထိုးမှ စာအုပ်ကို ပစ်ချပြီး ခုတင်ပေါ်သို့ ပစ်လှဲတတ်၏။

အအေးဒဏ်နှင့် ဆာလောင်မွတ်သိပ်မှုဒဏ်ကို မာရီ မသိကျိုးကျွန် ပြုထားခဲ့။ ညီမျှခြင်းတွေ ရေနေရင်း လက်တွေ ထုံကျဉ်လာသည်ကို သတိမထားမိ။ တစ်ပတ်လုံးလုံး ပေါင်မုန့်ထောပတ်သုတ်နှင့် လက်ဖက်ရည်မှလွဲပြီး ဘာမျှ မစားမိသည့် ကာလများရှိသည်။

စားချင်သောက်ချင်စိတ် ရှိလာလျှင် မုန့်ဆိုင်ဝင်ပြီး ကြက်ဥနှစ်လုံးလောက် ဝယ်စားသည်။ မဟုတ်လျှင် ချောကလက်တစ်ချပ်နှင့် သစ်သီးများ ဝယ်ပြန်လာတတ်သည်။

ဝါဆောမှ ထွက်လာစဉ်က ကျန်းကျန်းမာမာ ပြည့်ပြည့်ဖြိုးဖြိုး ရှိခဲ့သည့် မိန်းကလေးသည် ယခုလို အစားအသောက် ချို့တဲ့လာသော အခါ သွေးအားနည်းလာတော့သည်။

စာကြည့်စားပွဲမှ ထလိုက်လျှင် ခေါင်းထဲတွင် တရိပ်ရိပ်ဖြစ်ပြီး လဲကျမသွားခင် အိပ်ရာဆီအရောက် ယိုင်တိုင်ယိုင်တိုင်နှင့် သွားရသည်မှာ မကြာမကြာ။

သည်လိုဖြစ်လျှင် ငါ နေမကောင်းဖြစ်နေပါလားဟု အသိဝင်၏။ သို့သော် သက်သာသွားသည်နှင့် မသိကျိုးကျွန် ထားလိုက်ပြန်သည်။ သူ့ရောဂါမှာ အစာရေစာ ဝဝလင်လင် မစားရ၍ ဖြစ်လာကြောင်းကို





သူ လုံးဝ မစဉ်းစားမိ။

အစ်မလုပ်သူအိမ် ရောက်လို့ သူတို့လင်မယားက ပူပူပင်ပင်မေးလျှင်၊ မာရီက ဘာမျှ အလေးမထားဘဲ ဘရွန်ညာ့ သမီးကလေးနှင့် ဆော့နေလိုက်၏။ တူမလေးကိုတော့ မာရီ သိပ်ချစ်သည်။

တစ်နေ့တွင်တော့ သူငယ်ချင်းများ ရှေ့တွင်ပင် မာရီ မေ့မြောလဲကျသွားသည်။ အားလုံး ပျာပျာသလဲဖြစ်ပြီး ဘရွန်ညာတို့ လင်မယားကို အကြောင်းကြားသည်။ နောက်နှစ်နာရီအကြာတွင် ခဲအို ဒေါက်တာကစီမီယာသည် ခယ်မကလေးနေသည့် အထပ်ခိုးဆီသို့ ဒုန်းစိုင်း ပြေးတက်လာသည်။

မာရီကို စစ်ဆေးပြီးသည်နှင့် ကစီမီယာက အခန်းကို လျှောက်ကြည့်သည်။ ဒယ်အိုးထဲတွင် ဘာမျှမရှိ။ အခန်းထဲတွင် စားစရာဆို၍ လက်ဖက်ခြောက်ထုပ် တစ်ထုပ်ပဲတွေ့သည်။ ဆရာဝန် ချက်ချင်း သဘောပေါက်သွား၏။

'ဒီနေ့ ဘာစားထားလဲ'

'ဒီနေ့လား . . နေ့လယ်စာ စောစောကပဲ စားတယ်လေ'

'ဘာစားသလဲ မေးတာ'

ဒေါက်တာက ခပ်မာမာလေသံဖြင့် ထပ်မေးသည်။

'ချယ်ရီသီး နည်းနည်း၊ ဟိုဟာနည်းနည်း . . သည်ဟာ နည်းနည်းပေါ့'

ခဲအို ကစီမီယာက ပုလိပ်စစ်စစ်တော့ မနေ့ညနေကတည်းက ခုချိန်ထိ ချယ်ရီသီးပေါင်ဝက်နှင့် မုန်လာဥဖြူ နည်းနည်းသာ စားထားကြောင်း ဝန်ခံလိုက်ရတော့သည်။ ပြီးခဲ့သည့်ညက မနက်သုံးနာရီအထိ



www.burmeseclassic.com

www.burmeseclassic.com



စာထိုင်ကျက်၏။ အိပ်ချိန် ၄ နာရီသာ ရသည်။ အိပ်ရာမှ နိုးတော့ ကျောင်းတက်သည်။ ကျောင်းမှ ပြန်လာတော့ မုန်လာဥ လက်ကျန် ကလေး စားသည်။ နောက်ပိုင်းတွင် မေ့လဲသွားခြင်း ဖြစ်၏။

ဆရာဝန် စိတ်မထိန်းနိုင်အောင် ဒေါသထွက်နေ၏။ မာရိက ခဲအိုလုပ်သူကို အလွန်ပင်ပန်းနေသော၊ တစ်မြို့တည်းတွင် အပြစ်ကင်း စင်စွာ ကျေနပ်ပျော်ရွှင်နေသော မျက်လုံးအစုံဖြင့် ပြန်ကြည့်နေသည်။ ညီမလေးကို ဂရုမစိုက်မိသည့်အတွက် ကစီမီယာက သူ့ကိုယ်သူလည်း ဒေါသဖြစ်နေ၏။

ဘာမှမပြောဘဲ မာရီ့ဦးထုပ်နှင့် ကုတ်အကျီကို ကမ်းပေးလိုက် သည်။ ပြီး စာအုပ်တွေနှင့် လိုအပ်သည့် စာရွက်စာတမ်းတွေအားလုံး ယူခဲ့ဖို့ အမိန့်ပေးလိုက်သည်။ ပြီးသည်နှင့် မာရီ့ကို သူတို့အခန်းသို့ ပြန်ခေါ်သွားတော့၏။

ဤသို့ဖြင့် မာရိတစ်ယောက် ဘရွန်ညာတို့ အိမ်သို့ ပြန်ရောက် ခဲ့ရသည်။ ဆေးတွေ အဆက်မပြတ် သောက်ခိုင်း၏။ ပြီးတော့ အစား အစာတွေ ဖိကျွေး၏။ ရောမ အမဲနှပ်တုံးကြီးတွေနှင့် အာလူးကြော်တွေ မုန်းအောင် စားရ၏။

ဘရွန်ညာက စာကျက်ချိန်ကို ကန့်သတ်ပေး၏။ အချိန်တန် လျှင် မီးလာပိတ်သည်။

ရက်သတ္တပတ်ပေါင်းများစွာ ဆရာဝန်လင်မယား၏ ဂရုတစိုက် ကျွေးမွေးကုသမှုအောက်တွင် နေရသဖြင့် မာရိတစ်ယောက် အရင် အတိုင်း ပြန်ဖြစ်လာသည်။ လုံး၀ ကျန်းမာလာ၏။ အားပြန်ပြည့်လာ၏။

သို့သော် မာရီအား လွှမ်းမိုးနေသည့် စာမေးပွဲကြီးက နီးလာပြီ





ဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါမည်ဟု ကတိပေးပြီး အခန်းကလေး ဆီသို့ ပြန်ခဲ့သည်။

နောက်နေ့မှစပြီး မာရိသည် ပုံမှန်အတိုင်း ပြန်လည်လှုပ်ရှား ပြန်လေသည်။

*

အလုပ်တစ်ခုပြီးလျှင် တစ်ခု၊ ပြီးလျှင် နောက်တစ်ခု၊ မိမိ၏ တိုးတက်မှုကို အားရပြီး လူ့လောကတွင် စူးစမ်းရှာဖွေစရာ ရှိသမျှ အရာအားလုံး လေ့လာ ကျက်မှတ်ရမည်ဟု မာရီ စိတ်ထဲ ထင်နေ၏။

သင်္ချာ၊ ဓာတုဗေဒ နှင့် ရူပဗေဒ အတန်းများကို မပြတ်တမ်း တက်သည်။ ဓာတ်ခွဲခန်းနှင့် ပို၍ အကျွမ်းတ၀င် ဖြစ်လာ၏။ သိပ္ပံ စမ်းသပ်မှု မှန်သမျှအားလုံး ကွက်တိဖြစ်လာ၏။ သူ့ ပင်ကိုဓာတ်ခံအတိုင်း စူးစူး စိုက်စိုက် ဖြစ်လာပြီဆိုလျှင် ခေါင်မကြား၊ အော်မကြား ဇာတိရုပ်သွင် ပြန်ပေါ်လာသည်။ အသေးစား ကိုယ်ပိုင် သုတေသန လုပ်ငန်းကလေး များ လုပ်ရသည့်အခါ ပိုဆိုးသည်။

တိတ်ဆိတ်စွာ စဉ်းစားတွေးခေါ်ရသည့် ဓာတ်ခွဲခန်းဝန်းကျင် ကို မာရီ စွဲစွဲလမ်းလမ်း ချစ်နေမိသည်။ မာရီ့အတွက် ဓာတ်ခွဲခန်းလောက် ပျော်စရာကောင်းသည့် နေရာသည် မရှိနိုင်တော့ပြီ။

ဓာတ်ခွဲခန်း၀တ်ရုံကြီး ၀တ်ထားသည့်အခါ နံဘေးမှ ကျောင်း သားများနှင့် ခွဲမရအောင် ဖြစ်သွားသည်။ ကိုယ့်အလုပ်နှင့်ကိုယ် စားပွဲရှည် ကြီးများတွင် ငုံ့ပြီး အလုပ်ရှုပ်နေကြ၏။ ဘယ်သူမှ စကားမပြောကြ



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မာရီထံမှ ဘာလေသမ်မှ မကြားရ။ အကြောင်းမဲ့ စကားပြော ခဲ့လှသည်။

မာရီသည် ရှက်တတ်သူဖြစ်ခြင်းကြောင့် အပေါင်းအသင်း နည်းသော်လည်း လူ့အသိုက်အဝန်းကိုကား ရှောင်ရှား၍ မရပေ။ပြင်သစ် ကျောင်းသားများက မိမိအား တဖြည်းဖြည်းနှင့် တလေးတစား ခင်မင်ချင် ကြကြောင်း တွေ့လာသည်။ ခင်မင်ချင်ရုံမက ထို့ထက်ပိုသော ဆက်ဆံ ရေးမျိုးကို မျှော်လင့်သူများ ရှိလာသည်။ မာရီက ချစ်စရာကောင်းသူလေး မဟုတ်လား။

မာရီ့သူငယ်ချင်း မဒမ်မွိုင်ဇယ်လ်ဒိုဒိုင်စကာ သည်လည်း ချောမောလှပပြီး အစ်ကိုကာလသားတို့ကို ရင်ခုန်စေသော အလှပိုင်ရှင် ဖြစ်လေသည်။ သူက မာရီ့ကို ထိတ်ထိတ်ကြ ဖြစ်လာမည်ဟု ယုံကြည်နေ သူ ဖြစ်၏။ မာရီ၏ ရဲဘော်ရဲဘက် တိုးတိုးဖော်အဖြစ် တာဝန်ယူထားသူ လည်း ဖြစ်၏။

တစ်နေ့တွင် မာရီ့ကို ရိသဲ့သဲ့လာလုပ်သည့် ကျောင်းသားတစ် သိုက်ကို ထီးနှင့် ရိုက်မည်တကဲကဲလုပ်ပြီး ခြောက်လှန့်လွှတ်သည်။

သို့သော် သူနှင့်ပင်လျှင် မာရီက သိပ်ဖက်လဲတကင်း မနေ၊ ခပ်ခွာခွာသာ ပေါင်းသည်။ သူ့တွင် သူငယ်ချင်း အပေါင်းအသင်းအတွက် အချိန်မပေးနိုင်ပါ။ ချစ်သူထားဖို့ ဆိုသည်မှာ ဝေးလာဝေး။

သူ့ချစ်သူမှာ သင်္ချာနှင့် ရူပဗေဒသာ ဖြစ်သည်။ အခြား လိုအပ် သမျှကိုလည်း မာရီက စနစ်တကျ စိတ်ရှည်လက်ရှည် ဖြစ်အောင်လုပ် သည်။ ပြင်သစ်စကားကို ပြင်သစ်မလေးတစ်ယောက်လို ပြောနိုင်အောင် လေ့ကျင့်သည်။ သို့သော် လျှာလိပ်သံကလေးတော့ နည်းနည်းကျန်နေ





သေး၏။ ချိုမြမြ အသံကလေးနှင့်မို့ တစ်မျိုးနားထောင်ကောင်းသလို ဖြစ်နေ၏။

တစ်လလျှင် ရှုဘယ်လေးဆယ် ရနေပြီမို့ ဝဝလင်လင် စားနိုင် သောက်နိုင်လာသည်။ ရံခါတွင် အချို့ကိစ္စများအတွက် ချွေတာပြီး ညပိုင်း ရုပ်ရှင်ကလေး ဘာလေးပင် ကြည့်နိုင်လာသည်။ တောပိုင်းသို့ လေ့လာ ရေး ခရီး ထွက်နိုင်လာသည်။

သည်လိုနေ့မျိုးတွင်တော့ တောထဲက ခူးလာသည့် ပန်းပွင့်များ ဖြင့် သူ့စားပွဲကလေးမှာ လှဝေဆာ နေတတ်သည်။ ပိုလန်တောပိုင်းတွင် ညီအစ်မများနှင့် နေခဲ့ရသည့် ဘဝကို မာရီ မမေ့နိုင်ပါ။

ရွှတ်ဟောင်းကြွေလို့ ရွက်သစ်ဝေချိန်ကို သတိနှင့် စောင့်နေ တတ်၏။ အချိန်ရလျှင် ရသလို တောထဲသွားဖို့ စိတ်ကူးတတ်သည်။

*

စာမေးပွဲကြီး ဖြေဆိုရမည့် ဂျူလိုင်လမှာ ပူပြင်းလှသည်။ ရင်တုန်ချင်စရာ ကောင်းလှသည့် နံနက်ခင်းများတွင် နတ်ကြီးလှသော စာမေးပွဲခန်းထဲသို့ ဝင်ရသည့်အခါ ဖျားချင်သလိုလို ဖြစ်နေ၏။ စာမေးပွဲခန်းထဲတွင် မာရီ သည် အခြားကျောင်းသား သုံးဆယ်နှင့်အတူ စိတ်တွေ အရမ်း လှုပ်ရှား နေ၏။ ဘဝကို အဆုံးအဖြတ်ပေးမည့် မေးခွန်းများသည် မျက်စိရှေ့တွင် ပြေးလွှား ကခုန်နေသည်။

မကြာပါချေ။ အောင်စာရင်းများကို အမှတ်စဉ်အလိုက် အခုံ အညား ကြေညာမည့်နေ့သို့ ရောက်ခဲ့လေသည်။ ပြိုင်ဘက် ကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေ၊ မိဘ်ားစုတွေ တိုးဝှေ့ဝင်ကြည့်နေကြသော ဘဲဥပုံခန်းမ ဆောင်ကြီးထဲသို့ မာရီ အသာကလေး ဝင်လာခဲ့၏။

အောင်စာရင်း ကြေညာတော့မည့်အကြောင်း ပြောတော့အခန်းထဲတွင် ရုတ်ခြည်းတိတ်ဆိတ်သွားသည်။ အပ်ကျသံကိုမျှ ကြားရလောက်အောင် ငြိမ်ကျသွား၏။ တဒင်္ဂအတွင်း မိမိနာမည်ကို ပထမဆုံး ကြေညာသံ ကြားလိုက်ရ၏။

"မာရီစကလိုဒေါ့စကာ"

၁၈၉၃ ခုနှစ်၊ မဟာသိပ္ပံတန်း၊ ရူပဗေဒတွင် ပထမ ရခဲ့လေပြီ။

အလုအယက် ဝိုင်းဝန်းချီးကျူး ဂုဏ်ပြုနေကြသည့် ကျောင်းသားအုပ်ကြီးထဲမှ အတင်းလစ်ထွက်ခဲ့ရသည်။ ဤသို့ဖြင့် ကျောင်းပိတ်ရက်ကို ရောက်ခဲ့လေသည်။ ပိုလန်ကို ပြန်ရတော့မည်။ အိမ်ကို ပြန်ရတော့မည်။

မာရီသည် ဘဝတူ ကျောင်းသားများ၏ ရွာအပြန် ပုံသဏ္ဌာန်ကို ဂရုတစိုက် လေ့လာကြည့်မိသည်။ အားလုံး ဆင်းဆင်းရဲရဲ ပိုလန်ကျောင်းသူ ကျောင်းသားများချည်း ဖြစ်ကြောင်း တွေ့ရ၏။ မာရီက သူ့ပရိဘောဂကလေးများကို ပိုလန်ကျောင်းသူတစ်ယောက်ထံတွင် အပ်နှံထားခဲ့၏။ သူ့အခန်းကလေးကို သေသေသပ်သပ် လှည်းကျင်းပြီး လမ်းခရီးအတွက် စား စရာ သောက်စရာများ ဝယ်သည်။

ပိုသည့် ပိုက်ဆံကလေးကို ရေတွက်ပြီး ခေါင်းစီးပဝါကလေးများနှင့် လိုအပ်သည့်ပစ္စည်း အတိုအထွာကလေးများဝယ်ဖို့ စတိုးဆိုင်တစ်ဆိုင်သို့ ထွက်ခဲ့သည်။

ကျောင်းပိတ်လို့ ရွာအပြန်တွင် အိတ်ထဲ ပိုက်ဆံချန်ထားလျှင် ရှက်စရာဟု မာရီ ထင်၏။ ရှိသမျှအားလုံး မိသားစုအတွက် လက်ဆောင်





ပစ္စည်းတွေ ဝယ်သွားရမည်။ ရထားပေါ် တက်လျှင် တစ်ပြားမျှ မကျန်ချင်နေပေစေပေ့။

ခရီးအဆုံးတွင်တော့ ရင်းနှီးကျွမ်းဝင်ပြီးသား အမိုးနှင့်အကာနှင့် အိမ်ကလေးရှိသည်။ အစားအသောက်ကို အလျှံပယ် စားနိုင်သည့် အိမ်ကလေး။ ပြီးတော့ နောက်တစ်နှစ် ပါရီတွင် ဝတ်ဖို့ အကြွေအနုပ်ကလေးများ ပေးရုံမျှဖြင့် ပြီးသည့် စက်ချုပ်သမလည်း ရှိသည်။ နိုဝင်ဘာလတွင် သင်္ချာ မဟာသိပ္ပံဘွဲ့ယူဖို့ ဆော်ဘွန်းတွင် တစ်နှစ်ပြန်တက်ရဦးမည်လေ။

ဝါဆောတွင် ပြန်နေရသည့် တစ်နွေလုံး မာရီ အစားအသောက်တွေ ဖိစားသည်။ ပါရီမှ ပိန်ချုံးပြန်လာသဖြင့် သည်လောက် အပင်ပန်းခံရပါမည်လားဆိုပြီး အားလုံးက ဝိုင်းအပြစ်တင်သည်လေ။

နွေရာသီကုန်ဆုံးချိန် နီးလာတော့ မာရီ စိုးရိမ်စိတ်တွေ ပြန်ဝင်လာသည်။ လာမည့်နှစ် ကျောင်းစရိတ်အတွက် မည်သို့ စီစဉ်ရပါမည်လဲ၊ စုထားသမျှ မိမိပိုင် ရူဘယ်အားလုံး ပြောင်တလင်း ခါသွားပြီ။

အဖေက သူ့စုဆွေကလေးထဲမှ ဖဲ့ပေးဦးမည်ဆိုတော့ မာရီ တစ်ယောက် မပျော်နိုင်ဘဲ အဖေကို မျက်နှာပူနေသည်။ နောက်ထပ် မဟာဘွဲ့တစ်ခုအတွက် စိတ်လျှော့တော့မည့်ဆဲဆဲတွင် မယုံကြည်နိုင်စရာ အဖြစ်အပျက်နှင့် ကြုံရသည်။

မိမိအား ဝိုင်းဝန်းချဉ်းကပ်ကြသည့် ကျောင်းသားများကို ထီးတစ်လက်ဖြင့် အကာအကွယ် ပေးခဲ့သည့် ဒိုဒိုင်စကာ တစ်ယောက် မာရီ ပညာသင်ဆုရသည် ကြားသဖြင့် ဝါဆောတွင် ဆွေ့ဆွေ့ခုန် ဝမ်းသာနေ၏။

အလက်ဇန်ဒရိုဗစ်၌ ပညာသင်ဆုကို မာရီ ဆွတ်ခူးနိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားတွင် ကျောင်းဆက်တက်ချင်သည့် အမှတ်အများဆုံးရ ကျောင်းသူကျောင်းသားများအား ပေးသော ပိုလန်နိုင်ငံ၏ အဆင့်မြင့် ပညာသင်ဆု ဖြစ်၏။

ရှဘယ် ၆၀၀ ကြီးများတောင်ရမည် ဆိုပါလား။ ၁၅လ အတွက် လုံလောက်သည့် ငွေပမာဏ ဖြစ်သည်။ သည်အခွင့်အရေး မရလျှင်လည်း ဘယ်သူ့ဆီကမှ မာရီ လတ်ဖြန့်တောင်းခံလိမ့်မည် မဟုတ်ပါ။

အပျော်ကြီးပျော်ကာ ပါရီသို့ မာရီ ပြေးချလာခဲ့သည်။ ဆော်ဘွန်း ပရိဝုဏ်ထဲသို့ မြူးမြူးကြွကြွကလေး ပြန်ဝင်လာခဲ့၏။ ရောက်စ နှစ်တုန်းက မယ်သစ်လွင်တလေးလို ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်နေ၏။

သို့သော် စာသင်နှစ် ကုန်ချိန်တွင် မာရီ့ခန္ဓာကိုယ်ကလေး ပိန်ကျသွားပြန်၏။ စာမေးပွဲကြီးတွင် မဟာသိပ္ပံ သင်္ချာစာမေးပွဲ ထပ်အောင်ပြန်သည်။

မာရီက ပညာလောဘကြီးသူ ဖြစ်၏။ နောက်တစ်နှစ် ပညာသင်ဆုကို ဆက်ယူပြီး ကျောင်းဆက်တက်သည်။ ရှဘယ် ၆၀၀ ထပ်ရသည်။ နိဗ္ဗာန်ဟု သူထင်သည့် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများထဲတွင် တစ်နှစ်ဆက်နေသည်။ ပညာရှာရာတွင် လောဘကြီးသလို အလုပ်လုပ်ရာတွင်လည်း လုံ့လကြီးသူ မာရီသည် မိမိပညာဖြင့် ဝင်ငွေရလာသည်။

ပထမဆုံးရသည့် ဝင်ငွေထဲမှ ရှဘယ် ၆၀၀ ကို စုထားပြီး အလက်ဇန်ဒရိုဝစ်၍ ပညာရေး ရန်ပုံငွေအဖွဲ့သို့ ပြန်လှူသည်။ ရန်ပုံငွေအဖွဲ့အနေဖြင့် ဘယ်တုန်းကမျှ သည်လိုတဲ့ပြန်မှုမျိုး မရရှိခဲ့ဖူးပေ။





မာရီ့အနေဖြင့် သည်ပညာသင်ဆုကို လက်ခံရယူခဲ့ခြင်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အမှတ်လက္ခဏာ ဖြစ်လေသည်။ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ဖြင့် သည်ဆုကို လက်ခံခဲ့ခြင်း ဖြစ်၏။ သည်ငွေကို ပြန်မဆပ်ဘဲနေလျှင် မိမိအနေဖြင့် မရိုးမသား သုံးစွဲထားသလိုဖြစ်မည်။ ထို့ကြောင့် ဝင်ငွေ ရလျှင်ရချင်း ပထမဆုံး လုပ်ရမည့်အလုပ်မှာ ပညာသင် ထောက်ပံ့ကြေးငွေတွေကို အဖွဲ့သို့ ပြန်သွင်းမည်။ ဤနည်းဖြင့် မိမိနှင့် ဘဝတူ ဆင်းရဲသား ကျောင်းသူကျောင်းသားများ နိုင်ငံခြားတွင် ဆက်လက် ပညာသင်ခွင့် ရကြစေရမည်။

အစ်ကိုဂျိုးဇက်ဆီသို့ ၁၈၉၄ ခုနှစ်တွင် ရေးသည့် စာထဲတွင်-

"ဘဲ့လွန်သင်တန်းတစ်ခုခု ထပ်တက်ပြီး ဘွဲ့ယူစာတမ်း တင်စေချင်တယ်။ သည်အတိုင်း ဆက်သွားလို့ကတော့ မာရီတို့ဘဝ ဘာမှ သိပ်ထူးခြားလာမှာ မဟုတ်ဘူး။ မာရီတို့ မောင်နှမတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိကြရမယ်။ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးရမယ်။ ပါရမီတစ်မျိုးမျိုး ကိုယ်စီရှိကြတယ်လို့ ယုံကြည်ထားရမယ်။ အဲဒီယုံကြည်ချက်အတိုင်း ဘယ်လောက် အရင်းအနှီးများများ ဖြစ်အောင် လုပ်ယူရမယ်။"

မေမေက သူ့ဘဝရဲ့ မှတ်စုစာအချို့နှင့် ပတ်သက်၍ သူ အလွန်သဘောကျသည့် တစ်ခုတည်းသော သူ့ဓာတ်ပုံကိုကြည့်ပြီး စိတ်လိုလက်ရ ပြောပြသည့်အခါများ ရှိခဲ့ပါသည်။ ရယ်စရာ၊ ပြုံးစရာတွေလည်း ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံမှာ စူးရှရဲရင့်သည့် မျက်လုံးများနှင့် ဆုံးဖြတ်ချက် ပြင်းပြသည့် မေးရိုးများပိုင်ရှင် ကျောင်းသူတစ်ဦး၏ပုံ ဖြစ်ပါသည်။ ကျွန်မ၏ မေမေသည် ဘဝအထွေထွေထဲမှ ဆင်းဆင်းရဲရဲ နေခဲ့ရသည့် ကဏ္ဍများကို ပို၍ တန်ဖိုးထားသည်ဟု ကျွန်မ ခံစားမိပါသည်။

အောင်မြင်မှု ပန်းပွင့်များကို ဆွတ်ခူးချိန်များသည် မာရီကျူရီ၏ ဘဝတွင် အပျော်ရွှင်ဆုံး နေ့ရက်များ မဟုတ်ခဲ့သော်လည်း မာတ်ပုံထဲမှ မျက်လုံးအစုံက ကျေနပ်မှု၊ လေးနက်မှုကို ပြနေ၏။ ငယ်ရွယ်စဉ်က စာသင်ခန်းထဲတွင် အချိန်ကုန်ကြရသဖြင့် ပျော်ရွှင်ချိန် မရလိုက်သော်လည်း အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျပြီး သားသမီးတွေ ပွားစီးလာလျှင် အဓိပ္ပာယ်ရှိသည့်၊ ပျော်စရာကောင်းသည့် ဘဝကို ရယူ ပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါ၏။

ဆင်းရဲသော်ငြားလည်း အနှစ်သာရပြည့်ဝသည့် အချိန်ပိုင်းများကို မာရီ တန်ဖိုးထားသည်။ သည်ကာလ အပိုင်းအခြားကို ဘဝတွင် အမြင့်မြတ်ဆုံး၊ အဖြူစင်ဆုံး၊ ပျော်စရာ အကောင်းဆုံးဟု ထင်သည်။

နေ့စဉ်နေ့တိုင်း ပျော်စရာ၊ ရွှင်စရာများဖြင့် ကြုံရ ဆုံရသည်တော့ မဟုတ်ပေ။ သည်နှစ် အအေးဒဏ်က ဆိုးဆိုးရွားရွား ပြင်းထန်လှသည်။ ဝယ်ထားသည့်မီးသွေး ကုန်သွားသဖြင့် အထပ်ခိုးကလေးမှာ ရေခဲတိုက်ကလေးလို မခံနိုင်အောင် အေးလာသည်။ အိပ်၍ မပျော်နိုင်လောက်အောင် ပါရီဆောင်းက မာရီကို အစွမ်းပြနေ၏။ မေးခိုက်ခိုက်တုန်နေသဖြင့် ဘယ်လိုမှ အိပ်ဖို့ မစဉ်းစားနိုင်။

သို့သော် ပိုလန်သူကလေးက ပြင်သစ်ဆောင်းဒဏ်ကို အန်တုတိုက်ခိုက်လေသည်။ နိုင်နိုင်ပါမည်လား။





မီးအိမ် ထထွန်းသည်။ သေတ္တာဖွင့်ပြီး ရှိသမျှ အဝတ်တွေထုတ်ကာ အထပ်ထပ်ဝတ်သည်။ အိပ်ရာထဲ ပြန်လှဲပြီး အခြားအဝတ်တွေ ခေါင်းပေါ်က ထပ်ဖိသည်။ အတွင်းခံတွေပါမကျန် ထုပ်ပိုးပြီး ကိုယ်ပေါ်တွင် ဖိထားခြင်း ဖြစ်၏။

သို့သော် ရိုးတွင်းခြင်ဆီအထိ ခိုက်သည့် အအေးဒဏ်ကို မကာကွယ်နိုင်။ ဤတွင် မာရီက ကုလားထိုင်တစ်လုံးကို ကိုယ်ပေါ်လှဲချပြီး၊ အခြားတောက်တိုမည်ရ ပစ္စည်းတွေ ကုလားထိုင်ပေါ်တင်ပြီး ထပ်ဖိသည်။ ကိုယ်ပေါ်တွင် အလေးချိန် ထပ်တိုးလာလျှင် အနွေးဓာတ်များ ရလာမလားဟူသည့် အတွေးဖြင့်။

လုံးဝ မလှုပ်မယှက်ဘဲ အိပ်ပျော်ဖို့ ထပ်ကြိုးစားသည်။ ကိုယ်ပေါ်တွင်တော့ ပစ္စည်းတွေ အမှိုအမောက်၊ အပြည့်အလျှံ။ သို့သော် အိပ်ပျော်ခြင်းကား မျက်တောင်များပေါ်သို့ ရောက်မလာပါ။ ထိုအချိန်တွင် ရေကရားထဲမှ အပေါ်ယံ ရေပြင်လွှာမှာ ခဲစ ပြုနေပြီ။

*

မာရီက အချစ်နှင့် အိမ်ထောင်ရေးကို သူ့ဘဝ စီမံချက်ထဲ မထည့်သေးဘဲ ဘေးဖယ်ထားသည်။ မွန်စီယာဇက် မိသားစု၏ ချွေးမ အဖြစ် ငြင်းပယ်ခံရပြီး နောက်ပိုင်းတွင် တန်းမတူသည့် ယောကျ်ားသားတို့၏ အချစ်နှင့် သစ္စာတရားကို ဆင်းရဲသူ မိန်းကလေးများ မရရှိနိုင်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထားလိုက်သည်။

ဘဝတစ်ကွေ့တွင် အထိနာခဲ့ပြီး စိတ်ဓာတ်အကျကြီး ကျခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် အဖြစ်။ သည်နောက်ပိုင်းတွင်တော့ မာရီတစ်ယောက် အချစ်ကို မယုံကြည်တော့။ တစ်ပြိုင်တည်းတွင် နာကြည်းခံပြင်းမှုလည်း မရှိတော့ဘဲ သီးသန့်ကမ္ဘာလေးတစ်ခု တစ်ကိုယ်တည်း တည်ဆောက်ထားခဲ့သည်။ ယင်းကမ္ဘာကလေးထဲတွင် သိပ္ပံပညာ ရှိသည်။ မိသားစု ရှိသည်။ ငြိမ်းတော့ချစ်သော အမိပိုလန်နိုင်ငံ ရှိသည်။ အခြား ဘာမျှမရှိ။

သည်လို ဘဝ ပုံးလွန်းအိမ်ကလေးကို တည်ဆောက်ပြီး ပါရီတွင် တစ်ယောက်တည်း ရပ်တည်နေခဲ့သည့် ၂၆ နှစ်အရွယ် မိန်းမချောကလေးသည် တက္ကသိုလ် ပရိဝုဏ်တွင် အချစ်ကို ရှောင်နိုင်ခဲ့၏။

ကိုယ်ပိုင် ပြဋ္ဌာန်းထားသည့် ဘဝဥပဒေသများနှင့် ခါးသီးသောအတွေ့အကြုံများကြောင့် မာကျောတောင့်တင်းကာ တစ်ကိုယ်တည်းဘဝဖြင့် အခိုင်အမာ နေနိုင်ခဲ့လေသည်။

အရှက်အကြောက် ကြီးသလို မာနလည်းကြီးသော ပိုလန်သမကလေးသည် ဘဝကို အလုပ်ထဲတွင် လုံး၀ မြှုပ်နှံထားသောအခါ ဘယ်သူမျှ မအံ့သြတော့ပေ။ သို့သော် သိပ္ပံပညာရှင် လူငယ်တစ်ဦးတစ်ယောက်က ထိုမိန်းကလေးကို မသိစိတ်ဖြင့် စောင့်စားနေခြင်းကမူ အံ့သြစရာအတိဖြစ်လေသည်။

မာရီက ဆော်ဘွန်းကို သွားပြီး ပညာသင်ဖို့ ဝါဆောတွင် အိပ်မက်တွေ မက်နေချိန်နှင့်၊ ပီယာကျူရီက ဆော်ဘွန်းမှ ကျောင်းပြီးလို့ အရေးကြီးသည့် ရူပဗေဒ စူးစမ်းရှာဖွေမှုများ လုပ်နေချိန်နှင့် တိုက်ဆိုင်နေခြင်းမှာလည်း အံ့သြစရာကောင်းသည့် တိုက်ဆိုင်မှု ဖြစ်ချေသည်။

ပီယာက သူ့နေ့စဉ်မှတ်တမ်းတွင် ဤသို့ အတွေးနယ်ချဲ့ထားသည်။





"မိန်းမသားများက ဘဝကို ကျွန်တော်တို့ထက် အပုံကြီးပိုပြီး တွယ်တာကြတယ်။ ပညာရပ်တစ်ခုခုမှာ ပါရမီဉာဏ်ခံရှိတဲ့ မိန်းမမျိုးကတော့ ရှားပါတယ်။ အလုပ်တစ်ခုခုမှာ ကျွန်တော်တို့ရဲ့ ဘဝတစ်ခြမ်းဖဲ့ပြီး မြှုပ်နှံမယ်ဆိုရင် မိန်းမတွေနဲ့ ကျွန်တော်တို့ တိုက်ပွဲဆင်ရပါလိမ့်မယ်။"

နှစ်တွေ လတွေ ကုန်လွန်ခဲ့ပြီး ၁၈၉၄ ခုနှစ်သို့ ရောက်လာခဲ့သည်။ ပီယာကျူရီသည် သိပ္ပံသုတေသနလုပ်ငန်းတွင် ဘဝကို လုံးလုံးလျားလျား မြှုပ်နှံထား၏။ ဘယ်မိန်းကလေးကိုမျှ စိတ်မဝင်စား။ ဘယ်သူ့ကိုမျှ လက်ထပ်ဖို့ စိတ်မကူး။ ချစ်စိတ်မဝင်။

မာရီနှင့် ပီယာတို့နှစ်ယောက် စတွေ့သည့်နေရာမှာ ပိုလန် ရူပဗေဒပညာရှင် လင်မယား တည်းခိုနေသည့် ဆိတ်ငြိမ်ရပ်ကွက်မှ တည်းခိုခန်း တစ်ခန်းတွင် ဖြစ်သည်။ မာရီက သည်နေ့ကို ဤသို့ မှတ်တမ်းရေးလေသည်။

"ကျွန်မ အခန်းထဲ ဝင်သွားတော့ ပီယာကျူရီက ပြတင်းပေါက်နားမှာ ရပ်နေတယ်။ အဲဒီအချိန်မှာ သူ့အသက် ၃၅ နှစ်ရှိပြီ။ ဒါပေမဲ့ ကျွန်မမျက်စိထဲမှာ သူဟာ အရမ်းနုနေတယ်။ ကြည်လင်တဲ့ မျက်လုံးအစုံနဲ့ ကျွန်မကို စိုက်ကြည့်နေတော့ ကျွန်မ ရင်နည်းနည်းခုန်သွားတယ်။ အထက်တန်းကျတဲ့ အမူအရာထဲမှာ ဘာကိုမှ မမှုတဲ့ပုံစံ နည်းနည်းစွက်နေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင် ဖြည်းဖြည်းနဲ့ အလေးအနက် ပြောတယ်။ နိုးရိုးရှင်းရှင်း ပြောတယ်။ စကားပြောရင် ပြီးပြီးပြောတတ်တော့ ပိုပြီး ငယ်သွားသလို ထင်ရတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိနေတဲ့ ပုံစံမျိုးပဲ။ ကျွန်မတို့နှစ်ယောက် စကားပြောပြီး မကြာခင် မိတ်ဆွေ ဖြစ်သွားကြတယ်။ ပြောကြတဲ့ အကြောင်းအရာက သိပ္ပံပညာပေါ်မှာ စောဒကတက်စရာ ပြဿနာတွေပါပဲ။"

\- မာရီ သဘောအကျဆုံး ပီယာ၏ပုံ(ဝဲ)။မဒမ်ကျူရီ (၁၈၉၈)(ယာ)





ထိုညနေတွင်ပင် ပြင်သစ်ရူပဗေဒဆရာနှင့် ပိုလန်ကျောင်းသူကလေးတို့ ချက်ချင်း နီးစပ်သွားကြသည်။ ပီယာသည် ကိုယ်ပိုင်ဟန်ရှိပြီး





အလွန်ချစ်စရာကောင်းသည့် လူငယ်တစ်ဦး ဖြစ်၏။

အဝတ်အစားကို ခပ်ပွပွ ဝတ်တတ်သည်။ သို့သော် သူနှင့် လိုက်ဖက်သည်။ ကြည့်ကောင်းသည်။ သူ့ကိုယ်နေဟန်ကိုက ကျက်သရေရှိနေခြင်းမျိုး။ လက်ချောင်းများက ရှည်သွယ်နုနယ်သည်။

မျက်နှာမှာ မုတ်ဆိတ်မွေးကြီး ရှိနေသဖြင့် ရှည်မျောမျော ဖြစ်နေ၏။ လေးနက်တည်ငြိမ်သည့် မျက်လုံးများကြောင့် သူ့မျက်နှာမှာ ပို၍ ချောမောနေခြင်း ဖြစ်သည်။ သူ့စိတ်ဓာတ်မှာ မြင့်မြတ်သလောက် ခွန်အား ကြီးမားသည်။

ပီယာ့အဖေ ဒေါက်တာကျူရီကလည်း သိပ္ပံသုတေသီတစ်ဦး ဖြစ်သည်။ သားလုပ်သူ၏ တီထွင်ကြံဆမှုနှင့် လွတ်လွတ်လပ်လပ် တွေးခေါ် မြော်မြင်တတ်သည့် အရည်အသွေးကို နားလည်သူဖြစ်သဖြင့်၊ အတော်ဆုံး ဆရာတစ်ဦးထံ အပ်နှံပြီး တက္ကသိုလ်သို့ တက်စေခဲ့သည်။ ထို့ကြောင့်လည်း ပီယာ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာခဲ့ခြင်း ဖြစ်၏။ ၁၆ နှစ်အရွယ်တွင် သိပ္ပံဘွဲ့ရပြီး၊ ၁၈ နှစ်သားတွင် ရူပဗေဒနှင့် မဟာသိပ္ပံဘွဲ့ ထပ်ယူသည်။ ၁၉ နှစ်တွင် ဆော်ဘွန်းတက္ကသိုလ် ဓာတ်ခွဲခန်းလက်ထောက်အဖြစ် အလုပ်ဝင်လုပ်သည်။ အစ်ကိုလုပ်သူ ဂျက်ကလည်း သိပ္ပံဘွဲ့ ရထားသူပင် ဖြစ်သည်။ ဂျက်နှင့်တွဲပြီး ပီယာသည် ဖိအားမှ ရရှိသည့် လျှပ်စစ် ပိုလာရတီ တစ်မျိုးဖြစ်သော Piezoelectricity ကို ရှာဖွေတွေ့ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ လျှပ်စစ်စီးဆင်းမှု တိုင်းတာသည့် ကိရိယာကိုလည်း တီထွင်ခဲ့သည်။

နောင်အခါ ပါရီတက္ကသိုလ်တွင် ဓာတ်ခွဲခန်းဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း သုတေသနလုပ်ငန်းများကို ဆက်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



- ပီယာနှင့်မာရီ။ (စက်ဘီးကိုယ်စီဖြင့် ပါရီတစ်ခွင် လျှောက်စီးနေသည့် ကြင်စဦး ဇနီးမောင်နှံ)





သံလိုက်ဓာတ်၏ "ကျူရီဥပဒေသ" နှင့် အလွန်အသေးစိတ် ချိန်တွယ်နိုင်သည့် "ကျူရီရာဇူ" ကို တီထွင်ခဲ့သည်။

သိပ္ပံလူသားဖြစ်သော ပီယာကျူရီသည် မာရီကို မြင်သည့်နေ့မှစ၍ စွဲလမ်းခဲ့လေသည်။ မိမိ ရည်မှန်းချက်တွေကို သည်မိန်းကလေးနှင့် ဆွေးနွေးလို့ရသည်။ မိမိ အလွန်စိတ်ဝင်စားနေသည့် Crystallography အကြောင်းလည်း သူနှင့် ပြောနိုင်သည်။

မိမိနှင့် ဝါသနာတူ မိန်းကလေးတစ်ယောက်နှင့် စကားပြောရသည်မှာ အဟောသုခံ စိတ်ချမ်းသာစရာ ကောင်းလေစွ။ ပြီးတော့ ထိုမိန်းကလေးက ငယ်ရွယ်နုပျိုပြီး ချစ်စရာကောင်းသည်။ ပညာရပ်ပိုင်းဆိုင်ရာ အသေးစိတ်တွေကို ခရေစေ့တွင်းကျ သိသည်။ ကြည်ကြည်လင်လင် မြင်သည်။ တိတိကျကျ နားလည်သည်။

ဘယ်လောက် ချိုမြိန်စဖွယ် ကောင်းလိုက်ပါသလဲ။ မာရီ့ ရွှေရောင်ဆံပင်လှိုင်းတွန့်ကလေးများကို ပီယာ ငေးကြည့်နေတတ်၏။ ပြီးတော့ ဓာတ်ခွဲခန်း အက်ဆစ်များဖြင့် စွန်းပေနေသည့် လက်ချောင်းသွယ်သွယ်ကလေးများ။ စင်စစ် ပီယာတစ်ယောက် ပြစ်မျိုးမဲ့မထင်သည့် မာရီ ၏ အလှတွင် ရှက်ရွံ့ရွံ့ဖြင့် တိမ်းညွတ်နေခြင်း ဖြစ်လေသည်။

'ပြင်သစ်မှာ အမြဲနေဖို့ မင်း စိတ်ကူးရှိသလား ဟင်'

မာရီ့ကို ဘာကြောင့် သည်မေးခွန်း မေးမိမှန်း မသိ။

မာရီ့ မျက်လုံးအစုံကြားမှ အတွန့်ကလေးများ မသိမသာ လှိုင်းထ သွားသည်။

'ဟင့်အင်း . . မရှိပါဘူး၊ ဒီတျောင်းပိတ်ရက်မှာ စာမေးပွဲအောင်စာရင်းထွက်တာနဲ့ ဝါဆောကို ပြန်မှာပါ။ အခြေအနေ ပေးရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆောင်းဦးပေါက်လောက်မှာ ပြန်လာဖြစ်ချင် လာဖြစ်မလား မသိဘူး။ ဒါပေမဲ့ ကျောင်းပြီးတာနဲ့ မာရီ ပိုလန်မှာ ဆရာမ ပြန်လုပ်ရမှာပါ။ ပိုလန်သူ ပိုလန်သားတွေဟာ သူတို့နိုင်ငံကို စွန့်ခွာဖို့ အခွင့်အရေး မရှိဘူးလေ'

စကားပိုင်းထဲကို အခြားသူများ ဝင်လာသဖြင့် အလွန်ရင်နာစရာကောင်းသည့် အကြောင်းအရာဆီကို ရောက်သွားကြသည်။ ရုရှားတို့၏ ဖိနှိပ်မှုအောက်မှ ပိုလန်နိုင်ငံ အလူးအလဲ ခံနေရပုံများ။

မာရီကို မျိုးချစ်ပိုလန်သမလေး ဖြစ်နေကြောင်း သိရတော့ ပီယာတစ်ယောက် တအံ့တသြ ဖြစ်နေသည်။ စိတ်ထဲ ကျိတ်ပြီး မကျေမနပ်လည်း ဖြစ်သွား၏။ သိပ္ပံပညာရပ်တွင် မိမိကဲ့သို့ အပြင်းအထန် စိတ်ဝင်စားနေသည့် မိန်းကလေးတစ်ယောက်က နိုင်ငံရေး သတ္တဝါမကလေး ဖြစ်နေသည်မှာ အံ့သြကုန်နိုင်ဖွယ်ပင်။

သူကလေးနှင့် မိတ်ဆွေဖြစ်အောင် ပီယာက ညင်ညင်သာသာနှင့် စွဲစွဲမြဲမြဲ ချဉ်းကပ်သည်။ ရူပဗေဒအသင်းတွင် နှစ်ခါ သုံးခါ ထပ်တွေ့သည်။ နောက်ဆုံးထွက်သည့် စာအုပ်တစ်အုပ် လက်ဆောင်ပေးဖြစ်သည်။

On Symmetry in Physical Phenomena: Symmetry of an Electric Field and of a Magnetic Field.

ပထမ စာမျက်နှာတွင် "မာရီ စကလိုဒေါ်စကာသို့၊ ခင်မင်လေးစားစွာဖြင့် စာရေးသူ၏ မေတ္တာလက်ဆောင်" ဟု ရေးပြီး ပီ၊ ကျူရီဟု လက်မှတ်ထိုးပေးလိုက်သည်။

နောက်ပိုင်းတွင် မာရီ့ဆီသို့ အလည်အပတ် လာလိုကြောင်း





- ပီယာမိသားစု။

(ဝဲမှယာ) နောက်တန်း - အစ်ကိုဂျက်နှင့် ပီယာ

ရှေ့တန်း - မေမေကျူရီနှင့် ဒေါက်တာကျူရီ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းသည်။ မာရီက သူ့အခန်းကလေးထဲတွင် ပီယာ့ကို ဖော်ရွေသော်လည်း ဣန္ဒြေရရ ကြိုဆိုညှော့ခဲ့သည်။ ဤမျှ ဆင်းဆင်းရဲရဲနေပြီး ကျောင်းတက်နေသည့် မိန်းကလေးကို ပီယာ သနားမဆုံး ဖြစ်သွား၏။ သို့သော် သူ့ဘဝနှင့် သူ နေပုံထိုင်ပုံမှာ ဟပ်မိနေသဖြင့် ပို၍ လေးစားမိပြန်သည်။

စိတ်အားထက်သန်လွန်းသည့် မျက်နှာကလေးနှင့် ငတ်တစ်လှည့် ပြတ်တစ်လှည့်ဘဝဖြင့် ကြိုးစားရုန်းကန်နေရသည့် ဘဝမှာ သူနေသည့် အထပ်ခိုးကလေးနှင့် လိုက်ဖက်လှသည်။

လ အနည်းငယ်ကြာတော့ သူတို့နှစ်ဦး၏ အပြန်အလှန် လေးစားမှု၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတို့မှာ တိုး၍တိုး၍ လာခဲ့လေသည်။ ပီယာကျူရီသည် မာရီ့ကို ကြာလေ စွဲလမ်းလေ ဖြစ်လာခဲ့၏။

သံလိုက်ဓာတ်နှင့် ပတ်သက်ပြီး သူ ရှာဖွေတွေ့ရှိထားသည့် အချက်အလက်များကို စာအုပ်ရေးထုတ်ဖို့ မာရီက ပီယာ့ကို တိုက်တွန်းသည်။ ပီယာက အလွန်ထူးခြားသည့် သူ၏ ပါရဂူဘွဲ့ယူစာတမ်းကို မာရီ့အား ပေးဖတ်သည်။

ဖွန်လ ညနေခင်းတစ်ရက်တွင် ဖြစ်သည်။ အထပ်ခိုးကလေးထဲတွင် မာရီက လက်ဖက်ရည် ငှဲ့ပေးနေစဉ် ပီယာက 'ကိုယ့်မိဘတွေက သိပ်သဘောကောင်းတာ၊ "စကီအို" မှာ အိမ်ကလေးတစ်လုံးနဲ့ နေကြတယ်၊ လိုက်လည်ပါလား' ဟု ရုတ်တရက် ဖိတ်မန္တကပြုလိုက်သည်။

ပြီးတော့ သူ့အဖေအကြောင်း မာရီ့ကို ပြောပြသည်။ အရပ်ရှည်ရှည်နှင့် အသက်ကြီးလှပြီ ဖြစ်ကြောင်း၊ အပြာရောင် မျက်လုံးများကမူ စူးရှတောက်ပြောင်ပြီး ကျီးကန်းတောင်းမှောက် လျှောက်ကြည့်နေ





တတ်ကြောင်း၊ သို့သော် အလွန်ကြင်နာတတ်ကြောင်း စသည် စသည်များ။

'မေမေကတော့ ကျန်းမာရေး သိပ်မကောင်းဘူး၊ ဒါပေမဲ့ အိမ်ထောင်ကိုတော့ နိုင်နိုင်နင်းနင်း ထိန်းနိုင်တယ်။ မေမေက သိပ် သတ္တိကောင်းတယ်၊ ဖျော်ဖျော်နေတတ်တယ်'

သူ့ငယ်ဘဝ အကြောင်းများကိုတော့ အစ်ကိုလုပ်သူ ဂျက်နှင့်အတူ သစ်တောထဲ . . . . ။ မာရီ တအံ့တဩ နားထောင်နေသည်။ တူလိုက်တာနော်၊ စကီအိုက အိမ်ကလေးကို ဝါဆောမှာ နေရာချထားလိုက်လျှင် ကျူရီမိသားစုနှင့် စကလိုဒေါ်စကီမိသားစုမှာ နှစ်အိမ် တစ်အိမ် ဖြစ်နေမည် ထင်သည်။

ပတ်ဝန်းကျင် အသိုက်အဝန်းချင်းလည်း တူသည်။ စိတ်ထားမြင့်မြတ်သူများ၊ ခေတ်ပညာတတ်များချည်း မဟုတ်လား။ ပြီးတော့ သိပ္ပံကို စိတ်ဝင်စားကြသူတွေချည်း ဖြစ်၏။ မိဘနှင့် သားသမီး ဆက်ဆံရေးတွင်လည်း တူညီကြသည်။ အားလုံး ရင်းရင်းနှီးနှီး၊ စည်းစည်းရုံးရုံး၊ တောသဘာဝကို ချစ်ကြပုံချင်းလည်း တူ၏။

မာရီက ပိုလန်တောပိုင်းသို့ ထွက်သည့် ကျောင်းပိတ်ရက်ခရီးများအကြောင်းကို ပြုံးပြုံးကလေး ပြောပြသည်။

ပီယာက -

'ဒါထက် မင်း အောက်တိုဘာမှာ ပြန်လာမှာ မဟုတ်လားဟင်၊ ပြန်လာမယ်လို့ ကိုယ့်ကို ကတိပေးပါလားကွယ်၊ ခု အခြေအနေရောက်မှ ရူပဗေဒကို ကျောခိုင်းခွင့် မင်းမှာ မရှိဘူးလေ'

သူက ရိုးရိုးပြောလိုက်ခြင်း ဖြစ်သော်လည်း မာရီ့ရင်ထဲ ထိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဖြစ်သွား၏။ ရူပဗေဒကို ကျောခိုင်းခွင့် မရှိဘူးဟု သူ ဆိုလိုရင်းမှာ "မင်း ကိုယ့်ကို ကျောခိုင်းခွင့် မရှိဘူး" ဟု ပြောနေခြင်းများလား။ နှစ်ယောက်သား ခဏ ငြိမ်သွားကြသည်။ အတန်ကြာမှ မာရီက မီးခိုးရောင် မျက်လုံးများဖြင့် ပင့်ကြည့်ပြီး ညင်သာသော အသံကလေးဖြင့် မရွံ့မရဲ ဖြေသည်။

'ပီယာပြောတာ ဟုတ်ပါလိမ့်မယ်၊ မာရီ ပြန်လာသင့်ပါတယ်။ သိပ်ပြန်လာချင်ပါတယ်'

*

ပီယာက အနာဂတ်အကြောင်း အကြိမ်ကြိမ် ထပ်ပြောသည်။ မာရီ့ကို လက်ထပ်ခွင့်တောင်းသည်။ မာရီဘက်က ပြင်သစ်လူမျိုး တစ်ယောက်ကို လက်ထပ်မည်ဆိုလျှင် မိသားစုကို အပြီးအပိုင် စွန့်ရမည်၊ ပိုလန်ကို အပြီးအပိုင် စွန့်ခွာရမည်။

ပိုလန်ကို စွန့်ပစ်ခဲ့မည်ဆိုလျှင် အမိနိုင်ငံအပေါ် သစ္စာဖောက်ခြင်းနှင့် အတူတူဟု မာရီ မြင်သည်။ သည်လိုတော့ မာရီ မလုပ်နိုင်ပါ။ မဖြစ်သင့်ဘူးလေ။

စာမေးပွဲကို ထိပ်ဆုံးက အောင်မြင်သည်။ ဝါဆောကို နွေရာသီ ကျောင်းပိတ်ရက်တွင် ပြန်ရတော့မည်။

မာရီက ပီယာ့ကို သူငယ်ချင်းများ အဆင့်ဖြင့်သာ နေစေချင်သည်။ ပီယာက သည်မျှနှင့် မကျေနပ်နိုင်။ ဤသို့ မတင်မကျဖြင့် ဘာကတိကဝတ်မှ မပေးခဲ့ဘဲ မာရီက ပိုလန်သို့ ထွက်မည့် ရထားတွဲပေါ်ကို





တက်ခဲ့သည်။

ပီယာက မိုင်ပေါင်းများစွာ အဝေးမှနေပြီး မှာတမ်းလွှာများ ရေးကာ ပါရီကို ပြန်လာခဲ့ဖို့ အကြိမ်ကြိမ် ခေါ်သည်။ ပီယာတစ်ယောက် မာရီ့ကို အချိန်ပြည့် စောင့်မျှော်နေပါကြောင်း အမြဲ ထည့်ရေးသည်။

"မင်း စာတိုကလေး ဖတ်ရလို့ ကိုယ် ဝမ်းသာမဆုံးပါဘူးမာရီ၊ နှစ်လလုံးလုံး မင်းဆီက ဘာမှ မကြားရဘူးဆိုရင် ကိုယ်တော့ ဘယ်လိုမှ နေတတ်မှာ မဟုတ်ဘူး။

ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ကတိတွေ ပေးထားပြီးသားနော်။ဟုတ်တယ်နော်၊ သူငယ်ချင်းတွေ အဖြစ်နဲ့တော့ တို့အမြဲတမ်း ခင်နေကြမှာ မဟုတ်လား။ မင်း စိတ်မပြောင်းပါဘူးနော်။

ပြင်သစ်ကို မင်း ပြန်မလာတော့ဘူး ဆိုရင်တော့ တို့ ဘယ်တော့မှ ပြန်မတွေ့ကြရတော့ဘူးပေါ့။ တို့ဘဝဟာ မောင်နှမချစ်နဲ့ပဲ အဆုံးသတ်ကြရမှာပေါ့လေ။

မင်းဘဝဟာ ကိုယ်နဲ့မှ ပိုအဆင်ပြေမယ်လို့ရော မင်း မတွေးမိဘူးလား ဟင်။ ဒီလိုပြောရင် မင်း စိတ်ဆိုးမယ်ဆိုတာ ကိုယ် သိပါတယ်။ ဒီအကြောင်း မင်း ထပ်မကြားချင်ဘူး မဟုတ်လား။ အဲဒီလို တွေးမိရင် ကိုယ်ဟာ မင်းအတွက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးမရှိတဲ့လူ ဖြစ်သွားသလိုပဲ။"

နောက် စက်တင်ဘာလ ၇ ရက် နေ့စွဲနှင့်စာ။

"ကိုယ် ဘယ်လောက် စိတ်ပူနေတယ် ဆိုတာ မင်း တွေးကြည့်မိရဲ့လား။ အောက်တိုဘာမှာ မင်း ပါရီကို ပြန်လာခဲ့ဖို့ ကိုယ်အပြင်းအထန် တောင်းဆိုတယ်။ ဒီနှစ် မင်း ပြန်မလာဘူးဆိုရင် ကိုယ်တော့ အရမ်း စိတ်ထိခိုက်မှာပဲ။ ကိုယ် မရအရ ခေါ်နေတာဟာ သူငယ်ချင်းတစ်ယောက်အနေနဲ့ တစ်ကိုယ်ကောင်း ဆန်ဆန် အတင်းခေါ်နေတာမျိုးမဟုတ်ဘူး။ မင်း အနာဂတ်ဟာ ဒီမှာရှိတယ် ဆိုတာကို ယုံကြည်နေလို့ပါ။

စက်တင်ဘာလ ၁၇ ရက်။

"မင်းစာရလို့ ကိုယ်အပုံကြီး စိတ် သက်သာရာ ရပါတယ်မာရီ။ ဓာတ်ပုံကလေး တွေ့ရတော့ အရမ်းပျော်သွားတယ်။ ပို့ပေးတဲ့အတွက် မင်းရဲ့ ကြင်နာတတ်တဲ့ နှလုံးသားကို ကိုယ် အူလှိုက်သည်းလှိုက် ကျေးဇူးတင်နေတယ် မာရီ။ ဒါဆို ပါရီကို ပြန်လာဖြစ်ပြီပေါ့နော်၊ ကိုယ် ဝမ်းသာလို့ မဆုံးပါဘူးကွယ်၊ မင်းနဲ့ကိုယ်နဲ့ ထာဝရ သူငယ်ချင်းတွေ ဖြစ်သွားဖို့ ကိုယ် အရမ်းမျှော်လင့်ပါတယ်။ အနည်းဆုံး အဆင့် ပြောတာနော်၊ မင်း သဘောတူရဲ့လား။

မင်းသာ ပြင်သစ်မကလေး ဖြစ်ရင်





အထက်တန်းကျောင်း တစ်ကျောင်းမှာ ဆရာမ ဝင်လုပ်လို့ရမှာ။ ဆရာမအလုပ်ကို မင်း သဘောကျပါတယ်နော်။

မင်းကို အရမ်းခင်တဲ့ သူငယ်ချင်း

ပီ၊ ကျူရီ။

P.S အစ်ကိုဂျက်ကို မင်းဓာတ်ပုံ ပြလိုက်တယ်။ စိတ်မဆိုးပါဘူးနော်။ သူ အရမ်း သဘောကျနေတယ်။ သူက ဓာတ်ပုံကြည့်ပြီး "သူ့မျက်လုံးတွေက ခိုင်ခိုင်မာမာ ဆုံးဖြတ်တတ်တဲ့ မျက်လုံးမျိုး၊ ခေါင်းမာတဲ့ ပုံစံမျိုး မဟုတ်ဘူးနော်" လို့ မှတ်ချက်ချတယ်။

*

အောက်တိုဘာလထဲ ရောက်လာခဲ့ပြီ။ မာရီ ပြန်ရောက်လာတော့ ပီယာတစ်ယောက် မိုးမမြင် လေမမြင် အပျော်ကြီး ပျော်နေတော့သည်။ နားပူနားဆာ ထပ်လုပ်ပြန်သည်။ နှလုံးသားကရော ဦးနှောက်ကပါ သူ့ကို မာရီ့ဆီသို့ တွန်းပို့နေသလို ခံစားနေရ၏။ သည်မိန်းကလေး၏ ထူးခြားသည့် အရည်အသွေးနှင့် စိတ်ထားမြင့်မြတ်မှုကို စိတ်ထဲက သိနေ၏။ ဘဝတွင် ပျော်စရာအကောင်းဆုံး အခွင့်အရေးတစ်ခု အဆုံးရှုံး မခံနိုင်ပါ။ ဝါသနာတူ၊ ရည်မှန်းချက်ခြင်းလည်း တူပြီးသားမို့ ပူးပေါင်းလုပ်စရာတွေက အပုံအပင်။ လက်လွှတ်မခံနိုင်ပါ။ နောက်ဆုံး သူက ပိုလန်ကို မစွန့်နိုင်လျှင် မိမိက ပြင်သစ်ကို စွန့်သင့်စွန့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုလန်ကို လိုက်သွားပြီး ထိုက်ထိုက်တန်တန် အလုပ်တစ်ခုခု ရလျှင် သူ လက်ထပ်ပါ့မည်လား။ အနည်းဆုံး ပြင်သစ်ဘာသာဆရာတော့ ဖြစ်နိုင်သည်။ ပြီးတော့မှ နှစ်ယောက်ပေါင်းပြီး သိပ္ပံသုတေသနလုပ်ငန်းတွေ ဆက်လုပ်မည်။

ပီယာ့အနေဖြင့် သည်မျှ စွန့်လွှတ်မည်ဆိုခြင်းကို မာရီ လက်ခံနိုင်မည် မထင်ပါ။ သို့သော် မိမိအပေါ် ဤရွေ့ဤမျှ အနစ်နာခံသည့် အချစ်မျိုးကို တွေ့တော့ မာရီတစ်ယောက် တိမ်းတိမ်းပွေပွေ ဖြစ်သွားသည်။ စိတ်ညစ်လိုက်တာ၊ ဘယ်လိုလုပ်ပြီး ငြင်းရပါ့မည်လဲ။

ပီယာက မာရီ ပိုလန်ဆန်လွန်းမှုကို နေ့တိုင်းလိုလို ဝေဖန်ပြသည်။ တိုင်းပြည်အတွက် ဘဝနှင့်တာဝန် ဆိုသည်ထက် ကြီးမြတ်သည့် အရာများ ရှိသေးကြောင်းလည်း ရှင်းပြသည်။

ဤသို့ဖြင့် အလွန်ချစ်ခင်မြတ်နိုးစရာကောင်းသည့် ပီယာဆိုသူ ပြင်သစ်လူငယ်သည် ပိုလန်သမကလေးအား နွေးထွေးစွာ အကာအကွယ် ပေးလိုခြင်း၊ မြတ်မြတ်နိုးနိုး ယုယလိုခြင်း ဆန္ဒများဖြင့် တစ်ကိုယ်တော် ဖော်မဲ့ဟသ်ာဘဝမှ အသွေးနှင့် အသားနှင့် လူတစ်ယောက် ဖြစ်လာတော့သည်။ အင်း . . ဆယ်လကြီးများတောင် ကျန်ပါသေးလား။ မာရီ့က လက်ထပ်ဖို့ကိစ္စ ခေါင်းမညိတ်သေး။

နောက်ဆုံးတွင် ငယ်သူငယ်ချင်း ကာဇီယာဆီသို့ သူဆုံးဖြတ်ချက်ကို မာရီက ရေးထည့်လိုက်သည်။

"နင် ဒီစာကို ဖတ်ရတဲ့ အချိန်ဟာ နင့်သူငယ်ချင်း မာညာဆိုတဲ့ ကောင်မလေး နာမည်ပြောင်းရတော့မယ့် အချိန်ပဲ ကာဇီယာ။ မနှစ်က





နင့်ကို ဝါဆောမှာ ငါပြောခဲ့တဲ့လူနဲ့ ငါ လက်ထပ်တော့မယ်။ ပါရီမှာ ငါ အမြဲနေရတော့မယ့် အတွက်တော့ ငါ သိပ်ဝမ်းနည်းတယ် သူငယ်ချင်းရယ်။ ဒါပေမဲ့ ငါ့မှာ ရွေးစရာလမ်း မရှိတော့ဘူး၊ တို့နှစ်ယောက်ကို ကံကြမ္မာက အတင်းနီးစပ်အောင် လုပ်ခဲ့တယ်လေ။ခုတော့ တို့ မခွဲနိုင်ကြတော့ဘူး . . "

၁၈၉၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့။

မာရီသည် သူ့အထပ်ခိုး အခန်းကျဉ်းကလေးထဲတွင် နောက်ဆုံးနေ့အဖြစ် အိပ်ရာမှ နိုးလာသည်။ ဘယ်လောက် ကျက်သရေရှိတဲ့ နေ့ပါလဲ။ မိန်းကလေး၏ မျက်နှာမှာ ထူးထူးခြားခြား လှပရွှန်းစိုနေ၏။ အပေါင်းအသင်း ရောင်းရင်း ကျောင်းသူ ကျောင်းသားများက မာရီ့ကိုသည် မျက်နှာမျိုးဖြင့် တစ်ခါမျှ မမြင်ဖူးခဲ့ကြပေ။ သည်နေ့ မာရီစကလိုဒေါ်စကာဘဝမှ မဒမ်ပီယာကျူရီ ဖြစ်ရတော့မည် မဟုတ်ပါလား။ ပါရီတွင် ရောက်နေသော ခဲအိုတော် ကာဇီမီယာ၏ အမေ လက်ဆောင်ပေးသည့် အစဖြင့် ဝတ်စုံသစ် ချုပ်လိုက်သည်။

'မာရီ့မှာ နေ့တိုင်းဝတ်တဲ့ ဝတ်စုံတစ်ခုပဲ ရှိတော့တယ်၊ အဒေါ်က ခုလိုဝယ်ပေးတော့ မာရီ ဝမ်းသာလိုက်တာ။ အကောင်းဆုံးဖြစ်အောင် မာရီ ချုပ်ပါ့မယ်နော်'

ဤသို့ဖြင့် ဘရွန်ညာနှင့်အတူ အပ်ချုပ်ဆိုင်သွားပြီး အပြာရောင် သိုးမွေးဝတ်စုံကို ချုပ်ကြသည်။ ပြီးတော့ အပြာစင်းနှင့် ဘလောက်စ်တစ်ထည်။ ချုပ်လုပ်ပြီးစီးလို့ ဝတ်ကြည့်လိုက်တော့ မာရီနှင့် လိုက်မှလိုက်။ ဝတ်စုံသစ်နှင့် မာရီကလေးမှာ နုငယ်လန်းဆန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

မာရီ့ မင်္ဂလာဆောင်မှာ ရိုးရိုးရှင်းရှင်းကလေးနှင့် မေတ္တာတရား လွှမ်းခြုံသည့် အခမ်းအနားကလေး ဖြစ်သည်။

စကီအိုမှ ပီယာ့ မိဘများ၏ အိမ်ရှေ့ ပန်းခြံထဲတွင် ကျင်းပခြင်း ဖြစ်၏။ လူ များများစားစား မဖိတ်ဘဲ ခပ်ကျဉ်းကျဉ်း စီစဉ်လိုက်ကြသည်။

ဘရွန်ညာတို့ ေင်မယားနှင့် တက္ကသိုလ် အသိုက်အဝန်းမှ သူငယ်ချင်းများသာ ပါသည်။ ဖေဖေ စကလိုဒေါ်စကီနှင့် အစ်မ ဟီလာ တို့နှစ်ယောက်က ဝါဆောမှ ရောက်လာကြသည်။

ဆရာ စကလိုဒေါ့စကီသည် မိမိထက် အသက်အရွယ် အိုမင်း နေပြီဖြစ်သည့် ဒေါက်တာကျူရီကို အလွန်မှန်ကန်တိကျသော ပြင်သစ် စကားဖြင့် အမှတ်ထင်ထင် ဂုဏ်ယူစကား ပြောကြားလေသည်။

ပဏာမအနေဖြင့် သူ၏ အသည်းနှလုံးမှ လာသည့် စကားလုံး များကို ခပ်တိုးတိုး စ ပြောသည်။

'ကျွန်တော့်သမီးကလေး မာရီကို ခင်ဗျားတို့ရတာ အလွန်မတန် တန်ဖိုးရှိပါတယ်၊ သိပ်ချစ်စရာကောင်းတဲ့ ကလေးပါ။ လူ့ဘဝထဲ စဝင် လာကတည်းက ယနေ့ထိ ကျွန်တော့်ကို စိုးစဉ်းမျှ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်ခဲ့ဖူးပါဘူး'

*

မာရီသည် ကျရာတာဝန်ကို အောင်အောင်မြင်မြင် ထမ်းဆောင်တတ်သူ ဖြစ်သည်။ ပီယာ၏ ဇနီးတစ်ယောက် ဖြစ်လာသောအခါ မယားဝတ္တရား





ကျေပွန်ဖို့၊ ချမ်းမြေ့သာယာသည့် အိမ်ထောင်တစ်ခုဖြစ်ဖို့ အာရုံပြုလေ သည်။

လက်ထပ်ပြီး အစောပိုင်းနေ့များတွင် လက်ဖွဲ့ငွေထဲမှ ဝယ်ယူ ထားသည့် စက်ဘီးအသစ်နှစ်စီးဖြင့် ပါရီမြောက်ဘက် တောပိုင်းသို့ အလည်ထွက်ကြသည်။ ပေါင်မုန့်နှင့် ဒိန်ခဲစားပြီး ကျောင်းသွားကြ၊ တော တွင်း ကွက်လပ်များတွင် မြေဆွေးပုံပေါ် ထိုင်ပြီး မက်မုံသီးတွေ၊ ချယ်ရီ သီးတွေ စားကြနှင့်။ ကလေးငယ်နှစ်ယောက်လို ပျော်နေကြသည်။

မိုးချုပ်သွားလျှင် မထင်မရှား တည်းခိုခန်းကလေး တစ်ခုခုတွင် နားပြီး ဖြစ်သလို နေလိုက်ကြသည်။ အခန်းနံရံက ဆေးရောင်တွေ ပြယ် နေပြီး စွပ်ပြုတ်က ခပ်ချာချာ။ ဖယောင်းတိုင်မီးရောင်ဖြင့် သူတို့ အရိပ် များသည် နံရံတွင် ယိမ်းထိုးလှုပ်ရှား နေကြသည်။

ပီယာက ကျေးလက်သဘာဝကို ချစ်သည်။ ငယ်ငယ်တုန်းက တောလည်ရသည့် အရသာကို ခုထိ သတိရနေဆဲ ဖြစ်၏။ သို့သော် ခု တစ်ခါ ချစ်သူနှင့်တွဲပြီး လည်ရသည်ကတော့ ဘယ်တုန်းကမျှနှင့် မတူ အောင် ပျော်ပုံသစ်ရပါ၏။

သူတို့ခရီးသည် အချစ်ကြောင့် ပို၍ပို၍ လှပနေ၏။ တိမ်တိုက် တွေထဲတွင် ပျံ့ဝဲနေရသလို တသိမ့်သိမ့် ကြည်နူးနေကြ၏။

ရှေ့လျှောက်လုပ်မည့် အလုပ်တွေ၊ အစီအစဉ်တွေကို ပြောဖို့ မာရီ့ကို တည့်တည့်ကြည့်သည့်အခါ အသေးစိတ်ပြောစရာ မလိုတော့ ပေ။ သူပြောသမျှ ဇနီးလုပ်သူ နားလည်သဘောပေါက်ပြီးသားဟု ပီယာ ယုံကြည်နေခြင်းကြောင့် ဖြစ်သည်။ မာရီ့ဆီက ရသည့် တုံ့ပြန် ဆွေးနွေး ချက်များသည် အသုံးဝင်သည်ချည်း ဖြစ်၏။ သူဦးနှောက်ထဲမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူပိုင် အတွေးအမြင်တွေချည်း ဖြစ်၏။

သည်ပျော်စရာ နေ့ရက်များတွင် တစ်ယောက်နှင့်တစ်ယောက် ပို၍ပို၍ နားလည်ကာ တိုး၍တိုး၍ အကြင်နာနှောင်ကြိုးများ တင်းခဲ့လေသည်။

နှလုံးသားနှစ်ခုတို့ ထပ်တူညီစွာ ပေါင်းစပ်မိကြ၏။ ထက်မြက်စူးရှသော ဦးနှောက်နှစ်ခုတို့ ပူးပေါင်းကာ အတူတကွ စဉ်းစားတွေးခေါ်ကြ၏။ မာရီ့အတွက် သည်လောက်မြင့်မြတ်သည့် ရူပဗေဒ လူသားတစ်ဦးနှင့် လက်ထပ်ဖြစ်ခြင်းမှာ ဘဝ၏ ဆုလာဘ်တစ်မျိုးပင် ဖြစ်လေသည်။ ပီယာကမူ ကလေးတစ်ယောက်နှယ် အပြစ်ကင်းစင်ပြီး စိတ်ထားမြင့်မြတ်လှသည့် ပိုလန်သူကလေးမှာ မိမိအတွက် မွေးဖွားလာလေသလားဟု တွေးတောမိ၏။ ထိုမိန်းကလေးသည် မိမိ၏ သူငယ်ချင်းဖြစ်၏။ ချစ်သူ ဇနီးဖြစ်၏။ ပြီးတော့ အကြင်မိန်းကလေးမှာ သိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်နေသေးသည်။

ဩဂုတ်လလယ်လောက် ရောက်တော့ ရှန်တီလီ ယာတောအိမ်ကြီးတွင် ခေတ္တ စုငှားနေကြသည့် ကစီမီယာ၏ မိသားစုနှင့် စကလိုဒေါ်စကီ မိသားစုရှိရာသို့ ပီယာနှင့် မာရီတို့ သွားလည်ကြသည်။

တစ်ဦးနှင့်တစ်ဦး ပြန်လည်ဆုံစည်းဖို့ မလွယ်ကူကြသည့် မိသားစုနှစ်ခုတို့အတွက် သည်စခန်းချပွဲမှာ အမှတ်ထင်ထင် ပျော်စရာ ကဏ္ဍတစ်ခု ဖြစ်ခဲ့သည်။ သစ်တောထဲမှ အထီးကျန်အိမ်ကြီးမှာ စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။ ခြံဝင်းထဲတွင် သစ္စာပန်းပွင့်တွေ အတန်းလိုက်၊ အတန်းလိုက် စီတန်းဖူးပွင့် နေကြ၏။ လူမျိုးနှစ်မျိုး၊ မျိုးဆက်သုံးဆက်တို့မှာ ခင်မင်ရင်းနှီးမှု၊ အပြန်အလှန် လေးစားနားလည်မှုတို့ဖြင့် နွေးထွေး





လျက် ရှိနေလေသည်။ ဘရွန်ညာ၏ သုံးနှစ်သမီးကလေး "လူ" မှာ တစ်အိမ်လုံး၏ ဟဒယရှင်ဆေး ဖြစ်နေသည်။

ရံခါတွင် ဒေါက်တာကျူရီတို့ ဇနီးမောင်နှံ လာလည်တတ်သည်။ ထိုအခါတွင် ဧရာမ စားပွဲကြီးတွင် နောက်ထပ်ကုလားထိုင်နှစ်လုံး ထပ်တိုးပြီး စကားဝိုင်းမှာ ပို၍ ပို၍ အသက်ဝင်လာတတ်သည်။ ဓာတုဗေဒဘာသာရပ်မှသည် ဆေးပညာနှင့် ကလေးများ ပညာရေးအထိ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖြစ်ကြ၏။

ပီယာသည် အောင်မြင်သည့် အိမ်ထောင်တစ်ခုကို ထူထောင်နိုင်ပြီဖြစ်ကြောင်း သက်သေပြလျက် ရှိသည်။ အားလုံးက အားရကျေနပ်လျက် ရှိကြ၏။ ဝမ်းသာမဆုံး အပြုံးပန်းတွေ ဝေလျက်။

ပီယာသည် ဇနီးသည်ကလေးကို မည်ရွေ့မည်မျှ ချစ်မြတ်နိုးကြောင်း အခြားနည်းဖြင့် သက်သေထူသေးသည်။ မာရီ အတင်းတားမြစ်နေသည့်ကြားမှ (သို့သော် မာရီ ကျိတ်၍ ကျေနပ်နေသည်) ကမ္ဘာပေါ်တွင် အခက်ဆုံး ဘာသာရပ်တစ်ခုဖြစ်သည့် ပိုလန်ဘာသာကို ကြိုးစားပမ်းစား သင်ယူနေခြင်း ဖြစ်၏။

စက်တင်ဘာလထဲတွင် ပီယာက မာရီ့ကို စကီအိုသို့ ခေါ်သွားသည်။ သည်တစ်ခါ မာရီ့အလှည့်။ မာရီ အတတ်နိုင်ဆုံး ပြင်သစ်ဆန်ရတော့မည်။ မာရီ့အနေဖြင့် ထူးထူးခြားခြား အာရုံစိုက်စရာ မလိုပါ။ ပီယာ့မိဘတွေကို အဖေနှင့်အမေလို ချစ်ခင်ကြည်ညိုနေပြီ မဟုတ်လား။ အဖေနှင့် အစ်မတို့ ပိုလန်ပြန်သွားပြီးနောက် ပီယာ့မိဘများသည် မာရီကလေးကို ပို၍ ချစ်ချစ်ခင်ခင် ယုယုယယ လက်ခံကြသည်။

အောက်တိုဘာလထဲတွင် ဂလာစီယဲလမ်းပေါ်မှ ဆဋ္ဌမထပ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းတစ်ခန်းဝယ်ပြီး အခြေချလိုက်ကြသည်။ ပန်းခြံကို စီးမိုးမြင်နေရသည့် ပြတင်းပေါက်များမှလွဲ၍ ထူးထူးခြားခြား မရှိလှသည့် တိုက်ခန်းမျိုး ဖြစ်သည်။ အိပ်ခန်း သုံးခန်းပါသည့် တိုက်ခန်းကို လင်မယားနှစ်ယောက် ပြင်ပြင်ဆင်ဆင် မလုပ်ဘဲ နေကြသည်။

အဘိုးကြီး ဒေါက်တာကျူရီက ပရိဘောဂများ ခွဲပေးသည်ကိုပင် သူတို့ လက်မခံဘဲ နေကြသည်။ ဆိုဖာတွေ ရှိနေလျှင် ဖုန်သုတ်ရမည်။ သန့်ရှင်းရေး လုပ်ရမည်။ သည်အတွက် မာရီ အချိန်မပေးနိုင်ပါ။

ဧည့်သည်လည်း များများမရှိဘူးလေ။ ဘရွန်ညာတို့ မိသားစုနှင့် ဒေါက်တာကျူရီ အဘိုးကြီး၊ အဘွားကြီးမှလွဲပြီး ဘယ်ဧည့်သည်မှ မဖိတ်ဖို့ ပီယာနှင့် မာရီတို့ သဘောတူထားကြသည်။

အလုပ်ခန်းထဲတွင် သစ်သားစားပွဲရှည်ကြီးတစ်လုံးနှင့် စာအုပ်တွေကိုတော့ လှလှပပ သေသေသပ်သပ် ထားသည်။ စားပွဲ၏ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်တွင် ကုလားထိုင်နှစ်လုံး ချထားသည်။ လင်မယားနှစ်ယောက်အတွက် တစ်လုံးစီ။ စားပွဲပေါ်တွင် ရူပဗေဒ ရှင်းလင်းချက်များ၊ သိပ္ပံကျမ်းစာအုပ်များ အထပ်လိုက် အထပ်လိုက်။ ပြီးတော့ ရေနံဆီမှန်အိမ်တစ်လုံး၊ ပန်းအိုးတစ်လုံး၊ သည်မျှသာပဲ ဖြစ်၏။

မာရီသည် အိမ်ထောင်သည်ဘဝကို မေ့မေ့လျော့လျော့ မဖြစ်ဖို့လည်း ဂရုစိုက်သည်။ ပထမဆုံး သူဝယ်သည့် အိမ်သုံးပစ္စည်းမှာ သားရေဖုံးနှင့် အနက်ရောင် စာရင်းစာအုပ်ကြီး ဖြစ်သည်။ "အသုံးစရိတ်" ဟူသည့် စာလုံးကြီးက ရွှေရောင်။ "ရူပဗေဒသိပ္ပံ" မှ ပီယာ ရသည့်လစာမှာ ဖရန့် ၅၀၀ ဖြစ်သည်။ မာရီ ဆရာဖြစ်သင် မအောင်မချင်း အခြားဝင်ငွေ ဘာမျှမရှိ။ မာရီက ပြင်သစ်နိုင်ငံတွင် စာသင်ခွင့်ရဖို့ စာမေးပွဲ





တစ်ခု ထပ်ဖြေရဦးမည်။

ပီယာ့ဝင်ငွေနှင့်ဆို သာမန်လင်နဲ့မယား နှစ်ယောက်အတွက် ကောင်းကောင်းလုံလောက်သည်။ သူတို့တွင် မလုံလောက်သည်မှာ အချိန်ဖြစ်၏။

မာရီက သံမဏိတွင် ပါဝင်သည့် သံလိုက်၏ ဂုဏ်သတ္တိအကြောင်း စက်မှုလုပ်ငန်းကြီးတစ်ခုအတွက် သုတေသန လုပ်နေသည်။ ရူပဗေဒသိပ္ပံဓာတ်ခွဲခန်းတွင် တစ်မနက်လုံး အချိန်ကုန်သည်။ ညနေပိုင်းတွင်လည်း ထိုနည်းနှင်နှင်။ ပီယာ့အနားမှ ဓာတ်ခွဲခန်းထဲတွင် နေရာကလေး တစ်နေရာ ယူထားသည်။

မာရီသည် ဓာတ်ခွဲခန်းထဲရောက်လျှင် ပြန်မထွက်ချင်တော့။ ဓာတ်ခွဲခန်းထဲမှာလောက် ပျော်စရာကောင်းသည့်နေရာ မာရီ့အတွက် မရှိသလိုပင်။ သို့သော် အိမ်မှာ တံမြက်စည်း လှည်းရဦးမည်။ အိပ်ရာပြင်ရဦးမည်၊ လျော်ရ ဖွပ်ရဦးမည်။ လင်တော်မောင် လျှာရင်းမြက်ဖို့ တတ်သမျှ မှတ်သမျှ ချက်ရ ပြုတ်ရဦးမည်။

အစောကြီးထပြီး ဈေးသွားသည်။ ညနေပိုင်းတွင် ပီယာနှင့်အတူပြန်လာပြီး ဈေးဝင်ဝယ်သည်။ မနက်စောစော ထမင်းချိုင့်ထည့်ဖို့ ဟင်းရွက်သင်သည်။ စွပ်ပြုတ်ကိုတောင် ကောင်းကောင်းမပြုတ်တတ်သည့် မာညာစကလိုဒေါ့စကာသည် မာရီကျူရီဘဝတွင် ဂုဏ်ယူဖွယ်ကြွားစွာဖြင့် မီးဖိုချောင်တွင် သင်ကြားနေလေပြီ။

ဇနီးသည်က စားဖိုမှူးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားနေသည်ကို ပီယာ သိတော့ အကျေနပ်ကြီး ကျေနပ်နေ၏။ သို့သော် ခါတွင် အာဟာရတဏှာကို မေ့မေ့လျော့လျော့ ဖြစ်တတ်သည့် ပီယာ



www.burmeseclassic.com

www.burmeseclassic.com



သည် စားသာစားလိုက်ပြီး ဘာဟင်းနှင့် စားလိုက်မှန်း မသိသည့် အခါများလည်း ရှိ၏။

မာရီက အလုပ်လုပ်နေရင်း အရန်သင့် ချက်ပြီးသား ဖြစ်သွားသည့် ဟင်းလျာမျိုး တီထွင်သည်။ ထမင်းဟင်း ချက်ရသည်မှာလည်း ရူပဗေဒပညာရပ်ကဲ့သို့ပင် နက်နဲလှကြောင်း သိလာသည်။

ခေါက်ဆွဲပြုတ်ကို အရည်ချွဲမလာအောင် ဘယ်လိုလုပ်ရပါမလဲ။ အမဲသားပြုတ်လျှင် ရေအေးနှင့် ပြုတ်ရမှာလား၊ ရေကို အရင်ဆူအောင် တည်ရမှာလား။ ပဲသီးပြုတ်လျှင် ဘယ်လောက်ကြာကြာ ပြုတ်ရမှာပါလိမ့်။ မီးဖိုနားတွင် ပါးနှစ်ဖက်စလုံး ပူလောင်နီရဲနေပြီး သက်ပြင်းချရသည်မှာ အကြိမ်ကြိမ်။ ဘာဖြစ်လို့များ ပေါင်မုန့်၊ လက်ဖက်ရည်လောက်နှင့် မပြီးရတာပါလိမ့်။ မုန်လာဥလေး၊ ချယ်ရီသီးလေး နည်းနည်းနှင့်ပေါ့။

တဖြည်းဖြည်းနှင့် မာရီသည် အိမ်ထောင်မှုတွင် အိမ်ရှင်မကောင်း တစ်ယောက်နီးပါး တိုးတက်လာသည်။ အမြဲတမ်းလိုလို တူးကပ်လေ့ရှိသော ဒယ်အိုးခများလည်း ခုမှ သက်သာရာ ရတော့သည်။

မီးတောက် အနိမ့်အမြင့်၊ အပူချိန် အနည်းအများကို သိပ္ပံပညာရှင် တစ်ယောက်ပီပီ အတိုးအလျှော့ လုပ်တတ်လာသည်။

ယောက်ျားနှင့်အတူ ကျောင်းသွားခါနီးလို့ လှေကားထစ်များပေါ် ပြေးဆင်းမသွားမီ မီးဖိုကို တစ်ခါ ပြန်ကြည့်စစ်ဆေးသေးသည်။ နောက် ၁၅ မိနစ်ကြာလို့ ကျောင်းရောက်လျှင် ဓာတ်ခွဲခန်းထဲမှ အရက်ပြန်မီးလျှံကိုလည်း စနစ်တကျ သေသေချာချာ ချိန်သည်။

ဓာတ်ခွဲခန်းထဲတွင် ၈ နာရီကြာပြီး၊ အိမ်မှုကိစ္စအတွက်က





၃နာရီ အချိန်ပေးရသည်။ မာရီအတွက် အချိန်မလောက် ဖြစ်နေ၏။

ညအခါများတွင် စာရင်းစာအုပ်ထဲသို့ ကုန်ကျစရိတ်များ ရေးသွင်းပြီးသည်နှင့် အလုပ်စားပွဲတွင် ထိုင်ကာ ဆရာဖြစ်သင် စာမေးပွဲအတွက် စာကျက်ရပြန်သည်။ စားပွဲတစ်ဖက်တွင်ကား ပီယာသည် သင်ကြားရမည့် သင်တန်းအသစ်တစ်ခုအတွက် သင်ရိုးညွှန်းတမ်းများ ထိုင်ရေးနေသည်။

ရံခါတွင် မျက်လုံးချင်း ဆုံမိကြ၏။ အချစ်ဖြင့် ထုံမွမ်းနေသည့် အကြည့်တွင် ချစ်တုံ့ခွန်းလှယ် စကားတွေ အများအပြား ပါနေသည်သာ။ နှစ်ဦးသား၏ နှုတ်ခမ်းများတွင် အပြုံးပါးပါးကလေးများ လင်းလက်သွားတတ်၏။ ဤရွှေ့ဤမျှ ချစ်ကြသည့် ဇနီးမောင်နှံ၏ အခန်းမှာ နံနက် ၂ နာရီ ၃ နာရီအထိ မီးလင်းနေတတ်သည်။

သူတို့၏ အိမ်တွင်းရုံးခန်းကလေးထဲတွင် စာရွက်လှန်သံများ၊ စက္ကူပေါ်တွင် ကလောင်ဖြင့် ရေးခြစ်သံများသည် တိုးညင်သော်လည်း စိတ်အားထက်သန်စွာ ထွက်ပေါ်နေတတ်သည်။

ဆရာဖြစ်သင် စာမေးပွဲတွင် မာရီ အမှတ်အများဆုံးဖြင့် ပထမဆု ဆွတ်ခူး အောင်မြင်ခဲ့ပြန်သည်။ ပီယာက ဂုဏ်ယူဝင့်ကြွားစွာ ပွေ့ဖက်ဆီးကြိုသည်။ ပြီးသည်နှင့် စက်ဘီးတွေ လေထိုးကာ အထုပ်အပိုးတွေ တင်ပြီး ကျောင်းပိတ်ရက် ကျေးလက်ခရီး ထွက်ကြပြန်သည်။

*

ဤသို့ဖြင့် အိမ်ထောင်သက်တမ်း နှစ်နှစ်ထဲ ဝင်လာခဲ့လေသည်။ ဒုတိယနှစ် အချစ်ခရီးသည် ပထမနှစ် အတိုင်းပင် ပျော်ရွှင်ကြဆဲ၊ ရင်ခုန်ကြဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ တစ်ခုပဲ အပြောင်းအလဲ ရှိသည်။ ကိုယ်ဝန်ရှိလာသဖြင့် မာရီ့ ကျန်းမာရေးမှာ ပထမနှစ်တုန်းကလို ဒေါင်ဒေါင်မမြည်တော့။

ကလေး လိုချင်ပါသည်။ သို့သော် ကိုယ်ဝန်ဆောင်ရသည့် ဒုက္ခကိုတော့ မာရီ စိတ်ပျက်သည်။ ဓာတ်ခွဲခန်းထဲတွင် ကြာကြာမရပ်နိုင်ခြင်းကြောင့် စိတ်ပျက်ခြင်း ဖြစ်၏။

၁၈၉၇ ခုနှစ် ဇူလိုင်လထဲတွင် လင်မယားနှစ်ယောက် ပထမဆုံး အကြိမ်အဖြစ် ခွဲနေကြသည်။ ပြင်သစ်သို့ ဖေဖေ စကလိုဒေါ့စကီ ရောက်လာပြီး ကမ်းခြေဟိုတယ်တစ်ခုတွင် မာရီနှင့် လိုက်နေပေးသည်။ ပါရီတွင် ကျန်ခဲ့သည့် ပီယာက ချစ်သူဆီသို့ လွမ်းစာတွေ ခွေသည်။

"ကိုယ် အရမ်းချစ်ရတဲ့ အချစ်ဆုံးကလေးရေ . . .
ဒီနေ့ မင်းစာရတော့ ကိုယ် အရမ်းပျော်သွားတယ်။
ဒီမှာတော့ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမှုမရှိဘူး။
ပြောစရာဆိုလို့ အချစ်ကို ကိုယ် အရမ်းအောက်မေ့
နေတဲ့ အကြောင်းပဲ ရှိတယ် . . .။"

သူ အလွန် ကြိုးစားပမ်းစားရေးထားသည့် စာကြောင်းကလေးများ ဖြစ်ပါသည်။ အလွန်ခက်ပါသည်ဆိုသော ပိုလန်ဘာသာကို သင်ယူစဉ် ကတည်းက ချစ်သူဆီရေးဖို့ စကားလုံး နုနုလှလှကလေးများကို ရွေးကျက်ထားခြင်း ဖြစ်သည်။ မာရီကလည်း သူနားလည်နိုင်မည့် စကားလုံးများ၊ စာကြောင်းတိုကလေးများဖြင့် စာပြန်ရေးသည်။

"သိပ်ချစ်ရတဲ့ မောင်ရေ နေလို့ကောင်းပါတယ်။
နေသာတယ်၊ ရာသီဥတုကောင်းတယ်။ ဒါပေမဲ့
အနားမှာ မောင်မရှိတော့ မပျော်ဘူး၊ အမြန်ဆုံး





လိုက်ခဲ့ပါတော့ မောင်ရယ်။ ကျန်းမာပါတယ်၊ တတ်
နိုင်သလောက်တော့ အလုပ်လုပ်လျက်ပါ . . .။"

ဩဂုတ်လဆန်းတော့ မာရီ့ကိုယ်ဝန် ၈ လပြည့်ပြီ။ "ပို့တ်ဘလင့်" သို့ ပီယာလိုက်လာသည်။ သိပ္ပံသုတေသီ လင်မယား ဖြစ်နေလို့လား၊ ဒါမှမဟုတ် လောကအကြောင်း မသိကျိုးကျွန် ပြုခြင်းလား မသိ။ ခါတိုင်းလိုပင် နှစ်ယောက်သား စက်ဘီးကိုယ်စီဖြင့် ဘရက်စ်သို့ ခရီးထွက်ခဲ့ကြသည် တဲ့လေ။

မာရီက လုံး၀ မပင်ပန်းကြောင်းပြောတော့ ပီယာက ယုံယုံကြည်ကြည် ခရီးဆက်ကြ၏။ မာရီသည် သာမန်ထက် ထူးခြားသည့် မိန်းကလေးဟု ပီယာ ထင်နေသည်။ လူ့သဘာ၀၊ ကျင့်၀တ်တရားများသည် သူ့ဇနီးကလေးကို ကွင်းရှောင်နေသည်ဟု ပီယာ ထင်သည်။

သို့ရာတွင် မာရီသည် ထင်တာတွေ အကုန်လုံးလွဲကာ ခရီးဆုံးအထိ မသွားနိုင်ဘဲ ဖြတ်လမ်းမှ အမြန်ဆုံးပြန်လှည့်ကာ၊ ဟိုတယ်ပြန်ရောက်ရောက်ချင်း ပါရီသို့ တန်းပြန်ခဲ့ရလေသည်။

ပါရီရောက်သည်နှင့် တန်းပြီး ကလေးမျက်နှာမြင်သည်။ နောင်တွင် နိုဘယ်လ်ဆုရှင် ဖြစ်လာမည့် အိုင်ရင်းဟူသည့် သမီးချောကလေး။


အဘိုးလုပ်သူ ဒေါက်တာကျူရီက မြေးကလေးကို မွေးပေးသည်။ မာရီသည် တစ်ချက်ကလေးမျှ မညည်းမညူဘဲ အံကို တင်းတင်းကြိတ်ကာ သမီးကလေးကို မွေးခဲ့၏။

မွေးဖွားစရိတ်မှာ မဆိုသလောက်သာ ကုန်သည်။ မာရီ၏ စာရင်းစာအုပ်ထဲတွင် ထူးခြားသည့် ကုန်ကျစရိတ်ဟူသည့် ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသွင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



- မဒမ်ကျူရီ၏ စာရင်းစာအုပ်မှ စာမျက်နှာများ။

| | | |
|---|---|---|
| ရှမ်ပိန် | ၃. ၀၀ | ဖရန့် |
| သံကြိုးရိုက်ခ | ၁. ၁၀ | ဖရန့် |
| ဆေးဖိုး | ၇၁. ၀၀ | ဖရန့် |
| သူနာပြု | ၅၀. ၀၀ | ဖရန့် |

စက်တင်ဘာလ စုစုပေါင်း ကုန်ကျစရိတ်မှာ အရမ်းခုန်တက်သွားသည်။ ဖရန့် ၄၃၀ ကြီးများတောင် ကုန်သွား၏။ စုစုပေါင်း ကုန်ကျငွေအောက်တွင် စိတ်တိုတိုနှင့် မျဉ်းကြောင်းနှစ်ကြောင်းကို ခပ်ကြမ်းကြမ်းဆွဲခြစ်ပစ်လိုက်သည်။





ဘဝတိုးတက်ရေးနှင့် မိသားစုအရေး ဘယ်ဟာ ဦးစားပေးရမည်လဲ ဟူသည့် ကိစ္စကို မာရီ ဘယ်တော့မှ မစဉ်းစား။

မိခင်ဘဝကို အပြည့်အဝ ခံယူမည်။ တစ်ပြိုင်တည်းတွင် သိပ္ပံသုတေသီဘဝကိုလည်း အရှိန်မပျက်စေရဟု အခိုင်အမာ ဆုံးဖြတ်ထား၏။ သည်ဘဝမျက်နှာစာ နှစ်ခုအနက် ဘယ်တစ်ခုကိုမှ အလျှော့ပေးမည် မဟုတ်။ အဖေ့ဆီ ရေးသော စာတစ်စောင်တွင် -

"ဖေဖေရေ . . . .

သမီးတော့ သမီးရဲ့ ဘုရင်မ ပေါက်စကလေးကို ပြုစုနေရတုန်းပဲ။ သမီးကလေးရဲ့ ကြီးထွားနှုန်းကို ဘယ်အရာကမှ အတားအဆီး မဖြစ်စေရဘူး ဖေဖေ။

"

ဟု ရေးထားသည်။

ကလေးကို ကိုယ်တိုင် ပြုစုသော်လည်း ကိုယ်အလေးချိန် ပေါင်သိပ်မတက်ဘဲ ခပ်လျှော့လျှော့ ဖြစ်နေသဖြင့် ကလေးသူနာပြု ငှားရတော့၏။ သို့သော် ကိုယ်တိုင် အဝတ်လဲပေးသည်။ ကိုယ်တိုင် ရေချိုးပေးသည်။ ဓာတ်ခွဲခန်းမှ လုပ်လက်စ အလုပ်ကိုလည်း ဆက်လုပ်သည်။ သံလိုက်ဓာတ် သုတေသန လုံးဝပြီးစီးသွားပြီ။ အပြေးအလွှား လွန်းပျံ လူပ်ရှားနေသည့် သူ့ဘဝမှာ ရံခါတွင် ယုံဖို့ပင် ခပ်ခက်ခက်ဘဝမျိုး ဖြစ်သည်။ ယောက္ခမကြီး ဒေါက်တာကျူရီဆီမှ တန်ဖိုးမဖြတ်နိုင်သည့် အကူအညီမျိုးနှင့် မယုံကြည်နိုင်သော အကြင်နာတရားမျိုးကို မာရီ ရရှိခဲ့သည်။

အိုင်ရင်းကလေး မွေးပြီး မကြာခင် ဖနီးကွယ်လွန်သွားသဖြင့် အဘိုးအိုသည် မြေးကလေးအား ပို၍ တွယ်တာလျက် ရှိသည်။ ပီယာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မာရီတို့ ကဲလာမန်း လမ်းမကြီးပေါ်မှ အိမ်ကလေးတစ်လုံးသို့ ပြောင်းရွှေ့သည့် အခါတွင်လည်း အဘိုးအိုက လိုက်နေပေးသည်။ ဘိုးဘိုး ဒေါက်တာကျူရီသည် မြေးကလေး အိုင်ရင်း၏ လက်ဦးဆရာဖြစ်ပြီး အရင်းနှီးဆုံး သူငယ်ချင်းလည်း ဖြစ်လေသည်။

*

မှာညာ စကလိုဒေါ်စကာဘဝဖြင့် မာရီသည် ၁၈၉၁ ခုနှစ်က အိမ်ကြီးတစ်အိမ်တွင် အလုပ်လုပ်ဖို့ အထုပ်အပိုးတွေနှင့် ဘဝခရီးကို စတင် ရွက်လွှင့်ခဲ့သည်။ မိန်းမသားတစ်ဦး၏ ဘဝကို သိရှိနားလည်ခဲ့သည်။ တစ်ပြိုင်တည်းတွင် ရူပဗေဒနှင့် ဓာတုဗေဒကိုလည်း ရှာဖွေတွေ့ ရှိခဲ့သည်။ ဇရာမဘဝချောက်ကမ်းပါးကြီးများကိုလည်း ဖြတ်သန်း ကျော်လွှားနိုင်ခဲ့သည်။

သည်ရှန်းကန်လှုပ်ရှားမှုများသည် သူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံကိုပါ အပြောင်းအလဲ ဖြစ်စေခဲ့သည်။ မျက်နှာသွင်ပြင်လည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့လေသည်။

အသက် ၃၀ ကျော် အရွယ်က ရိုက်ထားသည့် မာရီဓာတ်ပုံကို ကြည့်လျှင် ဘယ်သူမဆို စိတ်လှုပ်ရှားကြရသည်သာ။ ပြည့်ပြည့်ဖြိုးဖြိုး ပိုလန်သူကလေးသည် ယခုတော့ ကြော့ကြော့ရှင်းရှင်းနှင့် မဟာဆန်ဆန် လှသည့် ဣန္ဒြေရှင်မကလေး ဖြစ်နေပြီ။

ဓာတ်ပုံကိုကြည့်ပြီး "ဟာ . . လှလိုက်တဲ့ မိန်းကလေး" ဟု ချီးကျူးထောမနာ ပြုတတ်ကြ၏။ သို့သော် လူကိုယ်တိုင် တွေ့ရလို့ မျက်ခုံးထူထူအောက်မှ အခြားကမ္ဘာတစ်ခုကို လှမ်းမျှော်ကြည့်နေသည့်





မျက်လုံးများနှင့် ရင်ဆိုင်မိလျှင်ကား ဘယ်သူမှ ပြောရဲလိမ့်မည် မဟုတ်ပေ။

မဒမ်ကျူရီသည် နိုင်ငံကျော် စာရင်းဝင်ဖြစ်ဖို့ သေချာသလောက် ဖြစ်နေပြီ။ စင်စစ် မာရီသည် သူ့ပညာကြောင့် ပို၍ လှပနေခြင်း ဖြစ်လေသည်။

BURMESE CLASSIC .com

*

ကလေးအမေတစ်ယောက် အနေဖြင့် ဘဝမျက်နှာစာတစ်ခုက အိမ်ထောင် တာဝန်ကို ထိန်းသည်။ ကျန်မျက်နှာစာတစ်ခုက ရူပဗေဒ သုတေသီ အမျိုးသမီးတစ်ဦး အနေဖြင့် ခေတ်သစ်သိပ္ပံတွင် အရေးအကြီးဆုံး သုတေသန လုပ်ငန်းကြီးကို အလဲမလဲ့ ဇွဲနပဲကြီးစွာ ဆက်လုပ်သည်။

၁၈၉၇ ခုနှစ်ကုန်ပိုင်းတွင် မာရီ နောက်တစ်ဆင့်တက်ရမည့် ခြေလှမ်းမှာ ပါရဂူဘွဲ့ယူရေး ဖြစ်သည်။ ဘွဲ့ယူစာတမ်းအတွက် သုတေသနလုပ်ဖို့ အကြောင်းအရာ ရွေးရတော့မည်။ ယင်းမှာ မိမိကိုယ်ပိုင် ဖြစ်ရမည်။ အနာဂတ် သိပ္ပံပညာရပ်အတွက် အသုံးဝင်ရမည်။

လင်တော်မောင်နှင့်အတူ စမ်းသပ်ရှာဖွေ ဖော်ထုတ်ခဲ့သည့် စာတမ်းတွေ ပြန်ဖတ်သည်။ မကြာသေးမီကမှ ထွက်သည့် ပြင်သစ် သိပ္ပံပညာရှင် ဟင်နရီဘက်ကွာရယ်လ်၏ စာအုပ်ကို မာရီ အရမ်းသဘောကျနေ၏။

ဘက်ကွာရယ်လ်က အလင်းရောင်မပေးဘဲ ယူရေနီယမ် ဆားပွင့်မှ အမည်မသိ ရောင်ခြည်တစ်မျိုး အလိုအလျောက် ဖြာထွက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတွေ့ရှိထား၏။ ယူရေနီယမ် ဒြပ်ပေါင်းတစ်မျိုးကို အနက်ရောင်စက္ကူဖြင့်ပတ်ပြီး ဓာတ်ပုံကူးသည့် သတ္တုပြားပေါ် တင်လိုက်လျှင် ပတ်ထားသည့် စက္ကူကို ဖောက်ထွင်းလျက် သတ္တုပြားပေါ်သို့ ရောင်ခြည်တစ်မျိုး ဖြာကျသည်ဟု သူက ဆိုသည်။ နောင်တွင် မာရီကျူရီက ရေဒီယိုသတ္တိကြွခြင်းဟု အမည်ပေးမည့် ထူးဆန်းအံ့သြဖွယ် ပညာရပ်၏ ပဏာမအဆင့်ကို သိပ္ပံပညာရှင်တစ်ယောက်က ရှာဖွေတွေ့ရှိခြင်း ဖြစ်လေသည်။

သို့ရာတွင် အလင်းရောင် ယိုစိမ့်ဖြာထွက်ခြင်း၏ သဘောသဘာဝနှင့် ဇာစ်မြစ်ကား ပဟေဠိတစ်ပုဒ်အဖြစ် မြှုပ်နေတုန်းပင်။

ဘက်ကွာရယ်လ်၏ တွေ့ရှိမှုသည် ကျူရီဇနီးမောင်နှံကို များစွာလွှမ်းမိုးလျက် ရှိသည်။ သူတို့အတွက် မေးခွန်းတစ်ခု ပေါ်လာပြီး အဖြေရှာဖို့ ကြိုးစားရတော့၏။

ယူရေနီယမ်ဒြပ်ပေါင်း အရောင်ဖြာထွက်ရခြင်းကြောင့် ရရှိမည့် စွမ်းအင်တို့ မည်သည့်အဆင့်တွင် ထုတ်ယူမည်နည်း။

ပါရဂူဘွဲ့အတွက် မာရီ ရှာဖွေမည့် ဘာသာရပ်ကို တွေ့ပြီ။ ရေးရေးမျှပင် မမြင်ရသည့် အမှောင်ထုထဲသို့ ခုန်ဝင်လိုက်ခြင်း ဖြစ်လေသည်။

မာရီ့အတွက် ပထမဆုံး အခက်အခဲမှာ စမ်းသပ်ဖို့နေရာ ဖြစ်၏။ နောက်ဆုံးတွင်မှ ရူပဗေဒသိပ္ပံ ကျောင်းအုပ်ကြီးက ပစ္စည်းဂိုဒေါင်ကို သုံးခွင့်ပေးသည်။

စွန့်ပစ်ပစ္စည်းများထားသည့် ပူပူလောင်လောင် အခန်းဖြစ်၏။ မာရီ့ကျန်းမာရေးအတွက် လုံးဝသင့်လျော်သည့် နေရာမျိုးမဟုတ်။ ပြီးတော့ အသေးစိတ်လှသည့် သိပ္ပံပစ္စည်းများအတွက် ရေခိုးရေငွေ့ များ





လွှန်းသည့် နေရာမျိုးနှင့် မသင့်။

အေးသည့်အခါ စွတ်အေးသည်။ မာရီက အပူချိန်ကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် ထည့်ရေးသည်။ ၁၈၉၈ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ၄၄ ဒီဂရီ ဖာရင်ဟိုက်ဟု ရေးထား၏။ နောက်က အံ့သြမှတ်ကလေး ၁၀ ခု ဆက်တိုက်ချထားသည်။

ပီယာ၏ အလွန်အဆင့်အတန်းမြင့်သည့် လေ့လာနည်းများသုံးပြီး သူတီထွင်ထားသည့် သိပ္ပံအထောက်အကူပြု ပစ္စည်းများဖြင့် မာရီသည် ယူရေနီယမ် ဓာတ်ရောင်ခြည်အကြောင်း ထဲထဲဝင်ဝင် သိလာပြီ။ ရှာဖွေလေ တွေ့ရှိလေ ဖြစ်လာ၏။ စူးစမ်းလေလေ ယူရေနီယမ်နှင့် ရင်းနှီးလေလေ ဖြစ်လာ၏။

မကြာမီ အလွန်အသိရခက်သည့် ဖြာထွက်အလင်းရောင်တွင် အဏုမြူဂုဏ်သတ္တိတွေ ပါဝင်နေကြောင်း မာရီ အတည်ပြုလိုက်သည်။ အခြား အခြားသော ဓာတုဒြပ်စင်များတွင်ကော ယူရေနီယမ်ကဲ့သို့ အစွမ်းသတ္တိ မရှိနိုင်ဘူးလား။ ဤတွင် မာရီသည် အများ သိထားပြီးသားဖြစ်သည့် ဒြပ်ပစ္စည်းများကိုလည်း စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒြပ်ပေါင်းများကိုရော၊ သတ္တုရိုင်းများကိုပါ လေ့လာမည်။

ဤတွင် သိုရီယမ်ဒြပ်ပေါင်းတွင်ပါ ယူရေနီယမ်ကဲ့သို့ ရောင်ခြည်ဖြာထွက်မှု ဂုဏ်သတ္တိရှိကြောင်း၊ အလားတူ အရှိန်အဟုန်ဖြင့် စီးဖြာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

မိန်းမသားသဘာဝ စပ်စုလိုစိတ်မျိုး၊ သိပ္ပံပညာရှင်တစ်ယောက်၏ ပါရမီဉာဏ်ခံမျိုးဖြင့် မာရီ၏ သုတေသနလုပ်ငန်းသည် အထွတ်အထိပ်သို့ ရောက်လာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပီယာ့ အကူအညီဖြင့် ရူပဗေဒသိပ္ပံမှ သတ္တုရိုင်းမျိုးစုံ ရယူပြီး၊ ယင်းတို့၏ ဂုဏ်သတ္တိကို လျှပ်စစ်မီတာနှင့် တိုင်းတာစစ်ဆေးသည်။ ယူရေနီယမ်ဖြစ်စေ၊ သိုရီယမ်ဖြစ်စေ နှစ်မျိုးစလုံးတွင် ရေဒီယိုသတ္တိကြွ ဓာတ်ပါဝင်ကြောင်း မဆွကပင် မာရီ သိထားပြီး ဖြစ်သည်။

သို့ရာတွင် ယခုလို ရေဒီယိုသတ္တိကြွမှုကို သေသေချာချာ ရှာဖွေကြည့်မှ ယူရေနီယမ်နှင့် သိုရီယမ်တွင် ပါဝင်သည့် ပမာဏက ယခင်က ထင်ထားသော အရေအတွက်ထက် မတရား များနေကြောင်း တွေ့ရှိရတော့သည်။

စမ်းသပ်ပုံ/ စမ်းသပ်နည်းများ ချို့ယွင်းနေလို့လားဟု မာရီ စဉ်းစားသည်။ ထပ်တိုင်းသည်။ အကြိမ်ကြိမ် ပြန်တွက်သည်။ သတ်သေမထုတ်နိုင်ပေ။ ဆယ်ကြိမ်၊ အကြိမ် နှယ်ဆယ်မက ထပ်စမ်းသည်။

အဖြေတစ်ခုထုတ်ဖို့ သေချာသလောက် ဖြစ်နေပြီ။ တွင်းထွက်ပစ္စည်း အနည်းငယ်တွင် ပါဝင်သည့် ရေဒီယိုသတ္တိကြွ ပမာဏမှာ ယူရေနီယမ်နှင့် သိုရီယမ်တို့တွင် ပါဝင်သော အရေအတွက်ထက် အဆများစွာ အားကောင်းသည် ဟူသည့် သီဝရီတစ်ခု ဖြစ်လေသည်။

သို့သော် ဘယ်လို သတ္တုအမျိုးအစားလဲ။ မာရီသည် ဓာတုဒြပ်စင်အားလုံးကို သုတေသန လုပ်ပြီးပြီ။ သည်မေးခွန်းကို သူ့ဦးနှောက်က ယုတ္တိဗေဒကျစွာ၊ ရဲရင့်စွာ အဖြေထုတ်ပေးလိုက်သည်။ ရေဒီယို သတ္တိကြွ ပစ္စည်း ပါဝင်သည့် ထိုသတ္တုအမျိုးအစားသည် ဒြပ်စင်အသစ် ဖြစ်ရမည်။

ဒြပ်စင်အသစ်။ အလွန် စိတ်ဝင်စားစရာကောင်းသည့် အယူအဆ ဖြစ်ပါ၏။ သို့သော် အနုမာန မှန်းဆချက် အဆင့်မျှသာ ဖြစ်လေ





သည်။ ထိုစဉ်က အဆိုပါ အလွန်အစွမ်းထက်သော ရေဒီယိုသတ္တိကြွ ပစ္စည်းသည် မာရီကျူရီ၏ အိပ်မက်ထဲတွင်သာ ရှိနေသေးခြင်း ဖြစ်၏။

မာရီသည် သည်ပစ္စည်းကို သီးသီးသန့်သန့် ခွဲထုတ်ပြရမည်။ မျက်မြင်ကိုယ်တွေ့ ဖြစ်ရမည်။ "သည်အရာသည် ဟောဒီမှာ ရှိသည်" ဟု အကောင်အထည်နှင့် ပြနိုင်ရမည်။

ပီယာသည် ဇနီးလုပ်သူ၏ တိုးတက်မှုကို စိတ်ဝင်စားစွာနှင့် အသာကလေး စောင့်ကြည့်နေရာမှ ကိုယ်တိုင်ပါဝင် လုပ်အားပေးတော့သည်။ ဦးနှောက်နှစ်ခု၊ လက်လေးဖက်ဖြင့် ဘာမှန်းမသိသည့် အရာကို ဆက်လက်ရှာဖွေကြသည်။

နှစ်ယောက်သား ပူးပေါင်းအားထုတ်မှုသည် ရှစ်နှစ်တာမျှ ရှည်ကြာခဲ့လေသည်။ မှတ်စုစာအုပ်ပေါင်း များစွာတွင် နှစ်ယောက်စလုံး၏ လက်ရေးများ ရောနေသည်။ ကိန်းသေတန်ဖိုးတွေကိုလည်း လင်က ရေးလိုက်၊ မယားက ရေးလိုက်။ ထုတ်ဝေဖြန့်ချိခဲ့သည့် သိပ္ပံစာတမ်းများတွင်လည်း အားလုံးနီးပါးကို နှစ်ယောက်စလုံး လက်မှတ်ရေးထိုးကြသည်။ စာတမ်းများတွင်၊ ရှာဖွေတွေ့ရှိမှုတိုင်းတွင် "ကျွန်တော်တို့"၊ "ကျွန်မတို့" ဟု မှတ်တမ်းတင်သည်။

လင်မယားနှစ်ယောက်သည် အမျိုးအမည်အားဖြင့် မထင်ရှားသေးသည့် ဒြပ်စင်ကို ယူရေနီယမ်ပါဝင်သည့် သတ္တုရိုင်းတုံးများတွင် စတင်ရှာဖွေသည်။ ထိုအခါ အရိုင်းတုံးတွင် ပါဝင်သည့် ရေဒီယိုသတ္တိကြွ ပမာဏမှာ ယူရေနီယမ်မှ ထုတ်ယူသည့် ပမာဏထက် လေးဆ ပိုမိုရရှိနိုင်ကြောင်း တွေ့ရှိကြတော့သည်။

သတ္တုရိုင်းများတွင် ပါဝင်သော ဒြပ်စင်များကို စိတ်ရှည်လက်



www.burmeseclassic.com

www.burmeseclassic.com



ရှည် ခွဲထုတ်ကြသည်။ ပြီးတော့ တစ်ခုချင်းတွင် ပါဝင်သည့် ရေဒီယို သတ္တိကြွနှုန်းကို တိုင်းတာသည်။ အကြိမ်ကြိမ် ခွဲထုတ်သန့်စင်ပြီးသောအခါ ဒြပ်စင်အသစ် တစ်မျိုးအစား နှစ်မျိုးဖြစ်နေသည်ကို တွေ့ကြရသည်။

၁၈၉၈ ခုနှစ် ဇူလိုင်လတွင် ကျူရီဇနီးမောင်နှံသည် ယင်း နှစ်မျိုးအနက်မှ တစ်မျိုးကို တွေ့ရှိပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာ လိုက်သည်။

'နာမည်တစ်မျိုးမျိုး မှင်း ပေးရမယ်လေ' ဟု ပီယာက ချစ်ဇနီး ကလေးကို ပြောတော့ မာရီသည် တစ်ရံရောအခါကဘဝမျက်နှာစာတစ်ခု ကို မြေးမြင်လိုက်သည်။ ပိုလန်သူကလေး မာညာစကလိုဒေါ်စကာ။ တစ် ပြိုင်တည်းတွင် ကမ္ဘာ့မြေပုံပေါ်မှ ဖယ်ရှားခံလိုက်ရသည့် အမိနိုင်ငံတော် ဆီသို့ နှလုံးသားက ပြန်ရောက်သွားသည်။ မာရီ မရွံ့မရဲ ပြန်ဖြေသည်။

'ပိုလန်နီယမ်လို့ ခေါ်ရင် မကောင်းဘူးလား မောင်'

*

ပီယာနှင့် မာရီတို့၏ မိသားစုဘဝကမူ အပြောင်းအလဲ မရှိပါ။ နှစ် ယောက်သား အလုပ်တွေ ပိုလုပ်လာသည့် အချက်သာလျှင် ထူးခြား လျက် ရှိသည်။ သည့်ထက် ဘာမျှ မပို။

၁၈၉၈ ခုနှစ်သည် မဒမ်ကျူရီအတွက် အမှတ်ထင်ထင်နှစ် ဖြစ်လေသည်။ မိသားစုတာဝန်ကို မာရီ မလစ်ဟင်းပါ။ "အချက်အပြုတ်" စာအုပ် မှတ်တမ်းတစ်နေရာတွင် ဤသို့ ရေးသားထားသည်။

"ဆီးဖြူသီး ၈ ပေါင်ဝယ်ပြီး ဆတူအလေးချိန်ရှိသည့် သကြားနှင့် ရောလိုက်သည်။ ဆယ်မိနစ် ရောကြို့ပြီး တော့ ဆန်ခါစိတ်စိတ်နှင့် ချသည်။ အကောင်းဆုံး ယို ၁၄ အိုးရသည်။"

ကျောင်း မှတ်စုစာအုပ် တစ်အုပ်တွင်တော့ ငယ်ငယ်ရွယ်ရွယ် မိခင်တစ်ယောက်အနေဖြင့် သမီးကလေး အိုင်ရင်း၏ ကိုယ်အလေးချိန် ကို နေ့စဉ် မှတ်တမ်းတင်သည်။ ပိုလန်နီယံ တွေ့ရှိကြောင်း မထုတ်ပြန်မီ ရက်များ ဖြစ်လေသည်။

"အိုင်ရင်းကလေး 'ကျေးဇူးတင်ပါတယ်'ကို လက်ဟန် ခြေဟန်ဖြင့် ပြောတတ်နေပြီ။ ကောင်းကောင်း လေး ဖက်တွားနိုင်ပြီ။ တွတ်တီးတွတ်တာကလေးတွေ ပြောတတ်လာပြီ။ ဘယ်သူမှ မထူဘဲ သူ့ဘာသာသူ ထိုင်နိုင် ထ နိုင်ပြီ။"

အောက်တိုဘာလ ၁၇ ရက် နေ့စွဲဖြင့် မာရီက ဝမ်းသာအားရ ရေးမှတ်ထား၏။

"အိုင်ရင်း ကောင်းကောင်း လမ်းလျှောက်နိုင်ပြီ။ ၁၈၉၉ ခုနှစ် ဇန်နဝါရီလ ၅ ရက်။ အိုင်ရင်း သွား ၁၅ ချောင်း ပေါက်ပြီ။"

သည်ရက်စွဲနှစ်ခု အကြားမှ မှတ်တမ်းတစ်ခုမှာလည်း အမှတ် ထင်ထင် ရှိလှသည်။ တန်ဖိုးရှိလှသည်။ စင်စစ် သည်မှတ်ချက်ကလေး သည် သိပ္ပံအကယ်ဒမီသို့ သွားဖို့ လမ်းအုကြောင်းကလေး ဖြစ်လေသည်။

ကျွန်မတို့ အကြိမ်ကြိမ် စမ်းသပ်အောင်မြင်မှုများ ကြောင့် ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းတွင် ဒြပ်စင်







www.burmeseclassic.com

www.burmeseclassic.com



အသစ်တစ်မျိုး ပါဝင်ကြောင်း ယုံကြည်လိုက်ပြီ။ သူ့ကို 'ရေဒီယမ်' ဟု အမည်ပေးဖို့ ကျွန်မတို့ အဆိုပြုထားသည်။

ရေဒီယမ်မှ ထွက်သည့် ရေဒီယိုသတ္တိကြွ ပစ္စည်း ပမာဏမှာ မခန့်မှန်းနိုင်လောက်အောင် များပြားလိမ့်မည်။

*

သည်သတင်းကို အခြားသိပ္ပံပညာရှင်များက ခပ်ဆဆ လက်ခံကြ၏။

ရေဒီယမ်၏ အထူးဂုဏ်သတ္တိများသည် ပိုလန်နီယမ်ကဲ့သို့ပင် နှစ်ပေါင်းရာချီပြီး ယုံကြည်ခဲ့ကြသည့် အခြေခံ သီဝရီများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေသည် မဟုတ်လား။

ကျူရီလင်မယား ထုတ်လုပ်ထားသည့် ရေဒီယိုသတ္တိကြွ ပစ္စည်းများ၊ ဒြပ်စင်သစ်များကလည်း စင်စစ် လက်တွေ့သရုပ်ပြ ရှင်းလင်းနိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် သိပ္ပံပညာရှင်များ၏ သံသယမှာ ပို၍ခိုင်မာလျက် ရှိသည်။

ရူပဗေဒ ပညာရှင်တစ်ယောက်သည် ဒြပ်ဝတ္ထုအသစ်တစ်မျိုးကို သူကိုယ်တိုင် မြင်ရမှ၊ သူကိုယ်တိုင် စစ်ဆေးပြီးမှ၊ အက်ဆစ်မျိုးစုံဖြင့် စံတင်ပြီးမှ၊ အက်တမ်အလေးဆကို ဆုံးဖြတ်ပြီးခါမှ လက်ခံယုံကြည်လိမ့်မည်။

ခုတော့ ရေဒီယမ်ကို ဘယ်သူမှ မမြင်ဖူးသေး။ ရေဒီယမ်၏





အက်တမ်အလေးဆကို ဘယ်သူမှ မသိသေး။ ပိုလန်နီယမ် တကယ်တွေ့ပြီဖြစ်ကြောင်း သက်သေပြဖို့ ပီယာနှင့် မာရီတို့ နောက်လေးနှစ် ထပ်ကြိုးစားရဦးမည်။ (နောင် မကြာမီကာလအတွင်း ပိုလန်နီယမ်အပေါ် စိတ်ဝင်စားမှုအဆင့် လျော့ကျသွားသည်။)

သည်ပစ္စည်းကို ရအောင် သန့်စင်ထုတ်ယူဖို့ သတ္တုရိုင်းတွေ တောင်ပုံရာပုံ လိုမည့်အကြောင်းကို သူတို့လင်မယား မဆွကပင် သိထားပြီး ဖြစ်သည်။ ဘယ်မှာ သွားရှာမည်လဲ၊ ဘယ်လို ရနိုင်မည်လဲ၊ ပိုလန်နီယမ်နှင့် ရေဒီယမ် ခိုအောင်းသည့် သတ္တုရိုင်းတုံးများ၏ တန်ဖိုးမှာကြီးမြင့်လှသည်။

သို့ရာတွင် ဘိုဟီးမီးယားမှ စိန့်ဂျိုချင်သဲလ် သတ္တုတွင်းတစ်ခုတွင် သည်လို သတ္တုရိုင်းတုံးများကို မှန်လုပ်ငန်းအတွက် ယူရေနီယမ်ဓာတ်ဆား ထုတ်ယူနေကြောင်း ကြားသိရ၏။

၎င်းတွင် သူတို့ဖနီးမောင်နှံက ဓာတ်ဆားထုတ်ယူပြီးသား စွန့်ပစ်ပစ္စည်းထဲတွင် ပိုလန်နီယမ်နှင့် ရေဒီယမ် ဘယ်လောက် ကျန်နိုင်မည်ကို တွက်ချက်ကြသည်။ ဈေးလည်း ချိုချိုချောင်ချောင်ဖြင့် ရနိုင်မည်။

၎င်းတွင် ဗီယင်နာမှ သူငယ်ချင်းများ၏ ကျေးဇူးကြောင့် ပီယာနှင့် မာရီတို့ ကံကောင်းသွားသည်။ ဩစတြီးယန်းအစိုးရက ခပ်ကြောင်ကြောင် ပြင်သစ်လင်မယားကို စွန့်ပစ် သတ္တုရိုင်းတစ်တန် လက်ဆောင်ပေးလိုက်သည်။ သယ်ပို့စရိတ်သာ သူတို့ ကျခံရသည်။ သတ္တုခဲတွေ ရောက်မလာခင် ပီယာနှင့်မာရီသည် အလုပ်လုပ်ဖို့အတွက် ရရာနေရာကို ယူလိုက်ကြသည်။ ရူပဗေဒသိပ္ပံဝင်းထဲတွင် ဘာမှ အသုံးမပြုတော့သည့် တဲအိုကြီးတစ်လုံး ဖြစ်သည်။ ယခင် ဆေးကျောင်းက လူသေ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းများခွဲသည့် ရင်ခွဲရုံဟောင်းကြီး ဖြစ်သည်။ ခုတော့ အလောင်းထားသည့် အခန်းအဖြစ်ပင် အသုံးမပြုတော့။ အခင်း မရှိတော့။ အမိုးက ကြယ်မြင် လ မြင်။

မီးဖိုချောင်သုံး စားပွဲအစုတ်ပလုတ်တွေ ရှိသည်။ ကျောက်သင်ပုန်း တစ်ချပ် ရှိသည်။ ပြီးတော့ သံကြွတ်မီးဖိုကြီးတစ်လုံး ရှိသည်။

ဆောင်းတွင်းအခါ အရိုးခိုက်အောင်အေးပြီး နွေရာသီတွင် ချွေးတလုံးလုံးဖြစ်နေသည့် နေရာမျိုး။ အလွန်အန္တရာယ်များသည့် ဓာတ်ငွေ့တွေ ထွက်ဖို့ မီးခိုးခေါင်းတိုင် မရှိသဖြင့် ရံခါတွင် အပြင်ထွက်ပြီး အလုပ်လုပ်ကြရသည်။

တစ်နေ့ နံနက်ပိုင်းတွင် ကျောင်းဝင်းထဲသို့ ကားကြီးတစ်စီး မောင်းဝင်လာသည်။ လင်မယားနှစ်ယောက် ဦးထုပ်မဆောင်း၊ ခေါင်းစီးမပါဘဲ ဓာတ်ခွဲခန်းဝတ်ရုံ ဖိုသီဖတ်သီနှင့် အပြင်သို့ ပြေးထွက်ခဲ့ကြသည်။

စိတ်ကို အမြဲတမ်း တည်တည်ငြိမ်ငြိမ် ထားနိုင်သည့် ပီယာက ဣန္ဒြေဆည်ထားနိုင်သော်လည်း၊ မာရီက အိတ်တွေချပြီးတော့ ဆွေ့ဆွေ့ခုန် ဝမ်းသာနေလေသည်။

ယူရေနီယမ်ပါသည့် သတ္တုအရိုင်းတုန်းတွေ။ မိမိပိုင် သတ္တုရိုင်းတွေ။ အိတ်တစ်အိတ်ကို စပြီး ကြိုးတွေ ဖြတ်လိုက်သည်။ လက်နှစ်ဖက်စလုံးဖြင့် အိတ်ထဲ ထိုးနှိုက်လိုက်သည်။ ညိုညစ်ညစ်ခဲတုံးတွေ။ ဘိုဟီးမီးယား ထင်းရှူးရွက်တွေ အရောရော အနှောနှောဖြင့်။

လိုချင်သည့် ရေဒီယမ်တွေ သည်အထဲတွင် ရှိနေသည်။ သည်အရိုင်းတုံးတွေထဲမှ ထုတ်ယူရမည်။ လင်မယားနှစ်ယောက် တာဝန်ခွဲယူကြ၏။ အတွေ့အကြုံ ရင့်ကျက်ပြီးသား ရူပဗေဒဆရာ ပီယာနှင့်အတူ





မာရီက အလုပ်ကြမ်းပိုင်းကို ပိုလုပ်သည်။

တဲအိုကြီးထဲတွင် ပီယာက အလွန်ခက်ခဲရှုပ်ထွေးသည့် စမ်းသပ်မှုများဖြင့် ရေဒီယမ်၏ ဂုဏ်သတ္တိကို ရှာဖွေနေစဉ် မာရီက အပြင်ထွင် ဖုန်တွေ၊ အက်ဆစ်ခွက်တွေ နိုင်းချင်းနှင့် ဓာတ်ခွဲခန်းဝတ်ရုံကို ဆင်မြန်းကာ အသန့်စင်ဆုံး ရေဒီယမ်ရဖို့ မီးခိုးတလူလူထဲတွင် အာခေါင်တွေစပ်၊ မျက်ရည်တွေရွှဲလျက် လုံးပန်းနေ၏။ ဆံပင်တွေက လေထဲတွင် တလွင့်လွင့် တဝဲဝဲ။

'ကျွန်မတို့မှာ ပိုက်ဆံလည်း မရှိဘူး။ ဓာတ်ခွဲခန်းလည်း မရှိဘူး။ ဘယ်သူ့ အကူအညီမှလည်း မရဘူး။ ဘာမှ မရှိတဲ့ အခြေအနေမှာ တစ်ခုခု ရှာဖွေနေသလိုပဲ။ ဒါပေမဲ့ အဲဒီတစ်ခုခုဟာ ဟောဒီ တဲအိုကြီးထဲမှာ ရှိကို ရှိနေတယ်။ ကျွန်မတို့ဘဝမှာ အပျော်ရွှင်ဆုံး ကာလဟာ အဲဒီတဲအိုကြီးထဲမှာ နေ့မအား ညမအား အလုပ်လုပ်နေရတဲ့ အချိန်တွေပါပဲ။ တစ်ခါတလေ သတ္တုခဲတွေကို တစ်နေကုန် ကျိုရတယ်။ အဲဒီလို နေ့မျိုးမှာ ရောမ သံယောက်မကြီးနဲ့ ကျွန်မ တစ်နေကုန် မွှေရတယ်လေ။

'တစ်ခါတလေ ကျွန်မ ကီလိုဂရမ် ၂၀ တောင် ရတဲ့နေ့တွေ ရှိတယ်။ အနည်တွေ၊ အရည်ကြည်တွေကို ဖန်ချိုင့်ကြီးတွေထဲ ဖြည့်ပြီး တဲထဲကို ပြန်သွင်းပေါ့။

'အဲဒီလို တစ်ဆက်တည်း မွှေရ၊ အရည်တွေကို ချိုင့်တွေထဲ လောင်းထည့်ရတဲ့ နေ့တွေမှာဆို သေချင်အောင် ပင်ပန်းပါတယ်။ အိုးထဲမှာ ကျွက်ကျွက်ဆူနေတဲ့ သတ္တုရည်တွေရဲ့ အပူရှိန်ကလည်း ငရဲတမျှပါပဲ'

သို့သော်လည်း ရေဒီယမ်က လွယ်လွယ်ကူကူနှင့် လူသိ မခံပေ။



www.burmeseclassic.com

www.burmeseclassic.com



သေးငယ်လွန်းသည့် အမှုန်အစက်ကလေးများ၏ အရောင်စီးဖြာ သွန်ထွက်ပုံက မြင်းထန်လှသည်။ သတ္တုရိုင်းများ၏ အကာပိုင်းကို ဖောက်ထွင်း၍ အရောင်လက်နေသည်။ ယင်းမှာ လက်တွေ့ပြနိုင်တော့မည့် ရှေ့ပြေးအလင်းတန်း ပေတည်း။

ခက်နေသည်မှာ သည်ပစ္စည်းကို သီးသီးခြားခြား လုံးဝသန့်စင်ဖို့ ဖြစ်၏။ နေ့ချင်းပြီးနိုင်မည် ထင်ခဲ့သည့် အလုပ်သည် လ များစွာကြာသွားသည်။ ထိုမှတစ်ဆင့် နှစ်များစွာ ကြာသွားသည်။

သည်အချိန်ပိုင်းကို မာရီက ဤသို့ မှတ်တမ်းတင်ထားသည်။

"လုပ်ရင်းလုပ်ရင်း အခက်အခဲမျိုးစုံ တွေ့ပေမဲ့ ကျွန်မတို့ အရမ်းပျော်ကြတယ်။ တူနှစ်ကိုယ် တဲအိုပျက်ထဲမှာ အလုပ်လုပ်ရင်း စိတ်ရဲ့ ငြိမ်းချမ်းမှုကို ရနေတယ်။ ရံခါမှာ စမ်းသပ်ထားတဲ့ အဖြေတစ်ခုကို စောင့်ရင်း တဲထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ဖြစ်တယ်။ လမ်းလျှောက်ရင်း လက်ရှိအခြေအနေနဲ့ အနာဂတ်အရေးတွေ ဆွေးနွေးဖြစ်ကြတယ်။ အရမ်းအေးလာရင် မီးဖိုပေါ်က လက်ဖက်ရည်တစ်ခွက်လောက် ငုံ့သောက်လိုက်ရင် နွေးသွားရော။ ကျွန်မတို့ နှစ်ယောက်ဟာ အိပ်မက်တစ်ခုကို ပြိုင်တူမက်ရင်း အဲဒီအိပ်မက်ထဲမှာပဲ အသက်ရှင်နေကြတာလေ။"

ကစားစရာ အရုပ်တစ်ရုပ် ရတော့မည့်ဆဲဆဲ ကလေးတစ်ယောက်၏ စိတ်လှုပ်ရှားမှုမျိုးဖြင့် မာရီက တစ်နေ့တွင် လင်တော်မောင်





ကို မေးသည်။

'မာရီတော့ အဲဒါ ဘာနဲ့ တူမလဲဆိုတာ အရမ်း သိချင်နေတယ်။ ဘယ်လိုပုံသဏ္ဌာန်နဲ့ မြင်ရမလဲ မသိဘူးနော်၊ မောင် ဘယ်လိုထင်လဲဟင်'

'မောင်လည်း မခန့်မှန်းတတ်ဘူး မာရီ၊ အရမ်းလှတဲ့ အရောင်တစ်မျိုး ဖြစ်ကောင်းပါရဲ့'

မာရီက သတ္တုသန့်စင်မှုလုပ်ငန်းကို စိတ်ရှည်လက်ရှည်နှင့် တန်ချိသော သတ္တုရိုင်းများကို တစ်ကီလိုဂရမ်ချင်း လုပ်သည်။ အဆင့်ဆင့် သန့်စင်ပြီးသား သတ္တုတွေ စားပွဲဟောင်းများပေါ်တွင် တဖြည်းဖြည်းများလာသည်။ ရေဒီယမ် ပါဝင်မှုလည်း များသည်ထက် များလာ၏။

မဒမ်တျူရီ၏ လုပ်ငန်းပြီးမြောက်ဖို့ရက်သည် တစ်နေ့တခြား နီးကပ်လာသည်။ တဲရှေ့ ကွက်လပ်ထဲတွင် မီးခိုးတွေနှင့် နပန်းလုံး မနေတော့။ နောက်ဆုံးအဆင့် သန့်စင်မည့် အဆင့်သို့ ရောက်နေပြီ။ သို့ရာတွင် သံနှင့် မီးသွေးမှုန့်တွေ၊ သန့်စင်ပြီး သတ္တုထဲတွင် ပါဝင်နေသဖြင့် မနည်း အသက်ရှူနေရသော တဲထဲတွင် အလွန်အမင်း ဂရုစိုက်ပြီး တိုင်းထွာ တွက်ချက် ခြင်တွယ်နေရသည်။

တစ်မျိုးပြီးတစ်မျိုး နေ့စဉ်တွေ့နေရသည့် သည်လိုအခက်အခဲတွေကြောင့် တစ်ခါတစ်ခါတော့လည်း စိတ်လျှော့ချင်လာသည်။


မာရီတစ်ယောက် သေကောင်ပေါင်းလဲ ကြိုးစားထားရပြီး ထွက်လာသည့် အဖြေက အခိုင်အမာ မရှိလှဘဲ အားနည်းနေသည့်အတွက် ပီယာ စိတ်မသက်မသာ ဖြစ်လာသည်။


ယူရေနီယမ်စစ်စစ် ထုတ်နိုင်ဖို့ စီမံကိန်းကို လောလောဆယ် ရပ်ထားပြီး၊ အခြေအနေပေးသည့် အခါတွင်မှ ပြန်လုပ်ဖို့ ပီယာက



www.burmeseclassic.com

www.burmeseclassic.com





- ရေဒီယမ်တွေ့သည့် လိုမွန်လမ်းမှ ဓာတ်ခွဲခန်း။
(ကျောက်သင်ပုန်းပေါ်ရှိ လက်ရေးမှာ ပီယာ၏လက်ရေး ဖြစ်သည်။)





တိုက်တွန်းသည်။ မာရီ၏ ပင်ကိုစိတ်ကို မေ့မေ့လျော့လျော့ဖြစ်ကာ တိုက်တွန်းမိခြင်း ဖြစ်လေသည်။

မာရီက ရေဒီယမ်ကို ဒြပ်စင်အဖြစ် ခွဲထုတ်ချင်သည်။ မျက်ခုံးထူထူအောက်မှ မျက်လုံးများက ပြင်းပြသည့် ဆန္ဒကို ပြနေကြ၏။ စမ်းသပ် ဖန်ပြွန်များ၊ ချိန်ခွက် ချိန်ခွင်များအကြားတွင် ဆက်လက်လှုပ်ရှားနေသည်။

၁၉၀၂ ခုနှစ် ရေဒီယမ် ရှိနိုင်ခြေကို ထုတ်ပြန်ကြေညာပြီး ၄၅ လ အကြာတွင် မာရီသည် ရေဒီယမ်စစ်စစ် $\frac{၁}{၁၀}$ ဂရမ်ကို အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့လေသည်။ ပြီးတော့ ယင်း၏ အက်တမ်အလေးဆကိုလည်း တွက်ချက်ပြနိုင်ခဲ့သည်။

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် စောင့်ကြည့်နေကြသည့် သိပ္ပံပညာရှင်တွေ မာရီ၏ ရှာဖွေတွေ့ရှိမှုကို အလေးပြုကြရတော့၏။

ရေဒီယမ်ဆိုသည့် ဒြပ်စင်တစ်မျိုး တွေ့ရှိပြီဖြစ်ကြောင်း တရားဝင်သွားလေပြီ။

*

ပီယာနှင့် မာရီတို့ နေထိုင်ရာ ကဲလားမန်းလမ်းမှ အိမ်ကလေးထဲတွင် ည ကိုးနာရီ ထိုးပြီ။ အဘိုးအို ဒေါက်တာကျူရီလည်း သူ့အခန်းထဲ ဝင်ပြီး နားနေပြီ။ လေးနှစ်သမီးကလေး အိုင်ရင်းကို မာရီက ရေမိုးချိုးပေးပြီး သိပ်သည်။ သမီးကလေး မအိပ်မချင်း ကလေးခုတင်နားက မခွာဘဲ စောင့်သိပ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ မာရီ၏ နေ့တဓူဝ အလုပ်ဖြစ်၏။ မအိပ်ခင် မအေ အနားမှာ မရှိလျှင် "မေ . . မေ . . " ဟု လှမ်းအော်ခေါ်တတ်၏။ အိုင်ရင်းက မေမေ မခေါ်။ မေ တစ်လုံးတည်း အဖျားဆွတ် ခေါ်သည်။ သမီးကလေး အိပ်မှ မာရီက ပီယာ့ဆီသို့ လာသည်။

ပီယာသည် ကြင်နာတတ်သူ ဖြစ်သော်လည်း ယောကျ်ားပီပီ မိန်းမအပေါ် ရံခါတွင် ပိုင်စိုးပိုင်နင်း လုပ်တတ်သည်။ သမီးအနားမှာ အကြာကြီးနေပြီးမှ ရောက်လာလျှင် ကလေးဆိုးကြီးလို ဆီးကြိုတတ်သည်။ သည်အခါမျိုးတွင် သူ့အမူအရာမှာ ရယ်စရာ ကောင်းနေ၏။

'မိန်းမကလဲကွာ၊ ကလေးကလွဲပြီး မင်း ဘာမှ စိတ်မဝင်စားတော့ဘူးလား' ဟု ပြောတတ်၏။

သည်နေ့တော့ အခန်းထဲတွင် ပီယာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ မာရီက အိုင်ရင်းကလေး၏ ရင်ဖုံးအင်္ကျီအသစ်ကလေးကို အနားလုံးနေသည်။ သို့သော် သည်ညနေ အိမ်အလုပ်တွေကို စိတ်မဝင်စားနိုင်ဘဲ မာရီတစ်ယောက် ဂနာမငြိမ် ဖြစ်နေ၏။

စိတ်လှုပ်ရှားနေပုံဖြင့် ၁/၁ဝုတ်တရက် ထ ရပ်ပြီး-

'ခဏ သွားကြည့်ရအောင်လား မောင်၊ နော်'

သူက တောင်းပန်တိုးလျှိုးသည့် လေသံဖြင့် ပီယာ့ကို လှမ်းပြောသည်။ အမူအရာမှာ လိုတာထက် ပိုနေသည် ထင်ရ၏။ ပီယာကလည်း လွန်ခဲ့သည့် ၂ နာရီကမှ ပြန်လာခဲ့သည့် သူတို့ ရင်ခွဲရုံဟောင်း ဓာတ်ခွဲခန်းသို့ ပြန်သွားချင်နေ၏။

နှစ်ယောက်သား လက်ချင်းချိတ်ကာ လိုမွန်လမ်းပေါ် သို့ ထွက်ခဲ့ကြသည်။ ပြီးမှ လမ်းဖြတ်ကူးပြီး ကျောင်းဝင်းထဲသို့ ဝင်ခဲ့ကြသည်။





ပီယာက သော့ဖွင့်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။ ကျွီခနဲ မြည်ကာ တံခါး ပွင့်သွားသည်။

'မီးမထွန်းနဲ့ မောင်'

အမှောင်ထဲတွင် မာရီက လှမ်းပြောသည်။ ပြီးမှ တစ်ချက် ရယ်ပြီး -

'မောင်ပြောတာ မှတ်မိသေးလား၊ ရေဒီယမ်ဟာ သိပ်ကိုလှတဲ့ အရောင် ဖြစ်ရမယ် ဆိုတာလေ'

ရေဒီယမ်၏ အရောင်သည် ဘယ်အရောင်နှင့်မျှ မတူအောင် လှသည့်အရောင် အလင်းတန်းတစ်မျိုး ဖြစ်သည်။ မှောင်မိုက်မိုက် တဲအိုကြီးထဲတွင် တန်ဖိုးမဖြတ်နိုင်သည့် သတ္တုမှုန့်ကလေးများကို စားပွဲတွေ၊ စင်တွေပေါ်မှ ဖန်ပြွန်များစွာ၊ ဖန်ခွက်များစွာထဲတွင် ထည့်ထား၏။ ပြာလဲ့လဲ့ မီးစုန်းအလင်းတန်းများသည် ယင်းတို့မှ ဖြာထွက်ကာ ညအမှောင်ကို ထိုးဖောက် အန်တုနေကြသည်။

'ကြည့်စမ်း . . ဟိုမှာ ကြည့်စမ်း မောင်'

မိန်းမသားတစ်ဦး၏ စိတ်လှုပ်ရှားလွန်းစွာဖြင့် အံ့ဩဝမ်းသာ ထိတ်လန့်သံ။ အမှောင်ထဲတွင် မာရီ တိတ်တိတ်ကလေး ထိုင်ချလိုက်သည်။ မျက်နှာနှစ်ခုတို့သည် ထူးထူးဆန်းဆန်း အလင်းတန်းဆီကို စူးစိုက်နေကြသည်။ အလွန်ထူးဆန်းသည့် အလင်းရောင် ဖြာထွက်ခြင်းမျိုး။ ရေဒီယမ်၏ ပဏာမ အလင်းတန်း။ မိမိတို့နှစ်ဦး ပိုင်ဆိုင်သည့် ရေဒီယမ်။ မာရီ ခန္ဓာကိုယ်ကလေး ရှေ့သို့ ညွတ်ကျလာသည်။

လွန်ခဲ့သည့် တစ်နာရီလောက်က သမီးကလေး အနားတွင် အချိန်တွေ အများကြီး ယူလိုက်မိသည့်အတွက် မာရီ အလျော်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်ပါ၏။

ချစ်သူ၏ လက်တစ်ဖက်က မာရီ့ဆံပင်တွေကို ညင်ညင်သာသာ ပွတ်သပ်ပေးနေသည်။

သည် အလင်းည။ သည် ပဉ္စလက်ည။ မာရီ တစ်သက်လုံး သတိရနေမည့် အချစ်ည ဖြစ်ပါ၏။

*

တစ်ဖက်တွင် သုတေသနလုပ်ငန်းနှင့် နပန်းလုံးနေခဲ့ရသော ကျူရီဇနီးမောင်နှံသည် အခြားတစ်ဖက်တွင် ပူစရာမရှိလျှင် သည့်ထက် ပို၍ ပျော်ရွှင်နိုင်ကြမည် ဖြစ်သည်။ အိုင်ရင်းကလေးမွေးပြီး နောက်ပိုင်းတွင် ကလေးစရိတ်က ပီယာ၏ လစာတစ်ခုတည်းဖြင့် ရပ်တည်နေရသော အိမ်သုံးစရိတ်စာရင်းတွင် ခေါင်းစဉ်ကြီးတစ်ခု ဖြစ်လာသည်။ အပိုဝင်ငွေ ရအောင် ရှာကြရတော့မည်။

ပီယာ့အတွက် အလုပ်တစ်ခု ပေါ်လာပါ၏။ ပါမောက္ခရာထူး။ သို့သော် ပီယာသည် သမားရိုးကျ လမ်းစဉ်အတိုင်း ကျောင်းအသီးသီးကို တက်ရောက်သင်ကြားခဲ့ခြင်း မရှိသဖြင့် သက်ဆိုင်ရာကျောင်းများ၏ ထောက်ခံမှုကို မရနိုင်ဘဲ ဖြစ်နေသည်။ သက်ဆိုင်ရာကျောင်းများက သူတို့ ကျောင်းသားဟောင်းများကိုသာ ရွေးပြီး ထောက်ခံလေ့ ရှိသည်။

ပါမောက္ခဖြစ်ဖို့ ၁၉၀၄ ခုနှစ်ထိ စောင့်ရဦးမည်။ ထို့ကြောင့် လောလောဆယ် ဆော်ဘွန်းမှာပဲ လက်ရှိရာထူးဖြင့် ဆက်မှေးနေရသည်။ ထိုအချိန်တွင် မာရီက ဆရာဖြစ်သင်အောင်ပြီး ဆီဗားရဲ မိန်းကလေး





အထက်တန်းကျောင်းတွင် အလုပ်ရသည်။

ငွေရေးကြေးရေး အခြေအနေ ကောင်းလာသည်။ အလုပ်တွေ ပိုလုပ်နိုင်ကြတော့မည်။ ရေဒီယိုသတ္တိကြွ သုတေသနလုပ်ငန်းက သူတို့လင်မယား၏ လုပ်အားကို တောင်းဆိုနေလေပြီ။

အပေါင်းအသင်းများက ပီယာ့ကို ပါမောက္ခရာထူးရအောင် နည်းလမ်းရှာကြ၏။ ၁၉၀၂ ခုနှစ်တွင် သူ့ကို ပြင်သစ်သိပ္ပံအကယ်ဒမီ အဖွဲ့ဝင်ဖြစ်ဖို့ ဝိုင်းဝန်းလုံးပန်းကြသည်။

ပီယာက မဝင်ချင်။ သိပ္ပံအကယ်ဒမီအဖွဲ့ဝင် ပညာရှင်များနှင့် အစည်းအဝေးတွေ တက်ရ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ရ ကိုယ့်အလုပ်ကိုယ် အမွှမ်းတင်ရသည့် အလုပ်မျိုးမှာ ပီယာ လုပ်ချင်သည့် အလုပ်မျိုး မဟုတ်ပေ။

ဤသို့ဖြင့် သူနှင့် ပြိုင်ဘက်ဖြစ်သည့် မွန်စီယာအမာဂတ်က သူ့ထက်ပိုပြီး အရည်အချင်း ရှိပါသည်ဟု သူကိုယ်တိုင် ဂုဏ်ယူစွာ အဆိုတင်သဖြင့်၊ အမာဂတ်က သိပ္ပံအကယ်ဒမီ အဖွဲ့ဝင် ဖြစ်သွားလေတော့သည်။

နောက် မကြာမီ ဆော်ဘွန်းတက္ကသိုလ်၏ ပါမောက္ခချုပ်လည်း ဖြစ်၊ ပညာရေးဝန်ကြီးလည်း ဖြစ်သူက ပီယာ့ကို တော်ဝင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (Legion of Honour) ပေးဖို့ အဆိုပြုလာသည်။

ပီယာက ဝန်ကြီး ပါမောက္ခချုပ်ဆီသို့ စာပြန်လိုက်သည်။

"ကျွန်တော့်ကို ယခုလို ဂုဏ်ပြုသည့် အတွက် များစွာ ကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် ကျွန်တော်သည် မည်သည့် ဂုဏ်ထူးဘွဲ့ထူးကိုမျှ လို



www.burmeseclassic.com

www.burmeseclassic.com



လားခြင်း မရှိပါကြောင်း ပြန်ကြားအပ်ပါသည်
ခင်ဗျား။ ကျွန်တော့်အတွက် အမှန်လိုအပ်နေ
သည်မှာ ဓာတ်ခွဲခန်းတစ်ခုသာ ဖြစ်ကြောင်းပါ
ခင်ဗျား။"

သိပ္ပံပညာရှင်တစ်ယောက်ကို ဖဲပြားကြိုးကလေးနှင့် သံမဏိကြက်ခြေကလေးပေးပြီး ဂုဏ်ပြုခြင်းကို ပီယာက ရယ်စရာဟုသာ ထင်သည်။

ပီယာနှင့် မာရီသည် လက်ရှိ ရင်ခွဲရုံဟောင်းကြီးကိုပင် ဓာတ်ခွဲခန်း အဖြစ်ဖြင့် ဆက်လက်ရောင့်ရဲ နေကြရသည်။ ဆရာ၊ ဆရာမ အလုပ်ကိုလည်း နာသုံးနာဖြင့် ဖြူဖြူစင်စင် ကြင်ကြင်နာနာ သင်ကြားလျက်ရှိသည်။

ဆရာပီယာကျူရီကို တက္ကသိုလ်ကျောင်းသားပေါင်း များစွာ တသသ သတိရနေကြလိမ့်မည်။ ဆီဗားရဲ မိန်းကလေးကျောင်းမှ ကျောင်းသူများကလည်း သိပ္ပံမျိုးစေ့ ချပေးသည့် သူတို့ဆရာမ မာရီကျူရီကို တစ်သက်မေ့ကြမည် မဟုတ်တော့ပေ။

ကိုယ်ပိုင်အလုပ်က တစ်ဖက်၊ ကျောင်းက တစ်ဖက်နှင့်မို့ သူတို့နှစ်ယောက် စားဖို့နှင့်အိပ်ဖို့ အချိန်ကို အမေ့မေ့ အလျော့လျော့ ဖြစ်လာကြ၏။ အားအင် ကုန်ခန်းလာခြင်းအတွက် စိတ်တိုလျက် ရှိကြ၏။

အိပ်ရာထဲရောက်လျှင် ပီယာ့ခြေထောက်တွေ မခံမရပ်နိုင်အောင် ကိုက်ခဲနေတတ်၏။ ဖွံ့နပဲကြီးလှသည့် မာရီက တောင့်ခံထား၏။ သို့သော် အရမ်း ပိန်ကျသွားသည်။ သိသိသာသာ ချုံးကျသွားသည်။ အပေါင်းအသင်းတွေ အထိတ်တလန့်ဖြစ်ကာ စိတ်ပူနေကြ၏။





နွေရာသီ ကျောင်းပိတ်ရက်များတွင် နားနားနေနေ မနေနိုင်တော့ပေ။ ခရီးထွက်မည်မျှ မကြံသေး၊ ပီယာ ပြန်ချင်နေပြီ။ ဇနီးလုပ်သူကို တိုးတိုးလေး ကပ်ပြောသည်။

'အချိန်တွေ အလကား ကုန်နေတယ်ကွယ်၊ ပြန်ကြရအောင်နော်'

၁၈၉၉ ခုနှစ်တွင် ထွက်ဖြစ်သည့် ခရီးကတော့ နှစ်ယောက်စလုံး ပျော်ကြသည်။ ဩစတြီးယားပိုင် ပိုလန်ဒေသသို့ ထွက်ခဲ့ကြ၏။

ဘရွန်ညာတို့ လင်မယား ရောက်နေသည့် "ဇာကိုပင်" သို့ လိုက်သွားကြခြင်း ဖြစ်သည်။ သူတို့လင်မယား ပါရီမှ ပြောင်းသွားသည်မှာ တစ်နှစ်ပြည့်တော့မည်။

ဘရွန်ညာတို့ လင်မယားနှစ်ယောက် ဆေးရုံတစ်ရုံ ဆောက်နေကြ၏။ ဖေဖေ စကလိုဒေါ်စကီလည်း သူတို့ဆီ ရောက်နေသည်။ သားသမီးတွေ အားလုံး ဆုံပြီး စုံစုံညီညီ တွေ့ရသဖြင့် ဆရာအိုမှာ ကြည်နူးမဆုံး တပြုံးပြုံး ဖြစ်နေ၏။

ဂျိုးဇက်သည် ဘရွန်ညာကဲ့သို့ပင် နာမည်ကြီး ဆရာဝန်တစ်ယောက် ဖြစ်နေပြီး၊ ဟီလာက မစ္စက်ဇာလေဘဝဖြင့် ကျောင်းဆရာမ ဖြစ်နေပြီ။ အငယ်ဆုံး မာညာကလေးက သူ ရှာဖွေတွေ့ရှိသည့် ရှုပဗေဒ ဩပ်စင်အကြောင်းတွေ ရေးပြီး စာအုပ်တွေ ထုတ်နေပြီ။

ဆရာအို၏ နောက်ဆုံးနှစ်များသည် ကျေနပ်စရာအတိ ဖြစ်သည်။ အိုကံကောင်းသည်ဟု ဆိုရမည်။ အထူးသဖြင့် မာရီအတွက် ပို၍ အားရကျေနပ်လျက် ရှိသည်။

အထွေးဆုံးကလေးက အဖေနှင့် အကြောင်းအရာတူကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လားခြင်း မရှိပါကြောင်း ပြန်ကြားအပ်ပါသည်ခင်ဗျား။ ကျွန်တော့်အတွက် အမှန်လိုအပ်နေသည်မှာ ဓာတ်ခွဲခန်းတစ်ခုသာ ဖြစ်ကြောင်းပါခင်ဗျား။"

သိပ္ပံပညာရှင်တစ်ယောက်ကို ဖဲပြားကြိုးကလေးနှင့် သံမဏိကြက်ခြေကလေးပေးပြီး ဂုဏ်ပြုခြင်းကို ပီယာက ရယ်စရာဟုသာ ထင်သည်။

ပီယာနှင့် မာရီသည် လက်ရှိ ရင်ခွဲရုံဟောင်းကြီးကိုပင် ဓာတ်ခွဲခန်း အဖြစ်ဖြင့် ဆက်လက်ရောင့်ရဲ နေကြရသည်။ ဆရာ၊ ဆရာမ အလုပ်ကိုလည်း နာသုံးနာဖြင့် ဖြူဖြူစင်စင် ကြင်ကြင်နာနာ သင်ကြားလျက်ရှိသည်။

ဆရာပီယာကျူရီကို တက္ကသိုလ်ကျောင်းသားပေါင်း များစွာတသသ သတိရနေကြလိမ့်မည်။ ဆီဗားရဲ မိန်းကလေးကျောင်းမှ ကျောင်းသူများကလည်း သိပ္ပံမျိုးစေ့ချပေးသည့် သူတို့ဆရာမ မာရီကျူရီကို တစ်သက်မေ့ကြမည် မဟုတ်တော့ပေ။

ကိုယ်ပိုင်အလုပ်က တစ်ဖက်၊ ကျောင်းက တစ်ဖက်နှင့်မို့ သူတို့နှစ်ယောက် စားဖို့နှင့်အိပ်ဖို့ အချိန်ကို အမေ့မေ့ အလျော့လျော့ ဖြစ်လာကြ၏။ အားအင် ကုန်ခန်းလာခြင်းအတွက် စိတ်တိုလျက် ရှိကြ၏။

အိပ်ရာထဲရောက်လျှင် ပီယာ့ခြေထောက်တွေ မခံမရပ်နိုင်အောင် ကိုက်ခဲနေတတ်၏။ ဠွနပဲကြီးလှသည့် မာရီက တောင့်ခံထား၏။ သို့သော် အရမ်း ပိန်ကျသွားသည်။ သိသိသာသာ ချုံးကျသွားသည်။ အပေါင်းအသင်းတွေ အထိတ်တလန့်ဖြစ်ကာ စိတ်ပူနေကြ၏။





နွေရာသီ ကျောင်းပိတ်ရက်များတွင် နားနားနေနေ မနေနိုင်တော့ပေ။ ခရီးထွက်မည်မျှ မကြံသေး၊ ပီယာ ပြန်ချင်နေပြီ။ ဇနီးလုပ်သူကို တိုးတိုးလေး ကပ်ပြောသည်။

'အချိန်တွေ အလကား ကုန်နေတယ်ကွယ်၊ ပြန်ကြရအောင်နော်'

၁၈၉၉ ခုနှစ်တွင် ထွက်ဖြစ်သည့် ခရီးကတော့ နှစ်ယောက်စလုံး ပျော်ကြသည်။ ဩစတြီးယားပိုင် ပိုလန်ဒေသသို့ ထွက်ခဲ့ကြ၏။

ဘရွန်ညာတို့ လင်မယား ရောက်နေသည် "ဇာကိုပင်" သို့ လိုက်သွားကြခြင်း ဖြစ်သည်။ သူတို့လင်မယား ပါရီမှ ပြောင်းသွားသည်မှာ တစ်နှစ်ပြည့်တော့မည်။

ဘရွန်ညာတို့ လင်မယားနှစ်ယောက် ဆေးရုံတစ်ရုံ ဆောက်နေကြ၏။ ဖေဖေ စကလိုဒေါ့စကီလည်း သူတို့ဆီ ရောက်နေသည်။ သားသမီးတွေ အားလုံး ဆုံပြီး စုံစုံညီညီ တွေ့ရသဖြင့် ဆရာအိုမှာ ကြည်နူးမဆုံး တပြုံးပြုံး ဖြစ်နေ၏။

ဂျိုးဇက်သည် ဘရွန်ညာကဲ့သို့ပင် နာမည်ကြီး ဆရာဝန်တစ်ယောက် ဖြစ်နေပြီး၊ ဟီလာက မစ္စက်ဇာလေဘာဝဖြင့် ကျောင်းဆရာမ ဖြစ်နေပြီ။ အငယ်ဆုံး မာညာကလေးက သူ ရှာဖွေတွေ့ရှိသည့် ရူပဗေဒ ဖြပ်စင်အကြောင်းတွေ ရေးပြီး စာအုပ်တွေ ထုတ်နေပြီ။

ဆရာအို၏ နောက်ဆုံးနှစ်များသည် ကျေနပ်စရာအတိ ဖြစ်သည်။ အိုကံကောင်းသည်ဟု ဆိုရမည်။ အထူးသဖြင့် မာရီအတွက် ပို၍ အားရကျေနပ်လျက် ရှိသည်။

အထွေးဆုံးကလေးက အဖေနှင့် အကြောင်းအရာတူကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



- (ဝဲမှယာ) မာရီကျူရီ၊ ဟီလာ၊ ဘရွန်ညာနှင့် အစ်ကိုဂျိုးဇက် (ဝါဆော - ၁၉၁၂)

စားသူ ဖြစ်၏။ ပိုလန်နိယမ်နှင့် ရေဒီယမ်ကို ရှာဖွေတွေ့ရှိခြင်းအတွက် ရှုပဗေဒ ဆရာအိုကြီးသည် ဂုဏ်ယူလို့ မဆုံးနိုင်အောင် ဖြစ်နေသည်။

သမီးလုပ်သူ၏ အလုပ်တွေကို စိတ်ဝင်တစား လိုက်လုပ်သည်။ နောင်တွင် ဘယ်ရွေ့ဘယ်မျှ အရေးပါလာမည်ကို ဆရာအို ကောင်းကောင်း နားလည်သည်။ ကြိုမြင်သည်။





၁၉၀၂ ခုနှစ်၊ ပိုလန်တွင် အဖေ ကွယ်လွန်သွားရှာသည်။ ဝါဆောသို့ မာရီ တစ်ခေါက်ပြန်ခဲ့ရပြန်သည်။ သို့သော် ကြာကြာမနေနိုင်။ အသုဘကိစ္စ ပြီးပြီးချင်း ပါရီသို့ အမြန်ပြန်လာခဲ့ရ၏။ ဓာတ်ခွဲခန်းထဲ ပြန်ဝင်တော့ ဖျော့သထက်ဖျော့ကာ ပိန်သထက် ပိန်နေသည်။ ဘယ်တုန်းကနှင့်မျှ မတူအောင် ပင်ပန်းနေ၏။

မာရီ့ဘဝတွင် ဆက်တိုက်ဆိုသလို သောကတစ်ခု ပိုလာပြန်သည်။ ပီယာ၏ရောဂါ ပိုဆိုးလာခြင်း ဖြစ်၏။ ဆရာဝန်တွေက အဆစ်အမြစ်ရောင် ရောဂါဟု သတ်မှတ်ထားသည်။

မကြာခဏ ပြန်ပေါ်ပြီး လူမှာ ယဲ့ယဲ့မျှသာ ကျန်တော့၏။ သို့သော် စာသင်တော့မပျက်။ စိုက်လိုက်မတ်တတ် လုပ်နေသည့် သုတေသန အလုပ်ကိုလည်း မနား။

တစ်ခါတော့ ပီယာ အသံထွက်ပြီး ညည်းညူလေသည်။

'တို့ရွေးတဲ့ ဘဝလမ်းကြောင်းကိုက ကြမ်းတမ်းလွန်းပါတယ်ကွာ' တဲ့။

မာရီသည် ယခုရက်ပိုင်းတွင် သေခြင်းတရားအကြောင်းကို ဆင်ခြင်နေမိ၏။ စိုးရိမ်စိတ်ကိုလည်း ဖုံးဖုံးဖိဖိ မလုပ်နိုင်တော့။ ပီယာ့ရောဂါမှာ အသက်အန္တရာယ်ရှိသည့် ရောဂါမျိုး ဖြစ်နေလျှင် ဘယ်လိုလုပ်ရပါ့မလဲ။ မိမိကိုယ်တိုင်ကော သည်အတိုင်း ဆက်သွားလျှင် ဘယ်လောက် ခံနိုင်မှာလဲ။

'မောင်'

တစ်ဆို့ဆို့ အသံဖြင့် မာရီက ခေါ်လိုက်သည်။ ရူပဗေဒဆရာသည် အထိတ်တလန့်ဖြစ်ကာ ချစ်ဇနီးကလေးဘက် လှည့်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ . . အချစ် ဘာဖြစ်နေတာလဲ ဟင်'

'ဒီမယ်မောင်၊ ကျွန်မတို့ နှစ်ယောက်ထဲက တစ်ယောက် ယောက် မရှိတော့ရင် ကျန်တဲ့တစ်ယောက် ဘယ်လိုလုပ်ပြီး အသက်ရှင် နိုင်မှာလဲဟင်။ တစ်ယောက်မရှိရင် ကျန်တစ်ယောက် မရှိနိုင်ဘူး၊ ဟုတ် တယ် မဟုတ်လားမောင်'

ပီယာ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းသည်။ မိန်းမသားတစ်ဦး၏ နှလုံးသားမှ ပဲ့တင်လာသည့် စကားလုံးများ ပါကလားဟု ပီယာ သဘော ပေါက်လိုက်သည်။ သိပ္ပံပညာရှင်တစ်ယောက်သည် သည်ပညာရပ်ကို စွန့်ပစ်ဖို့ အခွင့်မရှိကြောင်း၊ ဘဝရည်မှန်းချက်ကို တစ်ပိုင်းတစ်စနှင့် ထားခဲ့ပိုင်ခွင့် မရှိကြောင်း မာရီက သတိပေးနေသည်ဟု ခံစားရ၏။

ပီယာ အခိုင်အမာ စကားဆိုသည်။

'ဒီလိုလဲ မဟုတ်သေးဘူး အချစ်ရဲ့၊ တစ်ယောက်တည်း ကျန်ခဲ့ လို့ ဝိညာဉ်မရှိတော့တဲ့ ဘဝနဲ့ပဲ နေရ နေရ လုပ်လက်စ အလုပ်ကိုတော့ ဆက်လုပ်ရမှာပဲ'

*

အပင်ပန်းဆုံးနှင့် အခက်ခဲဆုံး နှစ်များအတွင်း ရေဒီယိုသတ္တုကြွ ဖြစ်စဉ် ၏ အကြောင်းကို အပုံကြီး ပိုသိလာခဲ့သည်။

ရှာဖွေတွေ့ရှိချက်များကို သုတေသန စာတမ်းများအဖြစ်ဖြင့် ရေးသားထုတ်ဝေလျက်ရှိသဖြင့် အနိုင်နိုင်ငံမှ သိပ္ပံပညာရှင်ကြီးများ၏ စာတွေ လိုမွှန်လမ်း ဓာတ်ခွဲခန်းလိပ်စာဖြင့် တဖွဲဖွဲ ရောက်လာသည်။





သိလိုသည့် အချက်အလက်များကို အကျယ်တဝင့် ထုတ်ပြန်ပေးပါရန် တောင်းပန်သည့်စာတွေ ဖြစ်၏။

၁၉၀၃ ခုနှစ်တွင် အင်္ဂလိပ်သိပ္ပံပညာရှင်နှစ်ဦးက ရေဒီယမ်မှ ဟေလီယမ်ဓာတ်ငွေ့ အနည်းငယ် ဆက်တိုက်ထုတ်ယူနိုင်ကြောင်း သရုပ် ပြနိုင်ခဲ့၏။ ပထမဆုံး အကြိမ်အဖြစ် အဏုမြူဓာတ်ပြောင်းခြင်း ဖြစ်စဉ်ကို သိရှိကြရသည်။

သိပ္ပံပညာသည် လမ်းရိုးဟောင်း၊ သီဝရီဟောင်းများမှ ဝေးစွာ ရွေ့သို့ လှမ်းခဲ့လေပြီ။

ရေဒီယမ် များများစားစားရပြီး ကလိုရိုဒ်အဖြစ် ဓာတ်ပြု လိုက်လျှင် အိမ်သုံးဆား အကြမ်းကဲ့သို့ ခပ်ညစ်ညစ်အမှုန်တွေ ဖြစ် လာသည်။

သို့ရာတွင် ယင်း၏ဂုဏ်သတ္တိမှာ အံ့မခန်းလိလိ မြင့်တက်လာ သည်။ ယူရေနီယမ်မှထွက်သည့် အလင်းဖြာထွက်နှုန်းထက် အဆပေါင်း နှစ်သန်း ပိုပြင်းကြောင်း သက်သေထူနိုင်ခဲ့ပြီ။ သည်ဓာတ်ရောင်ခြည်ကို အလွန်ထုထည်ကြီးမားသည့် ခဲနံရံဖြင့်သာ ကာဆီးနိုင်ကြောင်းလည်း သက်သေထူနိုင်ခဲ့ပြီ။

ရေဒီယမ်တွင် ကိုယ်ပိုင်အရိပ် ရှိ၏။ ဖမ်းဆီးဆုပ်ကိုင်၍ မရနိုင် သော အရိပ်။ တစ်မျိုးတည်းသော ဓာတ်ငွေ့ပစ္စည်းကို ထုတ်ပေးသည်။ တစ်ပြိုင်တည်းတွင် အပူရှိန်ကိုပါ ထုတ်လွှတ်ပေးသည်။ ဓာတ်ပုံကူး သတ္တု ပြားပေါ်မှ အနက်ရောင်စက္ကူကို ဖောက်ထွင်းပြီး အလင်းရောင် စီးထွက် သည်။ လျှပ်စစ်ဓာတ်အား ပါဝင်နေသည် ထင်ရ၏။ ဖန်ခြင်ခွက်ထဲတွင် ခရမ်းရင့်ရောင်နှင့် ခရမ်းနုရောင် ပြေးနေ၏။ ရေဒီယမ်သည် ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် ထုတ်မပေးနိုင်သည့် ဒြပ်ဝတ္ထုကိုလည်း မီးစုန်းအလင်းရောင်မျိုး ပေးနိုင်သည်။

နောက်ဆုံး တွေ့ရှိမှုမှာ ရေဒီယမ် ဖြာထွက်ရောင်ခြည်သည် အန္တရာယ်ရှိသည်ဟူသည့် အချက်ဖြစ်၏။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ရောင်ခြည်ထိလျှင် ချက်ချင်းသိသာသည့် ထိခိုက်မှု ရှိနိုင်သည်။ ယင်းကို အလွန့်အလွန် အနုစိတ် အာရုံခံနိုင်သည့် ကိရိယာဖြင့်သာ တိုင်းတာသိရှိနိုင်သည်။

ရေဒီယမ်၏ အံ့ဖွယ်မျိုးစုံထဲမှ အထူးခြားဆုံးမှာ လူသားတို့အတွက် ဖျော်စရာအကောင်းဆုံး သတင်းဖြစ်သည်။ ကင်ဆာရောဂါ တိုက်ဖျက်ရာတွင် အသုံးဝင်နေခြင်း ဖြစ်၏။

ဂျာမန်သိပ္ပံပညာရှင်တစ်ဦးက ရေဒီယမ်သည် သက်ရှိသတ္တဝါများကို များစွာ အကျိုးပြုနိုင်ကြောင်း ထုတ်ဖော်ကြေညာသည့်အခါ ပီယာ လက်ခမောင်း ခတ်တော့သည်။

ပီယာ ဝမ်းသာလို့ မဆုံးတော့။ ဆရာဝန်ကြီးများ ဖြစ်ကြသည့် ပါမောက္ခဘူချား၊ ပါမောက္ခ ဘာလ်သာဇားတို့နှင့်တွဲပြီး ရေဒီယမ်ကို တိရစ္ဆာန်များနှင့် စမ်းသပ်မှု အရှိန်မြှင့်ပြီး လုပ်သည်။

ရောဂါဖြစ်နေသည့် ကလာပ်စည်းများကို ဖျက်ဆီးခြင်းဖြင့် ရေဒီယမ်သည် ကင်ဆာအမျိုးအစား ရောဂါကို ပျောက်ကင်းစေကြောင်း တွေ့ကြရသည်။ ဤသို့ ရေဒီယမ်ဖြင့် ကုသသည့်နည်းသည် "ကျူရီကုထုံး" ဟု အမည်တွင်လေသည်။

ပထမပိုင်းတွင် ကျူရီဇနီးမောင်နှံ၏ ဓာတ်ခွဲခန်းမှ ရေဒီယမ် ဖန်ပြွန်များဖြင့် ဆရာဝန်ကြီးများက စမ်းသပ်ကုသသည်။





ရေဒီယမ်သည် လူသားတို့ကို အကျိုးပြုဖို့ သေချာနေပြီ။ ထူးထူးခြားခြား အသုံးဝင်တော့မည်။ ရေဒီယမ်ထုတ်လုပ်မှုသည် ဓာတ်ခွဲစမ်းသပ်မှု အဆင့်မှသည် စီးပွားဖြစ် ထုတ်လုပ်မှုအဆင့်သို့ တက်လှမ်းဖို့ လက်တစ်ကမ်းသာ လိုတော့သည်။

ပထမပိုင်း ရေဒီယမ်ထုတ်လုပ်မှုကို ကျူရီလင်မယား စောင့်ကြည့်နေကြသည်။ သူတို့ ညွှန်ပြမှုမပါဘဲ ဘယ်သူမှ ထုတ်လုပ်နိုင်မည် မဟုတ်ပေ။ ကမ္ဘာပေါ်တွင် ချစ်စရာ အကောင်းဆုံးဖြစ်သည့် ရေဒီယမ်ကို စက်ရုံများမှ မထုတ်လုပ်မီ၊ ပီယာနှင့် မာရီတို့က ထုတ်လုပ်ရေးပိုင်းတွင် အဓိက အခန်းက မပါဝင်ဖို့ ဆုံးဖြတ်ထား၏။

ပြင်သစ် စက်မှုလုပ်ငန်းရှင်များက အလွန်မတန် အဖိုးတန်လှသော သည်ပစ္စည်းကို ထုတ်လုပ်နိုင်ပါလိမ့်မည်။ သို့ရာတွင် အခက်ခဲဆုံး၊ အရှုပ်ထွေးဆုံး၊ အသိမ်မွေ့ဆုံး ထုတ်လုပ်မှုကဏ္ဍ၏ လျှို့ဝှက်ချက်တွေကိုတော့ သင်ကြားတတ်မြောက်ဖို့ လိုပါလိမ့်မည်။

အမေရိကန် စက်မှုပညာရှင်များကလည်း သူတို့တိုင်းပြည်တွင် ထုတ်ချင်ပါသည်ဆိုပြီး ကျူရီဇနီးမောင်နှံဆီသို့ သတင်းအချက်အလက်တွေ လှမ်းတောင်းသည်။

ပီယာက မာရီ့ကို ဆွေးနွေးသည်။

'တို့များ ရှာဖွေတွေ့ရှိထားသမျှ နောက်ဆုံးအဆင့် သန့်စင်ပုံ အပါအဝင် ကမ္ဘာကို ကြေညာလိုက်ရင် ဖြစ်တယ်'

'ဒါပေါ့၊ ဒါပေါ့'

မာရီ ခေါင်းညိတ်၏။ ပီယာ စကားဆက်သည်။

'နောက်တစ်နည်းက တို့တစ်တွေက ရေဒီယမ်ကို တီထွင်သူ၊



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်သူတွေအနေနဲ့ မူပိုင်ခွင့်ကို မှတ်ပုံတင်ထားပြီး၊ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ စက်ရုံတွေရဲ့ ထုတ်လုပ်မှုကို ရပိုင်ခွင့် တောင်းနိုင်တယ်'

မာရီက ခဏ တွေစဉ်းစားပြီး သူ့သဘောထားကို ထုတ်ပြောသည်။

'အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဒါဆို သိပ္ပံပညာရဲ့ အဓိပ္ပာယ်ကို ဆန့်ကျင်သလို ဖြစ်နေမှာပေါ့'

မျက်မှောင်ကုတ်နေသည့် ပီယာ့မျက်နှာ လင်းထိန်သွား၏။ မိမိ၏ သိက္ခာကို ပြန်ထိန်းသည်။

'မောင်လည်း အဲဒီလိုပဲ သဘောရတာပါ။ ဒါပေမဲ့ ဒီကိစ္စကို မောင်တို့ ခပ်ပေါ့ပေါ့ စဉ်းစားလို့ မဖြစ်ဘူး မာရီရဲ့။

'မောင်တို့ဘဝဟာ အရမ်းကြမ်းတမ်းခဲ့တယ်၊ ဆင်းရဲခဲ့တယ်လေ။ သမီးကလေးအတွက် စဉ်းစားရတော့မယ်။ ဒီမူပိုင်ခွင့်ဟာ သူတို့အတွက် စိတ်ချရမယ့် အာမခံချက် တစ်ခုပဲ'

ပြီးတော့ ရယ်ရယ်မောမော ဆက်ပြောသေးသည်။ သူတို့ လင်မယား တစ်သက်လုံး လိုချင်နေခဲ့သည့် အရာ။

'အချစ်နဲ့ မောင့်အတွက် ဓာတ်ခွဲခန်းကောင်းကောင်းလည်း ရနိုင်တာပေါ့ကွာ'

တစ်နေရာတည်းကို မာရီ စိုက်ကြည့်နေသည်။ ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူး တုံ့ပြန်မှုဟု တွေးမိလိုက်၏။ မဆိုင်းမတွ ပင် မာရီ ပယ်ချလိုက်သည်။

'သိပ္ပံပညာရှင်ဆိုတာ သူ့ရဲ့ သုတေသနလုပ်ငန်းမှာ ရှာဖွေစမ်းသပ်တွေ့ရှိသမျှ ထုတ်ပြန်ကြေညာရတယ်။ မာရီတို့ တွေ့ရှိချက်တ





စီးပွားရေးအနာဂတ် ရှိတယ်ဆိုရင် ဒါဟာ မတော်တဆ တိုက်ဆိုင်မှုပဲ။ ပြီးတော့ ရေဒီယမ်ဟာ လူသားတို့ရဲ့ ကျန်းမာရေးမှာ အသုံးဝင်တဲ့ ပစ္စည်းမျိုးလေ။ အဲဒီက အမြတ်ထုတ်ဖို့ဆိုတာ မဖြစ်သင့်တဲ့ ကိစ္စပဲ'

တိတ်ဆိတ်သွား၏။ အတန်ကြာမှ ပွဲတင်သံ ထွက်လာသလို မာရီ့ စကားလုံးများကို ပီယာ လိုက်ရွတ်သည်။

'ဟုတ်တယ်၊ သိပ္ပံပညာရဲ့ အဓိပ္ပာယ်ကို ဆန့်ကျင်သလို ဖြစ်နေမယ်'

ပြီးတော့ ဘာမှ အရေးမကြီးသည့် မေးခွန်းကို ရှင်းသည့် လေသံဖြင့် -

'ဒါဆို ဒီညပဲ အမေရိကန် အင်ဂျင်နီယာတွေဆီကို စာရေးလိုက်မယ်လေ။ သူတို့လိုချင်တဲ့ အချက်အလက်တွေအားလုံး ပေးလိုက်တော့မယ်'

တနင်္ဂနွေနေ့ မနက်ခင်း စကားဝိုင်းကလေး ပြီးသွားလို့ ၁၅ မိနစ် အကြာတွင် စီးတော်ယာဉ် စက်ဘီးကိုယ်စီဖြင့် "ကလေးမား" သစ်တောဆီသို့ ဦးတည် စီးနင်းလာခဲ့ကြသည်။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း လမ်းနှစ်သွယ်ကို သူတို့ ရွေးချယ်လိုက်ကြခြင်း ဖြစ်သည်။

ညနေပိုင်းတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်လာခဲ့ကြသည်။ လက်ထဲတွင် တောပန်းတွေ တစ်ပွေ့ကြီး ပိုက်လျက်။

*

www.burmeseclassic.com

www.burmeseclassic.com



ကျူရီဇနီးမောင်နှံကို ပထမဦးဆုံး ဂုဏ်ပြုသည့်နိုင်ငံမှာ အင်္ဂလန်နိုင်ငံဖြစ်သည်။ ၁၉၀၃ ခုနှစ် ဇွန်လထဲတွင် ဗြိတိသျှတော်ဝင်သိပ္ပံမှ ရေဒီယမ်အကြောင်း ဟောပြောပို့ချဖို့ ပီယာ့ကို ဖိတ်သည်။

ပီယာက ဖိတ်ကြားချက်ကို လက်ခံလိုက်သည်။ ဟောပြောပွဲသို့ လန်ဒန်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် လာရောက်နားထောင်ကြ၏။ ရေဒီယမ်၏ မိဘနှစ်ပါးကို လန်ဒန်သားတွေ တွေ့ချင်မြင်ချင်ကြသည်လေ။ ဂုဏ်ပြုသည့်အနေဖြင့် ပန်းခြင်းတွေ၊ ပန်းကုံးတွေ လက်ဆောင်ပို့ပေးကြသည်။

ပီယာသည် ဆော်ဘွန်းစာသင်ခန်းများထဲတွင် ဝတ်သည့် ဝတ်စုံဖြင့် ညှိသည်များကို အလွန်အမင်း ယဉ်ကျေးပြနေရ၏။ စိတ်ထဲကတော့ ထွက်ပြေးချင်နေပြီ။

မာရီကမူ တောင်ပေါင်းများစွာသော မျက်လုံးများနှင့် စိတ်မသက်မသာ ရင်ဆိုင်နေရ၏။ ကမ္ဘာပေါ်တွင် အရှားပါးဆုံး မိန်းမသားတစ်ယောက်ကို သူတို့ စိုက်ကြည့်နေခြင်း ဖြစ်၏။ သိပ္ပံပညာရှင်မှာ မိန်းမသားတစ်ဦး ဖြစ်နေသောကြောင့်ပင်။

ဝတ်ထားသည့် ဝတ်စုံက အနက်ရောင်၊ လတ်ချောင်းသွယ်သွယ် ကလေးများတာ အက်စစ်ကြောင့် ပုံပျက်ပန်းပျက် ဖြစ်နေ၏။ လက်စွပ်ဟူ၍ တစ်ကွင်းတလေမျှ မရှိ။ လည်တိုင်ရင်းတွင်တော့ စိန်ပွင့်ကလေးများ တလက်လက် တောက်နေ၏။

မာရီက စိန်ပွင့်ကလေးများကို ငုံ့ကြည့်လိုက်မိ၏။ စိတ်ထဲ ပျော်သွားသည် ထင်၏။ တစ်ပြိုင်တည်းတွင် လင်တော်မောင်ကလည်း စိန်ပွင့်ကလေးများကို အမှတ်မထင် စိုက်ကြည့်နေကြောင်း မာရီ သတိထား





မိလိုက်သည်။

ထိုည အဝတ်လဲနေရင်း 'ဒီလိုရတနာမျိုး ရှိတယ်ဆိုတာတောင် မာရီ မသိဘူး၊ သိပ်လှတာပဲနော်' ဟု မာရီက ပီယာ့ကို လှမ်းပြောသည်။

ပီယာက ရယ်ပြီး 'ညစာစားပွဲမှာ မောင် ဘာတွေတွက်နေသလဲ သိလား၊ မိန်းမတွေရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်မျက်ရတနာတွေကို ထုခွဲပြီး ဓာတ်ခွဲခန်းတွေ ဆောက်လိုက်ရရင် ဘယ်နှခုလောက်များ ရမလဲလို့'

ထိုနှစ် နိုဝင်ဘာလတွင် ဗြိတိသျှတော်ဝင်သိပ္ပံအဖွဲ့မှ ကျူရီဇနီးမောင်နှံကို အမြင့်ဆုံးဘွဲ့ထူးဖြစ်သည့် *'ဒေဗီရွှေတံဆိပ်' ဆုကို ချီးမြှင့်လိုက်သည်။

မာရီ နေမကောင်းသဖြင့် အင်္ဂလန်သို့ ဘွဲ့တံဆိပ်လက်ခံရန် ပီယာတစ်ယောက်တည်း ထွက်လာခဲ့ရသည်။ ဧရာမ ရွှေတံဆိပ်ကြီးကို ပြင်သစ်သို့ သယ်ပြန်လာပြီး ဘယ်မှာ ထားရမှန်းမသိ ဖြစ်နေ၏။ ဤသို့ဖြင့် ရွှေတံဆိပ်ကြီးမှာ နေရာအတည်တကျ မရှိဘဲ ပျောက်နေလိုက်၊ ပြန်တွေ့လိုက်နှင့် မြုပ်ချည် ပေါ်ချည် ဖြစ်နေ၏။ နောက်ဆုံးတွင် စိတ်ကူးပေါက်ပြီး သမီးကလေး အိုင်ရင်းကို ပေးထားလိုက်သည်။

အပေါင်းအသင်းများ အိမ်ရောက်လာလို့ ကြည့်ချင်လျှင် ပီယာက ကစားစရာတွေနှင့် ပျော်နေသော သမီးကလေးကို ညွှန်ပြရသည်။ ရွှေတံဆိပ်ကြီးသည် ကလေးကစားစရာတွေနှင့် ရောနေ၏။

'သမီးကလေးက အဲဒါကြီးကို သဘောကျတယ်ဗျ' ဟု ပီယာက ပြောတတ်သည်။

*ဗြိတိသျှ ဓာတုဗေဒနှင့် ရူပဗေဒပညာရှင် ဆာဟန်ဖရေဒေဗီ (၁၇၇၈-၁၈၂၉)



www.burmeseclassic.com

www.burmeseclassic.com



ခရီးနှစ်ခေါက် ထွက်ဖြစ်ကြသည်။ ပျော်စရာကောင်းပါ၏။ သမီးကလေးက ရွှေပြားဝိုင်းဝိုင်းကြီးနှင့် ကစားလို့ ကောင်းတုန်း။ သည်ကာလမှာ သံစုံတီးဝိုင်းကြီးမှ တေးတစ်ပုဒ်၏ အသံလှိုင်းများ အထွတ်အထိပ် မရောက်မီ ခြေဆင်းဂီတနှင့် ဆင်တူလေသည်။

၁၉၁၁ ခုနှစ်တွင် ရူပဗေဒနိုဘယ်လ်ဆုကို ကျူရီလန်းမောင် နှံနှင့် ဟင်နရီဘက်ကွာရယ်လ် ပူးတွဲရရှိသွားလေသည်။ ပီယာနှင့် မာရီတို့က "ရေဒီယိုသတ္တိကြွခြင်း" ကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ဆုချီးမြှင့်ခံရခြင်း ဖြစ်လေသည်။

သည်ဆုမှာ ပီယာနှင့် မာရီကို ကမ္ဘာကျော်အောင် ဖန်တီးပေးလိုက်သည့်ဆု ဖြစ်၏။ လက်ထောက်တွေ ငှားနိုင်ပြီ၊ ပီယာ့အစ်ကိုနှင့် မာရီ့အစ်မများကို လက်ဆောင်တွေ ဝယ်ပေးနိုင်ပြီ၊ ငွေလည်း ချေးနိုင်ပြီ။

သိပ္ပံအဖွဲ့အစည်းများသို့ ငွေတွေ လှူသည်။ တန်ဖိုးကြီးကြီး လက်ဆောင်ပစ္စည်းများကို ပိုလန်ကျောင်းသူကျောင်းသားများအား ပေးသည်။ ဓာတ်ခွဲခန်းလုပ်သားများနှင့် ဆီဗားရဲမိန်းကလေးကျောင်းမှ ကျောင်းသူများကိုလည်း မမေ့။

ငယ်ငယ်တုန်းက ဝါဆောတွင် မာရီအား ပြင်သစ်စကား သင်ပေးသည့် ဆင်းရဲလှသော ပြင်သစ်မကြီးကို ပြေးသတိရသဖြင့်၊ ပြင်သစ် ပြန်ရောက်ဖို့ စိတ်လျှော့ထားသည့် အဘွားအိုအား မာရီက လမ်းစရိတ် ပို့ပေးပြီး ဖိတ်လိုက်သည်။ ရောက်လာတော့ အိမ်တွင်ခေါ်ပြီး တည်းစေသည်။ ပြင်သစ်အဘွားအိုမှာ မမျှော်လင့်သည့် အခွင့်အရေးကြောင့် ပျော်မဆုံး ဖြစ်ကာ မျက်ရည်ကျရှာ၏။

ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမည်ကိုလည်း မာရီ သတိရပါသည်။





ဧည့်ခန်းကလေးကို နံရံကပ်စက္ကူတွေ ကပ်သည်။ အိမ်သာ ရေချိုးခန်းကို ခေတ်မီအောင် ပြန်ပြင်သည်။ နိုဘယ်လ်ဆုယူ ဧည့်ခံပွဲများကို တက်ရန် ဦးထုပ်ကလေးတစ်လုံး ဝယ်ဖို့တော့ မာရီ သတိမရ။ မည်သို့ ကျော်ကြားရမည်ကို မာရီ မသိ။

မိမိတို့လင်မယား ကြိုးစားအားထုတ်မှု ရလဒ်ကို လူတွေ တလေးတစား ရှိကြသည့်အတွက်တော့ ဝမ်းသာသည်။ ဝန်နှင့်အား မမျှလောက်အောင် လုပ်ခဲ့ရသည့် အလုပ်ပမာဏကို အထိုက်အလျောက် လျှော့ချနိုင်ခဲ့ခြင်းနှင့် ဖရန့် ၇၀,၀၀၀ ရခြင်းအတွက်လည်း ကျေနပ်နေမိ၏။

ကျန်သည့်အပိုင်းကတော့ စိတ်ပျက်စရာ၊ စိတ်ညစ်စရာတွေချည်း ဖြစ်၏။ လူတွေနှင့် အဆက်အဆံကျဲသည့် သူတို့လင်မယား ဝင်လည်သလို ဖြစ်လာ၏။ လူတွေက သူတို့ကို လေးစားခင်မင်မှုဖြင့် အတင်းဆက်ဆံလာကြ၏။

ပီယာနှင့်မာရီ ရောက်နေသည့် ဘဝကဏ္ဍသည် သနားစရာပင် ကောင်းနေသည်။ သူတို့ဆက်လုပ်ရမည့် အလုပ်တွေက ရှေ့တွင် အပုံအပင်။ ရေဒီယိုသတ္တိကြွ သုတေသနကိစ္စက ပြီးဆုံးသည် မဟုတ်သေး။ ကကြီးရေ က ပင် ရှိသေး၏။

သူတို့က အလုပ်လုပ်ချင်သည်။ လုပ်စရာတွေ ရှိသည်။ သို့ရာတွင် နိုဘယ်လ်ဆုနှင့် အတူကပ်ပါလာသည့် ကျော်ကြားမှုကြောင့်၊ ထောင်နှင့်ချီသော သတင်းစာ၊ ဆောင်းပါးများကြောင့် ယောက်ျား မိန်းမတွေ သန်းနှင့်ချီပြီး သူတို့နှစ်ယောက်ကို စိတ်ဝင်စားလာကြသည်။

သူတို့ အလွန်တန်ဖိုးထားခဲ့သော၊ သူတို့ အမြတ်နိုးဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်၏ငြိမ်းချမ်းမှု၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ် မြော်မြင်မှုတို့ ဆုံးရှုံးရလေပြီ။ နိုဘယ်လ်ဆုရပြီး ရက်ပိုင်းအတွင်း ပီယာက သူငယ်ချင်းတစ်ယောက်ဆီကို စာရေး ရင်ဖွင့်လေသည်။

"တို့နှစ်ယောက်နောက်ကို စာနယ်ဇင်းသမားတွေ၊ ကမ္ဘာ့အရပ်ရပ်က ဓာတ်ပုံသတင်းထောက်တွေ တကောက်ကောက် လျှောက်လိုက်နေတယ်ကွာ။ ကိုယ့်သမီးကလေးနဲ့ ကလေးထိန်းကောင်မလေး အပြန်အလှန် စကားပြောတာတောင် သူတို့ ပြန်ရေးနေကြတယ်။ အိမ်မှာမွေးထားတဲ့ အနက်နဲ့အဖြူကြား ကြောင်မကလေး အကြောင်းကအစ ပုံကြီးချဲ့နေကြတယ်။

ပိုက်ဆံတွေ အများကြီးရတော့တော့ ဟုတ်ပါရဲ့ . . .။ အော်တိုရေးခိုင်းတဲ့ လူတွေက တမျှောင့်၊ အထက်တန်းလွှာဆိုတဲ့ လူတွေက တစ်မျိုး၊ အိမ်ကို လာလည်တဲ့ အထဲမှာ သိပ္ပံပညာရှင်တွေတောင် ပါတယ်ကွာ။ နားချိန် မရှိ အလုပ်လုပ်ချိန် မရှိ ဓာတ်ခွဲခန်းထဲမှာလည်း အလားတူပဲ . . .။"

ထိုစာထဲတွင် မာရီက ထပ်ဖြည့်ရေးသေးသည်။

"အိမ်မှာ ပွက်လောညံနေတာပဲ၊ မာရီတို့ အလုပ်လုပ်ချိန် မရှိအောင် သူတို့ လုပ်နေကြတယ်။ ခပ်ပြတ်ပြတ် လုပ်မှဖြစ်တော့မယ် ဆိုပြီး ဧည့်သည်လာရင် မတွေ့ဘူးလို့ ဆုံးဖြတ်ပေမဲ့ မရဘူး။ ဘယ်လိုမှ





တားလို့ဆီးလို့ မရဘူး။ မာရီတို့ ဘဝကလေးဟာ ဘွဲ့ထူး ဂုဏ်ထူးတွေနဲ့ ကျော်ကြားမှုကြောင့် ပျက်စီးသွားပြီ။

လာတဲ့စာတွေ မသိမ်းနိုင်တော့လို့ လွှင့်ပစ်မိတဲ့ အတွက်တော့ စိတ်မကောင်းဖြစ်မိတယ်။ စာတွေထဲမှာ ရေဒီယမ်ကို ဖွဲ့ဆိုတဲ့ ကဗျာတွေ၊ သီချင်းတွေတောင် ပါတယ်လေ။

မနေ့ကရတဲ့ အမေရိကန်က စာတစ်စောင်မှာ သူ့မြင်းကို မာရီကျူရီလို့ နာမည်ပေးချင်ပါတယ်တဲ့၊ ခွင့်ပြုနိုင်ပါ့မလားတဲ့။ မာရီတို့ရဲ့ အလုပ်မှ အလုပ်ဆိုတဲ့ ကမ္ဘာကလေး တစ်စစီ ဖြစ်သွားပြီလေ။"

လူသိများလာခြင်းကြောင့် ဖြစ်ရသော စိတ်သောကများသည် ကြာတော့ အရေထူလာသည်။ နိုဘယ်လ်ဆုရှင်အဖြစ် ဝိုင်းအကြည့်ခံရခြင်းထက် အိမ်မှာ ဖြစ်ဖြစ်၊ ဓာတ်ခွဲခန်းထဲမှာ ဖြစ်ဖြစ် အလုပ်လုပ်၍ နေချင်ပါသည်။

တစ်နေ့တခြား လူတွေကို ပို၍ပို၍ ရှောင်တတ်လာသည်။ ဇာတ်မြှုပ်နေဖို့ ကြိုးစားသည်။ ဘယ်တုန်းကမှ မသိဖူး၊ မမြင်ဖူးသူက "ခင်ဗျား မဒမ်ကျူရီ မဟုတ်ဘူးလား" ဟု ငွတ်အတင်း လိုက်မေးလျှင် သိပ်အားမစိုက်ရတော့ဘဲ သံမှန်လေသံဖြင့် "လူမှားနေတယ် ထင်ပါတယ်" ဟု ခပ်တည်တည် ပြောတတ်လာသည်။

မလွှဲမရှောင်သာဘဲ သူတို့ကို ချစ်ခင်လေးစားသူများနှင့် ဆုံရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ပွဲများတွင်တော့ မာရီသည် ခင်ပွန်းလုပ်သူ ပီယာကဲ့သို့ပင် ငြီးငွေ့ခြင်း၊ လူတောထဲတွင် မပျော်ပိုက်ခြင်းတို့ကို သိပ်ပိုရိခြင်း မရှိဘဲ ဖုံးကွယ်နေရ၏။ သည်အဖြစ်အပျက်ပေါင်း များစွာထဲမှ တစ်ခုကမူ ပြောစမှတ်တွင်ခဲ့လေသည်။

အယ်လီဆေးနန်းတော်တွင် ပြင်သစ်သမ္မတ လူဘဲနှင့် မာရီတို့ လင်မယား ဆုံရသည်။ အမျိုးသမီးကြီးတစ်ယောက် အနားရောက်လာပြီး မဒမ်ကျူရီကို မေးသည်။

'ဂရိတ်ဘုရင်မင်းမြတ်နဲ့ တွေ့လိုက်ပါလားဟင်၊ မိတ်ဆက်ပေးမယ်လေ'

မာရီက တိုးညင်သည့် အသံကလေးဖြင့် ယဉ်ကျေးစွာနှင့် ရိုးသားစွာ ပြန်ပြောလိုက်သည်။

"သိပ်အကြောင်းထူးမယ် မထင်ပါဘူးရှင့်"

အမျိုးသမီးကြီး မျက်နှာပျက်သွားသည်။ မာရီ့ခေါင်းထဲတွင် လျှပ်စီးတစ်ချက် ဝင်းလက်သွားသည်။ ဘုရား . . ဘုရား၊ မိမိ မမှတ်မိလိုက်သည့် အမျိုးသမီးကြီးမှာ သမ္မတကတော် မဒမ်လူဘဲပါလား။ မာရီ မျက်နှာ ထူပူသွားသည်။ ချက်ချင်း သတိဝင်လာပြီး အနူးအညွတ် တောင်းပန်သည်။

'သမ္မတကတော် စီစဉ်တဲ့အတိုင်း ကျွန်မ လိုက်နာပါ့မယ်ရှင်၊ တွေ့ပါ့မယ်နော်'

*



ပီယာသည် အချိန်အကုန်မြန်နေခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိသည်။ ထိုလူရွယ်သည် သူ့ခန္ဓာကိုယ်ဖွဲ့စည်းမှု ယိုယွင်းနေပြီ၊ သေရမည့်အချိန် နီးကပ်နေပြီဟု တွေးတောကြောက်ရွံ့နေခြင်းလော။

သူ့ဆုံးဖြတ်ချက်များ၊ မှန်းထားချက်များကြောင့် မိန်းမကို ချစ်စနိုး နားပူနားဆာ လုပ်သည်။ မိမိတို့ သုတေသနလုပ်ငန်းမှာ သိပ်နှေးကွေးလွန်းနေကြောင်း၊ မအိပ်မနေ လုပ်ကြရတော့မည့်အကြောင်း စသည် စသည်။

မာရီက လင့်စကားကို မြေဝယ်မကျ နားထောင်သူ။ ရှိသမျှ အင်အားကို ညှစ်ထုတ်ပြီး ပီယာပြောသမျှ လိုက်လုပ်သည်။ ကိုယ်စွမ်းရှိသမျှထက် အင်အားပိုသုံးပြီး လုပ်သည်။ ၁၆ နှစ် သမီးကစပြီး မနိုင်ဝန်ထမ်းခဲ့သူ မဟုတ်လား။ အလုပ်ကို ချစ်မြတ်နိုးခဲ့သူ မဟုတ်လား။

မာရီသည် အရိုးသားဆုံး ဘဝလမ်းကြောင်းကို လျှောက်လှမ်းလိုသူ ဖြစ်သည်။ မယားဝတ်ငါးပါး ကျေပွန်ဆုံး ဇနီးကောင်းတစ်ယောက်၊ မိဘဝတ္တရား ကျေပွန်ဆုံး မိခင်ကောင်းတစ်ယောက် ဖြစ်လိုသည်။ သည်အတွက် ရေဒီယမ်ကို မေ့ထားရမလို ဖြစ်လာသည်။ ကောင်းကောင်းစားရမည်၊ ကောင်းကောင်း အိပ်ရမည်။ ပြီး စိတ်ကို အနားပေးရမည်။

သို့ရာတွင် မိုးလင်းသည်နှင့် အသစ်အသစ်သော လုပ်စရာ တာဝန်တွေက တိုး၍တိုး၍သာ လာသည်။ မာရီ့အတွက် ၁၉၀၄ ခုနှစ်သည် အပင်ပန်းဆုံးနှစ် ဖြစ်သည်။ ဒုတိယကိုယ်ဝန် ရှိလာပြန်ပြီလေ။

ကျောင်းက ခဏ ခွင့်ယူလိုက်ရသည်။ ညပိုင်း ဓာတ်ခွဲခန်းမှ မြန်လျှင် လေးလံနုံးနယ်ကာ ပီယာ့လက်မောင်းကို တွဲလိုက်လာရ၏။ တစ်ခါတစ်ရံ ဝါဆောကို သတိရသဖြင့် အလွန်ကြိုက်သော ငါးဥဆားနယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြန်သည်။

ညီမကို မွေးဖွားပေးဖို့ ဘရွန်ညာ ပိုလန်မှ ရောက်လာသည်။ လုံးဝ ပြောင်းလဲနေသည့် မာရီကိုတွေ့တော့ အထိတ်တလန့် ဖြစ်သွားသည်။ စိတ်ဓာတ်ကျနေသည့်ပုံ။

မွေးခုတင်ပေါ်တွင် ဝေဒနာကို အပြင်းအထန် ဆက်တိုက်ခံနေရ၏။ နောက်ဆုံး ၁၉၀၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပိတုန်းရောင် ကေသာနှင့် ဝဝကစ်ကစ် ဒုတိယသမီးကလေး ဖွားမြင်သည်။ အနွတ္တသညာ ခေါ်စရာကား ဧဝကျူရီး။

ပျော်ပျော်ရွှင်ရွှင် ရှိပုံမရသည့် ညီမလုပ်သူကို ကြည့်ပြီး ဘရွန်ညာတစ်ယောက် စိတ်မကောင်း ဖြစ်နေသည်။ ဘရွန်ညာ ပြန်သွားတော့ မာရီ ပိုပြီး စကားနည်းလာသည်။ ဧဝကလေး ရယ်တတ်ပြုံးတတ်လာတော့မှ မအေလုပ်သူပါ လိုက်ပြီး ရယ်ရယ်မောမော ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ သမီးကလေးနှစ်ယောက်ကြောင့် မာရီနှလုံးသားများ နူးနူးညံ့ညံ့ ပြန်ဖြစ်လာသည်။

အိုင်ရင်းတုန်းကလိုပင် ဧဝကလေး မွေးသည့်နေ့မှစပြီး ကလေးအကြောင်း အသေးစိတ် မှတ်တမ်းရေးသည်။ မီးထွက်ပြီး အနားယူခွင့်ရလိုက်သဖြင့် ဘဝသည် ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။ ခပ်မှန်မှန်လှမ်းရမည့် ဘဝလမ်းကြမ်းပေါ်သို့ ပြန်လည် ရောက်ရှိခဲ့လေပြီ။

အစ်ကိုလုပ်သူထံ စာရေးဖြစ်၏။

"ကလေးတွေကတော့ ကျန်းကျန်းမာမာပါပဲ၊ ထွားလည်းထွားကြတယ်။ ဧဝကလေးက အအိပ်အနေနည်း တယ်၊ သူ့ကို ပုခက်ထဲမှာ မအိပ်ဘဲ ထားခဲ့ရင်





ဒေါ် ကန်တော့တာပဲ၊ ပွေ့ချီပြီး အိပ်တဲ့အထိ သိပ်ရတယ်။ မနက်တိုင်း သမီးနှစ်ယောက်နဲ့ အိမ်မှာနေပြီး ဓာတ်ခွဲခန်းကို နေ့လယ်ပိုင်းပဲ သွားနိုင်တော့တယ်။ စာသင်ချိန်လည်း တစ်ပတ်မှာ မနက်ပိုင်း နှစ်ချိန်ပဲ ယူနိုင်တော့တယ်။ လုပ်စရာတွေက လက်ကို မလည်ဘူး။ အိမ်မှုကိစ္စက တစ်ဖက်၊ ကလေးတွေက တစ်ဖက်၊ ကျောင်းနဲ့ဓာတ်ခွဲခန်းက တစ်ဖက် . . ။"

အိမ်ကို ဘယ်ဧည့်သည်မှ မလာနိုင်အောင် ခံတပ်သဖွယ် ကာကွယ်ထားရသည်။ လင်မယားနှစ်ယောက် အလွန်ရိုးစင်းသည့် ဘဝကလေးတစ်ခု တည်ဆောက်ပြီး လျှို့ဝှက်စွာ ဆက်နေကြ၏။

မျက်နှာလွှဲရသည့် အိမ်ဖော်တစ်ယောက် ရထားသည်။ ထမင်းဟင်း အချက်အပြုတ်လည်း တော်၏။ သို့သော် အိမ်ရှင်လင်မယား၏ ခိုးကျူစကား တစ်ခါမှ မကြားရ။ ဘယ်လောက်ကောင်းအောင် ချက်ချက် အကြောင်းမထူး။ အမျိုးသမီးက သည်းမခံနိုင်တော့သဖြင့် တစ်နေ့တွင် သူချက်သည့် အမဲနှပ်ကို အားရပါးရ စားနေသည့် ပီယာအား အရသာ ရှိ မရှိ မေးတော့၏။

'ဟင် . . ဟုတ်လား၊ ကိုယ်စားနေတာ အမဲနှပ်လား။ အင်း . . အင်း . . ကောင်းမှာပါ' ဟု ပီယာက အလိုက်သင့် ဖြေသည်။

မာရီက အလုပ် ဘယ်လောက်ပင်ပန်းပင်ပန်း၊ ကလေးတွေအတွက် အချိန်ပေးသည်။ ကစားဖော်တွေနှင့် ကစားဖြစ်အောင် ရံဖန်ရံခါ ဆုံပေးသည်။ သူတို့ကလေးများ ငယ်ဘဝကို မှတ်မိနေစေရန် ခရွေမတ် သစ်ပင်တစ်ပင်၊ ပန်းပွင့်တွေ၊ ဖယောင်းတိုင်တွေ၊ ရောင်စုံ အ



www.burmeseclassic.com

www.burmeseclassic.com



သီးတွေ ဝေဝေဆာဆာ ဆင်မြန်းပေးသည်။

ရံခါတွင် လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်း အနည်းအကျဉ်း ဖိတ်ပြီး ညစာ ကျွေးသည်။ ဟင်းသီးဟင်းရွက်ကို ကိုယ်တိုင် ရွေးဝယ်သည်။ ညစာဝိုင်းပြင်လျှင် စားပွဲ၊ ကုလားထိုင် အနေအထားအားလုံး ကိုယ်တိုင် စစ်ဆေးသည်။

နောက်ဆုံးတော့ ဘိုးဘွားပိုင် ပရိဘောဂများကို လက်ခံရတော့၏။ ကတ္တီပါ ကူရှင်နှင့် မဟော်ဂနီ ဆိုဖာများ၊ ရှေးဟောင်း ကုလားထိုင်များသည် အရောင်ဖျော့ဖျော့ ဧည့်ခန်းနှင့် လိုက်ဖက်နေ၏။ ကျက်သရေအရှိဆုံးမှာ စာအုပ်ပရိုနှစ်လုံး ဖြစ်သည်။ ဗီရိုအပေါ်ဆင့်တွင် စာအုပ်ထူကြီး နှစ်အုပ်က အခံ့အညား နေရာယူထား၏။

"ရူပဗေဒအဖွင့် သီဝရီများ" နှင့် "အခြေခံ ကဲကုလနှင့် ကဲကုလ၏ ထူးခြားချက်များ" စာအုပ်ကြီးနှစ်အုပ် ဖြစ်သည်။

လင်မယားနှစ်ယောက် ညနေခင်းများတွင် ညဝတ်အင်္ကျီကိုယ်စီနှင့် ခြေညှပ်ဖိနပ်စီးကာ သိပ္ပံစာအုပ်တွေနှင့် အချိန်ကုန်တတ်ကြသည်။ သည်အထဲက ပန်းချီပြပွဲရှိလျှင် မလွတ်တမ်း ကြည့်ကြ၏။ တစ်နှစ် တစ်ကြိမ်လောက်တော့ ရုပ်ရှင် သို့မဟုတ် ကဇာတ်ကြည့်ဖြစ်ဖို့ သတိထားသည်။ ဧည့်ခံပွဲများ၊ ညစာစားပွဲများတွင် သူတို့လင်မယားကို ဘယ်တော့မှ တွေ့ကြရမည် မဟုတ်။

နိုင်ငံတော်အစိုးရက ကျင်းပသည့် ပွဲမျိုးကိုတော့ သူတို့ ရှောင်လို့မရပေ။ သည်လိုပွဲမျိုးတက်ဖို့ မာရီ့တွင် ပွဲတက်ဝတ်စုံကောင်းကောင်း မရှိပေ။ ရှိသည့် သီးမွေးဝတ်စုံကို အပ်ချုပ်သမားတစ်ယောက်နှင့် ဟိုနေရာသီ၊ သည်နေရာချုပ်နှင့် ပုံအမျိုးမျိုးပြောင်းပြီး ဝတ်သည်။





ဝတ်ကောင်းစားလှနှင့် မိန်းမသားများက မာရီ့ကိုကြည့်ပြီး သနားကြပေလိမ့်မည်။ မာရီသည် မိန်းမသားတို့၏ ဖက်ရှင်အကြောင်း လုံးဝ နားမလည်ပေ။ သို့ရာတွင် သူ ဆင်ယင်ထုံးဖွဲ့ပုံမှာ သူ့စရိုက်နှင့် လိုက်ဖက်နေသဖြင့် တစ်မျိုး ကျက်သရေရှိနေသည်သာ။

ရွှေရောင်ဖျော့ဖျော့ဆံပင်ကို ဦးခေါင်းပေါ်တွင် ရိုးရိုးကလေး ထုံးပြီး ရွှေကြိုးကလေးက လည်တိုင်ကြော့ကြော့တွင် လျော့လျော့ကလေး ကျနေသည့်အခါ မာရီသည် မိန်းမကျက်သရေဖြင့် ရှုချင့်စဖွယ် တင့်တယ်နေသည်သာ။ တစ်ညနေ အပြင်ထွက်ကြစဉ် ပီယာက ဇနီးကလေးကို သေသေချာချာ ကြည့်ပြီး -

'အင်း . . မင်းမှာလည်း ဒီတစ်ထည်တည်းနဲ့ စခန်းသွားနေရတယ်နော်' ဟု ခပ်ညည်းညည်း ပြောသည်။ ပြီးမှ သက်ပြင်းချပြီး 'အေးလေ၊ တို့မှာ အဝတ်အစားအတွက် အချိန်မှ မရှိတာ' ဟု ဖြည့်ပြောသည်။

*

ပီယာနှင့် မာရီတို့အတွက် ခေတ်ဆန်းချိန် ရောက်လာပြီ။ သူတို့၏ ကြိုးပမ်းမှုကို ပြင်သစ်အစိုးရက သတိထားမိစ ပြုလာပြီ ဖြစ်၏။ ဇူလိုင်လထဲတွင် သိပ္ပံအကယ်ဒမီကို ပီယာ ဝင်လိုက်သည်။ ဝင်ပြီးသည်နှင့် သည်ဝန်းကျင်နှင့် ခွင်မကျကြောင်း တွေ့လာရသည်။ အဖွဲ့ဝင်အချို့က သူ့ကို မကြိုက်ကြ။ အောက်တိုဘာလထဲတွင် ရေးသည့် စာတစ်စောင်တွင်-



www.burmeseclassic.com

www.burmeseclassic.com



"အကယ်ဒမီအတွက် အသုံးချလို့ရမယ့် ဘာပစ္စည်း
မှလည်း ကျွန်တော်သုတေသနမလုပ်နိုင်သေးဘူး။"

ဟု ပါရှိသည်။

သို့သော် အကယ်ဒမီအဖွဲ့ဝင် ဖြစ်သွားပြီဆိုသည်နှင့် စိတ်ဝင်စားစရာတွေ ရှိလာသည်။ ရူပဗေဒတွင် ကုလားထိုင်တစ်နေရာ ရလိုက်ခြင်း ဖြစ်၏။ လောလောဆယ်တွင် သူ့အား ဆော်ဘွန်းတက္ကသိုလ်တွင်ပင် တာဝန် ဆက်ပေးထားသည်။ စင်စစ် ပီယာကလည်း ဆော်ဘွန်းက တပည့်တွေနှင့် ခွဲချင်သူ မဟုတ်။ အားလုံး ရေကန်အသင့် ကြာအသင့် ဖြစ်သွားလေတော့၏။ ဓာတ်ခွဲခန်းမှာ ပီယာနှင့်မာရီတို့ လိုသလောက် မပြည့်စုံသော်လည်း ရင်ခွဲရုံကြီးနှင့်စာလျှင် အပုံကြီးသာသဖြင့် လင်မယားနှစ်ယောက် ဝမ်းသာနေကြရ၏။

အစိုးရက လစာပေးထားသည့် ဓာတ်ခွဲခန်းအလုပ်သမား သုံးယောက်ရှိသည်။ ဓာတ်ခွဲခန်းတာဝန်ခံ ရာထူးကို မာရီ ယူရမည်။ မာရီက ပါရဂူဘွဲ့ကို ဂုဏ်ထူးတွေ တသီတတန်းကြီးဖြင့် အောင်မြင်ပြီး ဖြစ်၏။ ပထမဆုံးအကြိမ်အဖြစ် လင်တော်မောင်၏ ဓာတ်ခွဲခန်းတွင် တရားဝင်တာဝန်ထမ်းဆောင်ရခြင်း ဖြစ်လေသည်။

၁၉၀၆ခုနှစ် ဧပြီလတွင် ရေးသည့် စာတစ်စောင်တွင် ပီယာက-
"အရှိန်မြင့်လာလို့ ထွက်သွားတဲ့ ရေဒီယမ်ပမာဏကို
တိတိကျကျ သိရအောင် ကျွန်တော်နဲ့ မဒမ်ကျူရီ
အတူတူ အလုပ်လုပ်နေကြပါတယ်။"

ဟု ရေးခဲ့သည်။





"ကျွန်တော်နှင့် မဒမ်ကျူရီ အတူတူ အလုပ်လုပ်နေကြပါတယ်"

သည်စာလုံးများကို ပီယာ မသေမီ ငါးနှစ်က ရေးခဲ့ခြင်း ဖြစ်၏။ သူတို့နှစ်ဦး၏ ကြိုးပမ်းပူးပေါင်းမှု အလှအပကို ဖော်ကျူးထားခြင်းဖြစ်၏။ ဘယ်တော့မှ ယိုင်လဲမသွားနိုင်သည့် ပူးပေါင်းမှုမျိုး။

ဓာတ်ခွဲခန်းထဲတွင် ခြေလှမ်းတိုင်းသည် သူတို့နှစ်ဦးကို ပို၍ပို၍ နီးစပ်လာစေမည့်၊ ညီညွတ်လာစေမည့် ခြေလှမ်းများချည်း ဖြစ်နေ၏။

အတွေးသစ်များ၊ မေးခွန်းသစ်များသည် နှစ်ဦးကြားတွင် မြားပစ်သလို လူးလာခေါက်ပြန် ပြေးလွှားနေကြ၏။ တစ်ဦးကိုတစ်ဦး ချီးကျူးကြ၊ ဂုဏ်ပြုကြနှင့် ပျော်စရာကောင်းသလို ငြင်းကြ၊ ခုံကြ၊ စကားများကြသည်များလည်း ရှိ၏။ သို့သော် အချစ်များစွာဖြင့်သာ။

သူတို့နှစ်ယောက်သည် ညီမျှခြင်းတစ်ဖက်စီမှ ကိန်းဂဏန်းများနှင့် တူ၏။ တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာ ချစ်ကြသလို လုပ်ဖော်ကိုင်ဖက်များ အနေဖြင့်လည်း အပြန်အလှန် လေးစားကြ၏။ လေးနက်တည်ငြိမ်သည့် အချစ်မျိုးဖြင့် ချစ်ကြသည့် ချစ်သူအချင်းချင်းသာ ထားရှိနိုင်သည့် ဆက်ဆံရေးမျိုး ဖြစ်သည်။


*

၁၉၀၆ ခုနှစ် နှစ်ကူးပွဲတော်ရက်များကား ရာသီဥတု ကြည်လင်သာယာလျက် ရှိသည်။ ပီယာနှင့် မာရီတို့နှစ်ယောက် တောပိုင်းတွင် ငှားထားသည့် အိမ်ကြီးတစ်အိမ်တွင် ရက်ပေါင်းများစွာ ဆောင်းခို အနားယူလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



- မာရီ၊ အိုင်ရင်းနှင့်ပီယာ (၁၉၀၄)
(အိမ်ဥယျာဉ်ထဲမှာ)





တနင်္ဂနွေနေ့တွင် ဟိုအဝေးဆီမှ ခေါင်းလောင်းထိုးသံများ လွင့်ပျံ့လာချိန်တွင် လင်မယားနှစ်ယောက် စက်ဘီးကိုယ်စီစီးကာ တောထဲသို့ ထွက်လာခဲ့ကြသည်။ အပြန်တွင် ထုံးစံအတိုင်း တောပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ခူးပြန်လာခဲ့ကြ၏။

မနေ့က ပင်ပန်းသဖြင့် နောက်နေ့တွင် တောမလည်တော့ဘဲ နားလိုက်ကြသည်။ နှစ်ယောက်သား မြက်ခင်းပေါ်တွင် ပျင်းတိပျင်းတွဲ လဲလျောင်းနေကြ၏။

အိုင်ရင်းက ပိုက်ကလေးဖြင့် လိပ်ပြာလိုက်ဖမ်းနေသည်။ မိလျှင် ဝမ်းသာအားရ အော်သည်။ အိုင်ရင်းသည် ယောက်ျားဝတ်ဘောင်းဘီတိုနှင့် မိန်းမဝတ် ရှပ်အင်္ကျီ ဝတ်ထားသဖြင့် တစ်မျိုးဖြစ်နေ၏။ ဒါကိုပင် ပီယာက သဘောကျပြီး ချစ်စရာသမီးကလေးကို မြတ်မြတ်နိုးနိုး ကြည့်နေသည်။

ပန်းခြံထဲတွင် စိတ်လွတ်လက်လွတ် ပြေးလွှားနေသည့် သမီးကလေးကို တစ်လှည့်၊ မလှုပ်မယှက် ငြိမ်သက်နေသည့် ချစ်ဇနီးကို တစ်လှည့် ကြည့်နေ၏။ မာရီ့ ပါးပြင်နှင့် ဆံပင်တွေကို လက်နှင့် ပွတ်သပ်နေရင်း ခပ်တိုးတိုးပြောသည်။

'သိပ်စိတ်ချမ်းသာတာပဲ မာရီရယ်'

ဗုဒ္ဓဟူးနေ့ညတွင် ပါရီသို့ ပြန်လာခဲ့ကြသည်။ ရာသီဥတုမှာ လုံးဝ ပြောင်းလဲသွား၏။ လေတဟူးဟူးတိုက်ကာ အေးစိမ့်လာ၏။ မိုးပေါက်တွေ မှန်ပြတင်းကို တဖြန်းဖြန်းပက်နေ၏။ လမ်းတွေမှာ စိုရွှဲပြောင်လက်နေသည်။

ကြာသပတေးနေ့တိုင်အောင် မိုးက မပြေနိုင်အောင် ရွာနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသည်နှင့် အလုပ်ကိုယ်စီဖြင့် ရှုပ်ယှက်ခတ်နေတော့၏။ ကလေးနှစ်ယောက်ကို အဝတ်လဲပေးရင်း သည်နေ့ဓာတ်ခွဲခန်းကို လာနိုင်တော့မည် မဟုတ်ကြောင်း အပေါ်ထပ်မှ ပီယာ့ကို လှမ်းအော်ပြောလိုက်သည်။ အိမ်တွင် လုပ်စရာတွေက အပုံအပင်။

ထိုနေ့က ပီယာသည် ဆာဗင်တေးဟိုတယ်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် နေ့လယ်စာစားသည်။ မွန်းလွဲ နှစ်နာရီခွဲတွင် အားလုံးကို အပြုံးဖြင့်နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ ဟိုတယ်မှ အထွက်တွင် ကောင်းကင်ကို မော့ကြည့်ပြီး မျက်နှာတစ်ချက် ရှုံ့လိုက်သည်။ ထီးဖွင့်ပြီး မိုးထဲလေထဲသို့ ထွက်ခဲ့၏။

ဒေါ်ဖနီလမ်းရောက်တော့ ရထားလုံးသမားတွေ အော်သံ၊ ခါတ်ရထားဘီးသံတွေဖြင့် ဆူညံနေ၏။ သို့သော် ပီယာ့အတွက် ဘာမှ အနှောင့်အယှက်မဖြစ်။ ကိုယ့်အတွေးနှင့်ကိုယ် ဆက်လျှောက်နေသည်။ ပြီးတော့ အမှတ်မထင် လမ်းကို ဖြတ်ကူးလိုက်သည်။ ရှေ့တည့်တည့်မှ ဧရာမ ရထားလုံးကြီး ဘွားခနဲ ပေါ်လာ၏။

ပြေးလာနေသော မြင်းကြီး၏ ရင်ဘတ်အောက် မရောက်အောင် အထိတ်တလန့် ရှောင်လိုက်သည်။ ဤတွင် မိုးရေတွေဖြင့် စိုနေသော ပလက်ဖောင်းအစပ်တွင် ခြေတစ်ဖက်ချော်ကာ လဲကျသွားတော့၏။ အထိတ်တလန့် အော်သံတွေ ဆူညံသွားသည်။

မြင်းရထားသမားက ဇက်ကြိုးကို အလန့်တကြား ဆောင့်ဆွဲပြီး အရှိန်သတ်သည်။ သို့သော် ဧရာမ ရထားလုံးကြီးသည် ကိုက်ပေါင်းများစွာ ဆက်ပြီး လျှောတိုက်ပြေးလွှားနေ၏။ နောက်ဘီးတစ်ဘီးက ပီယာ၏ ဦးခေါင်းကိုကြိတ်ကာ တရွတ်ဆွဲသွားတော့သည်။





ရဲက ချက်ချင်းရောက်လာပြီး ပီယာ့ကို ကောက်ယူတော့ အသက်ကုန်နေပြီ။ ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်သည်။ ဆေးရုံရောက်တော့ ဆရာဝန်တစ်ယောက်က ပွန်းရာပဲ့ရာမရှိသည့် မျက်နှာကို သန့်စင်ဆေးကြောပြီး ဦးခေါင်းကို ပတ်တီးစည်းပေးသည်။ ဆေးရုံက တက္ကသိုလ်မဟာသိပ္ပံဌာနသို့ လှမ်းအကြောင်းကြားသည်။ အချိန်အနည်းငယ်အတွင်း နိုင်ငံတော်သမ္မတ၏ ကိုယ်စားလှယ်တစ်ယောက် မာရီ့ အိမ်တံခါးကို လာခေါက်နေပြီ။ မဒမ်ကျူရီ ပြန်မရောက်သေးကြောင်း သိသဖြင့် ပြန်သွားသည်။ နောက် တံခါးလာခေါက်သူက မဟာသိပ္ပံဌာနမှူး ပေါလ်အေပယ်လ်။ သူက အိမ်ထဲဝင်ပြီး ထိုင်စောင့်သည်။

ညနေ ၆ နာရီတိတိတွင် မာရီ တံခါးသော့ဖွင့်ပြီး ဝင်လာသည်။ ပြုံးပြုံးရွှင်ရွှင် ဝင်လာခြင်း ဖြစ်၏။ အေပယ်လ်၏ မျက်နှာအမူအရာကို ကြည့်ပြီး တစ်ခုခု ဖြစ်ပြီဟု မာရီ ချက်ချင်းသိလိုက်သည်။

ပါမောက္ခက အဖြစ်အပျက်ကို ပြောပြသည်။ မာရီ မတုန်မလှုပ်။ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ငြိမ်နေ၏။ မကြည့်ရက်စရာ။ အကြာကြီး တိတ်ဆိတ်နေပြီးမှ မာရီ့နှုတ်ခမ်းအစုံ လှုပ်လာသည်။

'ပီယာသေပြီ ဟုတ်လား၊ သေပြီ တကယ်သေပြီပေါ့နော် ဆရာ'

၁၉၀၆ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ပီယာကွယ်လွန်ကြောင်း သိရသည့် အချိန်မှစပြီး မဒမ်ကျူရီသည် အလွန်သနားစရာကောင်းသော၊ ဘာနှင့်မှ ကုစား၍မရသော အထီးကျန်ဝေဒနာရှင် မိန်းမသားတစ်ဦး ဖြစ်သွားလေတော့သည်။

ပီယာ့အလောင်းကို အိမ်သယ်လာပေးဖို့ တိုတိုတုတ်တုတ်ပင် ပြောလိုက်သည်။ ပြီးတော့ သူငယ်ချင်းတစ်ယောက်ကို အိုင်ရင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အား ခဏခေါ်ထားပေးဖို့ အကူအညီ တောင်းလိုက်သည်။ ဇဝကလေးကို ခါတိုင်းလိုပဲ ရေချိုးပေးရမှာလားဟုလည်း သူငယ်ချင်းမကို မေးသေးသည်။ ဝါဆောကို အကျိုးအကြောင်း သံကြိုးတစ်စောင် ပို့လိုက်၏။

ပြီးတော့ ပန်းခြံထဲ ဆင်းလာခဲ့သည်။ မြက်ခင်းမှာ ရေတွေ ရွှဲနေ၏။ ခုံတန်းလျားပေါ်တွင် ဒူးပေါ် တံတောင်ဆစ်ထောက်ပြီး ထိုင်ချလိုက်သည်။ မျက်နှာကို လက်ဝါးနှစ်ဖက်ကြားတွင် မှောက်ချထား၏။

မာရီ ဘာမျှ မမြင်တော့။ ဘာမျှ မကြားတော့။ လောကကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားလေပြီ။ ချစ်သူ ရောက်အလာကို စောင့်နေသည့် မိန်းကလေး။

ည ၈ နာရီတွင် ဆေးရုံကား အိမ်ရှေ့ ထိုးဆိုက်လာသည်။ အလောင်းတင် တွန်းလှည်းကို အိမ်ထဲသို့ ခပ်ဖြည်းဖြည်း တွန်းယူလာကြသည်။

အောက်ထပ် အခန်းတစ်ခန်းထဲတွင် နေရာချထားလိုက်၏။ လာပို့သူတွေ ပြန်သွားတော့ အခန်းထဲတွင် မာရီတစ်ယောက်တည်း ကျန်ရစ်သည်။

ပျော့ခွေနေသည့် ပီယာ့အလောင်းမှာ ပူပူနွေးနွေးအတိုင်း ရှိသေး၏။ အထူးသဖြင့် လက်တွေ။ ချစ်လင်၏ မျက်နှာကို ငုံ့နမ်းလိုက်၏။

အလောင်းပြင်ဖို့၊ ရေချိုးဖို့ အချိန်ရောက်လို့ ဝိုင်းလုပ်ကြတော့ အခြားအခန်း တစ်ခန်းထဲတွင် ခဏသွားနေရန် မနည်းတောင်းပန်ကြရသည်။ မာရီ အခန်းထဲမှ ထွက်ပေးသည်။ သူ့ခြေလှမ်းများက သညာမဲ့နေသူ၏ ခြေလှမ်းများ။ သို့သော် တစ်မိနစ်မျှ ချစ်သူ့အနားက ခွာမသွားချင်သလို အလောင်းပြင်မပြီးမီ ပြန်ရောက်လာသည်။ ပြီးတော့ ပီယာ့ကို





အတင်းဖက်ထားလိုက်သည်။

နေ့မှည၊ ညမှနေ့ အချိန်တွေ ကုန်နေ၏။ မာရီသည် ရင်ထဲက ဝေဒနာကို ဘယ်သူနှင့်မျှ မျှဝေမခံစားဘဲ တစ်ကိုယ်တည်း ကျိတ်ခံနေ၏။ အပြင်းစား ဝေဒနာကို ခံစားနေရသည့်ကာလ ဖြစ်လေသည်။ နေ့စဉ်မှတ်တမ်းစာအုပ်ဖွင့်ပြီး ရေးသည့်အခါ စာအုပ်ပေါ်သို့ မျက်ရည်တွေက တပေါက်ပေါက်ကျနေ၏။

"မောင်၊ မာရီ့အချစ်ဆုံးမောင်ရယ်၊ သနားလိုက်တာကွယ်၊ မောင့်ခေါင်းမှာ ပတ်တီးတွေ စည်းထားတယ်။ အေးအေးဆေးဆေး အိပ်နေတဲ့ မောင့်မျက်နှာဟာ အေးမြလှပါတယ်၊ မြင့်မြတ်လှပါတယ်ကွယ်။ သိပ်လောဘကြီးတာပဲလို့ ကျွန်မ ခဏခဏပြောတဲ့ မောင့်နှုတ်ခမ်းတွေ အရောင်အဆင်း မရှိတော့ဘဲ ဖြူဖျော့ဖျော့ ဖြစ်နေတယ် မောင်။

ကျွန်မလက်နှစ်ဖက်နဲ့ ပွေ့ပြီး ရင်ခွင်ထဲမှာ အမြဲထည့်ထားတတ်တဲ့ မောင့်ဦးခေါင်းဟာ ဘယ်လောက်များ နာရှာလိုက်မလဲကွယ်၊ သနားလိုက်ပါဘိတော့ မောင်ရယ်။ ကျွန်မ မောင့်မျက်ခွံကလေးတွေကို နမ်းနေတယ်လေ၊ အချစ် နမ်းရင် မောင်က အမြဲတမ်း အလိုက်သင့် မှေးပေးတတ်တဲ့ မျက်ခွံကလေးတွေလေ။

စနေနေ့မနက်မှာ မောင့်ကို ခေါင်းသေတ္တာထဲ ထည့်ကြတယ်။ ကျွန်မက ဦးခေါင်းကို ဝိုင်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထည့်ပေးတယ်လေ၊ ပြီးတော့ မောင့်မျက်နှာကို နောက်ဆုံးအဖြစ်နဲ့ ကျွန်မတို့ နမ်းကြတယ်။ ပြီးတော့ ပန်းခြံထဲက ဖလပ်ပန်းတွေနဲ့ ကျောင်းသူဘဝက ရိုက်ခဲ့တဲ့ ဓာတ်ပုံကလေး ထည့်ပေးလိုက်ပါတယ်။ 'သိပ်လိမ္မာတဲ့ ကျောင်းသူကလေး' လို့ မောင်ပြောလေ့ရှိတဲ့ ပုံလေးလေ။

အဲဒီ ဓာတ်ပုံထဲက ကောင်မလေးဟာ မောင့်ကို ပျော်ရွှင်မှုတွေ ပေးခဲ့တဲ့၊ မောင်နဲ့အတူ ဘဝကို တာဝန်ခွဲယူပြီး တက်ညီလက်ညီ လျှောက်ခဲ့တဲ့ ကောင်မလေးပါ မောင်။

မောင် ပြောဖူးတယ်၊ ကျွန်မနဲ့ လက်တွဲဖို့ ဆုံးဖြတ်ချက် ချခဲ့တုန်းကလေ။ ဘယ်တုန်းကမှ ဒီလို မြန်မြန်ဆန်ဆန် မဆုံးဖြတ်ခဲ့ဖူးဘူးတဲ့။ အဲဒီလို လုပ်ဖြစ်တာကလည်း မမှားနိုင်ဘူး ထင်လို့တဲ့။

ဟုတ်ပါတယ်မောင်၊ မောင် မမှားခဲ့ပါဘူးနော်။ မောင်နဲ့ ကျွန်မဟာ တစ်ယောက်အတွက် တစ်ယောက် မွေးဖွားလာသလို၊ ဘဝနှစ်ခု ပေါင်းစပ်ပြီး တစ်ခုတည်းသော ဘဝကို တည်ဆောက်နိုင်ခဲ့တယ်လေ။

မောင့်အခေါင်းကို သူတို့ ပိတ်လိုက်ကြပြီ။ မောင့်ကို ကျွန်မ ဘယ်တော့မှ မြင်ရမှာ မဟုတ်တော့ဘူး။ ကျက်သရေမရှိတဲ့ အဝတ်မည်းကြီးနဲ့ မောင့်ကို





လွှမ်းကြမလို့တဲ့။ ဒါကိုတော့ ကျွန်မ အပြတ်ငြင်းခဲ့တယ်။ နံဘေးမှာထိုင်ပြီး ကျွန်မကိုယ်တိုင် မောင့်တစ်ကိုယ်လုံး ပန်းပွင့်တွေနဲ့ ဖုံးပေးတယ်လေ။ အားလုံး ပြီးသွားပြီပဲ့နော်။ မောင်ဟာ နောက်ဆုံး အိပ်စက်ခြင်း အဖြစ်နဲ့ မြေကြီးအောက်မှာ အိပ်တော့မယ်ပေါ့နော်။ အားလုံး. . အားလုံး. . . အကုန်လုံး ဆုံးခန်းတိုင်သွားပြီပေါ့နော် မောင်"

မာရီအနေဖြင့် ချစ်လင်တစ်ယောက်၊ ရဲဘော်ရဲဘက် တစ်ယောက် ဆုံးခဲ့ရလေပြီ။ ကမ္ဘာကြီးအတွက်ကား မဟာလူသားတစ်ယောက် ဆုံးရှုံးခဲ့ရခြင်းပင်။ အနိုင်နိုင်ငံမှ ရောက်လာသည့် ဝမ်းနည်းသဝဏ်တွေမှာ အိမ်တွင် တောင်ပုံ ရာပုံ ဖြစ်နေပြီ။

မာရီက တစ်ခုပဲ တောင်းဆိုသည်။ စကော်အိုရှိ အမေ့သင်္ချိုင်းနံဘေးတွင် ပီယာ့တို အတတ်နိုင်ဆုံး ရိုးသားစွာ ဂူသွင်းသင်္ဂြိုဟ်ဖို့ ဖြစ်၏။ ထိုစဉ်က သိပ္ပံပညာရေးဌာန ဝန်ကြီးဖြစ်သည့် အာရစ္စတီ ဘရိန်က မာရီ့ဆန္ဒနှင့် ဆန့်ကျင်ပြီး ဆင်ခြေဖုံးရပ်ကွက်မှ သင်္ချိုင်းသို့ ကျူရီ လင်မယား၏ ရင်းနှီးသူ မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ လိုက်ပို့သည်။ ဦးခေါင်းတွင် မျက်နှာဖုံး ချထားသည့် မဒမ်ကျူရီ၏ ပုံသဏ္ဍာန်ကို သတင်းထောက်တွေက အုတ်ဂူတွေကြားမှ စောင့်ကြည့်နေကြ၏။

မာရီသည် ယောက္ခမလုပ်သူ ဒေါက်တာကျူရီ၏ လက်မောင်းကိုတွဲပြီး အုတ်ဂူဆီသို့ ပီယာ့အခေါင်းကို တရွေ့ရွေ့ ထမ်းသွားနေကြသူများနောက်မှ လျှောက်လိုက်လာ၏။ ဂူနားရောက်တော့ တည်ငြိမ်စွာ ရပ်လိုက်သည်။ ပန်းစည်းတစ်စည်း ပိုက်လာသူတစ်ဦးထံမှ မာရီက ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ လှမ်းဆွဲပြီး ပန်းပွင့်တွေကို တစ်ပွင့်ချင်း ဆွဲဖြုတ်သည်။ ပြီးတော့ အခေါင်းပေါ်တွင် ဖြန့်ကြဲသည်။ သူ ဖြန့်ကြဲနေပုံက ခပ်ဖြည်းဖြည်းနှင့် တည်တည်ငြိမ်ငြိမ် ဖြစ်သည်။ ခံ့ခံ့ညားညားရှိသည်။ အသုဘရှုလာကြသည့် ပရိသတ်ကို သူ လုံးဝ မေ့နေပုံ။ အားလုံး တိတ်ဆိတ်နေကြ၏။ ဘာသံမျှ မကြားရ။

သားအတွက် သောကရောက်နေသည့် အရပ်မြင့်မြင့်နှင့် ဒေါက်တာကျူရီ၊ သားကြီးဂျက်၊ သံကြိုးရလျှင်ရချင်း လိုက်လာသည့် ဂျိုးဇက်စကလိုဒေါ့စကီနှင့် ဘရွန်ညာတို့အားလုံး စက်ရုပ်တစ်ရုပ်လို ဖြစ်သွားသည့် မာရီ့ကို ရင်ထုမနာဖြင့် ကြည့်နေကြ၏။ အရမ်းလည်း စိုးရိမ်နေကြ၏။ သမီးကလေး နှစ်ယောက်ကိုပင် မာရီ သတိမရတော့သလို။ ဝတ်ရုံနက်ကို ဆင်မြန်းကာ အတောင့်သား ရပ်လျက်။ ခန္ဓာကိုယ်မှာ ဝိညာဉ် မရှိတော့သလို။

သို့သော် အခြားအခြားသော သူများကမူ သူ့အတွက် အလုပ်ရှုပ်နေကြ၏။ အသုဘချပြီး နောက်တစ်နေ့တွင် ပြင်သစ်အစိုးရက ကျူရီမိသားစုကို နိုင်ငံတော်ပင်စင်ပေးဖို့ စကားကမ်းလှမ်းလာသည်။

မွေးရာပါ သတ္တိသွေးသည် မာရီ့သွေးကြောများထဲတွင် တဖြည်းဖြည်း လူးလွန့်နိုးကြား လာကြ၏။ မာနပါးပြင်းကလေး ထောင်လာပြီး အစိုးရ၏ ကမ်းလှမ်းချက်ကို ငြင်းလိုက်သည်။

"ကျွန်မအတွက် ပင်စင်မလိုပါ။ အရွယ်ရှိသေးသဖြင့် ကျွန်မအသက်ကို ကျွန်မ မွေးနိုင်ပါသည်။ ကလေးတွေကိုလည်း ရှာကျွေးနိုင်ပါသည်။" ဟု ပြန်ကြားလိုက်သည်။





ဆော်ဘွန်းတက္ကသိုလ်တွင် မာရီနှင့် ပတ်သက်ပြီး အစဉ်အလာတွေ ပျက်ကုန်သည်။ မဟာသိပ္ပံဌာနက ပီယာ့ရာထူးကို မာရီ့အား ပေးဖို့ တညီတညွတ်တည်း ကန့်ကွက်သူမရှိ ဆုံးဖြတ်လိုက်ကြ၏။ ပြင်သစ်နိုင်ငံ အဆင့်မြင့် ပညာရေးသမိုင်းတွင် ဤမျှမြင့်မားသည့် ရာထူးကို မိန်းမသားတစ်ဦးအား ပေးအပ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်လေသည်။

ယောက္ခမကြီးက မာရီ လက်ခံရမည့် တာဝန်မှာ မည်ရွေ့မည်မျှ ကြီးမားကြောင်း ရှင်းပြနေသည်။ မာရီက ခပ်ရွှင်ရွှင်ကလေး နားထောင်နေရာမှ တိုတိုတုတ်တုတ်ပင် ဖြေလိုက်သည်။

'ကြိုးစားရမှာပေါ့လေ'

ပီယာ ပြောဖူးသည် မဟုတ်လား။ "ဘာပဲဖြစ်နေဖြစ်နေ၊ တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ကျန်နေရစ်လို့ ဝိညာဉ်မပါတဲ့ ခန္ဓာကိုယ်နဲ့ပဲဖြစ်ဖြစ် ဒီအလုပ်ကိုတော့ ဆက်လုပ်ရမှာပဲ"

နောက်မကြာမီရက်များတွင် နေ့စဉ်မှတ်တမ်း ပြန်ရေးသည်။

"ချစ်တဲ့မောင်ရေ . . ငုစပ်တွေ၊ ပဲပန်းတွေ ပွင့်နေပြီ။ နှင်းဆီတွေရောပဲ။ အဲဒါ မောင့်ကို ပြောချင်လို့၊ မောင် သိပ်သဘောကျမှာပါ။

နောက် ပြောစရာ ရှိသေးတယ်၊ မောင့်ရာထူးမှာ ကျွန်မကို သူတို့ ခန့်ထားကြတယ် . . ပြောရဦးမယ်၊ ခုလေ . . နေရောင်ခြည်ကိုရော၊ ပန်းတွေကိုပါ ကျွန်မ မချစ်တော့ဘူး။ အဲဒီ မြင်ကွင်းတွေ မြင်ရရင် ကျွန်မ ခံစားရလို့ပါ . .။ ကြည်လင်တဲ့ ရာသီဥတုမျိုးကို မုန်းဖို့ မကြိုးစားမိတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သမီးကလေးတွေ အတွက် လိုအပ်နေလို့ပါ
. . ဓာတ်ခွဲခန်းထဲမှာ ကျွန်မ တစ်နေကုန် အလုပ်
လုပ်ပါတယ်။ ကျွန်မ လုပ်စရာ ဒါပဲ ရှိတော့တယ်
လေ . . .။”

ကျိုးဇက် ပါရီမှ ပြန်သွားပြီး မကြာမီ ဘာရွန်ညာလည်း ပြန်တော့မည်။ တစ်ညနေတွင် မာရီက အစ်မလုပ်သူကို သူ့အိပ်ခန်းထဲ ခေါ်သွားသည်။ နွေရာသီမို့ ပူလောင်အိုက်စပ်နေပါလျက် မီးလင်းဖိုထဲတွင် မီးတွေ တဟုန်းဟုန်း တောက်နေသည်။

အခန်းတံခါးကို သော့ပိတ်လိုက်ပြီး စကားတစ်ခွန်းမှ မပြောဘဲ ဗီရိုဖွင့်ကာ အထုပ်တစ်ထုပ်ကို ယူထုတ်လိုက်သည်။ ပြီးတော့ မီးလင်းဖိုနံဘေးတွင် သွားထိုင်သည်။ ဘာရွန်ညာ့ကိုပါ ထိုင်ခိုင်းသည်။ ဘာများပါလိမ့်ဟု ဘာရွန်ညာ အံ့ဩနေ၏။

‘ဘာရွန်ညာ . . မာရီ့ကို ကူပါဦးနော်’

စက္ကူထုပ်ကို မာရီ ကြိုးဖြေသည်။ လန့်မအော်မိအောင် ဘာရွန်ညာ မနည်း ထိန်းထားလိုက်ရ၏။ ပီယာ နောက်ဆုံးဝတ်သွားသည့် ဝတ်စုံ။ ရွှံ့တွေ၊ သွေးတွေ စီးကပ်ပေကျံနေသည့် အင်္ကျီနှင့်ဘောင်းဘီ။

ကတ်ကြေးတစ်လက်ဖြင့် ကုတ်အင်္ကျီကို အရင် စဖြတ်သည်။ အပိုင်းပိုင်းဖြတ်ပြီးမှ မီးဖိုထဲသို့ တစ်စစီ ပစ်ထည့်သည်။ လောင်ကျွမ်းပျောက်ကွယ်သွားသည့် အစများကို သူ စိုက်ကြည့်နေ၏။

ရုတ်တရက် ထရပ်လိုက်ပြီး မျက်ရည်တွေ ကျလာ၏။ ပြီးတော့ လက်ထဲမှ အဝတ်ကို အငမ်းမရ နမ်းရှုပ်ပြန်သည်။ ဘာရွန်ညာက သူ့လက်ထဲမှ အဝတ်ကို ဆွဲယူပြီး သူလုပ်သလို လိုက်လုပ်သည်။ ဖြတ်လိုက်၊





အစတွေကို မီးဖိုထဲ ပစ်ထည့်လိုက်။ ကုန်သွားသည်အထိ ဘာရွန်ညာ လုပ်ပေးသည်။

နောက်ဆုံးတွင်မှ တစ်ဆို့ဆို့အသံဖြင့် မာရီ စကားစသည်။

‘ဒီဝတ်စုံကို သူများတွေ ကိုင်ကြည့်တာ မာရီ မကြည့်နိုင်ဘူး’

ပြီးမှ ဘာရွန်ညာ့ကို မှီလိုက်ပြီး -

‘ကဲ . . ပြော၊ မာရီ ဘယ်လိုဆက်နေရမလဲ၊ ဆက်ပြီး အသက်ရှင်နေရမယ်ဆိုတာ မာရီ သိတယ်။ ဒါပေမဲ့ ဘယ်လိုလုပ် နေရမှာလဲဟင်။ ပြောစမ်းပါ ဘာရွန်ညာ၊ ဘယ်လိုလုပ် နေရမှာလဲ’

ခုမှ အစ်မလုပ်သူကို သိုင်းဖက်ပြီး အားရပါးရ ငိုချနိုင်တော့သည်။ နောက်ဆုံးတျမှ ခြေကုန်လက်ပန်းကျသွားသော သနားစရာကောင်းလှသည့် ညီမလေးကို ဘာရွန်ညာက အဝတ်အစားလဲပေးပြီး အိပ်ရာထဲ တွဲပို့ရသည်။

မနက်မိုးလင်းသည်နှင့် မာရီသည် အလွန်အေးစက်သော စက်ရုပ်တစ်ရုပ် ပြန်ဖြစ်သွားလေသည်။ ဧပြီလ ၁၉ ရက်နေ့ကတည်းက မာရီ့နေရာကို အစားဝင်လာသော စက်ရုပ်ပုံစံနှင့် မိန်းမသားတစ်ဦး။

ဘာရွန်ညာ ဝါဆောပြန်မည့်နေ့တွင် ရထားပေါ် မတက်မီ ပွေ့ဖက်နှုတ်ဆက်တော့လည်း မာရီ အသက်ဝင်မလာ။ ငူတူတူ ငိုင်တိုင်တိုင်။

မာရီ့အသက် ၃၈ နှစ်ရှိပြီ။ အိမ်ထောင်ဦးစီးဘဝ ရောက်လာပြီ။ လုပ်စရာတွေက အပုံအပင်။ အိမ်တွင် ဘဝသည် ပုံသဏ္ဌာန်တစ်မျိုးဖြင့် စတင်နေလေပြီ။ ပီယာ့ဆီသို့ အာရုံရောက်နေချိန်တွင်မူ ရံခါ သတိလွတ်နေတတ်၏။

အပြင်တံခါး ဖွင့်သံကြားလျှင် သူပြန်လာသည် ထင်၏။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန် မဟုတ်နိုင်ပါဘူး၊ အိပ်မက်ဆိုးကြီးပါဟု ထင်သည့်အခါ ထင်နေသည်။ သည်လို တဒင်္ဂပေါင်းများစွာက ဘဝတံခါးကို လာခေါက်နေဆဲ။

မာရီ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သည်နေ့တွင် ကလေးတွေကို သူ့အဘိုးနှင့် တောပို့ထားမည်။ မာရီနှင့် နေပေးဖို့ ရောက်လာသည့် ဟီလာ့ကိုပါ ထည့်လိုက်မည်။ မိမိက ပါရီတွင် နေရစ်ပြီး နောက်နှစ် စာသင်ဖို့ ပြင်ဆင်ရမည်။ သည်နည်းဖြင့် ပီယာ့ဂုဏ်သိက္ခာကို ထိန်းရမည်။ သူ့တာဝန်ကို လက်ဆင့်ကမ်း ဆက်ယူရမည်။

နိုဘယ်လ်ဆုရှင် မုဆိုးမကလေး လူတောထဲ ပြန်ဝင်လာမည့်ပုံကို ပါရီတစ်မြို့လုံးက ရင်တမမဖြင့် စောင့်ကြည့်နေကြ၏။ ဆော်ဘွန်း တက္ကသိုလ်တွင် ပထမဆုံးအနေဖြင့် မိန်းမသားတစ်ဦးပြောမည့် သင်တန်းအဖွင့်မိန့်ခွန်းကို ကြားကြရတော့မည်။ ထိုမိန်းမသားသည် အလွန်ထက်မြက်ပြီး အလွန်ကံဆိုးရှာသည့် အိမ်ထောင်သည်ထစ်ဦး ဖြစ်၏။

မာရီ၏ သင်တန်းအဖွင့် မိန့်ခွန်းပြောမည့်နေ့ ရောက်လာသည်။ ဆင်ခြေလျှော စာသင်ခန်းမကြီးထဲတွင်ရော၊ ဝရန်တာတွင်ပါ ပရိသတ် ပြည့်လျှံနေပြီး အပြင်ကွက်လပ်ထဲတွင်ပါ လူတွေ ကြက်ပျံမကျ လာရောက် နားထောင်ကြ၏။

မဒမ်ကျူရီ၏ဝင်အလာကို မမြင်လိုက်မှာစိုးသဖြင့် လည်တဆန့်ဆန့် ဖြစ်နေကြသည်။ တီးတိုးတီးတိုးနှင့် အမျိုးမျိုး ထင်ကြေးပေးနေကြသည်။

ဘယ်လိုစကားနှင့် စ ပြောမှာပါလိမ့်။ ဝန်ကြီးကို ကျေးဇူးတင်စကားနဲ့ ဖွင့်မှာလား၊ ကျောင်းတော်ကြီးရဲ့ ဂုဏ်သိက္ခာ အမွှမ်းစကားနဲ့ စ မှာလား။ ပီယာကျူရီအကြောင်း ထုတ်ပြောပါ့မလား။ ဒါကတော့ သေ





ချာသည်။ ရာထူးတစ်ခုကို နောက်ဆက်ခံသူက ရှေ့လူရဲ့ ဂုဏ်ပုဒ်ကို ဖော်ထုတ်ချီးကျူးရသည့် အစဉ်အလာရှိသည် မဟုတ်လား. . ။ အင်း. . ဒါပေမဲ့ ခုကိစ္စက . . ။

နေ့လယ် တစ်နာရီခွဲတိတိတွင် နောက်ဘက်တံခါးရွက်ကြီး ပွင့်လာပြီး မဒမ်ကျူရီ ခန်းမဆောင်ထဲသို့ လှမ်းဝင်လာသည်။ လက်ခုပ်သံတွေ မိုးပြိုတော့မလောက် ဆူညံသွား၏။ မျက်လွှာကိုချပြီး စင်မြင့်ပေါ်မှ စားပွဲရှည်ကြီးဆီသို့ လျှောက်သွားသည်။ လက်ခုပ်ဩဘာသံတွေက တော်တော်နှင့်မစဲ။

စားပွဲကို လက်ထောက်ပြီး ရပ်လိုက်သည်။ ပရိသတ်ဘက် လှည့်ပြီး လက်ခုပ်သံအစဲကို စောင့်နေ၏။ ဩဘာသံတွေ ရုတ်ခြည်း ငြိမ်ကျသွားသည်။

မြင့်မြတ်တည်ငြိမ်လှသော မျက်နှာနှင့် ဖြူဖျော့ဖျော့ မိန်းကလေး၏ရှေ့မှ ပရိသတ်သည် အမျိုးအမည်အားဖြင့် ခွဲခြား၍ မရနိုင်သော စိတ်လှုပ်ရှားမှုဖြင့် ငြိမ်သက်စောင့်ဆိုင်းနေ၏။ မာရီက ရှေ့တည့်တည့်သို့ ကြည့်ပြီး စ ပြောသည်။

'ရူပဗေဒပညာရပ်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ တိုးတက်မှုတွေ ရလာတယ်လို့ စဉ်းစားတဲ့အခါ လျှပ်စစ်ဓာတ်အားနဲ့ ဒြပ်ဝတ္ထုတွေမှာ ကျွန်မတို့ရဲ့ ရှာဖွေတွေ့ရှိမှုတွေကို . . .'

ပီယာ သင်ပြီးသည့်နေရာမှ တိတိကျကျ ဆက်ပြီး သယ်ယူသွားခြင်း ဖြစ်သည်။ ပရိသတ်အားလုံး မျက်ရည်တလည်လည်ဖြင့် နားထောင်နေကြသည်။

အနိမ့်အမြင့် မရှိသည့် တည်ငြိမ်သော အသံဖြင့် သိပ္ပံဆရာမ



www.burmeseclassic.com

www.burmeseclassic.com



သည် အစမှ အဆုံးတိုင် တောက်လျှောက် သင်ကြားပို့ချသွားသည်။ လျှပ်စစ်စွမ်းအင်၏ သီဝရိအသစ်များ၊ အဏုမြူပြိုကွဲမှုများ၊ ရေဒီယို သတ္တိကြွပစ္စည်းများ အကြောင်းကို ထည့်ရှင်းသွားသည်။

ပို့ချချက်ပြီးသည်နှင့် အလွန်တည်ငြိမ်စွာဖြင့်ပင် ဝင်လာသည့် တံခါးပေါက်မှ ခပ်သွက်သွက်ကလေး လှမ်းထွက်သွားလေတော့သည်။

*

## အခန်း ၃

မာရီ၏ ရေဒီယိုသတ္တိကြွ သုတေသနလုပ်ငန်းမှာ တိုးတက် အောင်မြင်လျက် ရှိသည်။ မဒမ်ကျူရီ၏ ဂုဏ်သတင်းမှာလည်း အရှိန်အဟုန်ဖြင့် ပျံ့နှံ့ကျော်ကြား သွားလေသည်။


မာရီ၏ ပထမ ဦးစားပေးလုပ်ငန်းမှာ သမီးကလေးနှစ်ယောက် အတွက် ဖြစ်သော်လည်း စင်စစ် ကလေးတွေကို အချိန်ပြည့် တာဝန်ယူနေ သူမှာ မာရီ့အတွက် အားအကိုးရဆုံး ဒေါက်တာကျူရီ ဖြစ်လေသည်။

ပီယာ သေဆုံးရခြင်းအတွက် ယူကျုံးမရ ဖြစ်မိသော်လည်း အဘိုးအိုသည် တရားနှင့် ဖြေနိုင်သူဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး ရယ်ရယ်မောမော ပြောဆိုနေထိုင်နိုင်သော ယောက္ခမ၏ရှေ့တွင် မာရီက အပူသည်လုပ်၍ အပူရုပ်ဆောင်နေခြင်းမှာ မဖြစ်သင့်သည့်ကိစ္စ ဖြစ်၏။ ဤသို့ဖြင့် မာရီသည် ခံနိုင်ရည်ရှိကြောင်း ပြသဖို့ စတင်ကြိုးစားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီကျူရီကို သူ့ဓာတ်ခွဲခန်းတွင်တွေ့ရစဉ် (၁၉၁၂)။
(ဒုတိယအကြိမ် နိုဘယ်လ်ဆု ရပြီး နောက်တစ်နေ့)





ပိယာဆုံးပြီး ရက်အနည်းငယ်ရတော့ ဒေါက်တာကျူရီက ချွေးမ အနားလာပြီး ဆွေးနွေးသည်။

'ကဲ . . သမီး၊ ပိယာလည်း မရှိတော့ဘူး၊ အဘိုးအိုတစ်ယောက် အနေနဲ့ သမီးအိမ်မှာ ဆက်နေဖို့လည်း အကြောင်းမရှိတော့ဘူး ထင်တယ်။ "အဖေစကီအို" အိမ်မှာ ပြန်နေလို့ ရပါတယ်၊ အကြီးကောင်နဲ့ သွားနေ ရင်လည်း ဖြစ်တယ်။ သမီး ဆုံးဖြတ်လေ'

မာရီ ခပ်တိုးတိုး ပြန်ပြောသည်။

'အဖေ ဆုံးဖြတ်ပါ၊ အဖေ ပြန်သွားမယ်ဆိုရင်တော့ သမီး ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အဖေ့မှာ ရွေးချယ် ခွင့် ရှိပါတယ်။ အဖေ့သဘောပါ'

မာရီ့အသံတွေ တုန်နေသည်။ အဘိုးအိုက ချက်ချင်း စကား ပြန်သည်။

'အဖေ ရွေးချယ်ရမယ် ဆိုရင်တော့ သမီးတို့နဲ့ အတူတူ နေချင် တာပေါ့။ သမီးသဘောထား ဒီလိုရှိတယ် ဆိုမှတော့ . . .'

အဘိုးအိုသည် ဘာမှ ဆက်မပြောတော့ဘဲ ပန်းခြံထဲသို့ ခပ် သွက်သွက်ဆင်းသွားသည်။ အိုင်ရင်းက အဘိုးလုပ်သူကို ဝမ်းသာအားရ လှမ်းခေါ်နေ၏။

*

ဒေါက်တာကျူရီ အတူနေပေးသည့်အတွက် မာရီ ကျေးဇူးတင်မဆုံး ဖြစ်နေ၏။ အဘိုးအိုက ချွေးမကလေးကို အဖေရင်းလို ဂရုစိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးကလေးတွေကိုလည်း အလားတူပင်။

ဘိုးဘိုးကျူရီသည် သမီးတို့၏ ကစားဖော်ဖြစ်၏။ လက်ဦးဆရာဖြစ်၏။ မအေက ဓာတ်ခွဲခန်းထဲတွင် အချိန်ကုန်သဖြင့် သမီးတွေကို အဘိုးလောက် အချိန်မပေးနိုင်။ သည်ကျေးဇူးတွေကို မာရီက ချစ်ခင်မြတ်နိုးစွာ တုံ့ပြန်ပါသည်။

၁၉၀၉ ခုနှစ်တွင် အိုမင်းလှပြီဖြစ်သောကြောင့် နာတာရှည်ဘဝဖြင့် ဒေါက်တာကျူရီ အိပ်ရာထဲ လဲသည့်အခါ အချိန်ရတိုင်း ကိုယ်ဖိရင်ဖိ ပြုစုသည်။ ၁၉၁၀ ခုနှစ်တွင် ဒေါက်တာကျူရီ ကွယ်လွန်သွားသည့်အခါ သမီးကလေးနှစ်ယောက်ကို မာရီကိုယ်တိုင် ဂရုစိုက်ရတော့သည်။

မဒမ်ကျူရီသည် ကလေးများ၏ ပညာရေးနှင့် ပတ်သက်ပြီး ရှင်းလင်းတိကျသည့် အတွေးအမြင်များ ရှိလေသည်။ သမီးနှစ်ယောက်ကို တစ်နေ့လျှင် တစ်နာရီ စာသင်ပေးသည်။

သင်ရိုးကို သင်သည့်အခါ ဖြစ်စေ၊ အထွေထွေဗဟုသုတပိုင်းမှာဖြစ်စေ မာရီက နားစွဲအောင် သင်သည်။ စိတ်ဝင်စားအောင် သင်သည်။ လေ့ကျင့်ခန်းကို အိမ်ပြင်ထွက်လုပ်စေသည်။

သားအမိတစ်တွေ အတူတူ ပန်းစိုက်ကြသည်။ အတူတူ ချက်ပြုတ်ချုပ်လုပ်ကြသည်။ စက်ဘီးကိုယ်စီဖြင့် ခရီးထွက်လျှင်လည်း မာရီ လိုက်နိုင်အောင် ကြိုးစားသည်။ သမီးနှစ်ယောက်နှင့်အတူတူ ရေကူးသည်။ ဘရွန်ညာ နေသည့် ဇာကိုပိန်းကို ရောက်လျှင်တော့ တောင်တက်ကြသည်။

( သမီးတွေကို မာရီက မာစေချင်သည်။ သို့သော် သူတို့၏ စိတ်





ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို သိပ်အားမရသေး။ ကြေကွဲရင်နာစရာ အဖြစ်ဆိုးကြီးကို သူတို့ရင်ထဲမှ ထုတ်ပစ်ဖို့ မာရီ ကြိုးစားသည်။ ဆုံးဖြတ်ချက်တစ်ခု ချထား၏။ ဖအေ့အကြောင်းကို သူတို့ရှေ့တွင် ဘယ်တော့မှ မပြောမိဖို့ ဖြစ်သည်။

စင်စစ် မာရီသည် သူ၏ နောက်ဆုံးနေ့များသို့တိုင်အောင် "ပီယာကျူရီ" သို့မဟုတ် "သမီးတို့အဖေ" ပြီးတော့ "ကျွန်မယောကျ်ား" ဟူ သည့် စကားလုံးများကို အလွန်အမင်း ခက်ခဲပင်ပန်းစွာ နှုတ်မှ ထွက်ရှာသည်။ )

တစ်ခုတော့ မာရီ ဝမ်းသာသည်။ သမီးကလေးနှစ်ယောက်၏ ဘဝသည် မိမိ ငယ်စဉ်ကလို ဆင်းတောင့်ဆင်းရဲ မနေရခြင်းအတွက် ဖြစ်၏။ သို့သော် သူတို့ကို စည်းစိမ်ချမ်းသာတွင်တော့ မယစ်မူးစေချင်။

သူတို့ကို ရွှေဘုံပေါ်မှာ ထားနိုင်ဖို့ အခွင့်အရေးတွေ အကြိမ်ကြိမ် ရခဲ့သည်။ မာရီ မယူခဲ့။ (ဆင်းရဲခြင်းတွင် အနေရအထိုင်ရ ကျပ်တည်းခြင်း ဒုက္ခရှိလျှင်၊ အလွန်အမင်း ချမ်းသာခြင်းတွင်လည်း အလျှံပယ်လွန်းသဖြင့် ချမ်းသာခြင်းဒုက္ခ၊ ဥစ္စာခြောက်ခြင်းဒုက္ခ ရှိမည်သာ။ သမီးနှစ်ယောက် သူတို့ဝမ်းသူတို့ ကျောင်းကြလိမ့်မည်။ )ဒါကို အမေ တစ်ယောက်အနေဖြင့် အားမာန်ရှိသည်၊ သဘာဝကျသည်ဟု ထင်သည်။

သမီးကလေးနှစ်ယောက်တို့ မည်သည့်ဘာသာရပ်တွင် ထူးချွန်မည်၊ မည်သည့်ပညာရပ်တွင် ပါရမီရှိမည်ကို မာရီ မျက်ခြည်မပြတ် စောင့်ကြည့်သည်။ ပြီးတော့ မှတ်စုစာအုပ်ထဲတွင် အမြဲထည့်သည်။ အိုင်ရင်းက သင်္ချာတော်သည်။ ဧဝကလေးက ဂီတတွင် ပါရမီ ထူးချွန်သည်။ စသည် . . စသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်ရင်း ကျောင်းနေချိန်ရောက်တော့ စာကို အရမ်းမကျက်ခိုင်းဘဲ မှန်တန်းပဲ သင်ပေးသည်။ သို့သော် စနစ်တကျ သင်သည်။ နောက်ပိုင်းတွင် အလွန်စိတ်အားထက်သန်နေသည့် ပညာရေးဌာန အပေါင်းအသင်းများ စုပြီး စုပေါင်းသင်ကြားရေး စီမံကိန်းတစ်ခု အကောင်အထည်ဖော်ဖြစ်သည်။

မျောက်ရှုံးအောင်ဆော့သည့် မိန်းကလေး၊ ယောကျ်ားလေး ဆယ်ယောက် ရသည်။ ကျောင်းစာနှင့်တွဲပြီး တစ်နေ့လျှင် တစ်ချိန် သင်ပေးသည်။ ပညာရှင်ကြီးများက ကလေးများစိတ်ကြိုက် လိုက်ပြီး သူတို့ ကလေးတွေ စိတ်ဝင်စားသည့် ဘာသာရပ်ကို သင်ပေးသည်။

ရူပဗေဒသိပ္ပံမှ ပါမောက္ခမာရီကျူရီက ကြာသပတေးနေ့တိုင်း ကျောင်းသားကြီးတွေ၏ စာသင်ခန်းမှထွက်ပြီး ကလေးတွေကို သင်ပေးရသည်။

နောင်တွင် သိပ္ပံပညာရှင်တွေ ဖြစ်လာမည့် မာရီ၏ တပည့်ကလေးများသည် ထူးထူးဆန်းဆန်း သင်ခန်းစာများကို ထက်မြက်သည့် ဦးနှောက်ကလေးများဖြင့် အမီလိုက်နိုင်ကြသည်။

စက်ဘီးဘောလ်ဘယ်ရင်ထဲမှ သံလုံးကလေးများကို မင်အိုးထဲ နှစ်ပြီး တစ်ဖက်မြင့်ထားသော ခပ်ခုံးခုံး ပျဉ်ပြားပေါ် တင်လိုက်သည်။ ဤနည်းဖြင့် အခုံး၊ အဝန်း၏ သဘောကို သင်သည်။ ဖြပ်ဝတ္ထုများ လျှောကျခြင်း နိယာမကို ရှင်းပြသည်။

သူတို့ကို ပြဒါးတိုင် လုပ်တတ်အောင် သင်ပေးသည်။ သူတို့ ကိုယ်တိုင် လုပ်သည့် ပြဒါးတိုင်သည် အများသုံး ပြဒါးတိုင်ကဲ့သို့ ဒီဂရီ မှန်လာသောအခါ ကလေးတွေ ပျော်ကြသည်။ သူတို့ကိုယ်သူတို့ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။





နိုဘယ်လ်ဆုရှင်သည် ရံခါတွင် ရည်ရွယ်ချက် မြင့်မားကြသည့် ကလေးတွေ စိတ်ဝင်စားအောင် ပေါ့ပေါ့ပါးပါးနှင့် ပျော်စရာ သင်ခန်းစာများလည်း သင်ပေးတတ်သည်။

'ကရားထဲက ရေနွေး အေးမသွားအောင် မင်းတို့ ဘယ်လိုလုပ်မလဲ"

တစ်နေ့တွင် မာရီက အတန်းကို မေးသည်။

သဘာဝကျသည့် အဖြေတွေ အမျိုးမျိုး ထွက်လာသည်။ သိုးမွေး အဝတ်ထူထူဖြင့် ပတ်ထားမည်၊ ရော်ဘာပြားဖြင့် စီးထားမည် စသည်ဖြင့် တစ်ယောက်တစ်မျိုး ဖြေကြ၏။

မာရီက ပြုံးပြုံး ဖြေသည်။

'ဆရာမသာဆိုရင် ကရားကို မီးဖိုပေါ် ပြန်တင်ထားမှာပေါ့'

စုပေါင်းအခြေခံသင်တန်းကို ကျွန်မတို့ နှစ်နှစ်တက်ရသည်။ နောက်ပိုင်းမှာ ကျောင်းစာကို လုံးလုံးလျားလျား သင်ကြရ၏။ ကျွန်မတို့ ခေါင်းထဲတွင် အရာများစွာသည် သံမှိုနှက်ထားသလို စွဲနေပြီ။ အလုပ်အပေါ် သဘောထား၊ ငွေကြေးသည် ဘဝတွင် အဓိကအရာ မဟုတ်ကြောင်း၊ ပြီးတော့ လွတ်လွတ်လပ်လပ် တွေးခေါ်တတ်သည့် အကျင့်၊ စသည်များ။

သိပ်တိကျလွန်းသည့် သိပ္ပံပညာရှင် တစ်ဦးဖြစ်သဖြင့် မေမေ့ကို ပျင်းစရာကောင်းသည့် အမေမျိုး ဖြစ်လိမ့်မည်ဟု ငယ်ငယ်က ကျွန်မ ထင်ခဲ့၏။

.ကျွန်မ မှားပါသည်။ မေမေသည် ကျွန်မတို့ ညီအစ်မကို စိတ်မလှုပ်ရှားလွယ်ဖို့ သင်ပေးသော်လည်း၊ အမေနှင့် သမီးများကြားတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



အလွန်နွေးထွေးမှု ကြိုက်သည်။ ကျွန်မတို့အား လောကဓံကို ကြံ့ကြံ့ခံဖို့ သင်ပေးသည်။ သူကိုယ်တိုင်လည်း သောကဟူသမျှ မျိုချထားနိုင်သူဖြစ်သည်။

ကျွန်မတို့ ညီအစ်မ စာရေးတတ်စက "ချစ်မေ"၊ "ချစ်ဆုံးမေ" ဟု အစချီပြီး ရေးသည့် စာတိုကလေးတွေကို သေသည်အထိ မေမေ သိမ်းထားသည်။

သိပ်ကို ချစ်စရာကောင်းသည့် မေမေပါ။ သူ့ကို ကျွန်မတို့ ဘယ်တော့မှ မကြောက်စေရပါ။ ဩော် . . မေမေ၊ မေမေ၊ သာမန် အမေတစ်ယောက်မျှသာ မဟုတ်ဘဲ၊ အလွန်အလုပ်များသည့် ပါမောက္ခ တစ်ယောက်မျှသာ မဟုတ်ဘဲ သူမတူအောင် ကြိုးစားအားထုတ်မှု ပြင်းပြသည့် မိန်းမသားတစ်ဦး ဖြစ်ခဲ့ကြောင်းကို ကျွန်မတို့အား လုံးဝ အသိမပေးခဲ့ပါ။

*

တိုတောင်းလှသည့် အချိန်အတွင်း မာရီ့ဆံပင်တွေ ဖြူလာသည်။ ပြီးတော့ ပိန်ကျသွားသည်။ အနက်ရောင် ဝတ်စုံပေါ်မှာ ချည်ကြမ်းဝတ်စုံ ဖားဖားကြီးစွပ်ကာ မနက်တိုင်း ကျောင်းသွားသည်။

မာရီသည် သူ့ကိုယ်သူ သတိမထားမိဘဲ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ပို၍ တင့်တယ်ပြေပြစ်လာသည်။ ခန္ဓာကိုယ်နှင့် လိုက်ဖက်သည့် မျက်နှာကို လူတို့သည် အသက်အရွယ်ကြီးလာမှ ရရှိတတ်သည်ဟု ကျွန်မ ကြားဖူးသည်။ ကျွန်မတို့ အမေအတွက် လုံးဝမှန်သည့် ဆိုရိုးစကား ဖြစ်ပါ၏။ တည်ငြိမ်ရင့်ကျက်ပြီး သောကပင်လယ်ဝေခဲ့ရသည့် သိပ္ပံပညာရှင်သည်





ယခုမှ ပို၍ ကျက်သရေ ရှိလာသည်။ ပိုလှလာသည်။

စိတ်ဓာတ်က ဖြူစင်ကြည်လင်နေသဖြင့် မာရီ့တွင် သည်လို အလှအပမျိုး၊ အဆင်းအင်္ဂါမျိုး မလိုအပ်ပါ။ လေးဆယ်ပြည့်သည့်နှစ်တွင် ကြေကွဲရိပ်မကင်းသည့် စိတ်အစဉ်နှင့် ပို၍ပို၍ သိသိသာသာ နွဲ့နှောင်းလာသည့် ကိုယ်နေဟန်သည်သာ သူနှင့် အလိုက်ဖက်ဆုံး ဂုဏ်ဒြပ်ဖြစ်လေသည်။

မာရီ၏ ကျောင်းသားဦးရေမှာ များသည်ထက် များလာသည်။ အင်ဒရူးကာနက်ဂျီ*က ဓာတ်ခွဲခန်းအတွက် အထောက်အပံ့တွေ ပံ့အောပေးသည်။ ရေဒီယမ်နှင့် ပိုလန်နီယမ် သုတေသနလုပ်ငန်းတွင် သိဝရိအသစ်တွေ ထပ်တွေ့သည်။ သိပ္ပံစာစဉ်ပေါင်း မြောက်မြားစွာ ရေးသားထုတ်ဝေဖြစ်သည်။

၁၉၁၀ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် တော်ဝင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (Legion of Honor) ကို ပီယာကျူရီကဲ့သို့ပင် မာရီက လက်မခံဘဲ ငြင်းလိုက်သည်။

အကယ်ဒမီသိပ္ပံတွင် နေရာရဖို့ မိန်းမသားဖြစ်နေခြင်းအတွက် မဲအပြည့်မရဘဲ ကပ်မြှတ်သော်လည်း ၁၉၁၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံက ဓာတုဗေဒနိုဘယ်လ်ဆုကို ချီးမြှင့်လိုက်သည်။ နိုဘယ်လ်ဆုကို ပုဂ္ဂိုလ်တစ်ဦးတည်းက နှစ်ကြိမ်ဆွတ်ခူးနိုင်ခြင်းမှာ ကမ္ဘာတွင် မာရီကျူရီ တစ်ယောက်သာ ရှိလေသည်။ ကမ္ဘာအရပ်ရပ်မှ သိပ္ပံသုတေသန လောကသားအားလုံး မာရီကျူရီ့ကို ကောင်းချီးဩဘာပေးလို့၊ ချီးကျူးထောမနာ

* Andrew Carnegie (1835-1919) ‑ စကော့တလန်ပြည်ဖွား၊ အမေရိကန် သံမဏိသူဌေး။



www.burmeseclassic.com

www.burmeseclassic.com



ပြုလို့ မဆုံးနိုင်အောင် ရှိတော့သည်။ တစ်ပြိုင်တည်းတွင် မနာလို ဝန်တိုသော အုပ်စုလည်း ပေါ်လာလေသည်။

အသက် ၄၄ နှစ် အရွယ်ရှိ အားနွဲ့သူ မိန်းမသားတစ်ဦး၊ အကာအကွယ်မဲ့ မိန်းမသားတစ်ဦးအား သားပုပ်လေလွင့် သတင်းများဖြင့် ရုတ်တရက် အမနာပတိုက်ပွဲ ဆင်ကြ၏။

မာရီသည် ယောက်ျားတစ်ဦး၏ တာဝန်ကို ယောက်ျားသားများနှင့် ရင်ပေါင်တန်းကာ ဗိုးတူပေါင်ဖက် လုပ်ကိုင်နေရသူ ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် တွဲနေပါသည်ဟု သတင်းလွှင့်ပြီး သူ့ဂုဏ်သိက္ခာကို သဲနှင့် ဝိုင်းပက်ကြ၏။

သည်တိုက်ပွဲ ဘယ်သူကစပြီး အချက်ပေးသည်၊ ဘယ်သူတွေပါသည်ဆိုသည့် ကိစ္စကို ကျွန်မအလုပ် မဟုတ်သဖြင့် မဖော်ထုတ်ချင်တော့ပါ။ သည်အတွက် ကျွန်မတို့မေမေ ဘယ်လောက် ထိခိုက်ခဲ့ရကြောင်းလည်း ကျွန်မ မဖော်ပြလိုတော့ပါ။

မာရီကျူရီက အံကြိတ်ပြီး တင်းခံသည်။ "မိန်းမတစ်ယောက်ကို စော်ကားရဲတဲ့ သတ္တိမျိုးရှိတဲ့ စာနယ်ဇင်းသမားတွေကို မေမေတို့ ခွင့်လွှတ်လိုက်ကြရအောင်' ဟု ကျွန်မတို့ ညီအစ်မကို မေမေ နှစ်သိမ့်ခဲ့ပါသည်။ ခြိမ်းခြောက်စာများ၊ ပစ်စာများဖြင့်လည်း စိတ်အနှောင့်အယှက် ပေးကြပြန်၏။

နောင်တွင် သူတို့အထဲမှ လူအချို့က နောင်တကြီးစွာဖြင့် မာရီကျူရီကို ငိုကြီးချက်မ လာရောက်တောင်းပန်ကြ၏။ သို့သော် ပြစ်မှုတာ ကျူးလွန်ပြီးနေပြီ။ မာရီ စိတ်ဓာတ်အကျကြီး ကျနေပြီ။ သည်လို အလုပ်မျိုးကို လုပ်တတ်သူများမှာ လူကြီးလူကောင်း ဆိုသူများ ဖြစ်ကြ၏။





နာမည်ကျော်ကြားခြင်းကို မုန်းတီးဖို့ မာရီ့အတွက် နောက်တိုး အဖြစ်ဆိုးတစ်ခုဟု ဆိုရမည် ဖြစ်ပါ၏။

မည်သို့ရှိစေ၊ အမှန်တရားဘက်မှ မိတ်ဆွေအပေါင်းအသင်းများလည်း ရှိသည်သာပင်။ ကိုယ်ကောင်းလျှင် ခေါင်းမရွှေ့ဖို့ အားပေးစကား ဆိုလာသည့် စာတွေ ရာနှင့်ချီပြီး ရောက်လာသည်။ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ မာရီ့ဘက်မှ ရပ်တည်ပေးသည့် စာတွေလည်း ဖတ်လို့ မနိုင်နိုင်အောင်ပင်။ နိုဘယ်လ်ဆုရှင်ကို ချစ်ခင်မြတ်နိုးကြသူများ၏ မေတ္တာကြောင့် မာရီ တဖြည်းဖြည်း သတ္တိပြန်မွေးနိုင်လာသည်။

၁၉၁၃ ခုနှစ်တွင် ဝါဆောသို့ တစ်ခေါက်ပြန်ရောက်သည်။ သည်ခရီးကမူ စိတ်လှုပ်ရှားစရာ ကောင်းလှ၏။ ရင်အခုန်ရဆုံး ခရီးဖြစ်လေသည်။ ဝါဆောတွင် ရေဒီယိုသတ္တိကြွ ဓာတ်ခွဲခန်းဖွင့်ပွဲအတွက် လာခဲ့ရခြင်း ဖြစ်၏။ သည် ဓာတ်ခွဲခန်းကို မာရီက အဝေးမှ ကြီးကြပ်ကွပ်ကဲရမည် ဖြစ်သည်။

ဝါဆောက ကြိုဆိုပုံမှာ မနေတတ် မထိုင်တတ် ဖြစ်လောက်အောင်ပင်။ ပိုလန်အမျိုးသမီးကလေးတစ်ယောက်က ပန်းစည်းဆက်သည်။ ဧည့်သည်များထဲတွင် အဘွားအိုတစ်ယောက်ပါသည်။ အလို . . ဘုရား၊ မဒမ်ဆီကော့စကာပါလား။ မူလတန်းကျောင်းသူကလေး မာညာ၏ လက်ဦးဆရာ မဒမ်ဆီကော့စကာလေ။

ပန်းတွေနှင့် ဝေနေသည့် စားပွဲများကို ဖြတ်ပြီး အဘွားအိုဆီသို့ မာရီ လျှောက်သွားသည်။ မျက်ရည်တွေ သွင်သွင်စီးကျလျက် မာရီ့ ပါးနှစ်ဖက်ကို ဆရာမကြီးက နမ်းရှုပ်နှုတ်ဆက်သည်။

သည်နှစ်နွေတွင် မာရီ ကျောက်ကပ်ခွဲရသည်။ ခက်ရာခက်ဆစ်

www.burmeseclassic.com



ခွဲစိတ်ကုသပြီး ပျောက်ကင်းချိန်တွင် ဆွစ်ဇာလန်သို့ ခရီးထွက်ပြီး အင်ဂါဒင်းတောင်ကို သမီးတွေလို ကျောပိုးအိတ် ထမ်းတက်သည်။ အဲလ်ဘတ်အိုင်းစတိုင်း သားအဖလည်း သူတို့နှင့်အတူ ပါလာ၏။

မဒမ်ကျူရီနှင့် အိုင်းစတိုင်းတို့ နှစ်ယောက်၏ ဆက်ဆံရေးမှာ ပျော်စရာကောင်းသည်။ ပညာရှင်အချင်းချင်း ရဲဘော်ရဲဘက်ဆန်သည်။ ပွင့်လင်းသည်။ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိသည်။ ဂျာမန်လို ပြောလိုက်၊ ပြင်သစ်လို ပြောလိုက်နှင့် သူတို့တွင် ပြောစရာ၊ ဖလှယ်စရာတွေက အပုံ အပင်။

အိုင်းစတိုင်းက လျှိုတွေ၊ ပတ်ကြားအက်တွေကို အသာကလေး ကျော်လွှားပြီး ဘယ်သူမှ သတိမထားလိုက်နိုင်မီ မတ်စောက်စောက် ကျောက်ဆောင်တွေကို တွယ်တက်နေပြီ။ ရုတ်တရက် ရပ်စောင့်ပြီး မာရီ့ လက်မောင်းကို ဖမ်းဆုပ်ရင်း 'ဒီမယ်မာရီ ဓာတ်လှေကားထဲက လူတွေ၊ အပြင်ကို လွင့်စဉ်သွားရင် ဘာဖြစ်မလဲဆိုတာ ကိုယ် သိချင်နေတာကွ' ဟု ပြောတော့ လူငယ်တစ်သိုက် ပိုင်းရယ်ကြ၏။ ဘယ်လောတ် စိတ်ဝင်စားစရာကောင်းသည့် တင်ကူးမှန်းဆမှုပါလဲ။ လူငယ်များ မသိကြ၊ စင်စစ် အိုင်းစတိုင်းက ရီလေတစ်ဗတီသီဝရီ ပြဿနာကို စဉ်းစားနေခြင်း ဖြစ်၏။

ရက်တိုခရီး ပြီးဆုံးတော့ သားအမိတွေ ပါရီသို့ ပြန်လာခဲ့ကြ၏။ ဆော်ဘွန်းတက္ကသိုလ်နှင့် ခွေးရူးပြန်ရောဂါကုဆေးရုံတို့ ပူးပေါင်းပြီး "ရေဒီယမ်တက္ကသိုလ်" တည်ဆောက်ဖို့ စီစဉ်ကြသည်။ ကျောင်းတွင် ရေဒီယို သတ္တိကြွ ဓာတ်ခွဲခန်းပါမည်။ သည်ဓာတ်ခွဲခန်းကို မာရီ့ ဘုပ်ချုပ်မှု အောက်တွင် ထားမည်။ နောက် ဇီဝဗေဒဓာတ်ခွဲခန်း ပါမည်။

ကင်ဆာရောဂါ ကုသရေးအတွက် နာမည်ကျော် ဆရာဝန်ကြီး





များနှင့် ပူးပေါင်းလေ့လာကြမည်။

မာရီက သူ့ဓာတ်ခွဲခန်းကို ဖရန့်ရွှေပြား တစ်သန်းတန်ဖိုးရှိ ရေဒီယမ်တစ်ဂရမ် လှူဒါန်းလိုက်သည်။ သူနှင့် ပီယာတို့၏ လက်လေးဖက်ဖြင့် နှစ်ရှည်လများ ကြိုးစားထုတ်လုပ်ခဲ့သည့် သူတို့ပိုင် ပစ္စည်းဖြစ်သည်။

မာရီသည် ငြမ်းတွေဆင်ကာ အပူတပြင်း ဆောက်လုပ်နေသော ရေဒီယမ်တက္ကသိုလ် လုပ်ကွက်ထဲသို့ နေ့စဉ်ရောက်သည်။

သုတေသနခန်းမကို အလင်းရောင်များများရအောင် ပြတင်းပေါက်ကျယ်ကြီးတွေ ဖောက်ဖို့ ဗိသုကာများကို အကြံပြုခိုင်းသည်။ ပန်းခြံအတွက် အစောကြီးကတည်းက နေရာတွေ သတ်မှတ်ပြီး ဆောက်လက်စ နံရံများတွင် ကပ်လျက် နွယ်နှင်းဆီတွေ ကိုယ်တိုင်စိုက်သည်။ နေ့တိုင်း ရေလောင်းသည်။ ကျောက်ထင်းရှူးနှင့် သံပရာပင်တွေကိုတော့ အုတ်မြစ်မချမီကတည်းက မာရီ ကြိုစိုက်ထားပြီးပြီ။

'ဆရာမက နှစ်နှစ်ရှေ့က ကြိုပြေးထားတာ၊ ဓာတ်ခွဲခန်း ဖွင့်မယ့်အချိန်မှာ သစ်ပင်တွေနဲ့ စိမ်းစိုနေရမယ်၊ ပန်းပင်တွေ ဖူးနေရမယ်၊ ပွင့်နေရမယ်။ ဒါပေမဲ့ အဲဒါဘယ်သူမှ မပြောနဲ့နော်၊ ဗိသုကာတွေကို ဆရာမ ကြိုပြောမထားဘူး' ဟု သူ့ဓာတ်ခွဲခန်းဝန်ထမ်းများအား တိုးတိုးတိတ်တိတ် ပြောထားသည်။ သည်လိုအခါမျိုးတွင် မာရီ့မျက်လုံးများ အရောင်တောက်ပြီး မျက်နှာတွင် ငယ်မူငယ်သွေးကလေးများ ပြန်ပေါ်လာတတ်၏။

တစ်နေ့တွင် ဓာတ်ခွဲခန်းဟောင်းမှ အလုပ်သမားတစ်ယောက် ရောက်လာသည်။ မျက်နှာမကောင်းလှ။ ရူပဗေဒသိပ္ပံမှ ပီယာနှင့်မာရီတို့ လုပ်ခဲ့သည့် ရင်ခွဲရုံဓာတ်ခွဲခန်းအိုကြီးကို ဖြိုချနေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခွဲခန်းကြီးကို နောက်ဆုံးနှုတ်ဆက်ရန် "လိုမွန်" လမ်းသို့ မာရီ လျှောက်ထွက်ခဲ့သည်။ အတွင်းပိုင်းမှာ မူလအတိုင်း ရှိနေသေး၏။ သင်ပုန်းကြီးလည်း မပျက်မစီး ချိတ်လျက်သား ရှိနေသေး၏။ ပီယာ့ လက်ရေးများပင် မပျက်သေး။ ချက်ချင်းပဲ တံခါးပွင့်လာပြီး မျက်စိထဲတွင် ယခုတိုင် စွဲထင်နေသည့် အရပ်မြင့်မြင့်နှင့် သဏ္ဌာန်တစ်ခု ဝင်လာတော့မည့် အလား။

လှပခဲ့ညားသည့် ဓာတ်ခွဲခန်းတစ်ခုကို ပီယာ အမျှော်လင့်ကြီး မျှော်လင့်ခဲ့သော်လည်း သူ့ခမျာ မြင်မသွားရရှာပေ။ ချစ်သူနှင့် ထာဝရ အတူနေပြီး ချစ်သွားဖို့ ဆုတောင်းလည်း သူ့မှာ မပြည့်ရှာ။

ယခု ဓာတ်ခွဲခန်းအသစ်ကြီး အကောင်အထည် ပေါ်လာချိန်တွင် မာရီသည် ပျော်ရွှင်ငယ်ရွယ်သည့် အချိန်ကို ဖြတ်သန်းကျော်လွန်ခဲ့ပြီး ဖြစ်သည်။ ကျန်းမာသန်စွမ်းသည့်အရွယ် မဟုတ်တော့ပေ။

"ပီယာကျူရီလမ်း" ဟု အမည်ပေးထားသည့် လမ်းပေါ်တွင် ဖြူဖြူဖွေးဖွေး အဆောက်အအုံသစ်ကလေး ပြီးစီးသွားပြီ။ မုခ်ဝတွင် ဆိုင်းဘုတ်ကြီးလည်း ရေးထားပြီးပြီ။

ရေဒီယမ်စက်မှုတက္ကသိုလ်

ကျူရီရိုင်သာ

အားလုံး အသင့်ဖြစ်နေပြီ။ သို့သော် သည်နှစ် ဇူလိုင်လသည် ၁၉၁၄ ခုနှစ် ဇူလိုင်လ ဖြစ်လေသည်။

*



ကမ္ဘာစစ်ကြီးဖြစ်လာတော့ မာရီနှင့် အပေါင်းအသင်းအားလုံးအပြင် ဓာတ်ခွဲခန်းလုပ်သားများပါ စစ်မှုထမ်းကြရသည်။ မာရီ၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ ဒုတိယ အမိနိုင်ငံတော်၏ တာဝန်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ဖို့ဖြစ်သည်။

ဒဏ်ရာရသူများ၏ ခန္ဓာကိုယ်တွင် ကျည်ဆန်၊ ဗုံးဆန်များ ရှာဖွေဖို့ ဆေးရုံများတွင် ဓာတ်မှန်လို ပစ္စည်းများ မရှိကြောင်းသိတော့ မာရီက ချက်ချင်း အလုပ် စ သည်။

စင်စစ် မာရီ သုတေသန လုပ်ခဲ့သမျှတွင် ဓာတ်မှန်နှင့် ပတ်သက်သည့် အချက်အလက်များ မပါရှိခဲ့ပေ။ သို့သော် သည်ဘာသာရပ်ကို သူ ကောင်းကောင်းနားလည်သည်။ အလုပ် စ ပြီ ဆိုသည်နှင့် တက္ကသိုလ်ပေါင်းစုံမှ ဓာတ်ခွဲခန်းတွေ၊ စက်ရုံတွေကို လျှောက်သွားပြီး ဓာတ်မှန်ပစ္စည်းတွေ အလှူခံသည်။ ပြီးတော့ ပါရီတစ်ဝိုက်မှ ဆေးရုံများတွင် တပ်ဆင်ပေးသည်။

ပါမောက္ခတွေ၊ အင်ဂျင်နီယာတွေ၊ သိပ္ပံပညာရှင်တွေထဲမှ စေတနာ့ဝန်ထမ်း ဓာတ်မှန်ဆရာတွေ လိုက်စုသည်။

ထို့နောက် ရှေ့တန်းစစ်မျက်နှာအရောက် သွားပြီး ဓာတ်မှန် ရိုက်နိုင်အောင် "ဓာတ်မှန်ကား" ကို ပထမဦးဆုံး မာရီ တီထွင်လိုက်သည်။ ရိုးရိုးကားပေါ်တွင် ရွှန်ဂျင်ရောင်ခြည်စက်ကို တပ်ဆင်လိုက်ခြင်းဖြစ်၏။ ကားမော်တာဖြင့် ရွှန်ဂျင်စက်၏ ဒိုင်နမိုကို လည်ပတ်စေသည်။

"မန်း" စစ်မြေပြင်မှ ဒဏ်ရာရလာပြီး ပါရီသို့ ပို့မည့် စစ်သည်တော်များကို တစ်စီးတည်းသော သည်ဓာတ်မှန်မော်တော်ယာဉ်အဖွဲ့က ဓာတ်မှန်ရိုက်ပေးသည်။ သည်စစ်ပွဲမှာ ကြာလိမ့်ဦးမည်၊ သွေးချောင်းစီး



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဦးမည်ဟု မဒမ်ကျူရီက တွက်ထားသည်။ သည်တော့ တွေ့ရာနေရာတွင် ခွဲရစိတ်ရ၊ ဓာတ်မှန်ရိုက်ပေးရလိမ့်မည်။ မာရီက ရေဒီယိုဓာတ်မှန်ကားတွေ တစ်စီးပြီးတစ်စီးဆင်သည်။ အားလုံး ကားအစီး ၂၀ ပြီးသွားသည်။ စစ်တပ်က "ကျူရီလေးများ" ဟု နာမည်ပေးထား၏။ ကားပိုင်ရှင်များကို မာရီက အလှူခံရင်း ခပ်ရွှင်ရွှင်ကလေးပြောပြီး ကတိပေးသည်။ 'စစ်ကြီး ပြီးပြီးချင်း ကျွန်မ ဒီကားကို ပြန်ပို့ပေးမှာပါ၊ အဲဒါတော့ ယုံပါ။ ဘယ်အခြေအနေနဲ့ ပြန်ရောက်လာမယ်တော့ မပြောနိုင်ဘူးပေါ့နော်"

အလွန်အားနာတတ်သော မာရီကျူရီသည် စစ်မြေပြင်တွင် ခပ်ပျှင်းပျှင်း၊ ခပ်ဖျင်းဖျင်း စစ်သားများကိုရော၊ အရပ်သားများကိုပါ ရက်ရက်စက်စက် မောင်းသည်။

သူကိုယ်တိုင် ယူထားသည့်ကားမှာ ရေနော့ခေါင်းတိုကလေးဖြစ်သည်။ ကြက်ခြေနီတံဆိပ်ကြီး ရေးထားပြီး ပြင်သစ်အလံ ထောင်ထားသည်။

မာရီသည် တစ်စုံတစ်ယောက်ကို အကူအညီတောင်းရမှာ၊ တစ်စုံတစ်ယောက်ကို စောင့်ရမှာ အလွန်စက်ဆုပ်သူ ဖြစ်၏။ ထို့ကြောင့် ကားမောင်း၊ စက်ပြင် အားလုံး တတ်အောင်သင်လိုက်သည်။

မာရီသည် ကားကို စတတ်တာဖြင့် နှိုးမရလျှင် ချမ်းချမ်းစီးစီးထဲတွင် ကိုယ်တိုင် ဝေါက်နှင့်လှည့်ပြီး အားသွန်ခွန်စိုက် နှိုးသည်။ ဘီးပေါက်လျှင် ဂျိုက်ထောက်ပြီး ကိုယ်တိုင် ဘီးလဲသည်။ ကာဘရိုက်တာကို ဖြုတ်ဆေးသည့်အခါတွင် ဓာတ်ခွဲခန်းထဲမှ အကျင့်အတိုင်း တိတိကျကျ သေသေချာချာ လုပ်သည်။

ပါရီတွင် အိုင်ရင်းနှင့် ဧဝတို့ နှစ်ယောက်မှာ ရှေ့တန်းစစ်သည်






- ပါရီ ရေဒီယမ်တက္ကသိုလ် ရုံးခန်းထဲက မာရီကျူရီ (၁၉၂၅)။

ကျပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





တော်တို့၏ သားသမီးများ ဘဝနှင့် နေရသည်။ အမေက ဖျားနာသည့် အခါလောက်သာ မလွဲမရှောင်သာဘဲ ခွင့်နှင့် အိမ်ပြန်နားသည်။

စစ်မြေပြင်တွင် ရှိနေချိန်များတွင် အခြေအနေ ဘယ်လောက်ဆိုးဆိုး၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံ ဆေးရုံသုံးလေးရာအနက် ဆေးရုံ တစ်ခုခုတွင် ရောက်နေတတ်၏။ ပါရီကိုပို့သည့် ပို့စကတ်ကလေးများ၏ နေရာ လပ်များတွင် ရှေ့တန်းသတင်းများကို အသော့ရေးထည့်လေ့ရှိသည်။

"သမီးတို့ရေ . . ခု အာမိန်းကို ရောက်နေတယ်၊ အဲဒီမှာ အိပ်ရမယ်၊ လမ်းမှာ ကားတာရာ နှစ်ခါပဲကွဲတယ်။ အားလုံးကို နှုတ်ဆက်လိုက်ပါတယ်။ ချစ်တဲ့ . . မေ"

"ဒီနေ့ 'ရှာလွန်း' မှာ ၈ နာရီတောင် စောင့်ရတယ်၊ 'ဟာဒွန်'ကို မနက်ငါးနာရီမှ ရောက်တယ်။ . . မေမေတို့ လိုက်စည်းရုံးနေတယ်၊ . . သမီးတို့နှစ်ယောက်စလုံး မေမေ့အသည်းထဲမှာ ထားတယ်။ ချစ်မေ"

အိုင်ရင်းနှင့် ဧဝတို့နှစ်ယောက်က ရှေ့တန်းစစ်သည်တော်များ အတွက် ဆွယ်တာထိုးရင်း စာကျက်ကြရသည်။ ရသည့် ရှေ့တန်းသတင်းများ စုဆောင်းပြီး ထမင်းစားခန်းထဲက ဧရာမ မြေပုံကားချပ်ကြီးပေါ်တွင် အလံနီကလေးတွေ လိုက်စိုက်သည်။

၁၉၁၆ ခုနှစ် ဘရစ်တန်နီ ကောက်ရိတ်ပွဲတွင် နှစ်ပတ်လုပ်အားပေးဖို့ မာရီက သမီးနှစ်ယောက်ကို ထည့်လိုက်သည်။ ၁၉၁၈ ခုနှစ် "ဘစ်ဘာသာ" ကို ဖုံးတွေ တအားကြဲတော့ ပါရီသို့ အမြန်ပြန်လာပြီး သမီးနှစ်ယောက်နှင့် အတူနေသည်။

ကူးပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝေက သိပ်အားမကိုးရသေး။ အိုင်ရင်းကတော့ ၁၇ နှစ်ပြည့်ပြီမို့ ဓာတ်မှန်လုပ်ငန်းကို ကျွမ်းနေပြီ။ ပထမ အမေ့ဓာတ်မှန်ကားတွင် လိုက်ပြီး လုပ်အားပေးရင်း သင်သည်။ နောက်ပိုင်းတွင် ဆေးရုံအဖွဲ့နှင့် လိုက်ပြီး ဓာတ်မှန်ရိုက်ဖို့ တာဝန်ယူနိုင်ခဲ့၏။

အိုင်ရင်းနှင့် မာရီသည် ရဲဘော်ရဲဘက်လည်း ဖြစ်၊ အရင်းနှီးဆုံးသူငယ်ချင်းများလည်း ဖြစ်၏။ မာရီက အလုပ်ကိစ္စများကို အိုင်ရင်းနှင့် တိုင်ပင်သည်။ လက်တွဲလုပ်နေသည့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦးနှင့် ပတ်သက်ပြီးတော့လည်း ဆွေးနွေးသည်။

ပိုလန်နှင့် ပိုလန်က အစ်ကို၊ အစ်မများထံမှ ဘာသတင်းမျှ မကြားရသည့် အတွက်တော့ မာရီ စိတ်ပူသည်။ ထောင်ပေါင်းများစွာသော ခြေပြတ်လက်ပြတ်များကို မြင်ရလျှင်၊ အော်ဟစ်ညည်းညူသံများကို ကြားရလျှင် သနားစိတ်ဖြင့် မာရီ ရင်ထုမနာ ဖြစ်တတ်သည်။

သို့သော် လုပ်ဖော်ကိုင်ဖက်များ ရှေ့တွင်တော့ နှုတ်ခမ်းအစုံကို အမြဲတမ်း ပြုံးထားသည်။ ပျော်ပျော်ရွှင်ရွှင် နေပြသည်။ (ဟာသနှင့် ပြုံးရွှင်ခြင်းသည် သတ္တိကို ဖုံးကွယ်ထားဖို့ အလှဆုံး မျက်နှာဖုံးဖြစ်ကြောင်း စစ်ကြီးက မာရီ့ကို သင်ပေးခဲ့လေသည်။)

ဒဏ်ရာရ စစ်သားများက မာရီ့ကို ချစ်ကြသည်။ မာရီက သူတို့နှင့် တရင်းတနှီး နေသည်။ တောသူတောင်သားများနှင့် အလုပ်သမားအချို့က ဓာတ်မှန်ရိုက် ကင်မရာကို ကြောက်ကြသည်။ မာရီက သူတို့ မကြောက်အောင် ရှင်းပြရသည်။

'ဒီမှာကြည့်လေ၊ ဓာတ်ပုံရိုက်တဲ့ ကင်မရာနဲ့ ဘာထူးလို့လဲ၊ အတူတူပဲလေ'





သူ့အသံက ချိုသည်၊ လူနာတွေကို သည်းခံသည်၊ လူသားတို့၏ အသက်ကို ဘာသာတရားနှင့်အညီ လေးစားသည်။

ဓာတ်ရောင်ခြည်ကားတွေ တပ်ဆင်ခြင်း၊ ဓာတ်မှန်ကျွမ်းကျင်သူအဖြစ် တာဝန်ယူထားခြင်းများအပြင် အရပ်ရပ်ဆေးရုံများတွင် ဓာတ်ရောင်ခြည်ခန်းပေါင်း ၂၀၀ တည်ဆောက်ပေးခဲ့သေးသည်။ မာရီ၏ ဓာတ်မှန်ဖြင့် စစ်ဆေးပေးခဲ့သည့် လူနာဦးရေမှာ တစ်သန်းအထက်တွင် ရှိသည်။

*

အပစ်အခတ် ရပ်စဲပြီ ဆိုသောအခါ မာရီပျော်လွန်းလို့ တုန်တုန်ယင်ယင် ဖြစ်နေသည်။ မာရီ့အတွက် အောင်ပွဲက တစ်ခုတည်းမဟုတ်၊ နှစ်ခု ဖြစ်၏။

ပိုလန်နိုင်ငံဟူ၍ ကမ္ဘာပေါ်တွင် ပြန်လည်ပေါ်ပေါက်ခဲ့လေပြီ။ နှစ်ပေါင်း ၁၅၀ ကျော် သူ့ကျွန်ဘဝတွင် နစ်မြုပ်နေရာမှ ဒုတိယအကြိမ် ပြန်လည်မွေးဖွားလာခဲ့ခြင်း ဖြစ်လေသည်။

အမိနိုင်ငံ၏ မင်္ဂလာသတင်းနှင့် အနာဂတ်သည် မာရီ၏ ဘဝပြဿနာများကို မေ့မေ့ပျောက်ပျောက် ဖြစ်ကာ လျော့ပါးသက်သာစေသည်။

ကမ္ဘာစစ်ကြီးသည် မာရီ၏ သိပ္ပံသုတေသနလုပ်ငန်းကို ဖရိုဖရဲဖြစ်အောင် လုပ်ပစ်လိုက်သည်။ ကျန်းမာသန်စွမ်းမှုကို ဝါးမျိုပစ်လိုက်သည်။ ဘဏ္ဍာရေး အခြေအနေကို ဖျက်ဆီးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီက ဒုတိယအကြိမ်ရသည့် နိုဘယ်လ်ဆုငွေ အားလုံးကို စစ်ရန်ပုံငွေအဖြစ် ချေးလိုက်သည်။ ခုတော့ နှင်းတွေ အရည်ပျော်သလို ပျော်ကျသွားလေပြီ။

အသက်ငါးဆယ် ပြည့်ပြီးဖြစ်သော မဒမ်ကျူရီသည် မိမိကိုယ်တိုင်နှင့် သမီးနှစ်ယောက်အတွက် ပါမောက္ခလစာ တစ်နှစ် ဖရန့်ငွေ ၁၂,၀၀၀ သာ ရှိတော့၏။

၁၉၁၄ ခုနှစ်မှစ၍ အနှောင့်အယှက်၊ အတားအဆီး အမျိုးမျိုးနှင့် ကြုံခဲ့ရသည်။ လုပ်လက်စ အလုပ်ကို ပီယာကျူရီလမ်း အိမ်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည် စတင်ခဲ့သည်။

ဘဝမှာ ပုံမှန်ပြန်ဖြစ်လာခဲ့၍ သမီးနှစ်ယောက်အတွက် အချိန်ပိုရလာတော့သည်။ နှစ်ယောက်စလုံး မအေထက်ပိုပြီး အရုပ်အမောင်းကောင်းကြသည်။ အိုင်ရင်းက ၂၁ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ။ စာတွင် မအေ့ခြေရာ နင်းသူ။ ရုပ်ဗေဒ အမိက ယူမည်၊ ရေဒီယမ်ကို အဲထူးပြု လေ့လာမည်။

မအေ့ ဓာတ်ခွဲခန်းတွင် အိုင်ရင်းက ဓာတ်ခွဲခန်းလက်ထောက် ဖြစ်နေပြီ။ ဇေကို မာရီ အားမရ ဖြစ်နေ၏။ ခုထိ ဘာလုပ်မည်၊ ဘယ်လမ်းလိုက်မည်ကို ရေရေရာရာ မရွေးရသေး။ သိပ္ပံကိုပဲ ဇေ အားသန်စေချင်သည်။ ဆေးကျောင်းတက်ပြီး ဆရာဝန်ဖြစ်လျှင် ရေဒီယမ်အသုံးချပုံကို လေ့လာစေချင်သည်။

သို့ရာတွင် သုစိတ်ရှုပေါက်တိုင်း လျှောက်လုပ်နေသည့် ဝါသနာကိုတော့ မာရီ မတား။ ဂီတ သင်တန်းတက်မည်ဆိုတော့ မီးစိမ်းပြလိုက်၏။ ကြိုက်သည့်ဆရာနှင့် သင်ဖို့၊ ကြိုက်သည့်နည်းစနစ်နှင့် သင်ဖို့ လွတ်





လပ်ခွင့်လည်း ပေးထားသည်။

မာရီသည် မြီးကောင်ပေါက်အရွယ်ကလေးကို လွတ်လပ်ခွင့်တွေ အရမ်းပေးနေမိ၏။ မိမိက ခရီးပန်းတိုင်ကို အမှားအယွင်း မရှိဘဲ သန္တေပါ အသိဉာဏ်ပါရမီဖြင့် အရောက်သွားနိုင်ခဲ့သော်လည်း သမီးကလေးကို မမှားအောင် မိမိ လမ်းညွှန်နိုင်ပါမည်လား။

စရိုက်ချင်း မတူကြသည့် သမီးနှစ်ယောက်ကို အသာကလေး စောင့်ကြည့်ခြင်းဖြင့် အမေ့မေတ္တာကို ပြရတော့မည်။ ၁၉၁၉ ခုနှစ် စက်တင်ဘာလထဲတွင် သမီးနှစ်ယောက်ဆီ မာရီ စာရေးဖြစ်၏။

"မေမေ ခဏခဏ စဉ်းစားမိတယ်။ အလုပ်လုပ်ရမယ့် နှစ်တွေ မေမေတို့ရှေ့မှာ ရောက်နေပြီ။ ပြီးတော့ သိပ်ချစ်ရာကောင်းတဲ့ သမီးနှစ်ယောက်အကြောင်းလည်း ပါတာပေါ့။ မေမေ့ကို ပျော်ရွှင်မှုတွေ အများကြီး ပေးခဲ့တဲ့ သမီးတွေလေ။ သမီးတို့နှစ် ယောက်ဟာ မေမေ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကလေးတွေပါ။ သမီးတို့နဲ့ အတူတူ ဆက်နေရမယ့် ကာလဟာ မေမေ့အတွက် အဓိပ္ပာယ်ရှိတဲ့ ဘဝအဆစ်အပိုင်းတစ်ခု ဖြစ်မှာပါ။"

နှစ်ငါးဆယ်ပြည့် မွေးနေ့နောက်ပိုင်းတွင် မာရီ့ဘဝမှာ ပို၍ အေးဆေးလာသည်။ နေ့စဉ်ဘဝ၏ ပျော်စရာ အချိန်ကလေးများကို ချစ်ရကောင်းမှန်း သိလာသည်။

အိုင်ရင်းဆီသို့ ရေးသည့် စာတစ်စောင်တွင် -

"အသက်အရွယ် ရလာတဲ့အခါ ပန္နပွန်ကို ပျော်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေဖို့ ပိုသိလာတယ်။ အဲဒီကာလဟာ ဘဝရဲ့ တန်ဖိုး
အရှိဆုံး လက်ဆောင်ပဲ၊ မင်္ဂလာအရှိဆုံးကာလပဲ။"

ဟု ရေးထားသည်။

အိုင်ရင်းနှင့် ဧဝတို့ ညီအစ်မနှစ်ယောက်အတွက် သူတို့အမေ နေရာတွင် အမေ အသစ်တစ်ယောက် အစားဝင်လာသလို ဖြစ်နေ၏။ ဇရာ၏ အရိပ်တွေ မျက်နှာပေါ်တွင် ပေါ်လာသော်လည်း သူ့ခန္ဓာကိုယ်နှင့် နှလုံးသားမှာ ပြန်လည်နုပျိုလာသည် ထင်ရ၏။

မေမေ မြင်းစီးသည်။ ရေခဲလျှောစီးသည်။ နွေရာသီ ကျောင်းပိတ်ရက်တိုင်း သမီးတွေနှင့် ဘရစ်တာနီတွင် ဆုံသည်။ "လာကိုစ်" သိပ္ပံကမ်းခြေရွာကလေးတွင် တပျော်တပါး အချိန်ဖြုန်းသည်။ သဘောသားများဖြင့် အမြဲစည်ကားနေတတ်သည့် ရွာကလေးဖြစ်၏။ တစ်ဖက်တွင် ဆော်ဘွန်းတက္ကသိုလ်မှ ဆရာ၊ ဆရာမတွေ အများဆုံးထွက်သည့် ဒေသဖြစ်၍၊ သိပ္ပံကမ်းခြေဟု နာမည်တွင်ခြင်း ဖြစ်လေသည်။

သည်ပင်လယ်ကမ်းခြေမှ ကြည်လင်ပြာလဲ့နေသည့် ရေပြင်တွင် အနက်ရောင် ရေကူးဝတ်စုံဖြင့် ရေကူးနေသည့် မေမေ့ပုံမှာ ကျွန်မ အာရုံတွင် လှပစွာ အထင်ဟပ်ဆုံးပုံရိပ် ဖြစ်ပါသည်။

ကျွန်မတို့ ညီအစ်မ သင်ပေးသဖြင့် မေမေသည် လိပ်ပြာကူးနည်းကိုလည်း ကောင်းကောင်းတတ်နေပါပြီ။ မေမေ ရေကူးသည်တို့ ကြည့်ရသည်မှာ ကျက်သရေရှိလှသည်။ ရေကူးဦးထုပ် ဆောင်းထားသဖြင့် ဆံပင်ဖြူတွေကို မမြင်နိုင်ဘဲ သွယ်လျလျ ကိုယ်နေဟန်ဖြင့် ကောင်မလေး တစ်ယောက် ကူးနေသည် ထင်ရ၏။

မဒမ်ကျူရီသည် ရေကူးခြင်းတွင် ဝါသနာထုံသည်။ ရေကူးနိုင်





သည့်အတွက် ဂုဏ်ယူသည်။ ဆော်ဘွန်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများ အကြားတွင် အားကစားကို ကျိတ်ပြိုင်နေကြသည့် အကျင့်ကလေး ရှိသည်။

'မာရီက ဘိုရဲလ်[၁] ထက်တောင် ပိုကူးနေနိုင်သေးတယ်' ဟု တစ်ခါတစ်ရံ မာရီ ပြောလေ့ရှိသည်။

'မေမေက သာတာပေါ့ မေမေရဲ့၊ မေမေ့လောက် ဘယ်သူမှ လှအောင် မကူးနိုင်ဘူး'

'ဒီနေ့ ယန်းပါရင်း[၂] ရှင်းလင်းပွဲ လုပ်တယ်၊ မနေ့က မေမေ့ ပို့ချချက်ထဲမှာ ပါပြီးသားတွေလေ'

'ဟုတ်တယ်လေ၊ သမီး သိသားပဲ။ မေမေ့ပို့ချချက်က အရမ်း ကောင်းတာပဲဟာ'

သမီးများက သည်လို ချီးမွမ်းလျှင် မာရီ ဂုဏ်ယူသည်။ သူတို့ မြှောက်ပင့်ပြောခြင်း မဟုတ်ကြောင်းကို သိနေသည်လေ။

လာကိုစ် ကမ်းခြေရွာကလေး၏ အလှအပတွေကတော့ တစ်သက်မေ့နိုင်စရာ မရှိပါ။ ပေါ့ပေါ့ပါးပါး သီချင်းတွေဆိုကြ၊ ကလေးတွေလို အော်ဟစ်ရယ်မောကြနှင့်။ တိတ်ဆိတ်ငြိမ်သက်ချိန် ကြပြန်လျှင်လည်း ငြိမ်းချမ်းမှုအပြည့်၊ လူကြီးလူငယ် ဆက်ဆံရေးကလည်း ရဲဘော်ရဲဘက် ဆန်ဆန်၊ ဟန်ဆောင်မှုမရှိ။ မာရီတို့ မိသားစုအတွက် စရိတ်စကများများ

---

၁။ **Felix Borel (1851-1946) :** ပြင်သစ်သင်္ချာပါရဂူ။

၂။ ယန်းပါရင်း (၁၈၇၀-၁၉၄၂) : ပြင်သစ်ရူပဗေဒပညာရှင်၊ ၁၉၂၆ ခုနှစ် နိုဘယ်လ်ဆုရှင်၊ လေမုန်တိုင်းများကို တွက်ချက်တိုင်းထွာဖို့ လမ်းစ ရှာပေးခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



မကုန် ရဘဲ ပျော်စရာအပြည့်။ သတိရစရာ အပုံအပင် ရရှိသည့် နေရာမျိုး။

တစ်ခါတလေ ဖယောင်းတိုင်မီးပုံးကလေးများ ထွန်းပြီး ကကြ ခုန်ကြသည်။ အကော်ဒီယံတီးသူက ကျေးလက်သီချင်းတွေ တီးပေးတော့ ကခုန်သူများကလည်း တီးလုံးနှင့်အလိုက် က ကြသည်။

အတွဲလိုက်၊ အတွဲလိုက် ဝိုင်းကာပတ်ကာ ကခုန်နေကြသူများ ထဲတွင် တက္ကသိုလ် ကျောင်းသူကျောင်းသားများ ပါသည်။ ရွာသားတွေ ပါသည်။ သင်္ဘောသားတွေ ပါသည်။ ပါရီသူ ပါရီသားတွေ ပါသည်။

သည်လို ပွဲတော်ညများမှာ ကျွန်မတို့ တပျော်တပါး ကခုန်နေလျှင် မေမေက အသာကလေး ကြည့်နေတတ်ပါသည်။ မေမေ ခုလို နှုတ်နည်းနေသည့် သဘောကို နားလည်ကြသည့် အပေါင်းအသင်းများက အိုင်ရင်း အက ဘယ်လောက်ကောင်းကြောင်း၊ ဇဝကလေး၏ အဝတ်အစား ဝတ်ပုံ ဘယ်လိုလှကြောင်းများကို မေမေ့အား ဝိုင်းပြောတတ်ကြ သည်။

သည်လိုအခါမျိုးတွင် အထီးကျန်ဘဝပိုင်ရှင်၏ မျက်နှာကလေး မှာ ညှိုးနေရာမှ ရုတ်ခြည်းရွှင်လန်းလာပြီး နှုတ်ခမ်းအစုံပေါ်သို့ ဂုဏ်ယူ သည့် အပြုံးကလေး ရောက်လာတတ်သည်။ မေမေ့အပြုံးက ကျက်သရေ ရှိလှပါသည်။

*

၁၉၂၁ ခုနှစ်တွင် အမေရိကန်မှ မဒမ်ကျူရီကို ဖိတ်ကြားသောအခါ သမီးနှစ်ယောက်အတွက်ပါ ဖိတ်စာရသည်။ နယူးယောက် ဟာရယ်





ထရိုင်ဗျွန်းမှ မစ္စက်ဝီလျံမယ်လိုနီက မဒမ်ကျူရီ၏ ဓာတ်ခွဲခန်းတွင် ရေဒီယမ် လုံလုံလောက်လောက် မရှိကြောင်း သိထားသည်။

အမျိုးသမီးကြီးက "မဒမ်ကျူရီ ရေဒီယမ်ရန်ပုံငွေ" အဖွဲ့ဖွဲ့ပြီး အလှူခံရာ ၁၉၂၀-၂၁ ခုနှစ်တွင် ဒေါ်လာတစ်သန်း ရရှိခဲ့သည်။ ရေဒီယမ် ဝယ်နိုင်သည့် ငွေပမာဏ ဖြစ်၏။ သည်ငွေတွေကို ကိုယ်တိုင် လာရောက်လက်ခံပါရန် မစ္စက်မယ်လိုနီက ဖိတ်ကြားခြင်း ဖြစ်သည်။

မာရီကျူရီ အရမ်းပျော်သွားသည်။ အမေရိကန်ကို ကျေးဇူးတင် သည့် အနေဖြင့် အထောက်အပံ့ကို ဘဝတွင် ပထမဆုံးအဖြစ် လက်ခံ လိုက်သည်။ အသက် ၅၄ နှစ် အရွယ်တွင် အမေရိကန်၏ ဧည့်သည်တော် အဖြစ် တခမ်းတနား ခရီးထွက်ရတော့မည်။

အိုလံပစ်သင်္ဘောကြီးပေါ်သို့ သားအမိသုံးယောက် တက်ခဲ့ကြ သည်။ သေတ္တာတစ်လုံးထဲတွင် သုံးယောက်စာ အဝတ်အစား၊ အသုံး အဆောင်တွေ စုထည့်ပြီး ခါတိုင်း ခရီးထွက်သလိုပင် ယူလာခဲ့ကြ၏။ သို့ရာတွင် ရောမ ဇိမ်ခံသင်္ဘောကြီး၏ မိသားစု အခန်းကျယ်ကြီးမှာ သူတို့ သားအမိအတွက် အရမ်း ခမ်းနားလွန်းနေ၏။

နယူးယောက်ဆိပ်ကမ်းရောက်တော့ လူအုပ်ကြီးက သောင်း သောင်းဖြဖြ ကြိုဆိုနေ၏။ သူတို့ စောင့်နေသည်မှာ ၅ နာရီကြာပြီဟု သိရသည်။ ပိုလန်အမျိုးသမီးများအဖွဲ့က နှင်းဆီဖြူတွေ၊ နှင်းဆီနီတွေဖြင့် ဝှေ့ယမ်း နှုတ်ဆက်ကြသည်။

စိတ်လှုပ်ရှားနေကြသည့် ထောင်ပေါင်းများစွာသော မျက်နှာ များပေါ်တွင်တော့ ပြင်သစ်၊ အမေရိကန်နှင့် ပိုလန်နိုင်ငံတော် အလံများ တလူလူ လွင့်နေ၏။ ဆိပ်ခံပေါ် ရောက်သည်နှင့် ဓာတ်ပုံသတင်းထောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ အတင်းဝိုင်းအော်ကြသည်။ 'ဒီဘက်လှည့်ပါ မဒမ်ကျူရီခင်ဗျား၊ ဒီဘက် လှည့်ကြည့်ပေးပါ ခင်ဗျား'

ကင်မရာပေါင်း ၄၀ ကျော်ဖြင့် ခရိုပန်းနေသော်လည်း အံ့သြပျော်ရွှင်နေသော မျက်နှာကို တဖျတ်ဖျတ် ဝိုင်းရိုက်နေကြ၏။

မဒမ်ကျူရီသည် သူ့ပတ်ဝန်းကျင်တွင် ဘယ်သောအခါမှ အရေးပါအရာရောက်သည့် ပုံသဏ္ဌာန် မဆောင်ဖူးသည့် အမျိုးသမီး ဖြစ်၏။ သည်တော့ အားလုံးကလည်း သူ့ကို သာမန်ပဲ ဆက်ဆံကြ၏။

ယခုတော့ အိုင်ရင်းနှင့် ဧဝတို့ မျက်မြင်ကိုယ်တွေ့ သိပြီ။ မိမိတို့နှင့် တစ်သက်လုံး နေလာခဲ့သည့် အလွန် ရိုးသားအေးဆေးသည့် မေမေသည် ကမ္ဘာနှင့်ချီပြီး အရေးပါနေသူပါတကား။ စိတ်ရောကိုယ်ပါ တိုးဝှေ့နေသည့် လူအုပ်ကြီးဖြင့် အမေရိကန်က ကြိုဆိုနေပုံမှာ လေးနက်သော သဘောကို ဆောင်လျက်ရှိ၏။

မဒမ်ကျူရီ၏ ရှေ့မှောက်တွင် အတွေးအခေါ် သစ်တစ်ခု ဘွားခနဲ ပေါ်လာသည်။

မဒမ်ကျူရီဆိုသော နိုဘယ်လ်ဆုရှင် အမျိုးသမီးကြီးသည် သိပ္ပံကမ္ဘာတွင် စမ်းသပ်အောင်မြင်မှုများစွာဖြင့် ထိပ်ဆုံးမှ ရောက်နေသည့် အမျိုးသမီးကြီး ဖြစ်သည်။ ကမ္ဘာသိ ပညာရှင်တစ်ယောက်လည်း ဖြစ်၏။ သို့သော် ဧရာမ လူစုလူဝေးကြီးက အချစ်များစွာ၊ အကြင်နာများစွာဖြင့် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုမှုများနှင့်တော့ တစ်ခါမျှ မကြုံခဲ့ရဖူးပေ။ စိတ်မလှုပ်ရှားအောင် သတိထားနေရ၏။

နောက်တစ်နေ့မနက်တွင် မာရီက မစ္စက်မယ်လိုနီကို စောင့်နေသည်။ သည်မြင်ကွင်းကို မစ္စက် မယ်လိုနီက နောင်တွင် ဤသို့မှတ်






- မာရီကျူရီနှင့် အမေရိကန်သမ္မတ ဟာဒင်း (၁၉၂၁)



www.burmeseclassic.com

www.burmeseclassic.com



- ကိုလံဘီယာ တက္ကသိုလ် ပါမောက္ခချုပ် ပက်ဂရမ်နှင့် အတူ (၁၉၂၁)။





တမ်းတင်သည်။

"တံခါးပွင့်လာတော့ ရှက်ရွံ့ရွံ့ အမူအရာနဲ့ ဖြူဖျော့ဖျော့ အမျိုးသမီးကို ကျွန်မ လှမ်းမြင်လိုက်တယ်။ အနက်ရောင် ချည်ထည်ကို ဝတ်ထားတယ်။ သည်လောက် ဆွေးမြည့်နေတဲ့ မျက်နှာမျိုး ကျွန်မ တစ်သက်တာမှာ တစ်ခါမျှ မမြင်ဖူးခဲ့ဘူး။

သူ့မျက်နှာက အကြင်နာတရား အပြည့်၊ တည်ငြိမ်မှုအပြည့်။ ပြီးတော့ လှလည်းလှတယ်၊ ပညာဉာဏ် ကြီးမားပုံလည်း သူ့မျက်နှာမှာ အထင်းသား တွေ့ရတယ်၊

စိတ်ထဲမှာ သူ့ကို အနှောင့်အယှက်ပေးသူလို့ ကိုယ့်ကိုယ်ကိုယ် မြင်လာတယ်။

ကျွန်မဟာ လူတွေကို မေးခွန်းတွေမေးဖို့ အလေ့အကျင့်ရှိလာတာ နှစ်ပေါင်း ၂၀ ကျော် ရှိခဲ့ပါပြီ။ ဒါပေမဲ့ အနက်ရောင်ဝတ်စုံနဲ့ ဒီအမျိုးသမီးကို တွေ့တော့ ကျွန်မ ဆွံ့သလို၊ အ သလို ဖြစ်နေတယ်။

အမေရိကန် အမျိုးသမီးတွေ အားလုံးလိုလို မဒမ်ကျူရီရဲ့ မဟာအောင်မြင်မှုကြီးကို စိတ်ဝင်စားနေကြကြောင်းနဲ့ မဒမ်ရဲ့ တန်ဖိုးရှိလှတဲ့ အချိန်တွေကို အနှောင့်အယှက်ပေးမိတဲ့အတွက် ခွင့်လွှတ်ပါရန် တောင်းပန်နေမိတော့တယ်။

ကျွန်မကို အနေအထိုင်မကျုံ့စေရန် မဒမ်



www.burmeseclassic.com

www.burmeseclassic.com



ကျူရီက အမေရိကန်နိုင်ငံအကြောင်း စ ပြောပါတယ်။

'အမေရိကန်မှာ ရေဒီယမ် ၅၀ ဂရမ် ရှိနေပါတယ်။ ဘော်လ်တီမိုးမှာ ၄ ဂရမ်၊ ဒင်ဗါမှ ၆ ဂရမ်၊ နယူးယောက်မှာ ၇ ဂရမ်'

နေရာအတိအကျနှင့် ရှိနေသည့် ရေဒီယမ် ဂရမ် ဘယ်နှဘယ်မျှကို သူ ဆက်ပြောနေ၏။

'ပြင်သစ်မှာရော'

ကျွန်မ ပြန်လှန် မေးခွန်းထုတ်လိုက်သည်။

'ကျွန်မရဲ့ ဓာတ်ခွဲခန်းမှာ ၁ ဂရမ်ကျော်ကျော်လေးပဲ ရှိတယ်'

'ရှင် . . မဒမ်မှာ တစ်ဂရမ်ပဲ ရှိတယ်၊ ဟုတ်လား'

'ကျွန်မမှာ၊ ဟုတ်လား။ ကျွန်မမှာ ဘယ်နှဂရမ်မှ မရှိပါဘူး၊ အဲဒါကလေးကလည်း ဓာတ်ခွဲခန်းက ပိုင်တာပါ'

အဲဒီမှာ ကျွန်မက ပိုင်ဆိုင်ခွင့်အကြောင်း၊ မူပိုင်ခွင့် လုပ်ထားခြင်းဖြင့် မဒမ်ကျူရီဟာ သန်းကြွယ်သူဌေးမတစ်ယောက် ဖြစ်သွားနိုင်ကြောင်း ပြောပြမိတယ်။

သူက အဲဒီမှာ လေအေးကလေးနဲ့ ပြန်ပြောပါတယ်။

'ရေဒီယမ်ကြောင့် ဘယ်သူမှ မချမ်းသာသင့်ပါဘူး။ ရေဒီယမ်ဟာ ဒြပ်စင်တစ်ခုပဲ။ လူတိုင်းပိုင်တဲ့ ပစ္စည်းပဲ'

ကျွန်မ အလောတကြီး မေးမိပါတယ်။

'ကမ္ဘာကြီးထဲက ဘာအလိုချင်ဆုံးလဲလို့ မဒမ့်ကို ရွေးခိုင်းရင် ဘာကို ရွေးမလဲ'





တော်တော် အောက်တန်းကျတဲ့မေးခွန်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အမှတ်မထင် မေးလိုက်မိတဲ့ မေးခွန်းဟာ သိပ် အဓိက ဖြစ်သွားပါတယ်။

. . အဲဒီ သတင်းပတ်မှာ ရေဒီယမ် ၁ ဂရမ်ရဲ့ တန်ဖိုးဟာ ဒေါ်လာ ၁၀၀,၀၀၀ ဖြစ်သွားလို့ပါပဲ။ တစ်ပြိုင်တည်းမှာ မဒမ်ကျူရီရဲ့ ဓာတ်ခွဲခန်းဟာ အဆောက်အအုံအသစ် ဖြစ်ပေမဲ့ လိုအပ်တဲ့ သိပ္ပံအထောက်အကူပြု ပစ္စည်းတွေ လုံလုံလောက်လောက် မရှိဘူးဆိုတာလည်း ကျွန်မ သိခွင့်ရလိုက်ပါတယ်။ ပြီးတော့ ထုတ်လုပ်ရရှိသမျှ ရေဒီယမ်ကို မဒမ်က ကင်ဆာရောဂါ ကုသပျောက်ကင်းရေးအတွက် ဆေးရုံတွေကို အခမဲ့ ပေးနေသတဲ့လေ . . ။

အမေရိကန်တို့သည် တိုင်းပြည်အတွက် အလုပ်လုပ်နေကြသူများ ဖြစ်၏။ ပညာရှင်များကို အလွန်တန်ဖိုးထား လေးစားကြသူများ ဖြစ်၏။

မြို့ကြီးပေါင်းများစွာမှ တက္ကသိုလ်ကောလိပ်များက မဒမ်ကျူရီကို ဖိတ်ကြသည်။ ရွှေတံဆိပ်များ၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ ပေးဖို့လည်း ကျောင်းပေါင်း တစ်ဒါဇင်လောက်က စီစဉ်နေကြ၏။

'မဒမ်ကျူရီမှာ ပါမောက္ခဝတ်ရုံတော့ ပါလာမှာပေါ့နော်' ဟု အမေးခံရ၏။

အဲဒါမှ ပြဿနာ။ မာရီမှာ ပါမောက္ခဝတ်စုံ ပါမလာခဲ့ပါ။ ပါမလာရခြင်း အကြောင်းရင်းမှာ ဘယ်တုန်းကမှ ချုပ်မဝတ်ခဲ့သောကြောင့် ဖြစ်ပါသည်။ အပ်ချုပ်သမားတစ်ယောက် ချက်ချင်းရောက်လာပြီး အဖိုးတန် ပိုးတွေ၊ ဖဲတွေနှင့် ချုပ်ပေးကြသည်။ ပြီးတော့ မစွက်မယ်လိုနီ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး မဒမ်ကျူရီ၊ အိုင်ရင်းနှင့် ဧဝတို့သည် အမေရိကန် တစ်နိုင်ငံလုံး စောင့်ကြိုနေသည့် ခရီးစဉ်ကို စတင် ထွက်ခဲ့ကြလေသည်။

*

နေရောင်ခြည် ဖြာကျနေသည့် လမ်းများပေါ်တွင် အဖြူရောင် ဝတ်စုံကိုယ်စီနှင့် မိန်းကလေးများ၊ ဆင်ခြေလျှော မြက်ခင်းများပေါ်မှ ထောင်နှင့်ချီသော ကျောင်းသူကလေးများက မဒမ်ကျူရီ၏ ရထားတွဲကို တစ်ခဲနက် ကြိုဆိုကြသည်။ သံပြိုင်သီချင်းတွေ မြိုင်မြိုင်ဆိုင်ဆိုင် ဟစ်ကြွေးလျက်။ အလွန်အရသာရှိသည့် မင်္ဂလာနေ့ရက်များ ဖြစ်ပါ၏။

မိန်းကလေး ကောလိပ်များဖြစ်သည့် စမစ်၊ ဗာဆာ၊ ဘရိုင်မော်ဝါး၊ မောင့်ဟိုးလီးအုတ်ခ် ကျောင်းများမှ ကျောင်းသူကလေးများ ဖြစ်ပါသည်။ နယူးယောက်တွင် ကြိုဆိုသည့် အစီအစဉ်တွေက မဆုံးနိုင်တော့အောင် များသည်ထက် များလာသောအခါ၊ မာရီတစ်ယောက် မတတ်နိုင်တော့ဘဲ ဗုန်းဗုန်းလဲလုမတတ် ပင်ပန်းလာတော့၏။


လက်ခုပ်သြဘာသံများကို မာရီ စိတ်ညစ်လာ၏။ မိမိကို တိုးဝှေ့ကြည့်ရှုနေသည့် ပရိသတ်ကို ကြောက်လာ၏။

မေလ ၂၀ ရက်နေ့တွင် သမ္မတ ဟာဒင်က မာရီကို သူ့ဓာတ်ခွဲခန်းအတွက် ရေဒီယမ်ပေးလှူပွဲ လုပ်သည်။ ရောမ အခမ်းအနားကြီးဖြင့် အိမ်ဖြူတော်တွင် ကျင်းပပေးအပ်ခြင်း ဖြစ်၏။

သည်ပွဲ ကျင်းပအပြီးတွင် ဆရာဝန်များက မာရီ့ ကျန်းမာရေးကို စစ်ဆေးကြသည်။ အလွန်အမင်း အားနည်းကာ သွေးပေါင်လည်း မတရားကျနေသဖြင့် အမေရိကန်ခရီးစဉ်ကို နားဖို့ ဝိုင်းပြောကြသည်။








- အမေရိကန် ခရီးစဉ်အတွင်း ပစ်စ်ဘတ်တွင် သိပ္ပံပညာပြသနာများ ဆွေးနွေးစဉ်။



www.burmeseclassic.com



www.burmeseclassic.com



ထို့ကြောင့် နာမည်ကျော်တက္ကသိုလ်ကြီး တော်တော်များများတွင် စီစဉ်ထားသည့် အခမ်းအနား အစီအစဉ်များကို ဖျက်သိမ်းလိုက်ရသည်။

အမေရိကန် သတင်းစာများက သူတို့တိုင်းပြည်ကို ဝိုင်းဝေဖန်ကြတော့သည်။ အလွန်နုနယ်သည့် နိုဘယ်လ်ဆုရှင် အမျိုးသမီးကို ခံနိုင်ရည် ရှိသည်ထက်ပိုပြီး ခိုင်းစေပါသည်ဟု စွပ်စွဲကြ၏။ "တရားလွန်လွန်းသော ဧည့်ဝတ်ကျေပွန်မှု" ဟု ခေါင်းတပ်သူတစ်၊ အစိုးရကို ဆပ်ကပ်မန်နေဂျာနှင့်နှိုင်းပြီး ရေးသူကရေးနှင့် ပွက်လောရိုက်သွားသည်။

*

ပြင်သစ်ကို ပြန်ရောက်တော့ မဒမ်ကျူရီ အလွန်အမင်း ပင်ပန်း နွမ်းနယ်နေပြီ။ သို့သော် အရမ်း ကျေနပ်နေ၏။ သန်းပေါင်းများစွာသော အမေရိကန်လူမျိုးတို့၏ အသည်းနှလုံးကို နွေးထွေးအောင် မိမိ လုပ်နိုင်ခဲ့သည် မဟုတ်လား။ ထို့ကြောင့် ပင်ကိုအားဖြင့် တည်ငြိမ်သော၊ ရိုးသားအေးဆေးသော မာရီသည် ကွန္ဒြေမဆည်နိုင်လောက်အောင်ပင် ပျော်ရွှင်နေလေသည်။

အထီးကျန် ဘဝဥခွံကလေးထဲတွင် ပုန်းနေသည့် မေမေ့အဖြစ်မှာ လူ့သဘာဝနှင့် သဟဇာတ မဖြစ်လှကြောင်းကို အမေရိကန်ခရီးက သင်ကြားပေးလိုက်သည်ဟု ကျွန်မ ယုံကြည်လိုက်ပါသည်။

သုတေသီတစ်ယောက်အနေဖြင့် ကိုယ့်လုပ်ငန်းပေါ် တွင် ကိုယ်ရာနှုန်းပြည့် အာရုံစိုက်နိုင်အောင် မာရီက ပတ်ဝန်းကျင်နှင့် အဆက်ဖြတ်ထားခြင်း ဖြစ်၏။ သို့ရာတွင် အသက် ငါးဆယ့်ငါးနှစ်အရွယ် ရောက်လာသောအခါ မာရီသည် သာမန်သိပ္ပံသုတေသီတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပေ။ မိမိ၏ နာမည်ကို ကမ္ဘာက သိနေပြီ။ လူတွေနှင့် ဆက်ဆံခြင်းအားဖြင့် မိမိလုပ်ငန်း အောင်မြင်ရာ အောင်မြင်ကြောင်း ဖြစ်နိုင်သည်ကို သိလာသည်။

နောက်ပိုင်းတွင် ဘဝပုံစံ ပြောင်းလာသည်။ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွေ တက်သည်။ တက္ကသိုလ်တွေ၊ ခာတ်ခွဲခန်းတွေက နှီးနှောဖလှယ်ပွဲတွေ ဖိတ်လျှင် သွားသည်။ ပိုလန်၊ အီတလီ၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ စပိန် နှင့် ဘရာဇီးလ်နိုင်ငံ တက္ကသိုလ်၊ ကောလိပ်များသို့ သွားရောက် ဟောပြောပို့ချသည်။

ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးမှ မဒမ်ကျူရီကို "အပြည်ပြည်ဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ကော်မတီ" တွင် အဖွဲ့ဝင်အဖြစ် ခန့်ထားလိုက်သည်။ ဤသို့ဖြင့် ကမ္ဘာ့ ဘယ်ထောင့် ဘယ်နေရာမှ မဒမ်ကျူရီကို မသိသူ မရှိအောင် ဖြစ်သွားတော့သည်။


တရုတ်ပြည်မှ ရှေးဟောင်းပြည်နယ်ကြီးတစ်ခု ဖြစ်သည့် "တေယွန်း" မှ ပညာရှိကြီးများက ကွန်ဖျူးရှပ်စ် ကျောင်းတော်တွင် လူသားအားလုံး၏ ကျေးဇူးတော်ရှင်များ ဖြစ်ကြသည့် ဒက်စ်ကားတီးစ်[၁]၊ နယူတန်[၂]၊ ဗုဒ္ဓရုပ်ပွားတော်များ၊ တရုတ်ပြည် မဟာဧကရာဇ်တို့၏ ပုံတူများနှင့်အတူ မာရီ့ဓာတ်ပုံကို ချိတ်ဆွဲထားသည်။

*

၁။ Rene Duscarrtes (1596-1650) : ပြင်သစ်တွေးခေါ်ရှင်နှင့် သင်္ချာပါရဂူ။

၂။ Sir Issac Neuton (1642-1727): အင်္ဂလိပ်တွေးခေါ်ရှင်၊ သင်္ချာပါရဂူ။ ကမ္ဘာ့ဒြပ်ဆွဲအားကို အဖြေထုတ်ခဲ့သူ။

ကုပြည့်မောအုပ်တိုက်



ဝါဆော (အပေါ်) နှင့် ပါရီ(အောက်)ရှိ ရေဒီယမ်တက္ကသိုလ်များ။

ကုပြည့်မောအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



မာရီက ဝါဆောကို ရေဒီယမ်သုတေသနလုပ်ငန်း၏ ဗဟိုချက်မ ဖြစ်စေလိုသည်။ ကင်ဆာရောဂါတိုက်ဖျက်ရေး၏ ဘူမိနက်သန် ဖြစ်စေလိုသည်။

ဘရွန်ညာက မာရီ့လုပ်ငန်းထဲသို့ ခြေစုံပစ်ဝင်လာသည်။ ပိုလန်နိုင်ငံသားတိုင်း "မာရီစကလိုဒေါ်စကာ ကျူရီသိပ္ပံ" ကျောင်းတော်ကြီးအတွက် အုတ်တစ်ချပ်စီ ဝယ်ကြဖို့ စည်းရုံးသည်။

နောက်သုံးနှစ်အကြာတွင် သည်ကျောင်းကြီးအတွက် မာရီ အုတ်မြစ်ချရသည်။ အောင်မြင်မှုပေါင်း များစွာထဲမှ အမှတ်ထင်ထင် အောင်မြင်မှု ဖြစ်လေသည်။ ပိုလန်မှ ကျူရီသိပ္ပံအတွက် အကူအညီပေးရန် သည်နှစ်မှာပင် ပြင်သစ်အစိုးရက "ကျူရီဖောင်ဒေးရှင်း" တည်ထောင်လိုက်သည်။

ထိုမျှမကသေး။ ပြင်သစ်အစိုးရက မဒမ်ကျူရီကို နှစ်စဉ်ထောက်ပံ့ကြေးငွေ ဖရန့် ၄၀,၀၀၀ ကို နိုင်ငံတော် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

၁၉၂၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဆော်ဘွန်းတက္ကသိုလ် စာသင်ခန်းမကြီးထဲသို့ လူတွေ အလုအယက် တိုးဝင်နေကြ၏။ ပြင်သစ်နိုင်ငံသမိုင်းတွင် ဆေးသိပ္ပံ အကယ်ဒမီကို ပထမဆုံး ဝင်ခွင့်ရသည့် အမျိုးသမီးဖြစ်သူ မဒမ်ကျူရီကို ကြည့်ဖို့ ရောက်လာကြခြင်း ဖြစ်၏။ အခမ်းအနား စင်မြင့်ပေါ်က နိုင်ငံတော်ပုဂ္ဂိုလ်ကြီးများထဲတွင် ပြင်သစ်သမ္မတလည်း ပါ၏။ ပြီးတော့ ဆံပင်တွေ ဖြူဖွေးနေပြီး လေးနက် တည်ငြိမ်သည့် မျက်နှာနှင့် လူကြီးတစ်ယောက်။ နောက် သူနှင့် မတိမ်းမယိမ်း အဘွားကြီး နှစ်ယောက်လည်း ပါ၏။ သူတို့သုံးဦး၏ မျက်နှာပေါ်တွင် မျက်ရည်တွေ စီးကျနေသည်။ သူတို့မှာ အခမ်းအနား တက်ရောက်ရန်





ပိုလန်မှ ရောက်လာကြသည့် ဂျိုဇက်၊ ဟီလာနှင့် ဘရွန်ညာတို့ ဖြစ်သည်။

၁၉၂၉ ခုနှစ်တွင် မယုံနိုင်စရာ အဖြစ်တစ်ခုနှင့် မာရီ ထပ်ကြုံရသည်။ အမေရိကန်စေတနာရှင် အမျိုးသမီးများက ဝါဆောမှ ကျူရီသိပ္ပံအတွက် ရေဒီယမ်တစ်ဂရမ် ဝယ်ဖို့ ငွေစုပေးကြခြင်း ဖြစ်၏။

ပိုလန်နိုင်ငံကိုယ်စား ကျေးဇူးတင်စကားပြောဖို့ သင်္ဘောဖြင့် နယူးယောက်သို့ မာရီ အောက်တိုဘာလထဲတွင် တစ်ခေါက် ထွက်လာခဲ့ရပြန်သည်။

သည်တစ်ကြိမ်တွင်မူ သမ္မတဟူဗားဘား၏ ဧည့်သည်တော်အဖြစ်ဖြင့် အိမ်ဖြူတော်တွင် ရက်ပေါင်းများစွာ တည်းခိုရလေသည်။

"မေမေ့ကို သမ္မတကြီးက ဆင်စွယ်နဲ့ ထုထားတဲ့ ဆင်ရုပ်ကလေး နှစ်ရုပ်ပေးတယ်။ ဆင်ရုပ်ဟာ ရီပတ်ဘလစ်ကန်ပါတီရဲ့ သင်္ကေတ ထင်ပါရဲ့။ အိမ်ဖြူတော်ထဲမှာ ဆင်ရုပ်တွေ အများကြီးပဲ။"

ဟု ဧဝထံသို့ စာပြန်ရေးသည်။

*

ထူးထူးခြားခြား တန်ဖိုးရှိလှသည့် ခရီးမှ မာရီပြန်လာတော့ ဘူတာရုံတွင် ဧဝ လာကြိုသည်။ အထုပ်တွေ အပိုးတွေနှင့် သနားစရာ ကောင်းလောက်အောင် အလုပ်ရှုပ်နေသော၊ ပင်ပန်းနေသော မိခင်ကို ဧဝ စောင့်ကြည့်နေသည်။ မကြာမီက ပြောင်းလာသည့် စိန်လူးဝစ်ကျွန်းပေါ်မှ တိုက်ခန်းကို ရောက်တော့လည်း ရောက်ရောက်ချင်း ပုံနေသည့် စာအိတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထုတ်သည်။ ဇဝက ကြမ်းပြင်ပေါ်တွင် ဒူးထောက်ပြီး အထုပ် အပိုးတွေ ဖြေသည်။

ဝတ်နေကျ အဝတ်အစားတွေ၊ ပိုးသားဖဲသားများဖြင့် ချုပ်ထားသည့် ဝတ်ရုံတွေ၊ ခေါင်းဆောင်းတွေ ရောထွေးနေ၏။ နောက်ထပ်ရလာသည့် ဆုတံဆိပ်တွေ အများကြီး တွေ့ရသည်။ ရွှေတံဆိပ်တွေ စုထည့်ထားသည့် သားရေဖာကလေး တစ်လုံးလည်း ပါ၏။ ပြီးတော့ မနာလိုစိတ်ကလေး ဝင်တတ်သော်လည်း မာရီ သဘောကျသည့် ဇရာမ ဧည့်ခံပွဲကြီးများ၏ ဟင်းလျာစာရင်းများ၊ စက္ကူညှပ် ကလစ်ဘုတ်များလည်း ပါ၏။ သချာတွက်ရာတွင် ရေးခြစ်ဖို့ အကောင်းဆုံးဖြစ်သည်။

နောက်ဆုံးတွင် အထုပ်များမှ ရေပါးစက္ကူများကို ဇဝ ဆက်ခွာသည်။ သူတို့ညီအစ်မဖို့ လက်ဆောင်ထုပ်များ ဖြစ်၏။ မာရီက သမီးနှစ်ယောက်၏ ထူးထူးဆန်းဆန်း ပင်တိုစရိုက်အလိုက်၊ ရိုးသားဖြူစင်မှုအလိုက် လက်ဆောင်ကလေးများ ရွေးဝယ်တတ်သည်။ စာရွက်ဖိဖို့ တက်ဆက်စ်ပြည်နယ်ထွက် သစ်တုံးကလေးများ၊ စပိန်ပြည် တိုလီဒိုမှ စက္ကူဖြတ်ဖို့ အာရပ်ပုံစံ ဓားကောက်ကလေးများ။

မာရီ၏ အနက်ရောင် ဘလောက်စ်အင်္ကျီ လည်ပင်းတွင် ဂရင်းကင်ညွှန်မှ အင်ဒီယန်လူနီရိုင်းများဆွဲသည့် ငွေပြားကလေးများ ဆွဲထား၏။ နန်းသေးသေးကလေးများဖြင့် လှလှပပ တွန့်လိမ်ထားသည့် ဆွဲကြိုးကလေးတစ်ကုံးနှင့် ရှေးဟောင်းပုံစံ ကျောက်စီရင်ထိုးကလေးမှာ မေမေပိုင်သည့် နှစ်မျိုးထဲသော ရတနာ ဖြစ်လေသည်။

စိန်လူးဝစ်ကျွန်းမှ တိုက်ခန်းမှာ အကျယ်ကြီးဖြစ်သော်လည်း နေလို့ထိုင်လို့ အထာမကျ ဖြစ်နေကြ၏။ ဒေါက်တာကျူရီ၏ မဟော်ဂနီ





ပရိဘောဂများကို အရောင်တဖိတ်ဖိတ် တောက်နေသည့် ဧည့်ခန်းပါကေးခင်းများပေါ်တွင် ဖြစ်သလို နေရာချထားသည်။

ကော်ဇောမခင်း၊ ခန်းဆီးမချိတ်၊ မာရီက သည်အဆောင်အယောင်တွေကို မုန်းသည်။ ပြောင်လက်နေသည့် ကြမ်းပြင်ကို သဘောကျ၏။ အလင်းရောင်ကို အတားအဆီးမရှိဘဲ မှန်ပြတင်းများကို စီးဝင်နေမှ ကြိုက်၏။ စိမ်းမြစ်ရှုခင်းနှင့် ဆိပ်ကမ်းများကိုရော၊ စီတီးကျွန်းမြင်ကွင်းကိုပါ မြင်ကွင်းကျယ်ကျယ် ကြည့်မြင်လို၏။ အစိုးရ ထောက်ပံ့ကြေးနှင့် အမေရိကန် စေတနာရှင်များ၏ ကူညီမှုကြောင့် မဒမ်ကျူရီ ချောင်ချောင်လည်လည် နေနိုင်လေပြီ။ သို့သော် စည်းစိမ်ချမ်းသာကို ပြည့်ပြည့်ဝဝ သူ မခံစားတတ်ပေ။

အိမ်ဖော်လုပ်ရမည့် အလုပ်ကို ဝင်လုပ်ချင် လုပ်နေ၏။ ဒရိုင်ဘာက အသင့်ဖြစ်ပြီး၊ သူ့ကို ခဏကလေး စောင့်ရလျှင် စိတ်မကောင်း ဖြစ်နေတတ်၏။

ကုန်တိုက်တစ်တိုက်ထဲသို့ ဇဝနှင့်အတူ ဝင်သွားဖြစ်လျှင် ဈေးနှုန်းကို ဘယ်တော့မှ မကြည့်၊ ကြိုက်ရာ ဝယ်စေ၏။ သူကိုယ်တိုင်အတွက်မူ အရိုးဆုံး၊ ဈေးအခံပေါဆုံး အဝတ်အထည်နှင့် ဦးထုပ်ကလေးများကိုသာ ရေဒီယမ်လောင်ထားသည့် လက်ဖြင့် ညွှန်ပြတတ်၏။

နေ့လယ်စာ စားပြီးလျှင် လပ်စင်ဘတ်ပန်းခြံသို့ ဖို့ဒ်ကားကြီးဖြင့် သွားတတ်၏။ ကားပေါ်မှဆင်းပြီး ကစားနေသည့် ကလေးတစ်သိုက်ဆီကို လျှောက်သွားတတ်၏။ ကလေးအုပ်ထဲမှ ဆံပင်နီကြန်ကြန်နှင့် ကလေးမလေးတစ်ယောက် သူ့ဆီ တန်းပြေးလာတတ်သည်။ အိုင်ရင်း၏ သမီးကလေးဖြစ်၏။ အိုင်ရင်းက ၁၉၂၆ ခုနှစ်တွင် လုပ်ဖော်ကိုင်ဖက် ရူပဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင် ဖရက်ဒရစ် ကျိုးလီယက်နှင့် လက်ထပ်လိုက်သည်။ သမီးကလေးကို "ဟယ်လင်" ဟု နာမည်မှည့်ထား၏။

မဒမ်ကျူရီသည် သည်းသည်းလှုပ်ချစ်ပြသည့် ဘွားအေ တစ်ယောက်မဟုတ်ပေ။ သို့သော် အလုပ်တွေ ခဏဘေးချိတ်ပြီး မြေးကလေးဆီကိုတော့ မိနစ်အနည်းငယ်ဖြစ်ဖြစ် အရောက်သွားလေ့ရှိသည်။ ဟယ်လင်ကလေးက မကျေမနပ် မေးတတ်၏။

'မေ . . . ဘယ်သွားမလို့လဲ၊ သမီးအနားမှာ ဘာလို့ မနေတာလဲ မေရဲ့'

*

'အား . . . ပင်ပန်းလိုက်တာကွယ်'

ဓာတ်ခွဲခန်းက ပြန်ရောက်လျှင် ညတိုင်းလိုလို မေမေ ညည်းတတ်သည်။ အေးဆေးတည်ငြိမ်သည့် မျက်နှာသည် ဖြူရော်ကာ ပင်ပန်း နွမ်းနယ်နေ၏။

'မေက လွန်တာကိုး၊ အသက်ခြောက်ဆယ် ပြည့်နေပြီ။ တစ်နေ့ ၁၂ နာရီ လုပ်ဖို့ လိုလို့လား" ဟု ဧဝ ပြောလည်း မာရီက မလျှော့။ မာရီကို အလုပ်လျှော့လုပ်ဖို့ မည်သူမျှ နားမချနိုင်ပါ။

သူ စိတ်ရောကိုယ်ပါ မြှုပ်နှံထားသည့် ဓာတ်ခွဲခန်းအကြောင်းကို နေ့စဉ် ညစာစားပြီးတိုင်း မာရီ မပြောဘဲ မနေနိုင်။ သို့သော် ရံခါတွင် ပြောနေရင်း ချက်ချင်း စကားလမ်းကြောင်း ပြောင်းပစ်တတ်သည်။

'ဩ . . . သမီးရယ်၊ မေမေ့ကို ပြောပြပါဦး။ ကမ္ဘာ့သတင်းတွေ





လေ၊ ကမ္ဘာကြီး ဘာဖြစ်နေလဲဟင်'

မဒမ်ကျူရီကို ဘယ်သူကဖြစ်ဖြစ်၊ ဘာအကြောင်းဖြစ်ဖြစ် ပြောလို့ရသည်။ လျှို့ဝှက်စရာကိစ္စ ဆိုလျှင်လည်း ဘယ်သူ့ဆီမှ မပေါက်ကြားစေရ။ သမီးတွေအတွက် စိတ်မချမ်းမြေ့စရာ ဖြစ်မည့်ကိစ္စ၊ အန္တရာယ်ဖြစ်မည့် ကိစ္စမျိုးဆိုလျှင် မည်သို့ အမြန်ဆုံး တားဆီးရမည်ကိုလည်း သူ ကောင်းကောင်းသိသည်။

မာရီသည် သမီးနှစ်ယောက်၏ ပညာရေးနှင့် ပတ်သက်၍ ကားဆရာကောင်းတစ်ယောက် မဖြစ်ခဲ့ပေ။ သို့ရာတွင် သမီးတို့က မအေ့ဆီမှ ပညာတစ်ခုကိုတော့ သေသေချာချာ ရလိုက်သည်။ ၎င်းသည်မှာ စည်းစိမ်ချမ်းသာနှင့် ဂုဏ်ခံလူတန်းစားများကို အားမကျခြင်း ဖြစ်၏။ ပညာနှင့် လူသားဆန်မှုကိုသာ မအေလိုပင် တန်ဖိုးထား ကိုးကွယ်ကြသည်။ သေးငယ်သိမ်ဖျင်းသည့် ကိစ္စရပ်များကို ဘယ်တော့မှ သူတို့ အလေးမထား။

မဒမ်ကျူရီက အတ္တမကြီးဖို့ အမြဲတမ်း သွန်သင်သည်။ သူကိုယ်သူ နမူနာယူလောက်သည့် ပုဂ္ဂိုလ်တစ်ယောက်လို့ ဘယ်သူ့ကိုမျှ မပြောဖူးခဲ့။

တစ်ခါတလေ ဧဝကို ပြောတတ်သည်။

'မေမေက ဘဝတစ်ခုလုံး သိပ္ပံပညာထဲမှာ နှစ်ထားတာ။ အဲဒါက သုတေသနလုပ်ငန်းကို ချစ်လွန်းလို့ပဲ။ ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတွေ အဲဒီလို မလုပ်စေချင်ပါဘူး။ သာမန်မိသားစု ဘဝလမ်းကို လျှောက်ရင်း သူတို့စိတ်ဝင်စားတဲ့ အလုပ်ကို လုပ်တာ ကောင်းပါတယ်'

ညစာစားအပြီး ဧဝက အပြင်ထွက်စရာရှိလျှင် သမီးကလေး အခန်းထဲကို မာရီလိုက်လာပြီး ဆိုဖာပေါ်တွင်လှဲရင်း ဧဝ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကြည့်နေတတ်၏။

မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်းပြီး မာရီ ဝေဖန်ချက် မပေးသည်မှာ ကြာပြီ။ မိတ်ကပ်ဘူးများကိုတော့ မာရီ စိတ်ပျက်သည်။ မိခင်လုပ်သူကို အချိန်အများကြီးယူပြီး မိတ်ကပ်အကြောင်း ရှင်းပြရသည်။

'ကဲ . . မေမေ သေသေချာချာ ကြည့်လို့ရအောင် ဟိုဘက် လှည့်ပြပါဦး'

မာရီက ဇဝကို သေသေချာချာ ကြည့်သည်။ သိပ္ပံသုတေသီ တစ်ဦး၏ မျက်လုံးများဖြင့် စစ်ဆေးသည်။ ပြီးမှ မနှစ်မြို့သံဖြင့် ဝေဖန် ချက်ပေးသည်။

'အင်း . . မျက်နှာကို ဆေးဆိုးပန်းရိုက် လုပ်တာကိုတော့ မေမေ ဘာမှ မပြောလိုတော့ပါဘူး၊ ဒါက ဟိုရှေးရှေးတုန်းကတည်းက ရှိခဲ့ဖူး တာပဲ။ ရှေးဟောင်းအီဂျစ်ခေတ်က မိန်းမတွေဆိုရင် ဒီ့ထက်ဆိုးတဲ့ ပစ္စည်း တွေ တီထွင်ခဲ့ကြတယ်တဲ့။ မေမေကတော့ ဘာပြောပြော စိတ်ပျက်စရာ လို့ပဲ ထင်တယ်'

'အို . . မေကလဲ၊ မိတ်ကပ်လိမ်းရင် ပိုလှပါတယ် မေရဲ့'

'ပိုလှတယ် ဟုတ်လား၊ ဒီမယ်သမီး၊ မနက်ဖြန် မနက်စောစော သမီးမျက်နှာပေါ်ကဟာတွေ မပျက်ခင် မေမေ လာနမ်းပြီး နှုတ်မယ်နော်၊ အသက်အောင့်ပြီး နမ်းရမှာ။ ကဲ . . သွားတော့၊ နောက်ကျနေမယ်၊ ဂွတ်နိုက်။ သြော် . . ဒါထက် သမီးမှာ ဘာဖတ်စရာရှိလဲ၊ မေမေ့ကို ပေး ခဲ့စမ်းပါ'

မေမေက ကစ်ပလင်းကို ကြိုက်သည်။ အထူးသဖြင့် Kim နှင့် Jungle Book ကို သဘောကျသည်။ စာအုပ်ရှာပေးခဲ့ပြီး ဇဝ ထွက်သွား ၏။

စာအုပ်ကို ယူသွားပြီး ပက်လက်ကုလားထိုင်တွင် ခြေဆန့် လက်ဆန့်ထိုင်ရင်း တစ်မျက်နှာ၊ နှစ်မျက်နှာ ဖတ်သည်။ ပြီး ရုတ်တရက် ထကာ မှတ်စုစာအုပ်နှင့် ခဲတံကောက်ကိုင်၍ သိပ္ပံလက်စွဲစာအုပ်များ နှင့် မနက် ၂ နာရီ၊ ၃ နာရီအထိ အလုပ်လုပ်တော့၏။

ဇဝ ပြန်လာလျှင် မေမေ့အလုပ်ခန်းထဲတွင် မီးလင်းနေမြဲ။ တံခါးကို အသာတွန်းဖွင့်ကြည့်လျှင် ကြမ်းပြင်ပေါ်တွင် ပယ်ပယ်နယ်နယ် ထိုင်ကာ ပတ်ပတ်လည်တွင် စာရွက်စာတမ်းပေါင်းများစွာနှင့် အလုပ်ရှုပ် နေ၊ စလိုက်ရူးလ်တွေ၊ သက်သေပြချက်တွေနှင့် ဗျာများနေသည်ကို တွေ့ရစမြဲ။

ဇဝ ပြန်လာသည်ကို သတိထားမိသော်လည်း တွက်လက်စတွေ ရှိနေလျှင် ခေါင်းမော်မကြည့်။ ပါးစပ်က တတွတ်တွတ်နှင့်၊ ပေါင်ပေါ်က မှတ်စုစာအုပ်ထဲကို အသော့ရေးထည့် နေတတ်၏။ ဆော်ဘွန်းတက္ကသိုလ် ပါမောက္ခ မဒမ်ကျူရီသည် အလီဆိုရာတွင် လွန်ခဲ့သည့် နှစ်ပေါင်းခြောက် ဆယ်က ဆရာမ ဆီကော့စကာ၏ မူလတန်းကျောင်းတုန်းကအတိုင်း ပိုလန်ဘာသာဖြင့်ပင် ဆိုလေ့ရှိသည်။

*

ဘဝနေဝင်ချိန် အပိုင်းတွင် မဒမ်ကျူရီသည် နာမည်ကျော် ရူပဗေဒ ပါမောက္ခတာဝန်အပြင် ဓာတ်ခွဲခန်းကြီး၏ ညွှန်ကြားရေးမှူး







www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကိုပါ ပူးတွဲထမ်းဆောင် နေရသည်။ ရေဒီယမ် စက်မှုတက္ကသိုလ်သို့ ဝင်ခွင့်ရရှိဖို့ ကျောင်းသားများကို အရည်အချင်းစစ် စာမေးပွဲဖြင့် စစ်ဆေး ရွေးချယ် ပေးရသူမှာလည်း မာရီကျူရီပင် ဖြစ်သည်။

သူတို့လုပ်ရမည့် အလုပ်၊ သင်ရမည့် သင်ရိုးညွှန်းတမ်းကိုလည်း မာရီပင် သတ်မှတ် အတည်ပြုပေးရ၏။ စမ်းသပ်ရှာဖွေမှုများ မအောင်မြင်လျှင် ကျောင်းသားများ စိတ်ပျက်လက်ပျက်နှင့် သူ့ဆီ ရောက်လာတတ်သည်။ ထိုအခါတွင် မှားယွင်းနေသည့် သူတို့လုပ်ငန်းစဉ်များကို မာရီက စစ်ဆေးတည့်မတ်ပေးသည်။

မဒမ်ကျူရီက သူ့ဓာတ်ခွဲခန်းကို တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် လုပ်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ခွင့်ပြုငွေတွေ ထမ်တောင်းသည်။ ပညာသင်ဆုတွေ ထပ်လျှောက်သည်။

မာရီကဲ့သို့ ပြတ်သားသည့် ခေါင်းဆောင်မှုအောက်မှ ရေဒီယမ် ဓာတ်ခွဲခန်းထဲရှိ သုတေသီများ၊ အလုပ်သမားများ၊ ကျောင်းသူ ကျောင်းသားများ အားလုံး အရည်အသွေး တက်လာ၏။ တိုးတက်အောင်မြင်လာ၏။ နည်းပညာသစ်တွေ တီထွင်နိုင်လာ၏။

၁၉၁၉ ခုနှစ်မှ ၁၉၃၄ ခုနှစ်အတွင်း ရူပဗေဒနှင့် ဓာတုဗေဒ စာတမ်းပေါင်း ၄၈၃ စောင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ယင်းတို့အနက်မှ ၃၁ စောင်မှာ မဒမ်ကျူရီ တစ်ဦးတည်း၏ ကိုယ်ပိုင်စာတမ်းများ ဖြစ်သည်။

အထီးကျန်ဘဝပိုင်ရှင် မဒမ်ကျူရီသည် လုပ်ဖော်ကိုင်ဖက်များကို စည်းရုံးရာတွင်လည်း ပါရမီရှိသူ ဖြစ်လေသည်။ သူတို့အလုပ်ကိုလည်း တန်ဖိုးထား လေးစားသူ ဖြစ်သည်။ အားလုံးကို တရင်းတနှီး ဆက်ဆံသည်။

ကျပြည့်စာအုပ်တိုက်



အိုင်ရင်းကျူရီ၊ မာရီကျူရီနှင့် ပါရီ ရေဒီယမ်တက္ကသိုလ် ဓာတ်ခွဲခန်း လုပ်ဖော်ကိုင်ဖက်များ။

ကျပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



- မဒမ်ကျူရီနှင့် အိုင်ရင်းကျူရီ (၁၉၂၅)။





လုပ်ဖော်ကိုင်ဖက် တပည့်တပန်းများအား ယခုတိုင် "မဒမ်မွာ ဇယ်လ်" သို့မဟုတ် မွန်စီယာဟူ၍ တလေးတစား ခေါ်ဝေါ်သုံးနှုန်းသည်။

ဆွေးနွေးရ ပြောဟောပြောရ သင်ကြားရလွန်းလို့ ပင်ပန်းလာလျှင် အပြင်ထွက်ပြီး ပန်းခြံထဲက ခုံတန်းလျားပေါ်တွင် အကြာကြီး ထိုင်နေတော်သည်။ ထိုအခါ 'မဒမ်၊ အအေးမိမယ်လေ' ဟူသည့် တောင်းပန်တိုးလျှိုးသံများ ပေါ်လာတတ်၏။ နေ့လယ်စာ စားချိန်အထိ ခေါ်မရလျှင် မန္တမရဲ လက်များဖြင့် ပေါင်မုန့်နှင့် သစ်သီးများကို နံဘေးတွင် အသာကလေး သွားပြီး ချထားကြရ၏။

ဓာတ်ခွဲခန်းဝန်ထမ်းများ အားလုံးက မာရီကို အခြားသူများကဲ့သို့ပင် ချစ်ခင်လေးစားကြ၏။ ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုဖြင့် အလုပ်ပေါင်းစုံကို တျရာတာဝန်မရွေး ခိုင်းသမျှ လုပ်ကြ၏။ တစ်နေ့တွင် မာရီက ဒရိုင်ဘာတစ်ယောက် ခန့်သည်။ အလုပ်ကြမ်းလည်း လုပ်ရ၏။ မက္ကင်းနစ်လည်း လုပ်ရ၏။ ကားလည်း မောင်းရ၏။ သစ်ပင်လည်း ရေလောင်းရ၏။ မလုပ်နိုင်သဖြင့် ထိုဒရိုင်ဘာ ထိုင်ငိုသော ဟူ၏။

မာရီက အလုပ်သမားအားလုံးကို ခင်သည်။ သို့သော် သူ့ခင်မင်မှုကိုတော့ ပေါ်ပေါ်ထင်ထင် မမြင်ကြရ။ သူတို့အထဲမှ တစ်ယောက်ယောက် ဒီပလိုမာ ရသွားလျှင်၊ ဒါမှမဟုတ် ဆုတစ်မျိုးမျိုးရလျှင် "ဓာတ်ခွဲခန်း လက်ဖက်ရည်ပွဲ" ဖြင့် ဂုဏ်ပြုတတ်သည်။

ဖန်နှုတ်သီးခြင်ခွက်များဖြင့် လက်ဖက်ရည်ထည့်ပြီး ဖန်မွှေတံများကို ဇွန်းအဖြစ် အသုံးချကြသည်။ အလွန်ပျော်စရာကောင်းပြီး အမှတ်ထင်ထင်ရှိသည့် အစီအစဉ် ဖြစ်သည်။

မာရီ မမေ့နိုင်အောင် စိတ်လှုပ်ရှားစရာကောင်းသည့် ဓာတ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ခန်း လက်ဖက်ရည်ပွဲများ ရှိသည်၊ ပါရဂူဘွဲ့ယူစာတမ်းကို အိုင်ရင်းနှင့် သမက်လုပ်သူ တင်သည့် အထိမ်းအမှတ်ပွဲများ ဖြစ်၏။

၁၉၃၄ ခုနှစ်တွင် သူတို့ဇနီးမောင်နှံ နှစ်ယောက်စလုံး ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများ ရခဲ့ကြသည်။ အဏုမြူဒြပ်စင် ပြောင်းလဲမှုကို သက်သေထုတ်နိုင်ပြီး၊ အိုင်ရင်းနှင့် ဖရက်ဒရစ် ဂျိုးလီယော့တို့သည် အ သဘာဝနည်းဖြင့် ရေဒီယိုသတ္တိကြွခြင်း သဘောကို ရှာဖွေတွေ့ရှိခဲ့ကြ၏။

အရာဝတ္ထုတစ်ခုအား ရေဒီယိုဒြပ်စင်ရောင်ခြည်ထဲသို့ ပစ်လွှတ်လိုက်လျှင်၊ ယင်းရေဒီယိုဒြပ်စင်ရောင်ခြည်ကြောင့် ထိုအရာဝတ္ထုသည် သဘာဝတွင် မရှိသေးသော ရေဒီယိုသတ္တိကြွ ပစ္စည်းသစ်တစ်မျိုးအဖြစ်သို့ ပြောင်းလဲသွားခြင်းကို သက်သေပြနိုင်ခဲ့ခြင်း ဖြစ်၏။

*

ရွှန်းလက်တောက်ပကာ သီးပွင့်ဝေဆာသည့် ထိုနှစ်များတွင်ပင် ပြောမယုံကြုံဖူးမှသိမည့် ဒုက္ခအပေါင်းနှင့်လည်း ကြုံကြရ၏။ အတွင်းတိမ် နှစ်လုံးသည် မာရီ့မျက်လုံးကို ဒုက္ခပေးစ ပြုလာသည်။ သည်အကြောင်းကို မာရီက သမီးနှစ်ယောက်အား သာမန် အသေးအဖွဲ ကိစ္စတစ်ခုလို ပြောပြသည်။ ခွဲဖို့စိတ်ဖို့ အားလုံး ဝိုင်းပြောကြသည်။ သို့သော် နှစ်နှစ်၊ သုံးနှစ်ကြာသွားသည်။ မခွဲဖြစ်။

'ဒီအကြောင်း ဘယ်သူမှ မသိစေနဲ့နော်' ဟု အိမ်သားတွေကို ပိတ်ထား၏။ စာနယ်ဇင်းသမားတွေ သိသွားမှာကို မာရီ အလွန်အမင်း စိုးရိမ်သည်။





မာရီ၏ ဆရာဝန်ကြီးများက မာရီ့ကို မလွှမ်းမိုးနိုင်ကြ။ အသက်အရွယ် ကြီးရင့်လာသော်လည်း အလွန်ခေါင်းမာသော အမျိုးသမီးကြီးဖြစ်၏။ မျက်စိ ဆရာဝန်ကြီးများထဲတွင် မျက်မှန်အမျိုးမျိုး လဲတတ်ဖို့ ဓဝက စီစဥ်ရ၏။

လမ်းဖြတ်ကူးလျှင် သမီးတစ်ယောက်က လက်မောင်းကိုတွဲပြီး ကူးရ၏။ ထမင်းစား စားပွဲတွင် ဆားပုလင်းကို ဟိုစမ်းစမ်း၊ သည်စမ်းစမ်း ရှာနေလျှင် တစ်ယောက်ယောက်က လက်ထဲ ထည့်ပေးရ၏။

ဓာတ်ခွဲခန်းထဲတွင် အလုပ်မပျက် ဆက်လုပ်သည်။ ရောမမျက်မှန်ထူကြီးများ တပ်ဆင်လျက် မှတ်စုတွေ ရေးသည်။ စာသင်ခန်းထဲတွင် ပို့ချချက်ပေးလျှင် ကျောက်သင်ပုန်းတွင် ရောမ စာလုံးကြီးများ ရေးပြီး သင်သည်။

တပည့်တစ်ယောက်က သူရိုက်ထားသည့် သုတေသန ဓာတ်ပုံတစ်ပုံ တင်ပြလျှင် မေးခွန်းပေါင်းများစွာ မေးပြီး ဓာတ်ပုံကို စိတ်ထဲမှာ ပုံဖော်သည်။ ပြီးမှ ဓာတ်ပုံပေါ်က အချက်အလက်များအကြောင်း ဆွေးနွေးသည်။

ဓာတ်ခွဲခန်းတွင် အားလုံးက မဒမ်ကျူရီနှင့် အတူလိုက်ပြီး မသိဟန်ဆောင် နေကြရ၏။ နောက်ဆုံးတွင် ၁၉၂၃ ခု၊ ၁၉၂၄ ခုနှစ်မှစပြီး ၁၉၃၀ ခုနှစ်အထိ မဒမ်ကျူရီသည် မျက်စိကို လေးကြိမ် အခွဲခံရသည်။ ပတ်တီးဖြေပြီးသည်နှင့် ပုံမှန်မရောက်သေးသည့် မျက်စိကို တန်းပြီး အသုံးချသည်။ ဘယ်လိုမျှ ကြည်ကြည်လင်လင် မမြင်နိုင်သေး။

မျက်မှန် အကြိမ်ကြိမ်လဲပြီး လေ့ကျင့်သည့်အခါတွင် တဖြည်းဖြည်း တိုးတက်မှု ရလာသည်။ နောက်ပိုင်းတွင် မူလ မျက်စိနီးပါး မြင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာသည်။ တစ်ယောက်တည်း အပြင်ထွက်နိုင်လာ၏။ ကားပြန်မောင်းနိုင်လာ၏။ သေးသေးမွှားမွှား ဓာတ်ခွဲခန်းပစ္စည်းများကို ပြန်လည်ကိုင်တွယ်နိုင်လာ၏။ အံ့ဩကုန်နိုင်ဖွယ်တွေ များစွာသော မာရီကျူရီဘဝတွင် နောက်ဆုံး အံ့ဩဖွယ်တစ်ပါး ဖြစ်လေသည်။

၁၉၂၇ ခုနှစ်က ဘရွန်ညာ့ဆီ ရေးသောစာထဲတွင် သူ့အောင်မြင်မှု လျှို့ဝှက်ချက်များကို မာရီက ထည့်ရေးသည်။


"တစ်ခါတလေမှာ မာရီ သတ္တိတွေ ကျဆုံးကုန်ပြီလားဆိုပြီး အလုပ်ဆက်မလုပ်ဖို့ စဉ်းစားတယ်။ တောပိုင်းမှာသွားပြီး ပန်းပင်ကလေးတွေပဲ စိုက်နေတော့မယ်ပေါ့။ ဒါပေမဲ့ မာရီ အဲဒီဘဝမျိုးမှာ မနေနိုင်ပါဘူး။ သိပ္ပံစာအုပ်တွေ ရေးနေရုံနဲ့တောင်မှ အားမရဘူး။ ဓာတ်ခွဲခန်း မရှိဘဲ နေနိုင်မှာ မဟုတ်ဘူး"

ဓာတ်ခွဲခန်း မရှိဘဲ နေနိုင်မှာ မဟုတ်ဘူး တဲ့။

ဒါကိုနားလည်ဖို့ မဒမ်ကျူရီကို ကျွန်မတို့ ဓာတ်ခွဲခန်းထဲမှာကြည့်ဖို့ လိုပါလိမ့်မည်။ ထူးထူးခြားခြား ဓာတ်ခွဲစမ်းသပ်မှုမျိုး မဟုတ်ဘဲ သာမန် လုပ်ရိုးလုပ်စဉ် ကိစ္စကလေးများကို လုပ်နေစဉ်မှာပင်၊ သူ့မျက်နှာမှာ လုပ်ငန်းခွင်တွင် နစ်မျောကာ ပျော်ရွှင်မှုဖြင့် ကျက်သရေရှိနေတတ်သည်။


ဓာတ်ခွဲခန်းသုံး ဖန်ပြွန်များ၊ နှုတ်သီးခွက်များ လုပ်ရန် သူကိုယ်တိုင် ဖန်ရည်မှုတ်သည့်အခါ အလွန်အနုပညာမြောက်သည့် ပုံစံများ ဖြစ်လာသည်။ အခြင်အတွယ် အမှတ်အသားများ ကွက်တိဖြစ်နေလျှင် မာရီပျော်လို့ မဆုံးတော့။





www.burmeseclassic.com

www.burmeseclassic.com



နိုဘယ်လ်ဆု နှစ်ဆုရ ရေဒီယမ်တက္ကသိုလ် ညွှန်ကြားရေးမှူး မဒမ်ကျူရီ။





ထူးထူးဆန်းဆန်း အဆင့်မြင့် စမ်းသပ်မှုတွေ လုပ်နေရာမှ အဖြေမထွက်လျှင် စိတ်ဓာတ်တွေ အကျကြီးကျကာ အဖြစ်ဆိုးတစ်ခုနှင့် ကြုံရသူမမာ မှိုင်တွေ ကျသွားတတ်၏။ ခါးကို ရှေ့ကိုင်းကာ ကုလားထိုင်ပေါ်တွင် လက်ပိုက်ပြီး အငူသား ထိုင်နေတတ်၏။ ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသော်လည်း ဘာကိုမျှ မြင်ပုံမရ။ သည်လိုအခါမျိုးတွင် တစ်ကိုယ်တည်း နေရသည့် ကျေးတောသူမကြီးနှင့် တူနေတတ်၏။

သို့သော် တစ်ခုခု စမ်းသပ်အောင်မြင်သည့် အခါတွင်မူ ဆောက်တည်ရာမရ မြူးကြွ ပျော်ရွှင်နေတတ်၏။ ပန်းခြံထဲတွင် လူးလာခေါက်ပြန် လျှောက်သွားနေတတ်၏။ နွယ်နှင်းဆီပွင့်ကလေးတွေ၊ သံပရာပင်တလေးတွေနှင့် နေရောင်ခြည်ကိုပါ သူ ဘယ်လောက် ပျော်နေကြောင်း ပြောပြချင်နေသည့် အလား။

*

ဘဝ၏ နောက်ဆုံးရက်ပိုင်းများတွင် မာရီသည် အလုပ်ကို စူးစူးစိုက်စိုက် အချိန်လုပြီး လုပ်သည်။ ပြီးတော့ သူ့ထုံးစံအတိုင်း တစ်ဖွတ်ထိုး လုပ်သည်။

မာရီက တပည့်တွေ လုပ်ငန်းခွင် အန္တရာယ်ကင်းရေးကို အမြဲသတိပေးသည်။ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ရှိသည့် ပစ္စည်းမှုန်သမျှကို ကိုင်တွယ်ရာတွင် ညှပ်ဖြင့်ကိုင်ဖို့၊ ခဲပါသည့် ညှပ်တွေကို အန္တရာယ်ရှိသည့် ရောင်ခြည်ဖြာထွက်ရာ နေရာများတွင် မထားဖို့၊ ဥပဒေတစ်ရပ်အဖြစ် လိုက်နာဖို့ ပြဋ္ဌာန်းထား၏။

သို့သော် အားလုံး လိုက်နာရန် အချက်တစ်ချက်ဖြစ်သည့် သွေး



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်စစ်ဖို့ကိုမူ မာရီ သိပ်အရေးမထားခဲ့ပေ။

နောက်ဆုံး သွေးစစ်ကြည့်တော့ မာရီ့သွေးမှာ ပုံမှန်မဟုတ်တော့ကြောင်း တွေ့ကြရသည်။ ပြေးကြည့်စရာ မလိုပါ။ ၃၅ နှစ်လုံးလုံး ရေဒီယမ်ကို ကိုင်တွယ်လာခဲ့သည် မဟုတ်လား။ ရေဒီယမ်ဓာတ်ခွဲခန်းထဲတွင် အသက်ရှူလာခဲ့သည် မဟုတ်လား။

စစ်ကာလအတွင်း လေးနှစ်လုံးလုံး ပို၍ အန္တရာယ်ကြီးသည့် ဓာတ်မှန်ပစ္စည်းများ၊ ဓာတ်ရောင်ခြည်များနှင့် နပန်းလုံးခဲ့သည် မဟုတ်လား။ သွေးထဲတွင် အပျက်အစီး ရှိလာသောကြောင့် လက်များတွင် မီးလောင်ဖု ထွက်ခြင်း၊ နေမထိ ထိုင်မသာ ဖြစ်ခြင်းတို့မှာ မာရီ၏ စွန့်စားခန်းပေါင်း များစွာမှ အပရိက တုံ့ပြန် ဒဏ်ခတ်မှုမျှသာ ဖြစ်လေသည်။

၁၉၃၄ ခုနှစ်တွင် အနည်းငယ် စ ဖျားသည်။ အဖျားက အပြင်းစား မဟုတ်။ သို့သော် ပျောက်မသွားဘဲ ဆက်တိုက်ဖျားနေ၏။

ချုံခိုတိုက်ခိုက်လာသော ရန်သူသည် မာရီ့ကိုယ်ထဲတွင် လျင်မြန်စွာ ကြီးထွားအောင်မြင်လျက် ရှိသည်။ အဖျားရှိန် တဖြည်းဖြည်း မြင့်လာ၏။ တစ်ပြိုင်တည်းတွင် ခိုက်ခိုက်တုန်အောင် ချမ်းလာ၏။

ဆရာဝန်နှင့်ပြဖို့ ဧဝက မအေကို မနည်းပြောယူရသည်။

သွေးမရှိတော့သော မာရီ့မျက်နှာကို ကြည့်ပြီး ဆရာဝန်က 'မဒမ် လုံးဝ နားမှဖြစ်မယ်၊ အိပ်ရာထဲမှာ ကောင်းကောင်းအနားယူပါ' ဟု အမိန့်ပေးသည်။

မဒမ်ကျူရီအတွက် သည်စကားလုံးများက ကြားရလွန်းလို့ ရိုးနေပြီ။ ထို့ကြောင့် ဆရာဝန်စကားကို သိပ်အရေးမထား။ ကျောင်းကို နေ့တိုင်းနီးပါး သွားသည်။








- မကွယ်လွန်မီ ၃ နှစ်က မဒမ်ကျူရီ (၁၉၃၁)။



www.burmeseclassic.com

www.burmeseclassic.com




- ကျူရီမိသားစု သင်္ချိုင်းဂူ။





မေလ တနင်္ဂနွေတစ်ရက်တွင် ညနေ သုံးနာရီခွဲအထိ ရူပဗေဒ ဓာတ်ခွဲခန်းထဲမှ မထွက်ဘဲ အလုပ်လုပ်နေ၏။ ဘဝအဖော်မွန်များဖြစ်သော ဓာတ်ခွဲခန်း ပစ္စည်းမျိုးစုံကို နွေးထွေးလေးလံစွာ ကိုင်လိုက် ချလိုက်နှင့်။

'ဆရာမ သိပ်နေမကောင်းဘူး၊ အိမ်ပြန်လိုက်ဦးမယ်' ဟု တပည့်များအား နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ချက်ချင်း မပြန်သေးဘဲ ပန်းခြံထဲ လျှောက်ကြည့်သေးသည်။ ရေမဝသည့် နွယ်နှင်းဆီရုံနားရောက်တော့ မတ္တင်းနစ်ကို လှမ်းခေါ်ပြောသည်။

'ဟော့ . . ဒီနှင်းဆီပင်တွေကို ချက်ချင်း ရေလောင်းစမ်း'

ကားနားရောက်တော့ တစ်ချက်ပြန်လှည့်ပြီး ပြောသေးသည်။

'မမေ့နဲ့နော် ဟော့၊ နှင်းဆီရုံတွေ . .'

စိတ်မချနိုင်သည့် မျက်လုံးများဖြင့် ပန်းပင်များကို လှမ်းကြည့်လိုက်၏။ သည်အကြည့်သည် ဓာတ်ခွဲခန်းကို နောက်ဆုံး နှုတ်ဆက်သွားသော အကြည့်ဖြစ်လေသည်။

*

သည်တစ်ကြိမ်တွင်မူ အိပ်ရာထဲက မထနိုင်ဘဲ ဗုန်းဗုန်းလဲခြင်း ဖြစ်လေသည်။ မာရီ့ရောဂါကို အဆုတ်လေပွန် ရောင်ရမ်းခြင်းနှင့် တုပ်ကွေးတစ်ပြိုင်တည်း ဝင်နေခြင်းဟု ဆရာဝန်များက ဆိုကြသည်။

အဆုတ်နှစ်ဖက်စလုံး ရောင်နေကြောင်းကိုလည်း စစ်ဆေးတွေ့ရှိသဖြင့် ဆရာဝန်ကြီးတွေ အမျိုးမျိုး ထင်ကြေးပေးနေကြ၏။

ရာသီဥတု တောက်ပကြည်လင်နေသည့် နေ့များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇဝက မေမေ့အနားတွင် တစ်နေကုန် နေသည်။ မေမေ၏ ဖြူစင်သော၊ ကြင်နာတတ်သော၊ ပွင့်လင်းသော၊ အတိုင်းအဆမရှိ ကြည်လင်သော နှလုံးသားသည် ထိုရက်များတွင် မကြည့်ရက်၊ မမြင်ရက် စရာပင်။

ချစ်သော "မေ" သည် ဟိုရက်များက ချစ်သော "မေ" ထက် ပို၍ ချစ်စရာ ကောင်းနေ၏။

လွန်ခဲ့သည့် ၄၆ နှစ်၊ အပျိုဘဝက မေမေရေးခဲ့သော စာတိုကလေး တစ်စောင်တွင် -

"လူတွေဟာ ကျွန်မလို စူးစူးနက်နက် ခံစားတတ်ပြီး ပင်ကိုသဘာဝကို မပြောင်းနိုင်ကြဘူးဆိုရင် ခံစားချက်ကို တတ်နိုင်သမျှ ဖုံးကွယ်ထားကြရမှာပဲ။" ဟု ရေးခဲ့၏။

သည်စာတိုကလေးမှာ သူ၏ မျိုသိပ်တတ်သော သဘာဝ၊ အောင်မြင်မှုကို ခံစားတတ်ခြင်း၊ ကြောက်တတ်ခြင်း၊ အလွယ်တကူ ထိလွယ် ခိုက်လွယ်ရှိခြင်း သဘောတို့ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ဖြစ်လေသည်။

ယနေ့တိုင်အောင်၊ ယခု အခြေအနေမျိုးထိအောင် ဘယ်သူ့ကိုမှ မာရီ ဖွင့်အန်မသွားခဲ့ပါ။ ဘယ်သူ့ကိုမျှလည်း အပြစ်မပြောခဲ့ပါ။ ပြောလျှင်လည်း အရိပ်အမြွက်မျှလောက်သာ ဖြစ်ပါလိမ့်မည်။

မာရီသည် အနာဂတ်အကြောင်းကိုသာ ပြောလျက်ရှိပါသည်။ အနာဂတ်ဆိုသည်မှာ သူ့ဓာတ်ခွဲခန်း၏ အနာဂတ်၊ ဝါဆောကျောင်း၏ အနာဂတ်များ ဖြစ်ပါသည်။ ပြီးမှ သူ့ကလေးများ၏ အနာဂတ်အကြောင်း ပြောတတ်ပါသည်။ အိုင်ရင်းနှင့် ဖရက်ဒရစ်တို့နှစ်ယောက် နိုဘယ်လ်ဆု






ရလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သေးသည်။ ၁၉၃၅ ခုနှစ်တွင် အိုင်ရင်းတို့ လင်မယားနှစ်ယောက်စလုံး ဓာတုဗေဒနိုဘယ်လ်ဆု ရရှိခဲ့ကြသည်။ စကီအိုတွင် အိမ်တစ်ဆောင် ဆောက်လုပ်မည့် အစီအစဉ်ကိုလည်း ပြောပြ၏။ သို့သော် လုံးဝ မဆောက်ဖြစ်ခဲ့ပါ။

မာရီ တစ်နေ့တခြား ပို၍ ပို၍ အားနည်းလာသည်။ အထူးကု ဆရာဝန်ကြီးများက အပြင်းစား သွေးအားနည်းရောဂါ ဝင်နေပြီဟု ပြောကြသည်။ ၁၉၃၄ ခုနှစ် ဇူလိုင်လ ၄ ရက် အာရုံတက်အချိန်တွင် အလွန်မတန် ခွန်အားကြီးခဲ့သော သူ့နှလုံးသည် အလုပ်လုပ်ခြင်းမှ လုံးဝ အနားယူသွား လေတော့သည်။

သိပ္ပံပညာက သေဆုံးရခြင်းအကြောင်းကို ဖွင့်ဆိုဦးမည် ဖြစ်ပါသည်။ မာရီကျူရီကို သတ်သည့်တရားခံမှာ ရိုးတွင်းခြင်ဆီထဲ ရောက်နေသည့် "ရေဒီယမ်" ဟု အားလုံးက စိတ်ချယုံကြည် လိုက်ကြသည်။

- ဒုတိယအကြိမ်မဒမ်ကျူရီ ရသည့် နိုဘယ်လ်ဆုလက်မှတ်




www.burmeseclassic.com

www.burmeseclassic.com



မဒမ်ကျူရီ ကွယ်လွန်ခြင်းသတင်းသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားလေသည်။ တစ်ကမ္ဘာလုံး ယူကျုံးမရ တသသ ဖြစ်ကြရသည်။

ဝါဆောဘူတာရုံတွင် ပါရီသို့ ထွက်မည့်ရထားပေါ်သို့ ဟီလာရောက်နေပြီ။ ဂျိုးဇက်နှင့် ဘရွန်ညာတို့က ဝါဆောကို အချိန်မီရောက်လာဖို့ ကြိုးစားသော်လည်း မရောက်နိုင်ကြပေ။ မောင်နှမနှစ်ယောက်တို့သည် သူတို့၏ အချစ်ဆုံး မျက်နှာကလေးကို မြင်ချင်လှပြီ။ သို့သော် ထိုနေ့ရထားကို မမီလိုက်ကြ။ ပါရီက ရေဒီယမ်ဓာတ်ခွဲခန်းထဲတွင် သိပ္ပံသုတေသီလူငယ်များသည် သည်းအူပြတ်မျှ ငိုကြွေးလျက် ရှိကြသည်။

မဒမ်ကျူရီသည် ဘဝ၏ ဒုက္ခ၊ သုခ ဝေဒနာ အားလုံးမှ ကျွတ်လွတ်ခဲ့လေပြီ။ လောကကြီးမှ နှုတ်ဆက်ထွက်ခွာသွားချိန်တွင် မမြင်နိုင်စွမ်းသော အလှအပများဖြင့် သည်လောကအား တန်ဆာဆင်ခဲ့သည်ကို မည်သူမျှ နားလည်နိုင်ကြမည် မဟုတ်ပေ။

ယခုတော့ ဖြူဖွေးနေသော ငွေရောင်ဆံပင်တို့သည် နဖူးပြင်ကျယ်ပေါ်တွင် ဝဲကျနေသည်။ မျက်နှာကမူ ငြိမ်းချမ်းခြင်းနှင့် လေးနက်ခြင်း အသွင်ကို ဆောင်နေ၏။ တစ်ပြိုင်တည်းတွင် သံချပ်ကာ ဝတ်စုံထဲမှ သူရဲကောင်းတစ်ယောက်၏ ရဲရင့်ခြင်း အသွင်ကိုလည်း ဆောင်၏။ ထိုတဒင်္ဂတွင် မာရီကျူရီသည် ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံးနှင့် အလှဆုံး အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

*



၁၉၃၄ ခုနှစ် ဇူလိုင်လ ၆ ရက် သောကြာနေ့တွင် ခမ်းနား ကြီးကျယ်ခြင်း အလျှင်းမရှိဘဲ မဒမ်ကျူရီ၏ ဘဝကို အရိုးဆုံးနည်းဖြင့် အဆုံးသတ် ပေးလိုက်ကြသည်။ ဆွေမျိုးတစ်သိုက်နှင့် သူ့ကို ချစ်မြတ်နိုးကြသည့် လုပ်ဖော်ကိုင်ဖက်များသာ ပါဝင်သည့် လူစုကလေးဖြင့် စကီအို သုသာန်တွင် ပီယာအုတ်ဂူနှင့် ယှဉ်၍ ဂူသွင်းသင်္ဂြိုဟ်လိုက်ကြသည်။ အခေါင်းမြေချတော့ ဘရွန်ညာနှင့် ဂျိုးဇက်တို့က ပိုလန်မှ သယ်ယူလာသည့် မြေကြီးခဲများကို တွင်းထဲသို့ ပစ်ချပေးသည်။

နောက်တစ်နှစ်အကြာတွင် မာရီမသေမီ အဆုံးသတ်သွားသည့် စာအုပ် ထွက်လာသည်။ သူမှလွဲ၍ ဘယ်သူမှ ရေးနိုင်မစွမ်းသည့်စာအုပ်၊ ရူပဗေဒချစ်သူ လူငယ်များသို့ နောက်ဆုံးပေးခဲ့သည့် အမွေ ဟုလည်း ဆိုနိုင်သော စာအုပ်ကြီး ဖြစ်လေသည်။

ရေဒီယမ် စက်မှုတက္ကသိုလ်၏ မီးတွေ ထိန်ထိန်လင်းနေသော စာကြည့်တိုက်ထဲက သိပ္ပံစာအုပ်များထဲတွင် စာအုပ်ထူကြီးတစ်အုပ် ထပ်တိုးလာသည်။ မီးခိုးရောင် အဖုံးပေါ်မှ စာရေးဆရာ၏ အမည်မှာ -

မဒမ် ပီယာ ကျူရီ

ပါမောက္ခ၊ ဆော်ဘွန်းတက္ကသိုလ်

(ရူပဗေဒ နိုဘယ်လ်ဆုရှင်၊ ဓာတုဗေဒ နိုဘယ်လ်ဆုရှင်)

စာအုပ်နာမည်ကို ဧရာမ ရွှေစာလုံးကြီးများနှင့် အခံ့အညား ရေးထိုးထားသည်။

"ရေဒီယိုသတ္တိကြွခြင်း"

www.burmeseclassic.com